www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် [illegible]

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ဂျူ

# အလွမ်းများရဲ့ နောက်တစ်မျက်နှာ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၄၈၃၀၄၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၄၄၀၀၄၀၉ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဧပြီလ |
| အုပ်ရေ | – | ၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဒေါ်အေးအေး (မြ–၀၇၄၉၅) |
| | | စန်းသော်တာပုံနှိပ်တိုက် |
| | | တိုက် (၅၃)၊ ၅၅ လမ်း |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒ

သျှင်မ

အလွမ်းများရဲ့နောက်တစ်မျက်နှာ/သျှင်မ၊ – ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၀၉။

၂၄၆ – စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) အလွမ်းများရဲ့နောက်တစ်မျက်နှာ


BURMESE CLASSIC .com



## အခန်း (၁)

ဆရာဝန် မျက်နှာမကောင်းတာကို သတိထားမိနေသဖြင့် မေးချင်တာ လျှာပေါ်မှာယားနေသည်။ မေးလဲမမေးရဲ။ ဆေးအိတ်ကိုတောင် အထာနဲ့ မကိုင်ခိုင်းဘဲ ဒေါ်ချယ်ရီ ကိုယ်တိုင်ဆွဲ၍ ဆရာဝန်နဲ့အတူ ဧည့်ခန်းအထိ ထွက်လိုက်လာခဲ့၏။

ဦးကောင်းကတော့ ဧည့်ခန်းမှာပါ။ ဆရာဝန် ထွက်လာတော့မှ ပျာပျာသလဲ ထရပ်လိုက်ပြီး ကြိုသည်။

"ဒေါက်တာ ခဏထိုင်ပါဦးခင်ဗျာ"

ဒေါက်တာဦးပန်းခိုင်က ခေါင်းညိတ်၍ ဆိုဖာမှာ ဝင်ထိုင်လိုက်၏။ ဦးကောင်းသည် ဒေါက်တာနှင့် ဇနီးဖြစ်သူတို့၏မျက်နှာကို အကဲခတ်၍…

"သမီးလေးရဲ့အခြေအနေကို တစ်ဆိတ်လောက်ပြောပြပါလား ဒေါက်တာ။ ဆိုးတာပဲဖြစ်ဖြစ်၊ ကောင်းတာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သိပါရစေ"

"ဟုတ်ပါတယ်ရှင်၊ သမီးလေး ဘာဖြစ်တာလဲဟာင်၊ သူ ခရီးထွက်ရင် စိတ်အပြောင်းအလဲဖြစ်သွားနိုင်တယ်ဆိုလို့ ကျွန်မတို့ ပြင်ဦးလွင်ကို လာခဲ့ ကြတာပါ၊ အခု ..."

"အင်း ..."

ဒေါက်တာဦးပန်းခိုင်၏ သက်ပြင်းချသံကြီးကြောင့် ဒေါ်ချယ်ရီ၏ စကားက အဆုံးသို့ မရောက်။

"ဒီလိုရှိတယ်ဗျာ၊ ကျွန်တော်တို့ ရောဂါကုတယ်ဆိုတာ ဒီလူနာ ဘာဖြစ်တယ်ဆိုတာကို အရင်ရှာဖွေရတယ်မဟုတ်လား၊ ပြီးတော့ ဒါ ဘာ့ကြောင့်ဖြစ်သလဲဆိုတာက အရင်းအမြစ်ရှာဖွေခြင်းပေါ့၊ နောက်ပြီး ရောဂါသိရင် ဆေးရှိတယ်ဆိုတဲ့စကားမှန်ပေမယ့် ဥပမာ နေရောင်ထိပြီး ညှိုးနွမ်းကျနေတဲ့သစ်ပင်လေးတစ်ပင်ကို ရေလိုနေတာပဲဆိုပြီး ရေလောင်းပေးလိုက်လို့ မရဘူး"

ဒေါက်တာက ရှည်ရှည်ဝေးဝေးပြောပြနေသလောက် ဦးကောင်းတို့ကလည်း စိတ်ဝင်တစား နားထောင်နေကြ၏။

"အရပ်စကားနဲ့ သိသာအောင်ပြောရရင်တော့ ရောဂါက ဒီဆေးလိုပေမယ့် လူနာက ဆေးကို လက်ခံယုံကြည်မှုဖြစ်တာ၊ ခေါင်းကိုက်တဲ့လူကို အကိုက်အခဲပျောက်ဆေးပေးလိုက်လို့ ပျောက်ရတယ်ဗျာ၊ ဒါပေမယ့် ဒီလူနာမှာ ဘယ်လိုတွေးနေမလဲ၊ ဘယ်ထောက် ဦးနှောက်ခြောက်ဖို့ကောင်းတဲ့ ပြဿနာတွေ ရှိနေမလဲ၊ ဒီခေါင်းထဲမှာ သူ ထည့်ချင်ရာထည့်၊ လုပ်ချင်ရာလုပ်နေသမျှ ဆေးကတိုးမှာမဟုတ်ဘူး"





"ဟုတ်ကဲ့ ပြောပါ ဆရာ"

"ပြောပါ ဒေါက်တာ၊ သမီး ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့ ရိပ်မိပါတယ်၊ ဘာလုပ်ပေးရမှန်းမသိကြတာပါ"

ဒေါက်တာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မိန်းကလေးက ရောဂါကို မွေးနေတာ၊ သူ့စိတ်ထဲမှာ ဘယ်လိုအကျိတ်အခဲတွေရှိနေတယ်ဆိုတာတော့မသိဘူး၊ ဒါပေ မယ့် သူ့ကိုယ်သူ သေပါစေဆိုတဲ့ ဥပေက္ခာစိတ်နဲ့နေတယ်"

လင်မယားနှစ်ယောက်စလုံး ငိုင်ကျသွားကြသည်။ ရန်ကုန်တုန်းကတော့ မိသားစုဆရာဝန်နဲ့မို့ ကိုယ့်ဆရာဝန်နဲ့ ကိုယ့်သမီးရဲ့ အခြေအနေက အထူးပြောဆိုမေးမြန်းနေဖို့မလို။

ခုကျတော့ ဒီလိုအကြောင်းတွေရှိခဲ့ပါသည်။ ဒါကြောင့် ဖြစ်တာပါဆိုတာတွေကို ဘယ်ကစ၍ပြောပြရမှန်းမသိ။

ပြောလို့ရောကောင်းပါ့မလား။ သို့သော် မပြောပေမယ့်လဲ ဆရာဝန် ပြောနေတာတွေက အားလုံး ဒက်ထိမှန်နေတာပဲဖြစ်၏။ ဦးကောင်းက ပြောဖို့စကားအတွက် တံတွေးတစ်ချက်မျိုလိုက်ပြီးမှ ဒေါက်တာ့ ထံ အကြည့်ရောက်ကာ ...

"ပြောရရင်တော့ မိဘနဲ့ သားသမီး ဖြစ်တာတက်ကြတဲ့ ပဋိပက္ခမျိုးပါပဲ ဒေါက်တာ၊ မိဘဘက်ကကြည့်တော့ သိပ်ကိုမိုက်မဲတဲ့ကလေးပေါ့၊ သူတို့ ကိုယ်သူတို့ကျတော့ အချစ်သူရဲကောင်းထင်နေကြတယ်"

"ကျွန်တော် ခန့်မှန်းမိပါတယ်၊ ဒီလိုရှိတယ်ဗျာ၊ ရောဂါကို ဆေးနဲ့ ကုတာလဲ ကုပေါ့၊ ဒါပေမယ့် လူနာရဲ့အတွင်းစိတ်သဏ္ဌာန်မှာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ထင်နေသလဲဆိုတာကိုလဲ မြင်အောင်ကြည့်မှဖြစ်မယ်၊ ကျွန်တော်လဲ အဲဒီလိုကုရတာကို စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ..."

ဒေါက်တာက စကားရပ်ပြီး ဦးကောင်းကိုကြည့်သည်။

"ပြောပါ ဒေါက်တာ၊ ဘာလုပ်သင့်တယ်ဆိုတာ ဒေါက်တာ ပြောမှ သိရမှာပါ"

"အင်း... သူ့ကို စိတ်ပညာဒေါက်တာတွေနဲ့ ကုသတာက ပိုကောင်းမယ်လို့ ကျွန်တော် အကြံပြုချင်တယ်"

"ရှင် ..."

ဒေါ်ချယ်ရီ မျက်လုံးပြူးသွားသည်။

BURMESE CLASSIC .com

"ဒေါက်တာပြောတာက ကျွန်မသမီးမှာ စိတ်ဝေဒနာ ဖွဲ့ ..."

"မဟုတ်ဘူး မဟုတ်ဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ရောဂါမျိုးကို စိတ်ကိုဖတ်တတ်တဲ့ဆရာဝန်နဲ့ကုတာ ပိုအဆင်ပြေမယ်လို့ ပြောချင်တာ"

ဒေါ်ချယ်ရီ မထိတ်မလန့်သာမျက်ဝန်းများနှင့် သက်ပြင်းခိုးချသည်။ သမီးလေးက ညဘက်လည်း သိပ်မအိပ်၊ နေ့ကျတော့လည်း အခန်းတံခါး ပိတ်နေသည်။

သူစားချင်တာမှ ယူစားတာ၊ မစားချင်တာ၊ မဝတ်ချင်တာဆို ဘယ်လိုခြောက်လှန့်တိုက်တွန်းလို့မှမလုပ်။

"မမကြီးရယ် ညတုန်းကဆိုရင် အိမ်ကလေး တစ်ညလုံးများ မအိပ်ဘဲနေသလားမသိဘူး၊ ကျွန်မ တစ်ရေးနိုးတော့ ပြတင်းပေါက်နားမှာရပ်နေတာ သိလား၊ ဆံပင်ဖွားလျားနဲ့ ညဝတ်အကျီအဖြူပွပွနဲ့ ကိုတော့ အိပ်မှုန်စုံမွှားနဲ့မြင်ပြီး လန့်ဖျပ်သွားတာပဲ"





ဆရာဝန် ဒီစကားပြောကာမှ အိမ်ဖော် မစု ပြောခဲ့ဖူးတာတွေကို
န်တွေးမိ၏။

"ဒါဆိုရင် ကျွန်တော်တို့က နောက်ထပ် ဆရာဝန်တစ်ယောက်
ယ်ရှာရဦးမှာပေါ့ ဟုတ်လား ဒေါက်တာ"

"ဟုတ်တယ်၊ ဒါပေမယ့် ကျွန်တော် ရှာပေးနိုင်တဲ့ဆရာဝန်ရှိတယ်၊
ူက စိတ်ပညာအမိကနဲ့ဘွဲ့ တွေရထားတာ၊ အရမ်းတော်တဲ့ဆရာဝန်ပါ"

"ဒါဆိုလဲ လမ်းညွှန်ပေးပါ ဒေါက်တာ၊ ကျွန်တော်တို့ကလဲ ဒီမှာ
ာ့ ဧည့်သည်တွေပါ၊ ဒေါက်တာ့ကို ရင်းနှီးဖို့ကြိုးစားတုန်းမှာ
ါက်တာက..."

"ဒီလိုပါ၊ ကျွန်တော်က နယ်ပြောင်းဖို့အတွက် အော်ဒါကျပြီးနေလို့
ကျွန်တော် ဒီမှာဆက်ရှိနေမယ်ဆိုရင်လဲ ကျွန်တော် သူ့ကို အကူ
ညီတောင်းမှာပါပဲ"

ဒေါက်တာက ခေါင်းတညိတ်ညိတ်နှင့် ပြောသင့်မပြောသင့် ချင့်
နေသည်။ ပြီးမှ အားယူလိုက်သလိုမျိုး ပေါင်ကို ခပ်ဖွဖွပုတ်ကာ...

"သူက လောလောဆယ်တော့ အနားယူနေတယ်"

"ဟင် ..."

"ဘာဖြစ်လို့လဲ ဒေါက်တာ၊ သူကလဲ ရောဂါတစ်ခုခုနဲ့ ဆေးခွင့်
နေတာလား"

"မဟုတ်ဘူး၊ ကိုယ်ရေးကိုယ်တာအကြောင်းတစ်ခုခုပေါ့၊ ပြီး
သူက မာနလဲကြီးတယ်၊ သူ့မိဘတွေကလဲ ကျိုကျိုတက် ချမ်းသာ
ယ်လေ၊ ဆေးတက္ကသိုလ်တက်ပြီဆိုကတည်းက သားဖြစ်တဲ့ ကို



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလှချည်ရဲ့ဆိုပြီး သဘောမကျခဲ့ဘူး။ နောက်ပိုင်း စာမေးပွဲ တွေ ထပ်ဖြေ၊ နိုင်ငံခြားရောက် ဘယ်ရောက်ဖြစ်လာတော့ ပိုဆိုးတာ ပေါ့၊ အဲဒီအချိန်မှာ ဒုပြဿနာ ခုလိုပေါ်လာတော့ မိဘကလဲ အကြိုက် တွေ့သွားတယ်၊ သူကိုယ်တိုင်ကလဲ ပြဿနာကို ရှင်းဖို့မကြိုးစားဘူး"

"သူက ပြင်ဦးလွင်ကပဲလား"

"ရန်ကုန်ကပါ၊ ဒါပေမယ့် ဒီကိုရောက်နေတာ တစ်နှစ်ကျော်သွား ပြီ"

"ဒေါက်တာနဲ့ ရင်းနှီးတယ်ပေါ့နော်"

"ပြောရရင် ဆရာတပည့်ဆိုလဲ မမှားဘူးပေါ့ဗျာ၊ သူ ဟောက် လင်းတဲ့အချိန်မှာ ဆေးရုံတစ်ရုံတည်းဆုံဖူးကြတာ၊ နည်းနည်းပါးပါး ကူညီဖူးတာပါ၊ ဒီကောင်လေးက သိပ်တော်တာ၊ လူငယ်ဖြစ်ပေမယ့် ရေ့ဗပ်တယ်၊ သေချာတယ်၊ တစ်ဦးတည်းသောသား၊ လူချမ်းသာလေး ပေမယ့် ပညာကိုပဲ လိုလားတဲ့ကလေး၊ ဒါကြောင့် သူ အနားယူနေ တယ်ဆိုပေမယ့် အကူအညီတောင်းကြည့်ရင်တော့ သူ ကူညီမှာပါ"

"ဟင် ..."

ဟုတ်တော့မလိုလိုနှင့် အဖျားရှူးသွားသဖြင့် လင်မယား နှစ် ယောက်စလုံး ဟင်ခနဲဖြစ်သွားကြသည်။

"ဒါပေမယ့် ကျွန်တော် ကြိုးစားပေးပါ့မယ်၊ လူတိုင်းဟာ ဗီဇဝါသနာ ကို စွန့်လွှတ်နိုင်ခဲ့ကြတာပဲ၊ အဆင်ပြေနိုင်ပါတယ်"





BURMESE CLASSIC .com

## အခန်း (၂)

"အိမ်ကလေး ... အိမ်ကလေး ခဏရပ်ပါဦးဟာ၊ နှင်ကလဲ"

ခြေလှမ်းကျဲရာကနေ ပြေးလိုက်ရတဲ့အထိဖြစ်ကာ ယာမာ ဖုတ် ဖုတ် ဖုတ်လှိုက်ဖြစ်နေ၏။

"တကယ်ပဲ သူ့ရည်းစားနဲ့အဆင်မပြေတာနဲ့ ဖြစ်သွားလိုက်တာ၊ လူတွေ၊ ပတ်ဝန်းကျင်တွေ ဘာမှမရှိတော့တဲ့အတိုင်းပဲ"

ပြောလိုက်ကာမှ အိတ်ကို တစ်ဖက်က တန်းလန်းဆွဲလျက်သား လျှောက်သွားနေသည့် အိမ်ကလေး ခြေလှမ်းတွေရပ်သည်။

"နင်က ဘာသိလို့လဲ၊ အဲဒီ ဆေးကြောင်နောက ငါ့ကို မဟုတ်က တာတွေ ဆိုထားတဲ့ တရားမဝင် စီဒီသီချင်းတွေ ပေးပြီးဖဲ့တာ"

"ဘာသီချင်းတွေမို့လို့လဲ"

"သြော် ဟုတ်တယ်၊ ဆိုပြရဦးမယ် ရှင့်ကို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသက ယာမှာ ဘက်လှည့်တော့မလိုဖြစ်လာသည်။ အဲဒီတစ်ယောက်ပဲဟာ နှာမည်က ဆာယာမှာ ဖြစ်ပြီး လူက ကပြား။

မျက်လုံးမျက်ဖန် လှသည်၊ မျက်ခုံးထူထူကြီးတွေက ခဲနေကာ နှာတံက ကော့ချွန်နေ၏။ မျက်တောင်ရှည်တွေကော့လျက် မျက်ဝန်းအိမ်က ပြာရိပ်သမ်းနေသောကြောင့် မြန်မာရုပ် သိပ်မရှိခြင်းဖြစ်သည်။

ဒါပေမယ့် သူ့ကို ကုလားပြောလည်း မကြိုက်၊ ဂျပန်ဆိုလည်း နာသည်။

"ငါက နှာမည်နဲ့ ဒီပုံစံကြောင့်ပါ၊ တကယ် မြန်မာစစ်စစ်"

ဟု မခံချင်သံနှင့် ပြန်ပြောတတ်သူဖြစ်၏။ သူ့မှာ အရပ်ကြီးကရှည်ကာ ပုဆိုးဝတ်တော့ ရင်ဝထိတက်ဝတ်သဖြင့် ခြေသလုံးတွေက မမြင်ချင်မှအဆုံး။

ဘောင်းဘီရှည်ကျတော့လည်း ဒူးလောက်ထိခေါက်တင်ထားသည်။ ခြေတံရှည်ကြီးနှစ်ချောင်းက အကြည့်ရဆိုးကာ ထူပျစ်သော ခြေသလုံးမွေးတွေကို အိမ်ကလေး က အမြဲတမ်း နှာခေါင်းရှုံ့၏။

"ဟွန်း ... ရှုံ့စရာကြီး"

"ဘာရှုံ့တာလဲ၊ အဲဒါကမှ ယောကျ်ားပီသတာ" တဲ့။

အိမ်ကလေး ရဲ့ ငယ်သူငယ်ချင်းတော့မဟုတ်ပါ။ ကိုးတန်းမှာ စတက်ကတည်းက ယာမာ့ကို ကျောင်းသားသစ်အဖြစ် ဆုံမိကြတာဖြစ်သည်။

အိမ်ကလေးတို့အဖွဲ့က အစသန်သည်။ မိန်းကလေးတွေ ဆိုပေမယ့် အုပ်စု လှုစုံပြီဆိုတာနှင့် သွားကြ လာကြ၊ ခြေလှမ်းကျဲကာ ပါးစပ်





တစ်ခုကိုတော့ အမြဲတမ်း ပါမစ်နှင့် လွှတ်လပ်မှုပေးထားကြ၏။

လူက ကိုးတန်း၊ အရပ်ကြီးက မိုးထိုးလျက် ပုဆိုးဝတ်တာ ပုံပန်းမကျဖြစ်နေတော့ ဆာယာမာ့ ပုံစံက ထင်းထင်းကြီးဖြစ်နေသည်။

အိမ်ကလေးတို့အုပ်စုရှေ့မှာ ယာမာ ခြေလှမ်းမှားလေသည်။ ထို့နောက်မှာ ယာမာက အိမ်နီးချင်းလာဖြစ်ခဲ့သဖြင့် ယာမာနှင့် အိမ်ကလေးတို့ သူငယ်ချင်းအဖြစ်သို့ ရောက်ခဲ့သည်။

"သမီးလေး ဟိုကောင်လေးနဲ့ သိပ်မရောနဲ့နော်၊ မေမေ မကြိုက်ဘူး"

"မင်းကလဲကွာ အိမ်နီးချင်းတွေပဲ၊ ယောကျ်ားလေးသူငယ်ချင်းဆိုတော့ လူရိုန်တာပေါ့၊ ခင်တာပဲဟာ ခင်ကြပါစေ"

မေမေက တားသည်။ ဖေဖေက ဖျန်ဖြေ၏။

"ခင်ရုံပဲခင်နေရင် ပြဿနာမရှိဘူးလေ အဖေကြီးရဲ့၊ ကောင်လေးက ဘိုကပြား ရုပ်ချောချောလေးရယ်၊ မတော်တဆ ငြိသွားကြရင် ဘယ်လိုလုပ်မလဲ"

ဒါက အိမ်ကလေး ရဲ့ကွယ်ရာမှာ လူကြီးတွေ ဆက်ပြောကြ ကြိမ်းဝါးကြတာပါ။ ဖေဖေကတော့ ဟိုတုန်းကတည်းက ဘယ်အရာ ကိုမှ ပြင်းပြင်းထန်ထန် ကွဲလွဲယူဆခဲ့တာမရှိပေ။

"ယာမာတို့က ဗုဒ္ဓဘာသာစစ်စစ်တွေပါကွ၊ ငါ မေးမြန်းကြည့်ပြီးပြီ"

ဟုလည်း ပြောဖူးသည်။ မေမေက လက်မခံပါ။

"ကောင်လေးက အဲဒီလိုစိတ်ရှိမှာပေါ့၊ သူ့လူကြီးတွေ နေပုံထိုင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား၊ ဖအေကြီးက နိုင်ငံခြားမှာလိုလို၊ ကွဲသလိုလို၊ သေသလိုလို မအေက ခပ်ကြောကြော ခပ်တင်းတင်း၊ တစ်အိမ်သားလုံး ဘာစီးပွား ရေးမှလဲမရှိဘဲနဲ့ ကြွရွနေတာပဲ၊ ကျွန်မ အဲဒီမိသားစုကို ဘယ်လောက်ပဲ ချမ်းသာတယ်ပြောပြော အထင်ကိုမကြီးဘူး”

မေမေသည် ယာမာ ဆိုကတည်းက အယူအဆက ဤသို့ရှိခဲ့ပြီး ဖြစ်သည်။ လူကြီးတွေ ဘာပြောပြော အိမ်ကလေးနဲ့ ယာမာ က ငယ် ပေါင်းသူငယ်ချင်းတွေလို ခင်မင်သွားခဲ့ကြ၏။

ယာမာကို အိမ်ကလေး ပို၍ခင်တွယ်နေမိသည်က ယာမာသည် သူမအတွက်ဆိုလျှင် ဘယ်အချိန်၊ ဘယ်အတွက်ဖြစ်ဖြစ် အမြဲတမ်း အဆင်သင့်ရှိခဲ့သူ။

အိမ်ကလေး ဖြစ်ချင်တာဆို ဘယ်တုန်းကမှ “ဟင့်အင်း”ဆိုပြီး ခေါင်းခါခဲ့တာမရှိ။ အထူးသဖြင့် ရည်းစားများသည့် အိမ်ကလေး မှာ ယာမာလို အားကိုးရသည့်ယောကျ်ားလေးသူငယ်ချင်းတစ်ယောက် ရှိ တာ တတာပ်တအားပဲဖြစ်သည်။ တစ်ခါတလေဆို သူငယ်ချင်းတွေက ရည်းစားနဲ့ ယာမာကို နှိုင်းယှဉ်ပြောတတ်ကြ၏။

“နင်လဲ စာပေးတိုင်း မပြန်နဲ့လေ၊ ရုပ်ကလေးက သနားကမားနဲ့ ကြည့်ပါဦး၊ ယာမာကမှ ကျားကျားလျားလျား၊ ချောတာမောတာ ရှိ သေးတယ်”

ဆိုတာမျိုး။

“အဲဒီလောက်တော့ မစိုင်းပါနဲ့ဟာ၊ ယာမာ သနားပါတယ်၊ သူ နင့်ကို ဒီလောက်တွဲနေကတည်းက သူ့စိတ်ထဲမှာလဲ ရိုးချင်မှရိုးမှာ





ရည်းစားတွေနဲ့ တွေ့ဖို့ချိန်းခိုင်း၊ ဖြတ်ခိုင်း၊ ဆက်ခိုင်းနဲ့ နင်က လွန် တယ်”

အိမ်ကလေး ကတော့ သူတို့ပြောတုန်းမှာ ခေါင်းထဲထည့်ကြည့် လိုက်သည်။ ပြီးတော့ ဘာမှမရှိတော့ပေ။ ယာမာ ကလည်း ကျေနပ် သည်။ သူမကလည်း ပျော်နေ၏။

စာပေးကြ၊ စာပြန်ကြ ဖြစ်တာလောက်နဲ့ ဘာဖြစ်စရာရှိလို့လဲဟု တွေးထားခဲ့သည်။ ကင်န်တင်းမှာထိုင်၊ ကန်ပေါင်ဘေးမှာ စကားပြော ဒီလောက်တော့ လွတ်လပ်ချင်၏။

ရည်းစားထားတာကို ထိခိုက်ခြင်းဟု မမြင်ခဲ့သည့်ကာလတွေထဲ မှာ ယာမာ နဲ့ အိမ်ကလေး အလွန်ရိုးသားခဲ့ကြလေသည်။

နောက်ပိုင်းမှာ မရိုးသားခဲ့တာက ယာမာ။ သူနဲ့ အိမ်ကလေး ကြားမှာ အနုသတ်မျဉ်းတစ်ကြောင်းက ရှိထားခဲ့ကြပြီမို့ ရင်ထဲက စကားတွေကို ဘာကစပြီး ဘယ်လိုဖွင့်ချရမှန်းမသိ။

မပြောရဲတာကျ ပြဿနာမဟုတ်သော်လည်း သူမ ရည်းစားထား တာကို ငြိုငြင်သည့်စိတ်တွေဖြစ်လာသည့်အခါမှာ ခဏခဏ စကား များရ၊ ရှင်းရ၊ ချော့ရတာတွေ ဖြစ်လာသည်။

ခုလည်း တစ်လျှောက်လုံး သူမပဲ ဒေါပွ၊ တက်ခေါက်ကြိမ်းဝါးလို့ ဘေးကလိုက်ရသည့်လူ ဘယ်လိုနေရမှန်းပင်မသိ။

ထိုင်လို့ကောင်းသည့်နေရာမဟုတ်ဘဲ ခေါင်းခနဲထိုင်ချလိုက်၏။ ကြည့်လိုက်တော့ သူမျှားခြံရှေ့ အုတ်ခုံပေါ်မှာ။

“ဒေါသတွေသွန်ချတော့မလို့လား။ ဟိုးရှေ့မှာ အအေးနဲ့မုန့်မျိုးစုံ ဆိုင်လေးရှိတယ်၊ ထပါဟာ သူမျှားခြံရှေ့မှာ မကောင်းပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်း, မကောင်းကောင်း ဘာဖြစ်လဲ၊ မုန့်ဆိုင်
ကော်ဖီဆိုင်မှာကျတော့ တိုးတိုးပြောပါ၊ ကျယ်ကျယ်မအော်နဲ့နဲ့ နင်ပဲ"

မတတ်နိုင်။ အေသက ကိုယ့်ဆီတည့်တည့်ပြန်လှည့်လာပြီမို့ ယာမ
သက်ပြင်းချရင်း သူမအေးမှာ ဝင်ထိုင်လိုက်ရ၏။

"ယောကျ်ားတွေများ သူတို့နဲ့အလိုက်အထိုက်အရောဝင်နေရင်
ဘာသိမှမကြားရဘူး၊ မဟုတ်တော့ဘူးဆိုရင် အောက်တန်းကျ
အယုတ္တအနတ္တတွေတွေ့ကပြီး ..."

ယောကျ်ားတွေဆိုတော့ ယာမာ့ မျက်ခုံးထူထူကြီးတွေ ဆတ်
မြင့်တက်သွား၏။

"အဲဒီဆေးကြောင် ငါ သူ့ကို ခေါ်ရီးလုပ်လိုက်တာနဲ့ သူနဲ့
ဘယ်လိုတွဲခဲ့တာ၊ ဘယ်လိုချစ်ခဲ့တာနဲ့ ပြောလိုက်တာ ပွထနေတာ
သိလား၊ သူ့ရုပ်ကိုရော သူ ပြန်ကြည့်မိရဲ့လားမသိဘူး။ အရုပ်
ရှည်ရှည်၊ လက် ပြင်ကကိုင်းကိုင်းနဲ့ ကုလားမခြေထောက် ဂုန်နီအိတ်
စွတ်ထားတာကျနေတာပဲ"

ယာမာ ကိုယ့်ကိုယ်ကို ပြန်ကြည့်မိတော့မလိုဖြစ်သွား၏။ အိမ်
ကလေးကလည်း ပြောပြီးမှ ယာမာ့ကို သတိရသွားပုံပေါ်၏။ မျက်ခုံ
လှည့်ကြည့်ကာ ...

"တူလို့လား နင်ကလဲ၊ ရှည်တာချင်းပဲတူတာ၊ ပုံစံဆိုက်ဂိုက်ချင်း
က အကွာကြီး"

ဘုရား...၊ ယာမာ ပိုရှုံ့မျက်လုံးပြူးသွား၏။ အိမ်ကလေး ကတော့
အမှတ်တမဲ့ပဲဖြစ်သည်။ နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့်စည်းထားသည့် ဆံဝင်





ရှည်လေးတွေကလည်း သူမ ခေါင်းလှည့်လိုက်တိုင်း လှုပ်ခါလျက်။

"တော်ပြီ၊ ဘယ်အကောင်ကိုမှ ပြန်မကြိုက်တော့ဘူး'

"ကောင်းတယ်"

"ဘာ ..."

သူမပဲပြောပြီး ထောက်ခံတော့လည်း မကြိုက်။

"ဘာကောင်းဘာလဲ"

"ကောင်းလို့ကောင်းတယ်ပြောတာပေါ့၊ ဘာလဲ ငါက နင့်ကို ဒီလို
မလုပ်နဲ့ ပြန်ကြိုက်လိုက်ပါလို့ တိုက်တွန်းရမှာလား"

"တိုက်တွန်းတွန်း မတွန်းတွန်း ငါ့စိတ်နဲ့ငါ့ကိုယ်"

"ပြီးရော ဘာပြောပြော သူ့အကြိုက်ဖြစ်တာမရှိဘူး"

ယာမာက ရွဲ့ပြောပြီး လက်ပိုက်သည်။ အိမ်ကလေး က ယာမာ့ပခုံး
ကို သူ့ပခုံးနဲ့တိုက်ချပစ်လိုက်ကာ ...

"ယာမာ"

"ဟ ..."

အစွန်းမှာထိုင်နေသဖြင့် ယာမာ နောက်က မြက်ဖုတ်ထဲကို ကိုး
ယိုးကားယားကျသွား၏။ တစ်လမ်းလုံး စူပုပ်ပွထနေသည့် အိမ်ကလေး
မျက်နှာလေးမှာ ချက်ချင်းကြီးပြောင်းလဲသွားကာ ခွက်ထိုးခွက်လန်
ရယ်၏။

"ကဲကောင်းလို့ ဟိုဘက်က ခွေးချေးပုံမဟုတ်မိတယ် ယာမာ ရယ်၊
ဟား ဟား ဟား ... ယောကျ်ားလေး ကျားကျားကျားလျားလျား နဲ့
ငါ တွန်းလိုက်တာလေးကို ဒီလောက်တောင်ဖြစ်သွားရလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျားကျားလျားလျားလဲဖြစ်တာပဲ၊ ဒီမှာ လက်ပိုက်ပြီး ခြေချင်းချိတ်ထိုင်နေတာ၊ ဘယ်လိုလုပ်တွယ်ထားမလဲ"

"ဘယ်လိုထိုင်ထိုင်လေ သတိဆိုတာ ရှိရမှာပေါ့၊ ငါ ခွာချခဲ့တဲ့ ပလေးဘွိုင့်ထွန်းနိုင် ဆိုရင် နောက်က ခါးပုံလျှော့လိုက်တာတောင် အသာလေးရှောင်နိုင်တယ်၊ အဲဒါ ရှေ့မှာလဲဖိုက်နေတာနော်"

ယောက်ျားချင်းယှဉ်ပြောတော့ ယာမာ့ မျက်နှာကြီး နီလာ၏။

"သူက အစကတည်းက ဖိုက်တာပဲ၊ ဟိုအဆင့် ဒီအဆင့်ထိ အောင်လက်မှတ်တွေရထားတဲ့ကောင်"

"ရှိုးမနေပါနဲ့ဟာ၊ ယောက်ျားဆိုတာ သူ့ဆီမှာ အထင်ကြီးစရာ တစ်စုံတစ်ခုသောအရည်အချင်းတော့ရှိရတယ်ဟ၊ ငါက နင့်ကို ခါးပုံကိုရှောင်ဖို့ ဖိုက်တာလိုတော်ဖို့ကို ပြောတာမဟုတ်ဘူး၊ တစ်ခုခုပေါ့ ..."

"အဲဒါကြောင့် နင်က ငါ့ကို ပေါ်တောတော ကြောင်တောင် တောင်ကောင်တစ်ကောင်လို သူငယ်ချင်းအဆင့်မှာပဲ ထားခဲ့တာ လား"

"ဘာ ..."

အရောင်အသွေးမတူညီသောမျက်ဝန်းလေးတွေ ကြာရှည်စွာ ဆုံစည်းသွားကြသည်။ ထိုမှစ၍ ပွင့်အန်လွှတ်ကျလာခဲ့သည့် ယာမာ့ထံမှ မရိုးသားခြင်းကို နောက်များမှာ အိမ်ကလေး မသိကျိုးကျွန်ပြု၍မရ တော့ပါ။

"နင့်ကို ငါ ချစ်တယ်"

ဟု ရင်ဖွင့်သည်။ သူငယ်ချင်းလိုပဲ ခင်မယ်လို့ ဘယ်လိုပြောပြော





မရ။ မုန်းအောင်ပြောပြီး ခွာထုတ်လို့လည်းမရပေ။ စကားမပြောဘဲ နေတော့လည်း အိမ်ကလေးကိုယ်တိုင် ဘေးမှာ ယာမာ ရှိမနေလျှင် မနေ တတ်သည်မို့ မအောင်မြင်။

ထိုအခါ ချစ်သူလည်းမဟုတ်၊ သူငယ်ချင်းလိုလည်း မဟုတ်တော့ ဘဲ ပြန်တွဲဖြစ်ကြပြန်၏။

ဟိုတုန်းကနဲ့မတူတော့သည်က အိမ်ကလေးကို ရည်းစားထား ခွင့် မပေးတော့ခြင်းဖြစ်လေသည်။

ထို့ပြင် မပြီးပြတ်သေးသော ရာဇဝင်ဟောင်းလေးတွေကြောင့် ပြဿနာရှိလာသမျှ ယာမာ က ဒိုင်ခံဖြေရှင်း၏။

ခဏခဏ ရန်ဖြစ်၊ ထိခိုက်ဒဏ်ရာတွေရလည်း နာကျင်ရမှန်း မသိ။

"ဘာဖြစ်လဲ၊ နင်သာ ဘယ်ကောင့်ကိုမှ ဂရုမစိုက်နဲ့တော့၊ တစ် လောကလုံးကို တစ်ခါတည်း စိန်ခေါ်ထုတ်ပြီးဖိုက်ပစ်မယ်"

ယာမာ က ကြွမ်းပြီဆိုတော့လည်း လူကြမ်းလေးဟု ခေါ်ရ လောက်၏။

"ညည်းတို့နှစ်ယောက် တော်တော်ကို သတင်းကြီးနေပါလား အိမ်ကလေးရယ် ဟင်၊ ယာမာ ဒဏ်ရာတွေများတယ်ဆို"

"ဟိုကောင်တွေက စတာ မေမေ"

"အို ဘယ်သူက စစ ကိုယ့်ကြောင့် ယောက်ျားလေးတွေ ဒီလိုဖြစ် ကုန်တာ မိန်းကလေး ဘယ်လောက် သိက္ခာကျသလဲ သိရဲ့လား။ ယာမာ နဲ့ လုံးဝ မတွဲနဲ့တော့"

မဖြစ်ဘူးဆိုတာ မေမေတို့ မသိ။ အိမ်ကလေး ရည်းစားထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ မပြတ်တပြတ် ရည်းစားတချို့ကြောင့် ဒီပြဿနာတွေဖြစ်ရတာ ဘာဆိုဘာမှ လူကြီးတွေက မသိ။

ယာမာ နဲ့ဆို တွဲရေးထက် ခွဲရေးအတွက်ကိုပဲ အလေးထားခဲ့သဖြင့် ပြဿနာသံကြားတာနဲ့ 'ဒီကောင်လေးနဲ့ မတွဲနဲ့'ဆိုသည့် အသံပဲ ထွက်၏။

အိမ်ကလေး တွေးမိသည်။ မေမေ ဒီဘက်က ဒီလောက်တောင် ဖြစ်နေသေးတာ ထိနိုက်ဒဏ်ရာတွေနဲ့ ယာမာ့ကို မြင်လျှင် သူ့အမေ ဘယ်လိုနေမလဲဟု ...

အမြဲတမ်း တိတ်ဆိတ်နေခဲ့သော ယာမာ တို့အိမ်ကြီးထဲတွင် ...





## အခန်း (၃)

"ဟဲ့ ဟိုမှာ ယာမာတို့ကားမဟုတ်လား"

ကာရန် ပြောသံကြားလို့ လှည့်ကြည့်လိုက်မိသည်။ ပါဂျရိုး နက်ပြာရောင်နှင့်ဒရိုင်ဘာနေရာမှာ အမျိုးသမီးကြီးတစ်ယောက်က မျက်မှန်ကြီးတဝင်းဝင်းနှင့်ရှိနေကာ ဘေးတစောင်းကကြည့်တော့ ကော့ချွန်နေသည့် နှာတံကြောင့် ယာမာ့အမေမှန်း ပြောပြဖို့မလို။

ယာမာထက် ပို၍ပါးလျသော နှုတ်ခမ်းသားတွေက တမင်တကာ ဖိတ်ထားမှန်းလည်း သိသာလျက် မေးဖျားကို ခပ်ပင့်ပင့်တင်ထား၏။

"တော်တော်ဘဝင်မြင့်မယ့်ရုပ်ပဲဟ"

ကာရန် က နဂိုကတည်းက ခပ်ရိုင်းရိုင်းပြောတတ်သူဖြစ်သည်။ သူမနှင့် အဆင်ပြေလျှင်ပြေသလိုဆက်ဆံကာ မပြေထဲ့သူဆို ယောကျ်ား မိန်းမ ဘယ်သူ့ကိုဖြစ်ဖြစ် ရိုင်းချင်ရိုင်း၊ ယဉ်ချင်ယဉ် ပြောချလိုက်တာပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အမျိုးသမီးကြီးက ကားကို နေရာတကျ မရပ်ဘဲ မျက်လုံးက ဒီဘက်ကို ဝေ့ခနဲရောက်လာသည်။ ဟိုဘက်ကနေ ယာမာ ဆင်း၏။

မျက်မှောင်ကြုတ်ကြုတ် ရှုတင်းနေသည့် ယာမာ့ မျက်နှာက ခပ်ငုံ့ငုံ့၊ တံခါးကို လက်နောက်ပြန်တွန်းပစ်ခဲ့ပြီး ဘယ်မှမကြည့်ဘဲ အတန်းဘက်ကို ထွက်သွား၏။

အမျိုးသမီးကြီးကတော့ ကားကို နေရာနည်းနည်းပြင်ကာ အိမ်ကလေးတို့ကို တည့်တည့်ကြည့်ဖို့မလိုဘဲ ဘက်ခ်မှန်ထဲကနေ ပြောင်းလဲ အကဲခတ်တတ်၏။

ယာမာ ထွက်သွားသည့်ဘက်ကိုတော့ ပြောင်ပြောင်လိုက်ကြည့်သည်။

"ကြီးကျယ်လိုက်တာ ဟွန်း၊ သူ့သားကို နှင်နဲ့ပတ်သက်မှာစိုးလို့ပေါ့လေ"

"အေးလေ၊ သူ့သားက အိမ်ကလေးဘေးမှာ ခြေဆေးပေးပါရ စေ၊ လက်သုတ်ပေးပါရစေနဲ့ဖြစ်နေတာကိုများ မသိလေရော့သလား"

"တိုးတိုးပြောကြစမ်းပါ နှင်တို့ကလဲ"

"ဘာ ..."

အားရပါးရ ပြန်မှုတ်ချင်နေတာကို အိမ်ကလေး က မီးငြိမ်း သံချောင်းခေါက်လိုက်သဖြင့် ကာရန်နဲ့ သဲဖြူ ဖျတ်ခနဲလှည့်လာ၏။ အိမ်ကလေး၏မျက်ဝန်းတွေကတော့ ပါဂျရိုးဆီမှာပဲ ရှိနေကာ ...

"ဒီမိန်းမကြီးက ယာမာ့အမေ ဒေါ်သစ်သစ်တင်တဲ့၊ နေပုံထိုင်ပုံ ကမြင်လိုက်ရရင် အမြဲတမ်း ဒီတိုင်းပဲဟာ၊ အဲဒါကြောင့် သူ့ကို လူတချို့က





ဟိုပြော ဒီပြော ပြောကြတာပေါ့။ သူကလဲ ဂရုမစိုက်ဘူး၊ ငါကတော့ လူတွေပြောသလိုမထင်ပါဘူး၊ ဒီမိန်းမကြီးက တကယ် တော်တာပဲဖြစ်မှာ၊ ဘယ်သူ့ကိုဖြစ်ဖြစ် ဂရုမစိုက်တတ်တဲ့မျက်လုံး တွေက အရမ်းရဲရင့်တာပဲ၊ ငါ ကြိုက်တယ်"

"သားကိုလား၊ အမေကိုလား"

"နှစ်ယောက်စလုံး"

ကာရန် မျက်နှာမဲ့ရှုံ့သွားသည်။

"ငါ ယာမာ့အချစ်ကို နားလည်တယ်၊ ငါ့အပေါ်မှာ ယာမာ့ လောက် ချစ်နိုင်မယ့်သူ မရှိဘူးဆိုတာလဲ ငါ နားလည်တယ်"

"ငါတို့လဲ သိပါတယ်၊ ဒါပေမယ့် ဟိုမှာ သူ့အမေကို ကြည့်ပါဦး"

"ဒါကတော့ဟာ သူ့သား သွေးထွက်သံယိုဖြစ်လာတာ နည်းတာမှ မဟုတ်တာ၊ ငါ့ကိုလဲ မေမေတို့က ကျုပ်တာပဲ၊ သူ့အမေ ဒီလောက်တော့ ရှိမှာပေါ့"

စာနာမှုတွေ၊ နားလည်မှုတွေ ဖြစ်လာခဲ့သော်လည်း ထိုနောက်ပိုင်းမှာ အိမ်ကလေးနဲ့ ယာမာတို့၏ တွေ့ဆုံမှုတွေက မအေးချမ်းတော့ပေ။

"ကျောင်းတွေလဲပြီးတော့မယ်ဟာ၊ နှင် ငါ့ကို ဘာဖြစ်လို့ အဖြေပေးသေးတာလဲဟင်"

"စဉ်းစားနေတာပါ။ ငါ နှင့်ကို ချစ်သူအဖြစ်ရွေးဖို့ အခက်အခဲတွေ အများကြီးရှိနေလို့"

အိမ်ကလေး ကလည်း ပွင့်လင်းသည်။ သူမ ဘာလုပ်လုပ် ယာမာ



www.burmeseclassic.com

www.burmeseclassic.com



မသိတာ မရှိ။ ယာမာ့ကိုလည်း မိန်းကလေးသူငယ်ချင်းလိုသဘော ထားပြီး အကုန်တိုင်ပင်၏။

ဒီတုန်းကတော့ ပုံစံကလန်ကလားနှင့် ချောမောသပ်ရပ်လာမယ့် ပုံလည်းမရှိဘဲ ကိုယ့်ဘေးမှာ ခယအောက်ကျစွာရှိနေခဲ့သော ယာမာဟာ ကိုယ့်ရင်ထဲမှာ နေရာယူလာနိုင်ပေမယ့် ယောကျ်ားရယ်လို့လည်း မထင်၊ ထိုပြင် ရှိသေးသည်။

ကိုယ် နေထိုင်သွားလာသမျှ အတွင်းသိမို့ ယာမာ့ရင်ထဲမှာလည်း ကိုယ့်ကို သူငယ်ချင်းထက် ပိုမို မျှော်လင့်လာမည်ဟု မတွက်မိခဲ့။

ခုလို သူ့ဘက်က စွဲလမ်းချစ်ခင်ခြင်းတွေကို သိမြင်ခံစားလာရသည့် တကယ်အံ့ဩမိ၏။ ပြီးတော့ ထူးဆန်းစွာခံစားမိသည်က ဘလေးရင်ထဲမှာ ယာမာ၏အချစ်ကို ခံစားလိုက်မိသော နွေးထွေးမျိုး တစ်ခါမှ မခံစားခဲ့ရဖူးပေ။

အချစ်ဟာ အလွန်ပျော်ရွှင်သာယာဖွယ်ကောင်းသော ပေါ့ပါးလွတ်လပ်ခြင်းတစ်ခုထက် ပိုမိုသောခံစားမှုမျိုးလည်း မထားခဲ့ဖူးပါ။ ထို့ကြောင့် ယာမာ့ကို အိမ်ကလေး ချစ်သည်။ ချစ်ပေမယ့် ဝန်မခံရဲဘဲ ရှိနေသည်။

ခဏ ခဏ ချစ်တယ်လို့ ပြောခဲ့ဖူးသော သူမ၏ ချစ်ခြင်းအဖြေကို ယာမာ ယုံပါ့မလား။ သူကရော သံယောဇဉ်တစ်စနှင့် ချစ်ပါသည်ဟု ပြောခဲ့ပြီး တကယ်တမ်း ကိုယ့်ရဲ့အတိတ်ကို တစ်သက်လုံး မေ့ပျောက်ထားခဲ့နိုင်ပါ့မလား။

အချစ်သည် လောဘစိတ်တို့ကို တစ်ရစ်ပြီးတစ်ရစ် တက်လာစေ





သည်လား။ ယာမာနှင့် ပတ်သက်လာကာမှ အိမ်ကလေးရင်ထဲမှာ ပေါ့ပြက်ခြင်းအားလုံး ပျောက်ဆုံးကုန်သည်။ အရာရာဟာ ဆန့်ကျင်ဘက်ခံစားမှုတွေပဲဖြစ်လာခဲ့၏။

"အိမ်ကလေး"

"ဟင်"

"ဒီဘက်ကိုတိုး"

အဖြေပေးဖို့ချိန်းထားပေမယ့် အိမ်ကလေး လာတာကတော့ အဖြေပေးဖို့မဟုတ်ပါ။ သူ့အမေ ဘယ်လိုအယူအဆ၊ ဘယ်လိုသဘောမျိုး ရှိသလဲဆိုတာကို သိချင်သေးသည်။

ဒါကို မေးမလို့ဖြစ်၏။ နှစ်ယောက်တွေ့ဖို့ ခြံနောက်ဖေးလမ်းကြားလေးထဲမှာ ချိန်းထားကာမှ မိုးဖွားလေးတွေ ကျနေသည်။

ခြံထဲက အပြင်ကို အုပ်ကိုင်းကျနေသည့် သရက်ပင်အိုကြီး၏ အမိုးရိပ်ကလည်း မိုးစက်တို့ကို လုံခြုံစွာကာကွယ်မထားနိုင်။

အိမ်ကလေး က တီရှပ်လက်ပြတ်အနက်လေးနှင့် ဘောင်းဘီ ရှည်အပြာရောင်ပွပွလေးကို ဝတ်ထားကာ ခါးမထိတထိရှည်သော ဆံပင်တွေကို ဒီတိုင်းဖြန့်ချထား၏။

မိုးစက်မှုန်တို့ တဖွားဖွားစဲနေသဖြင့် လက်လေးပိုက်၍ ပခုံးလေးပါ ကျုံ့ထားသည်။ ယာမာ က ဂျာကင်ရှည်ကြီးမှာ ခေါင်းစွပ်ကပါသေးသည်။ ဂျင်းပင်န်ပွပွနှင့် ရှူးဖိနပ်အန်ကို စီးထားသည်။

အိမ်ကလေးရဲ့လက်မောင်းလေးကို သူ့ဘက်ဆွဲယူလိုက်ပြီး ...

"တစ်နေ့လုံး မိုးအုံ့ပြီးအေးနေတာကို ဒီတိုင်းပဲနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ စုစု ကြာဖံချက်ချက်နေတာကို ဝင်ကူရင်း ရွှေ ထွက်လာတာနဲ့ချွတ်လိုက်တာ၊ နင်ပဲ သေလုမြောပါးခေါ်ပြီးတော့"

"သေလုမပြောပါးခေါ်တာပေါ့၊ တစ်နေကုန်ဖုန်းခေါ်တာ လုံးဝ မ ဘူး၊ ကိုင်လဲမကိုင်ဘူး၊ ငါ့ကို မာမီကလဲ ဖွတ်ကျပ်ကျပ်နေတာ"

နှစ်ယောက်သား ပခုံးချင်းထပ်ကပ်နေကြရင်း ယာမာ က သူ့ ဂျာကင်ကိုချွတ်၍ အိမ်ကလေးပခုံးပေါ်မှာ သေချာထပ်အုပ်ပေးလိုက် သည်။

"ဟာ ဂျာကင်ကြီးက အလေးကြီးပဲ၊ မဝတ်ချင်ပါဘူး"

"ဝတ်တာမှမဟုတ်တာ၊ ခဏခြုံထား"

"ဒီလောက်လဲမအေးပါဘူး"

"အေးအေး မအေးအေး"

ယာမာ က စပို့ရှပ်နက်ပြာစင်းလေးနှင့် လက်နှစ်ဖက်ကို ဘောင်း ဘီအိတ်တွေထဲထည့်ထားလိုက်သည်။ အချိန်က မိုးချုပ်စပဲရှိသေး သည်၊ ညအရောင်က ရင့်နေသည်။

မိုးတစိမ့်စိမ့်နှင့် ဖြစ်နေသည့်အပြင် လမ်းကြားကလေးက မှောင် မိုက်နေသဖြင့် လူရော ကားရော ပြတ်လပ်နေခဲ့၏။

"အိမ်ကလေး"

"ဟင်"

"ငါ့ကို အဖြေပေးလေ"

"မတွေ့ရတဲ့လူတွေကျနေတာပဲ ယာမာ၊ ပြီးတော့ နင့်မာမီကလဲ တော်တော်ပြင်းထန်နေတာမဟုတ်လား"





ကိုယ်ကြောင့် ဟုတ်,မဟုတ် နည်းနည်းတီးခေါက်ကြည့်လိုက် တော့ ယာမာ ငိုင်သွားသည်။

"ကြားစကားတွေကြောင့်ပါဟာ၊ မာမီက သဘောမဆိုးပါဘူး။ ပြီး တော့ ငါတို့နှစ်အိမ်က ခြံချင်းကပ်လျက်သားဖြစ်နေကြတာ၊ လူကြီးချင်း ကလဲ ရင်းနှီးကြတာမဟုတ်ဘူး"

"နင့်မာမီက အထာကြီးနဲ့ကိုး"

"အဲဒီလိုဖြစ်နေတာပါ၊ တကယ်တော့ မာမီက သူ့ခံစားချက်နဲ့သူ၊ သားလူတွေနဲ့မဆိုင်ပါဘူး"

သူ့ခံစားချက်ဆိုတာ အိမ်ထောင်ရေးတစ်စုံတစ်ရာဖြစ်နိုင်မှန်း တော့ တွေးမိပါသည်။ အရင်းအမြစ်တကယ်က ဒေါ်သစ်သစ်တင်ကို ဝေဖန်ချင်တာလည်းမဟုတ်၊ ယာမာ ကို အဖြေမပေးချင်သေးသည်မို့ သိုင်းဝိုင်းပြော နေမိခြင်းဖြစ်သည်။ သို့သော် ...

"အိမ်ကလေး"

"အမေ့ ..."

အမှတ်တမဲ့ ယာမာက ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဆွဲလှည့် လိုက်သဖြင့် လန့်သွား၏။

"နင့်ကို ငါ ချစ်တယ်၊ ငါတို့နှစ်ယောက် နီးလျက်နဲ့ဝေးရမယ့် အဖြစ်တွေ ရင်ဆိုင်လာကြရရင် ဘယ်လိုလုပ်မလဲဟင်၊ မိဘတွေက မှန်းကြတာလဲမဟုတ်ဘဲနဲ့ မတည့်ကြဘူး။ ငါတို့ကရော ချစ်သူတွေ မဟုတ်ကြသေးဘဲ မခွဲနိုင်ကြဘူး။ ဘာလိုလိုအခြေအနေကြီးနဲ့ ဘာမှ မဟုတ်ဘဲ ကွဲကွာသွားကြရင် ဘယ်လိုလုပ်မလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ကွဲရမှာလဲ ယာမာ၊ အိမ်ချင်းကပ်နေတာပဲ၊ လာချင်ရင် အနီးလေးရယ်"

"အိမ်ချင်းကပ်မနေတော့ဘူးဆိုရင်ရော ..."

"ဟင် ..."

"ငါ့ကို မာမီက ဂျပန်က ဦးလေးဆီကိုပို့ထားမယ်လို့ ပြောနေတယ်"

"အံမယ်"

ဒီလိုကြားလိုက်တော့ မာနက ခုန်တက်လာ၏။ ဒါကို သားရှင်က လုပ်စရာလား။ မေမေ ကြားလျှင် ဇွေ့ဇွေ့ခုန်သွားလိမ့်မည်။

"အဲဒါ နင်နဲ့တော့ တိုက်ရိုက်မဆိုင်ပါဘူး၊ ငါကလဲ အစက သွားချင်ခဲ့တယ်လေ၊ ဦးလေးကလဲ ခေါ်တယ်၊ မာမီက တစ်ယောက်တည်း မို့လို့ မသွားဖြစ်ခဲ့တာ၊ ခု ငါက မသွားချင်တော့ဘူး။ မာမီက လွှတ်နေပြီ"

"သွားလိုက်ပေါ့"

"အိမ်ကလေး"

"အာ နာလိုက်တာ၊ လွှတ်စမ်းပါ"

"မလွှတ်ဘူး"

ယာမာ က ပခုံးနှစ်ဖက်ကို ပိုးဖြိုဆုပ်ကာ ရင်ဘတ်ချင်းထိမတတ် ဆွဲယူသည်။

"မိဘတွေ ဘာဖြစ်ဖြစ် ငါတို့ ခေါင်းထဲမထည့်ကြေးဟာ၊ နင့်အမေ ဘာပြောပြော ငါလဲ ဂရုမစိုက်ဘူး၊ မာမီ ဘာပြောပြော နင်လဲ ဂရုမစိုက်ပါနဲ့"





"အို... မစိုက်လို့ဖြစ်မလား၊ နင်နဲ့ငါ ရှိနေသမျှ သူ့မိဘ ကိုယ့်မိဘ ဆိုတာ ဖျောက်ဖျက်ထားလို့ ရမှာလား၊ နင့်မာမီကို ကာကွယ်မပြောနဲ့ သားရှင်တစ်ယောက်အနေနဲ့ သူ ဒီလောက်မဖြစ်သင့်ဘူး"

"ဖြစ်ဖြစ်၊မဖြစ်ဖြစ် ငါ့အတွက် အလိုအပ်ဆုံးက နင်ပဲ၊ အဖြေပေးပါ အိမ်ကလေးရာ၊ လွမ်းကြရတာတွေ အဓိပ္ပာယ်ရှိချင်လို့ပါ၊ ပြီးတော့ ငါကိုယ်ငါ နင့်ရဲ့ချစ်သူအဖြစ် သတ်မှတ်ပိုင်ဆိုင်ချင်တယ်၊ ငါ့ကို ပြန်ချစ်မယ် မဟုတ်လားဟင်"

"မချစ်ဘူး"

"ဟာကွာ"

ယာမာ့ မျက်နှာ ရှုံ့မဲ့သွားတာကို မမြင်ရပေမယ့် ဒီတိုင်းဖြစ်မှာ သေချာသည်။ ပြီးတော့ ပခုံးမှကိုင်ထားသည့်လက်တို့က လျှော့ခနဲ ပြုတ်ကျသွားကာ ....

"ကျွတ်"

ကုပ်ပိုးကဆံပင်တွေကို ဆတ်ခနဲခါထုတ်ပစ်လိုက်ပြီးမှ အိမ်ကလေး၏လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"တကယ်ပြောတာလား အိမ်ကလေး၊ မာမီနဲ့သက်ဆိုင်တာလား၊ ငါ့ကို တကယ်မချစ်နိုင်တာလား"

"နင့်မာမီကြောင့် နင့်ကိုချစ်ဖို့ ဘယ်တုန်းကမှ စဉ်းစားမကြည့်ခဲ့ဘူး"

"ဟား ..."

ယာမာ စိတ်ပျက်လက်ပျက်ညည်းသည်။ ဆုပ်ကိုင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးကို ဖျစ်ညှစ်ပစ်ကာ ...

"နင် ကောင်းဆက်စံနဲ့ ငြိသွားပြီလား"

"ငြိစရာလား"

"ငါသိပါတယ်၊ နင် အဲဒီအချစ်တွေ ငါ့အတွက်ပဲမဟုတ်လားဟင်၊ ချစ်တယ်မဟုတ်လား၊ မာမီ့ကို အစာမကြေတာ ဖယ်ထားလိုက်ပါဟာ"

ယာမာ က ဖွတ်ဖြစ်နေသည်။ လက်ဖဝါးကနေ ပန်းနှစ်ဖက်ကို ပြန်ကိုင်ကာ မေးနေရင်း ရင်ခွင်ထဲဆွဲသွင်းပစ်လိုက်၏။

"အို... ဘယ်လိုလုပ်လိုက်တာလဲ၊ ယာမာ ..."

"ချစ်တယ်"

"သား ... သား ယာမာ"

"ဟင်..."

မြို့ထဲက မီးရောင် ဝင်းခနဲထွက်ကျလာသည်။ ယာမာ့ ရင်ဘတ်ကို အိမ်ကလေး တွန်းထုတ်ပစ်လိုက်၏။ ဒါပေမယ့် ဓာတ်မီးရောင်က ဝှေခနဲ ဖြတ်သန်းသွားပြီဖြစ်ကာ ...

"ဟော့ ..."

ဒေါ်သစ်သစ်တင်သည် ဝေ့တက်သွားသည်ဓာတ်မီးရောင်ကို တည့်တည့်ပြန်ထိုးလိုက်ပြီး ထဘီတစ်ဖက်မ,၍ ကသုတ်ကယက် လျှောက်လာ၏။

ဘူမနောက်မှာတော့ မြို့ထဲကအလုပ်သမားတွေနှင့် အသက် ငါးဆယ်ကျော်ခန့် လူကြီးတစ်ယောက်နှင့် ...

"သား... မင်းကို မာမီ ဘာပြောထားသလဲဟင်"





အိမ်ကလေး ရင်ထဲမှာ ဖျင်းခနဲဖြစ်သွားသည်။ ထိုစဉ် ကျောနောက်မှ ထွက်ပေါ်လာသည့် မေမေတို့အသံများကိုပါ ကြားလိုက်ရ၏။

"သမီး"

မိဘတို့၏ ဘာမှအရာမထင်ခဲ့သော ပဋိပက္ခတွေက အရာထင်သွားကြ၏။ ခွန်းကြီးခွန်းငယ်ဖြစ်ခဲ့ကြတာမဟုတ်ပါ။ ဒါပေမယ့် မျက်ဝန်းတို့ဖြင့် စစ်ခင်း၍ ဘယ်ဘက်ကမှ ဒူးထောက်ဖို့မရှိသော အငြိုးများနှင့် ချည်နှောင်ကြသည်။

"ကျွန်မတို့ ကိုယ့်သားသမီးတွေကို ထိန်းသိမ်းကြတာပေါ့"

ဒေါ်သစ်သစ်တင်က စ၍ကြေညာသည်။ ဒေါ်ချယ်ရီ့မျက်နှာ ညိုတက်သွား၏။

"ဟုတ်တယ်၊ ဒီလို နောက်ထပ် ဘယ်တော့မှမဖြစ်ကြဖို့ ရှင်လဲ သိန်းပါ"

ဒေါ်သစ်သစ်တင်၏မျက်ဝန်းတို့က နှစ်ဖက်စလုံးမှာ ကိုင်ထားကြသည့် ဓာတ်မီးတို့၏အလင်းရောင်အထက်မှာ ပြိုးခနဲပြက်ခနဲ လက်သွားသည်။

"ယောကျ်ားနဲ့မိန်းမရဲ့သဘာဝကို ဆွဲညို့ခြင်း၊ ကပ်ငြိခြင်းပဲ ဒေါ်ချယ်ရီ၊ ဘယ်သူ့ဘက်ကပဲ အစက လိုအပ်မယ်ဆိုတာ ဒေါ်ချယ်ရီ သိမှာပါ။ ကျွန်မကတော့ ကျွန်မသားကို ဝိုင်ပါတယ်။ တစ်သက်လုံးက ဆူးခြစ်ရာမထင်အောင် အသန့်စင်ဆုံးမွေးလာခဲ့ရတဲ့သားကို ပေါက်ပြဲကွဲရှ ဖြစ်လာတဲ့အထိ ကျွန်မ သည်းမခံနိုင်ဘူး၊ အဲဒီတော့ ယဉ်ယဉ်ကျေးကျေးနဲ့ လိုရင်းတိုရှင်းပြောလို့ရနေတုန်းမှာ ကျွန်မတို့တွ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကလေးကို ကိုယ် ထိန်းကြဖို့ပဲ"

ဒေါ်သစ်သစ်တင်က စကားပြော အနုတ်အသိမ်းယဉ်သည်၊ လေသံက ဩဇာညောင်းသည့်အသံမျိုးဖြစ်၏။

အေးစက်သောမျက်ဝန်းများမှ အငွေ့အသက်က တစ်ဖက်သား အပေါ်မှာ လွှမ်းခြုံထားနိုင်စွမ်းရှိသည်ထင်သည်။

"လာ သား"

သားကိုလက်ဆွဲ၍ ဖျတ်ခနဲလှည့်သွားပြီဆိုမှ ဒေါ်ချယ်ရီ အသား ဆတ်ဆတ်တုန်လေသည်။

"ညည်း ... ညည်းကြောင့် ..."

အိမ်ကလေး၏ ပါးတစ်ဖက်မှာ ပူပြင်းကျိန်းစပ်သွား၏။ ည၏ မီးရောင်တွေအားလုံး ပျောက်ဆုံးသွားကာ မျက်လုံးတွေထဲမှာ မှောင် မိုက်သွားလေသည်။

ထိုထဲတွင် ထူးဆန်းမှုတွေများစွာပေးခဲ့သော လောကကြီးက ယာမာနှင့်အိမ်ကလေးတို့အား တစ်ယောက်နှင့်တစ်ယောက် စိမ်းသက် မှန်းခွင့်မပေးခဲ့ပေ။

ဝေးနေရလေ လွမ်းလေ၊ ယာမာ သည် မိခင်ကိုမလွန်ဆန်နိုင်ဘဲ ချစ်သူကို စွန့်လွှတ်ဝေးကွာရသောအခါ ပေကပ်ကပ်၊ လူပေကလေး ဖြစ် လျက် လူမမာလိုလို၊ ချူချာသလိုလို၊ သူ တစ်ခုကိုပဲ ခဏခဏပြောသည်။

"ကျွန်တော် အိမ်ကလေးကိုသိပ်ချစ်တယ်"





## အခန်း (၄)

"မချစ်ရဘူး၊ မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာဆိုတာ ဘာမှန်း မသိတဲ့ မိန်းကလေး၊ ဘာမှန်းသိအောင် ပြောဆိုမရမှန်းမသိတဲ့ မိဘ၊ ဒီလိုလူတွေကို ငါ လုံးဝ အထင်မကြီးဘူး၊ မင်းလဲ မစွဲလမ်းရဘူး၊ ဒီမှာ ယာမာ... မင်းနဲ့ငါရဲ့ဘဝက စပြီး ဗုဒ္ဓဘာသာစစ်စစ်ဖြစ်အောင် ငါ ကြိုးစားရင်း မင်းအဖေနဲ့ လမ်းခွဲခဲ့ရတာ၊ လင်မရှိတဲ့ တစ်ခုလပ် ကလေးအမေတစ်ယောက်ရဲ့ဘဝနဲ့ မင်းကို ဒီအရွယ်ထိ ပတ်ဝန်းကျင် လေတစ်ရိုက်တောင်မခံရအောင် ငါ့ကိုယ်ကျင့်တရားကို သစ္စာနဲ့ခြံစည် ပြီးမွေးမြူခဲ့တယ်။

သားမွေးထားတဲ့ ငါလိုမိန်းမက ဒီလို ကိုယ်ကျင့်တရားကို တန်ဖိုး ထားခဲ့တာ မင်း နားလည်ရဲ့လား။ သမီးမိန်းကလေးမွေးထားရင် ထောင့်စေ့အောင်မြင်တတ်ရတယ်၊ ကိုယ့်သားသမီး ဘယ်ကိုနေထိုင်

www.burmeseclassic.com



တယ်ဆိုတာ မသိလို့လား၊ မနိုင်လို့ ငိုင်နေတာလား၊ ဘယ်ဘက်ကမှ သဘာဝမကျတဲ့အဖြစ်ကို ငါက ဘယ်လိုမျက်စိ၊ ဘယ်လိုနားနဲ့ လက်ခံပေးရမလဲ"

ဒေါ်သစ်သစ်တင်၏စကားလုံးတွေကို ယာမာ မချေပနိုင်ပါ။ ခုမှမဟုတ်၊ မာမီ့ကို သူ ဘယ်တုန်းကမှ ပြန်လှန်ပြောလို့မရခဲ့ပေ။

ပြောခွင့်မပေးခဲ့တာမဟုတ်၊ ပြောမထွက်တော့တာဖြစ်၏။

"ငါ လက်ခံထားတာက ဘာသာတရားနဲ့ယဉ်ကျေးမှုဟာ လူ တစ်ယောက်ရဲ့ အဆင့်အတန်းပဲ၊ ငါ့ကို တစ်ခုလပ် ကလေးအမေ ဆိုပြီး ယောကျ်ားက ဘာလဲ၊ ဘယ်မှာလဲ ဆိုတဲ့ မျက်လုံးတွေနဲ့ ကဲ့ရဲ့ချင် တယ်၊ တကယ်တမ်းကျတော့ အဲဒီလူတွေက ဘာသာရေးကို ဘယ်လောက်အလေးထားကြသလဲ၊ ကိုယ်ကျင့်တရား ဘယ်လောက်ကောင်းနေလို့လဲ၊ ဟွန်း... ဘယ်သူမှ ဂရုမစိုက်လို့နေတော့ ဒီမိန်းမကပဲ ဘာလိုလို ..."

ဒေါ်သစ်သစ်တင်၏ နာကြည်းမှုတွေက မိသားစုတစ်စုတည်းမှာလား၊ လူတစ်စုကိုလား၊ ဒါမှမဟုတ် အသိုင်းအဝိုင်းဝန်းကျင်တစ်ခုလား။

လောလောဆယ် ခံနေရတာကတော့ ယာမာ ပဲဖြစ်သည်။

"ဒီမိန်းကလေး ဘယ်လိုစရိုက်ရှိသလဲဆိုတာ ငါ စုံစမ်းပြီးကတည်းက တားမလို့ဘဲ၊ ဒါပေမယ့် ငါက ဘေးကနေမြင်တဲ့ကြားတဲ့လူ၊ ငါ့သား ကတော့ ဒီကောင်မလေးနဲ့ အရင်းနှီးဆုံးလူပဲ၊ သူ ပိုသိမှာ၊ သူ့ထက် ဘယ်သူသိမှာလဲလို့ သားရှင်ဆိုတဲ့မာနနဲ့ လွှတ်ထားကြည့်လိုက်မိတယ်၊ လက်စသတ်တော့ ကိုယ့်သားကလဲ အကောင်းမှမဟုတ်





ဘာ၊ ကြောင်တောင်ကန်း ..."

ယာမာ ဆတ်ခနဲဖြစ်သွားသည်။ ဒေါ်သစ်သစ်တင်က လက်ပိုက်မျက် မှဲ့၏။

"ဒါပေမယ့် ကျွားကို နွားလုပ်စီးလို့မရဘူး။ ငါမွေးထားတာ ကျွား၊ နွားမှမဟုတ်တာ"

"မေမေ"

"မပြောနဲ့ မင်းကို အဲဒီမိန်းကလေးနဲ့ လုံးဝ ပတ်သက်ခွင့်မပြုဘူး၊ အဲဒါ ဘာအငြိုးနဲ့မှမဟုတ်ဘူး၊ မာနတွေပြိုင်ဆိုင် အနိုင်လိုပြီး ပြောတာလဲ မဟုတ်ဘူး၊ ငါ့သားမို့လို့ ငါ သဘောမတူနိုင်တာ၊ ဒါပဲ၊ တစ်ခုတော့ ရှိတယ်"

ဒေါ်သစ်သစ်တင်က ကျောခိုင်းရပ်နေရာမှ ယာမာ့ကို နောက်ပြန်ငဲ့ကြည့်သည်။

"မင်း ဖွတ်ထွက်သွားမယ်ဆိုရင် ငါ ပိုင်ဆိုင်သမျှကို အကုန်လှူ ဝစ်ခဲ့ပြီး ငါ့ကိုယ်ငါ သတ်သေသွားမယ်၊ အကျပ်ကိုင်တယ် မထင်နဲ့၊ မင်း လုပ်ကြည့်"

ယာမာ့ မေးရိုးနှစ်ဖက်မှာ တင်းခနဲ၊ ကားခနဲ ဖြစ်နေကြ၏။ ထူထဲသောမျက်လုံးတို့က အစွမ်းကုန် ကုပ်ချိုးထားကြသည်။

တကယ်ဝေးကြပြီလား ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မိုးက မသည်းပေမယ့် ရွာနေသည်။ လေမကြမ်းပေမယ့် တဖြူးဖြူးတသုန်သုန် တိုက်နေသည်က ညဘက်ရောက်တော့ တိတ်ဆိတ်ခြင်းကို သိသာစွာ ရိုက်ပုတ်၍ နှောင့်ယှက်၏။

ညက လေသံမိုးသံ တဖျောဖျောနှင့် ပို၍ တိတ်ဆိတ်ခြောက်သွေ့နေလေသည်။ စာမေးပွဲတွေဖြေနေကတည်းက သူကလည်း မိဘနဲ့လာသည်၊ အိမ်ကလေး ကိုလည်း မေမေကိုယ်တိုင် ကြို့ပို့လုပ်၏။

အိမ်ရောက်တော့ မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်။ ယာမာနဲ့ အိမ်ကလေးတို့ မတွေ့ကြရတာ ကြာပါပြီ။

ချစ်သူတွေမဟုတ်ကြသော်လည်း အသည်းနှင့်အောင်ချစ်ခဲ့ကြသည့် ချစ်သူတွေ၊ ကွေကွင်းနေကြရသလို မိဘတွေကလည်း အပြင်းအထန် သေလုမြောပါးတားဆီးလာကြကာမှ လူငယ်တွေမှာလည်း





ပိုချစ်လာကြသည်။ မဆုံကြရတော့တူးဆိုမှ ပိုလွမ်း၏။ ဒီနေ့ စာမေးပွဲတွေပြီးသွားပြီဖြစ်၏။

ကြားထားသည့်သတင်းက ဒီနေ့ စာမေးပွဲပြီးတာနှင့် နောက်နေ့ယာမာ့ကို နိုင်ငံခြားပို့ပစ်မည်ဟု . . .

နာရီကိုကြည့်တော့ ညရှစ်နာရီထိုးပြီဖြစ်သည်။ အိမ်ကလေး ညဝတ်အင်္ကျီပေါ်ကနေ ထရိုင်ခွယ်တာပန်းရောင်လေးထပ်ဝတ်ကာ စွန့်ခွာထားခဲ့ရသည့် အိပ်ခန်းဟောင်းလေးဆီသို့ ဖွဖွလေးနင်းထွက်လာခဲ့၏။

“ဒီအိပ်ခန်းပြတင်းပေါက်က ဟိုအိမ်ကို မြင်နေရတယ်၊ မနေရ ဘူး။ ဟိုဘက် ဘုရားခန်းခြေရင်းကို ပြောင်း”

မေမေ့ တစ်ချက်လွှတ်အမိန့်ဖြင့် အခန်းပြောင်းခဲ့ရသည်။ ဒီနေ့တော့ တစ်ခုခုထူးခြားမည်ဟု စိတ်က ထင်နေသည်။ ယာမာ နိုင်ငံခြားကို သွားမှာ တကယ်ဟုတ်သည်မှန်လျှင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆက်သွယ်လာမှာကို အိမ်ကလေး ယုံသည်။ လက်ကိုင်ဖုန်းလည်း မေမေက သိမ်းထား၏။ သူလည်း ဒီလိုအဖြစ်မျိုးရှိနိုင်သည်။

ဒါဆို ဖုန်းဆက်ပြောကြဖို့ အခွင့်အရေးတော့ မရှိနိုင်ပေ။ အိမ်ကလေး အခန်းတံခါးကိုတွန်းဖွင့်ပြီး အထဲဝင်ပြေးဝင်သည်။

အခန်းထဲဝင်မိသည်နှင့် တံခါးဖွင့်ဖို့ကိုပဲ သတိရသည်။ အိမ် ကလေး ပြတင်းပေါက်တံခါးကို ပြေးဖွင့်လိုက်လျှင် ယာမာတို့ခြံကြီးက မှောင်မည်းမှည်းထဲမှာ တဆွေတစ်ကောင် ငုတ်တုတ်ကြီးထိုင်နေတာနှင့်ပင်နေတော့သည်။

ဘုရားခန်းဆီမှ မီးရောင်ကွက်ကွက်လေးကိုမြင်ရကာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အထပ်၊ ဘယ်အခန်းမှာမှ မီးရောင်မရှိ။ ထိုစဉ် လျှပ်ရောင် ဝင်းခနဲ လက်သွား၏။

"ဟင် ..."

ခြံထဲမှာ ယာမာလား . . .မိုးကာအင်္ကျီဖားဖားကြီးကြောင့် လူက ထွားထွားကျိုင်းကျိုင်းကြီးဖြစ်နေ၏။ ဟုတ်ပါသည်၊ ယာမာပါပဲ၊ နောက်ထပ် မြင်ချင်ပေမယ့် လျှပ်ရောင်က မလက်တော့ပေ။

ယာမာ ခြံထဲမှာ ဘာဆင်းလုပ်တာလဲ၊ ဒီဘက်ကိုကူးလာဖို့ အခွင့်အရေးများချောင်းနေသည်လား။ ဒါမှမဟုတ် ဟိုတုန်းကလိုပဲ အိမ်ကလေးကိုဆင်းခဲ့ဖို့ လက်ယပ်ခေါ်ချင်တာလား၊ ထိုအခါကျမှ သတိရသည်။ အခန်းထဲကမီးကို သူမ မဖွင့်ရသေး။

သို့သော် ...

"မဖွင့်ရဘူး"

မီးခလုတ်ဆီသို့ လက်လှမ်းလိုက်ပေမယ့် မေမေက ဖမ်းဆွဲထားလိုက်၏။

"အဲဒီလောက်မစွန့်စားချင်နဲ့တော့ သမီး၊ မေမေ ခွင့်မပြုနိုင်ဘူး မနက်ကျရင် သူတို့ နိုင်ငံခြားကို ထွက်ကြမှာ၊ အဲဒီကျတော့မှ အလွမ်းအလိုမ့်ငိုး မျက်ရည်တွေ ခေါင်းအုံးပေါက်သွားအောင် ငိုး၊ မေမေ နားလည်ပေးနိုင်တယ်၊ ဒီလိုမဟုတ်ဘဲ နောက်ထပ် အရှက်ခွဲလို့က တော့ မေမေ မညှာနိုင်ဘူး၊ ဒါပဲ"

ခေါ်ချယ်ရီ အိမ်ကလေးကိုဆွဲကာ အခန်းထဲက ပြန်ဆွဲထုတ် သည်။ ပြီးတော့ သော့ပါခတ်ပစ်လိုက်၏။





မညှာတာသောမိုးသည် တဖြောင်းဖြောင်းမြည်သံပေး၍ သွန်ချလာတြ၏။

"မိုးတွေသည်းနေပြီ၊ အထဲကိုပြန်ဝင်ပါတော့ ယာမာရယ်၊ ယာမာ ခြံထဲဆင်းနေတာကို အန်တီ တွေ့သွားပါစေ၊ ပြန်ဝင်ခိုင်းပါစေ"

မိုးစက်များနှင့် သူမမျက်ရည် ဘယ်အားက ပိုပြင်းသလဲ။

"ယာမာရယ် ... နင်မသွားခင် ငါတို့တွေ့ခွင့်ရမယ်ဆိုရင် ငါ နင့်ကိုပြောမှာပါ။ ငါ နင့်ကိုချစ်တယ်၊ နင့်ကို ချစ်မိသလိုမျိုး ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့သေးဘူးဆိုတာလဲ ပြောပြမယ်၊ နင် ယုံနော်၊ နင် ယုံမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

အိပ်ရေးပျက်ခြင်းဆိုတာ မျက်လုံးတွေ စပ်ကျိန်းနေခြင်းလား။ သောကကင်းခဲ့သည့် အိမ်ကလေးအတွက် အိပ်ရေးပျက်ခြင်းဆိုတာကို ရေးကြီးခွင်ကျယ်ခံစားခဲ့ရဖူးတာလည်း မရှိခဲ့ပါ။

အိပ်ရာပေါ်မှာ ငုတ်တုတ်ထ,ထိုင်လိုက်တဲ့အထိ မျက်လုံးတွေ ဖန်တွတ်ကျိန်းစပ်နေတာကို ဖွင့်ဖို့ကြိုးစားတာ မရ။ ညက မိုးလင်းလုကျမှ အိပ်ပျော်သွားခဲ့သည်မို့ ဖွင့်မရသည့်မျက်လုံးတွေကို ခွင့်လွှတ်ပေးလိုက်၏။

ဖန်စပ်စပ်ကို ခွတ်ဖွင့်ပြီး ထ,ရပ်လိုက်တော့ မျက်ရည်ပူတွေ စေ့လာသည်။ တစ်ညလုံး ငိုထားရတာတောင် ဒီမျက်ရည်က အချိန်မရွေး အဆင်သင့်ပါလား။ ဝမ်းနည်းတော့လည်းကျ၊ ဝမ်းသာတော့လည်း ငို၊ ဝေဒနာဖြစ်တော့လည်း သူပဲ ကျလာတတ်၏။

အခန်းတံခါးကို ဆွဲဖွင့်လိုက်ရင်း မနက်ခင်း၏ ဆီးကြိုပွေ့ဖက်မှု





ဘို မလိုလားနိုင်စွာ တွန့်ဆုတ်နေမိ၏။

ယာမာတို့ သွားကြပြီလား၊ ကိုယ့်အတွက် လျှို့ဝှက်မှာကြားချက်လေး တစ်ခုတလေ ဘာလို့ မထားခဲ့သလဲ။

ရင်ထဲမှာ ပူပြင်းလှိုက်ဟာနေ၏။ မျက်နှာသစ်မချရသေးဘဲ အိပ်ရေးမဝလို့ဝေ့သောမျက်ရည်တွေပေါ်မှာ ပူဆွေးသောကနှင့် မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် ကျလာကြ၏။

နာရီမော့ကြည့်လိုက်တော့ မနက် ရှစ်နာရီတိတိ။

ခါတိုင်းဆို ခုနစ်နာရီထိုးတာနှင့် မေမေ လာနှိုးနေကျပါ။ ညဘက်က ပြောခဲ့သလို လွှတ်လွှတ်လပ်လပ် လူးလှိမ့်ငိုစမ်း ဆိုပြီး တမင်လွှတ်ပေးထားတာလား။

လေးဖင့်သည့်ခြေလှမ်းများက အခန်းပြင်ကို တရွေ့ရွေ့လှမ်းနေခဲ့မိသော်လည်း စက်ရုပ်နှင့်တူနေ၏။ သူမ ယာမာ့ကို တမ်းတလွမ်းဆွတ်နေခြင်းပင်။

လွမ်းရခြင်းဒုက္ခကို တကယ်တမ်းကျတော့ သူမ မခံစားနိုင်ပါ လား။ ခြေလှမ်းတို့သည် လှေကားထိပ်သို့ရောက်အရောက် အောက် ထပ်က စကားသံတွေကို ကြားလိုက်ရ၏။

"သူ့အမေဆိုတာ မာနကြီးတစ်ခွဲသားနေခဲ့သမျှ ငိုလိုက်တာ ဘာက်မတတ်ချက်မတတ်ဘဲ သိလား"

စုစုအသံပါ၊ ဘာလဲ ဘာအကြောင်းလဲ၊ အိမ်ကလေး ရင်ခုန်သံ တွေ မြန်သွား၏။

"ဖြစ်ရှာမှာပေါ့၊ ချက်ချင်းကြီး ပိုးစိုးပက်စက်ဖြစ်သွားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲမှာ အအေးပတ်တာက အသေအပျောက် သိပ်မြန်တာ"

"ဟုတ်တယ်၊ ယာမာ့ကိုတွေ့တော့ အခန်းထဲမှာ အသက်မရှိတော့ဘူး။ သူ့အမေကတော့ သူ့သားလေး အခန်းထဲမှာ ကြိတ်မှိတ်ခံစားနေတာပဲဆိုပြီး၊ နေတာပေါ့နော်၊ အခုများ အော်အော်ပြီးငိုနေတာ သနားပါတယ်၊ ယာမာ.. ယာမာ သနားပါတယ်၊ သမီး သနားလိုက်တာ အန်တီရယ်၊ အိမ်ကလေး သိရင် ရင်ကွဲရှာမှာ ..."

စုစု၏ငိုရှိုက်သံ၊ နှပ်ညှစ်သံတွေနှင့်စကားသံက လုံးထွေးနေသည်။ လှေကားထစ်တွေကိုဆင်းသက်ရတော့မည့်ကိုယ့်အဖြစ်ကို အိမ် ကလေး မေ့သွား၏။ ခေါင်းထဲမှာ မိုက်ခနဲ ရိပ်ခနဲ ပြာဝေကာ တစ်ယောက်ယောက်က ဆောင့်တွန်းပစ်လိုက်သလို လှပ်ခနဲ အေးသွား ပြီး...

"အား"

"ဒုန်း"

"ဟင် ... အိမ်ကလေး"

"သမီးလေး ... သမီး"

အော်ဟစ်ပြိုကျသံတွေ ရဲပွက်သလို ဆူညံသွားသည်။ အိမ်ကလေးသည် လှေကားကြီးပေါ်မှ ဒလိမ့်ခေါက်ကွေး လိမ့်ဆင်းကျသွားခဲ့ပြီး ...





## အခန်း (၇)

"ယာမာ ... ယာမာ"

အိမ်ကလေး ငေါက်ခနဲ ကျုံးထလိုက်မိ၏။ ထိုအခါ သူမသည် လှေကားကြီးခြေရင်းမှာလည်းမဟုတ်၊ ဆေးရုံမှာလည်းမဟုတ်ပါ။

အပြာရောင်နုညက်သော မွေ့ရာထက်မှာ လျှောင်းစက်နေရင်းဖြစ်သည်။

"ဟင် အိမ်ကလေး နိုးနေတယ်"

ဘေးမှာ ခုတင်လေးတစ်လုံးနှင့် သပ်သပ်အိပ်နေသည့် စုစု ကသည်း သတိနှင့်နေတာမို့ အိမ်ကလေးနှင့် မရှေးမနှောင်းမှာပဲ ငုတ်တုတ်ထထိုင်ကာ ...

"ကလေး ဘာလုပ်မလို့လဲဟင်၊ ရေသောက်မလား၊ ဗိုက်ဆာလို့လား"

အိမကလေး ခေါင်းခါ၏။ ပြီးတော့ စုစုကို မျက်ခုံးလေးတွေ့ တွန့်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြည့်သည်။

"စုစု ဒီထဲမှာ ဘာလို့ဝင်အိပ်တာလဲ"

"ဟင် ဟို ..."

"ထွက်ခဲ့"

"အိမ်ကလေးရယ် ဟိုလေ..."

"ဟင့်အင်း သွားပါ"

"အင်း သွားပါ့မယ်၊ စုစု သွားမယ်နော် ကလေး တစ်ခုခုစား မလား"

စကားရှည်လိုက်တာဆိုသည့်မျက်နှာလေးနှင့်မဲ့ပစ်ကာ အိမ် ကလေး ခေါင်းခါပစ်လိုက်သည်။ စုစုက အိပ်ရာလိပ်ကလေး ဖြစ်သလို လိပ်ယူလိုက်ပြီး ပိုက်လျက်ပြန်ကြည့်ကာ ...

"ဟိုလေ ... စုစုက ..."

"စုစု တော်တော်စကားရှည်ပါလား။ မသွားချင်ဘူးဆိုရင် အိမ် ကလေး သွားမယ်"

"အမယ်လေး မြတ်စွာဘုရား၊ သွားပြီ ထွက်ပါပြီ"

စုစု လှည့်မကြည့်မတမ်းပြေးထွက်သွားလေသည်။ တကယ်ဆို စုစု က အသက်လေးဆယ်နားကပ်နေပါပြီ။ အိမ်ကလေးကတော့ ချစ်စနိုး ခေါ်တာနော်ဟု ပြောပြီး စုစုပဲခေါ်၏။ ဒီလိုခေါ်တာလေးကို သူမကလည်း သဘောကျခဲ့၏

အိမ်မှာ အိမ်ကလေးကို ကလေးလို့ခေါ်ကြတာကပဲများကာ သူမ ၏အစ်ကိုဝမ်းကွဲ တစ်ခါတစ်ခါလာလျှင် မိအိမ် ဟု ခေါ်တတ်၏။





ဟိုတုန်းက ချစ်စရာအလွန်ကောင်းသည့် အိမ်ကလေး ဆိုသော ...သော သွက်သော မိန်းမငယ်လေးဟာ ခုတော့ ဘယ်သူမှ သည်းမခံ ...င်အောင် ဆိုးသွမ်းသူလေးဖြစ်နေခဲ့၏။

မိဘကိုလည်း ဂျစ်ကန်ကန်၊ ဘယ်သူကပ်တာမှလည်းမကြိုက်၊ ...းချင်တာဆိုယူစားပြီး မစားချင်ဘူးဟု ခေါင်းခါပြီဆို ပါးစပ်ဖြဲခွံ့တာ ...တောင် မစားပေ။

အခန်းပြင်ရောက်လာကာမှ ခြေစုံရပ်နေမိပြီး စုစု ဘာလုပ်ရမှန်း ...သိဖြစ်နေမိသည်။

အိမ်ကလေးကို စိတ်မချလို့ပါ။ ဒီလိုပဲ သူမလေး အိပ်သွားပြီဆိုမှ ...ဝင်ပြီး အတူစောင့်အိပ်ရသည်။ နိုးလာတဲ့အခါတိုင်းတော့ ခုလို နှင် ...ထုတ်တတ်ပါ။ တစ်ခုခုစားမယ်၊ ဘာလုပ်မယ် ညာလုပ်မယ်ဆိုတာမျိုး ...င်းတတ်၏။ ဗိုက်နာတယ်၊ ခေါင်းကိုက်တယ်ဟုပြောလာလျှင် ဆေးချော့ ...ကိုက်ရသည်။

ဒီလိုနှင်လွှတ်သည့်ညမျိုးဆိုလျှင် တစ်ခုသေချာတာက အိမ် ကလေး ...ိပ်မက်ဆိုးတွေမက်သည့်ညပဲဖြစ်၏။

"မစု"

"မမကြီး"

ဒေါ်ချယ်ရီက ဆံပင်ရှည်တွေကို ဖြစ်သလိုထုံးဖွဲ့ရင်းတန်းလန်း နှင့် ...သုတ်သုတ်လျှောက်လာ၏။

"သမီး နိုးနေသလား"

"ဟုတ်၊ ဟို ... ကျွန်မကို အထဲမှာမအိပ်ရဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်နဲ့ဆို မအိပ်နဲ့ပေါ့အေ၊ သွား ဟို ရှုံးကောစ့်ရှေ့မှာအိပ်လိုက်"

"ဟုတ်ကဲ့"

"သတိနဲ့အိပ်နော်"

"ဟုတ်ကဲ့ပါ"

ဒေါ်ချယ်ရီက တံခါးကို အသာလေးတွန်းဖွင့်ပြီး အထဲကိုဝင် သည်။ မီးခဲရောင်အောက်မှာ အပြာရောင်မွေ့ရာခင်းအပွင့်ကြီးတွေပေါ် မှာ အဖြူရောင် ညဝတ်ဂါဝန်ပွပွလေးနှင့် ငုတ်တုတ်ထိုင်နေသည့် အိမ်ကလေးသည် အုပ်ခဲဝဲဖြာနေသည့် တင်ပါးဖုံးဆံနွယ်ရှည်ကြီး တွေနှင့် ဝင်းစက်လှပနေ၏။

သူမကလည်း မကြည့်၊ ဒေါ်ချယ်ရီ့ ခြေလှမ်းတွေကလည်း အလို လို ရပ်တန့်သွားခဲ့သည်။ သမီးလေး ငေးနေသော မျက်ဝန်းထဲမှာ မျက်ရည်ရောင်တွေ ပြိုးပြက်လက်နေတာကို မြင်လိုက်လို့ဖြစ်၏။

ဒီကြမ္မာဝဋ်ကြွေး သမီးလေးဆီကနေ ပြေးပါစေတော့ ...။





## အခန်း (၈)

ပြင်ဦးလွင်မြို့၏ အလှအပတွေက ဘယ်ကိုကြည့်ကြည့် ငေးနေ ...င်နေမိလောက်အောင် ဖမ်းစားနိုင်စွမ်းရှိနေကြတာ အမှန်ပါ။ ဒါပေ မယ့် ဘယ်သူမှ ဒီအလှအပတွေကို ခံစားမနေအားပေ။

"သူက သစားတော် ခေါက်တာ နှေညီလာ"

"ပြော်... နေညီလာ တဲ့လား၊ ငယ်ငယ်လေး ရှိသေးတာပဲ"

ပြီးတော့ ရှင်းသန့်ချောမွေ့နေတာကိုလည်း သတိထားမိ၏။ ...တဲ့တွေ၊ မျက်ခုံးထူပုံတွေက ယာမာနှင့်ဆင်နေပြန်သည်။ ယာမှာ ...ာ်ခမ်းတို့က ထူချင်သလိုရှိပြီး ခေါက်တာကတော့ ပိရိကျနစွာရှိကာ ...င်းတင်းစေ့ထားတတ်ပုံက စိတ်လျှပ်ရှားမလွယ်တတ်သူမှန်း သိသာ ...သည်။

"သူ့ကိုတော့ တော်တော်ပြောရခက်တယ်ဗျ၊ အဲဒီလောက်ထိ ...ညာအပေါ်မှာ သူ ဥပေက္ခာထားလိုက်ချင်မှန်း ကျွန်တော် တကယ် ...ထင်ခဲ့မိဘူး။ ဦးကောင်းတို့ လိုက်ဆွေးနွေးကြည့်ပါလား လူနာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို သေချာသိရရင်တော့ သူ စိတ်ဝင်စားလာနိုင်တယ် လူနာရှင်တွေက တွေ့ချင်ပါတယ်လို့ ကျွန်တော် ပြောတော့ သူ မငြင်းဘူး"

ဟု ဒေါက်တာဦးပန်းခိုင်က ဆက်သွယ်ဖြစ်ဖို့ အကြံပေးသည်။ ထို့ကြောင့် အလွန်တော်သည်ဆိုသော သမားတော်ကလေးကို ပိုမို စိတ်ဝင်စားမိကြပြီး ဒေါ်ချယ်ရီတို့ ဒီထိလိုက်ခဲ့ကြရခြင်းဖြစ်သည်။

"သူတို့က လူနာမိန်းကလေးရဲ့ မိဘတွေပေါ့၊ ဦးကောင်းနဲ့ ဒေါ်ချယ်ရီ တဲ့၊ မိန်းကလေးက ..."

"ဩော်... သမီးလေးနာမည်က 'သီချင်းအိမ်'ပါ။ အိမ်ကလေးလို့ ချစ်စနိုးခေါ်ကြပါတယ်"

ဦးပန်းခိုင် စကားကို ဒေါ်ချယ်ရီက ဆက်ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော့်ဆီရောက်လာကြတာကို ကြိုဆိုပါတယ် ဒါပေမယ့် ..."

"ဒီလိုရှိပါတယ် ငါ့တူ၊ အဲ ... ဒေါက်တာ"

ဦးကောင်းက နေညီလာ လက်မခံလိုက်ရေစိုးကာ ငြင်းသည့် စကားဆီအရောက်မခံဘဲ လိုရင်းကို ပျာပျာသလဲဝင်ပြော၏။

"လူနာကို ခဏလေးပဲ ဒေါက်တာ လိုက်ကြည့်ပေးပါ၊ သူ့ ဝေဒနာ သူ့ရဲ့အဖြစ်အပျက်ကို စိတ်မဝင်စားဘူးဆိုရင် လှည့်ပြန်သွား လို့ရပါတယ် ဒါပေမယ့် လမ်းညွှန်မှုလေးတစ်ခုခု ပြောပေးခဲ့ပါ"

နေညီလာ ဦးကောင်းမျက်နှာကို မျက်မှောင်ကြုတ်ကြည့်၏ မကြည်လင်တာမျိုးမဟုတ်ဘဲ တစ်ခုခုကို သူ့ဘာသာ စဉ်းစားနေတာ





မျိုးဖြစ်သည်။

"လိုက်ကြည့်မိရင်တော့ သုံးသပ်တာတွေ၊ ဆုံးဖြတ်တာတွေ ဖြစ်လာမှာပဲ၊ ကျွန်တော်က ဆေးပညာကို ခိုးချောင်ခိုးဝှက် စမ်းသပ်ချင်တာ မဟုတ်ဘူး။ ကျွန်တော့်အခြေအနေကို ဆရာက ပြောပြပြီးပြီဖြစ်မှာပါ"

"ခိုးချောင်ခိုးဝှက် မဖြစ်ရပါဘူး ဒေါက်တာ၊ ဒေါက်တာ့ကို မြင်လိုက်တာနဲ့ပဲ မသိစိတ်မှာ လေးစားပြီးသားဖြစ်သွားတာပါ။ လူနာကို ဒေါက်တာ ကုပေးမယ်ဆိုရင် ယုံယုံကြည်ကြည်အပ်ချင်ပါတယ်"

စကားသံတွေ တိတ်ကျသွားကြသည်။ နေညီလာက လှိုင်းတွန့် ရေးရေးထင်နေသည့် နဖူးကဆံပင်တချို့ကို ဖိသပ်ပစ်လိုက်၏။

မြွဝင်းစေတ်ထားတာမဟုတ်ဘဲ တောင်စောင်းပြေပြေအောက်ဆီမှ ဝင့်တိုက်လာသောလေက သူတို့အားလုံးကို ပတ်ဝေ့ကျီစယ်သွား၏။

ဒါပေမယ့် အေးတာ နွေးတာ ဘယ်သူမှမသိကြ။

"လူနာက အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်သုံးနှစ်"

"....."

လင်မယားနှစ်ယောက်စလုံး ငြိုင်တူဖြေပြီးမှ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ဦးကောင်းက ဒေါ်ချယ်ရီကို မင်းပဲ ဆက်ပြောလိုက်ဟုပြောသော မျက်လုံးနှင့် မသိသောမေးဆတ် ပြ၏။

"ဒီလိုပါ ဒေါက်တာ၊ ဟို ... သမီးလေးက သူ့ရဲ့ချစ်သူက သူ့ကြောင့် သေသွားရတယ်ဆိုပြီး ...၊ ဖြစ်ချင်တော့ အဲဒီသတင်းကိုကြား တာနဲ့ လှေကားအမြင့်ကြီးပေါ်ကနေ ပြုတ်ကျလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကို ထိခိုက်မိသွားလား"

"နဖူးမှာ ဒဏ်ရာနည်းနည်းပဲဖြစ်တယ် ဒေါက်တာ၊ ခြေထောက်တစ်ဖက်ကိုတော့ ခုနစ်လ ရှစ်လလောက် ကုလိုက်ရတယ်၊ အဲဒီနောက်ပိုင်းမှာ သိပ်မဆိုးသေးဘူး"

ဒေါ်ချယ်ရီပြောနေတာကို နေညီက စိတ်ဝင်တစား နားထောင်နေ၏။ ခုမှ သေချာသိရတာမို့ ဒေါက်တာဦးပန်းခိုင်ကလည်း စိတ်ဝင်စားနေသည်။

"အစားအသောက်ပျက်ပြီး အခန်းအောင်းနေတာပဲရှိတယ်၊ စကားပြောလို့ရတယ်၊ ချော့မော့ပြောရင် နားထောင်သေးတယ်"

"ဘာဖြစ်လို့ဆိုးသွားတာလဲ၊ အခု ဘယ်လိုအခြေအနေမျိုးလဲ"

"စကားပြောကို သိပ်မခံတော့တာ၊ ဘာဖြစ်လို့လဲဆိုတော့ ..."

ဒေါ်ချယ်ရီ အဆင်ပြေအောင် ဘယ်လိုဆက်ပြောရမှန်းမသိ ဖြစ်သွား၏။ မြချင်းကပ်လျှက်ကြီးမို့ သမီးလေး စိတ်ပိုဆင်းရဲနေမည်ထင်ကာ သူ့အဒေါ်တွေရှိသည့် မန္တလေးကို ခဏပြောင်းရွှေ့ခဲ့ကြ၏။

အဖြစ်က မန္တလေးကျမှ ပိုဆိုးတော့သည်။ ရောက်ခါစကတော့ အိမ်ကလေး ထူထူထောင်ထောင်ဖြစ်လာခဲ့၏။ ဆယ်ရက်တောင် မကြာသေးဘဲ မြဲဘေးကနေ စက်ဘီးနှင့်ပတ်ချောင်းသည့် လူရွယ်တစ်ယောက်ကြောင့် သေလုမြောပါး ပြန်ဖြစ်ခဲ့ရ၏။

"ယာမာ မသေဘူး မေမေ၊ သူ့ဓာဗီ တမင်ယုတ်မာပြီး သေပြီလို့ သတင်းလွှင့်တာ၊ ယာမာ အိမ်ကလေးဆီကို လိုက်လာတယ်"

အားလုံးပဲ အိမ်ကလေး စကားကြောင့် ထိတ်လန့်ကုန်ကြ၏။





"ဟိုမှာ ... ဟိုမှာ ယာမာ ... ယာမာ.."

လက်ညှိုးထိုးပြကာ တအားအော်ခေါ်၏။ ပြိုင်ဘီးအပြာရောင်လေးကို အမြင်ကတ်စရာ ကွေ့ပတ်စီးနေသည့် လူရွယ်ကို လှစ်ခနဲမြင်လိုက်ရပြီး ဒေါ်ချယ်ရီတို့ အံ့ဩသွားခဲ့ကြသည်။

အရပ်ရှည်တာကြီးက အတော်ဆင်ကာ ဆံပင်ပုံထားတာချင်းလည်းတူ၏။ အဝေးကလှမ်းမြင်လျှင် ယာမာနဲ့ မှားနိုင်လောက်အောင်တူတာလည်းမှန်သည်။ ဒါပေမယ့် သေချာကြည့်မှ ကွဲပြားတာတွေကို မြင်ရသည်။

လူရွယ်က အသားပိုဖြူပြီး အနည်းငယ်ပိန်သည်မို့ မတ်တတ်ရပ်လိုက်တော့ လူပုံက နွဲ့ချင်သည်။ ထို့ပြင် ယာမာနဲ့ လုံးဝ မတူတာက လူကြီးသူကြီးမှန်း မသိ၊ မထီမဲ့မြင်မျက်နှာပေးနှင့် ပြန်လှန်ပြောတတ်သေးသည်။

"ဒီမှာ မင်းက မန္တလေးကလား၊ ငါတို့က ရန်ကုန်ကလာကြတဲ့ ဧည့်သည်တွေပါ၊ ငါ့သမီးလေးက စိတ်ဝေဒနာသည်လေးရယ်၊ မင်း မနှောင့်ယှက်ပါနဲ့"

ဒေါ်ချယ်ရီက တောင်းပန်တာလည်းမဟုတ်၊ ရန်တွေ့တာလည်း မဟုတ်သော တားဆီးမှုမျိုးနှင့် သွားပြောခဲ့၏။

ပြောလိုက်မှ ပိုဆိုးတော့သည်။

"ဩော်... သူက စိတ်ဝေဒနာသည်လား"

ခနဲ့ပြုံးလား၊ ရွဲ့ချင်တာလား မသိခဲ့ပေမယ့် နောက်နေ့တွေမှာ ပိုဆိုးခဲ့သည်။ တစ်နေ့ကို နှစ်ခေါက်လောက် ပတ်ရာကနေ တစ်နေကုန်



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်သံပေးပြီး ပတ်နေတာ မနား။ နောက်ကျတော့ ပန်းစည်း လက်ဆောင်ပေး၏။

တိုက်ဆိုင်သည်မှာ သူပေးသည့်ပန်းက အနီရောင်သစ္စာပန်းတွေ ဖြစ်ပြီး ယာမာနှင့်သူမ တူညီစွာ နှစ်သက်ကြသောပန်းဖြစ်နေသည်။

"သူနဲ့ အိမ်ကလေး စကားပြောပါရစေ၊ ဒီထိတောင်လိုက်လာရှာတာ သနားပါတယ်ဗေ မမေ၊ သူ့ကိုခေါ်ပေးပါ။ အိမ်ကလေးတို့ နောက်ထပ်မကွဲပါရစေနဲ့နော်"

"မဟုတ်ပါဘူး သမီးရယ်၊ အဲဒီကောင်လေးက မန္တလေးကပါ။ ယာမာ မဟုတ်ဘူး။ တကယ်ပြောတာ"

"ဟုတ်တယ် မိအိမ်၊ အဲဒီကောင်က စက်ဘီးတစ်စီးနဲ့ လျှောက်လေနေတဲ့ကောင်။ မိဘတွေက မာန်မကျတဲ့ အထည်ကြီးပျက်တွေ၊ သူက သိုက်သမား၊ ရန်ကုန်ထိဆင်းပြီး ဘာတွေလုပ်မှန်းမသိဘူး၊ နာမည်က ဝဏ္ဏ တဲ့"

"မဟုတ်ဘူး"

အစ်ကိုဝမ်းကွဲဖြစ်သည့် အတာအောင်ကလည်း ဝဏ္ဏနှင့် ပတ်သက်သမျှ သိရအောင် အသည်းအသန်စုံစမ်းသည်။ အတိအကျ ဘာမှ မသိရပါ။ ဒါပေမယ့် ...

"ဝဏ္ဏအောင် ဆိုတာပဲ သိတယ် ဒေါ်လေး၊ ရန်ကုန်ဇာတိလိုလို၊ မန္တလေးကလိုလိုပဲ၊ မိအိမ် စိတ်ပျက်သွားအောင် တမင်ပြောပြနေရ တာ၊ ဘာမှ သေချာစုံစမ်းမရဘူး။ သေချာတာကတော့ ဒီကောင် လူတော်လူကောင်းမဟုတ်နိုင်ဘူး"တဲ့။





ဒေါ်ချယ်ရီက ဖြစ်သမျှကို စုံလင်အောင် ပြောပြခဲ့သည်။ ပြီးတော့ ဆက်၍ ...

"အဲဒီတော့ ဒီလူနဲ့ဝေးအောင် ပြင်ဦးလွင်ကို ထပ်ရောက်လာတာ ပေါ့ကွယ်"

"ဒီရောက်တော့ အဲဒီတစ်ယောက် ပါမလာဘူးလား"

"ရောက်စက ပါလာတယ်၊ တစ်ပတ်လောက် ဒီနားမှာ သွားလာနေသေးတယ်၊ ခုနောက်ပိုင်း မလာပြန်ဘူး။ ဒါပေမယ့် သမီးလေးက တော့ အဲဒီလူငယ်ကို အန်တီတို့က မောင်းထုတ်လိုက်တယ်ဆိုပြီး စကားလဲမပြော၊ ဘာမှလဲ မစားတော့ဘဲ အခန်းအောင်းနေတော့တာ"

နေညီလာ က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် လိုက်ခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"အဟမ်း"

"ဟင် ..."

ကျောပေးရပ်နေသည့်ကိုယ်လေး တုန်ခနဲဖြစ်သွား၏။ ကျော နောက်မှာ ဆံနွယ်ရှည်တွေ နွဲ့ခနဲဝှေ့သွားသည်အထိ ဒီဘက်ကို လှည့် ကြည့်သည်။

"ရှင်က ဘယ်သူလဲ"

"ယာမာလေ"

"ဘာ ..."

လူကို ပြေးရှုံ့ကုတ်ဖွဲ့ပစ်တော့မလို စူးစူးဝါးဝါးကြည့်ပြီး မျက်နှာ လေးကိုမော့၍ ဆံပင်တွေကိုခါထုတ်ပစ်သည်။

ခေါသကြောင့်ထင်သည်၊ ဝဏ်ထားသည့် ပန်းနုရောင်လေးထက် သူမ၏ပါးပြင်လေးနှစ်ဖက်က ပို၍နီမြန်းနေ၏။





ဒါကို စေ့စေ့ကြည့်ပြီး နေညီလာ က ခပ်မိန့်မိန့်ပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲ၊ မင်းရဲ့မျက်စိရှေ့မှာ ဂိုက်ဆိုက်ဖြောင့်ဖြောင့်နဲ့ ယောကျာ်းလေးတစ်ယောက် ဖြတ်လျှောက်သွားရင် ယာမာ ဖြစ် သွားတာပဲမဟုတ်လား။ ကိုကိုရော ယာမာ လို့ မသတ်မှတ်နိုင်ဘူးလား"

"ဘာပြောတယ်"

အိမ်ကလေး တက်ခေါက်တော့ စားပွဲပေါ် က ပန်းအတုတွေစိုက် ထားသည့်အိုးကို လှမ်းဆွဲသည်။ ပြီးတော့ အားရှိပါးရှိ ပစ်ပေါက်လိုက်၏။

နေညီလာ က လွင့်တက်လာသည့်ပန်းအိုးကို အသာလေး ဖမ်း ယူထားလိုက်ကာ မျက်နှာကို ထိခိုက်ဖို့ရှိနေသော ပလတ်စတစ်ပန်းတို့ ကိုတော့ လက်တစ်ဖက်နှင့် ပုတ်ချပစ်လိုက်၏။

"ရှင်က သိပ်တော်တယ်ပေါ့"

အိမ်ကလေး က လက်မအားသေးသည့် နေညီလာ့ ရင်ဘတ်ကို ခြေတံတမဲ့ ပြေးတွန်းပစ်လိုက်၏။ နေညီလာ ကလည်းမြန်သည်။ ပန်းအိုးကိုင်ထားဆဲလက်နှင့်ပဲ အိမ်ကလေး၏လက်တို့ကို ဖယ်ထုတ် ပစ်လိုက်သည်။

"အား ..."

လက်ခုံနုနုကို ပန်းအိုးနှင့်အရိုက်ခံရသလိုဖြစ်သွားကာ အိမ် ကလေး သည်သဲ့သဲ့လေးနှင့် ဘေးမှာ ခွေခနဲလဲကျသွားခဲ့၏။

"ဆောရီး"

"သမီး"

အထဲက လှုပ်ရှားသံတချို့ကို ကြားရကာ ဒေါ် ချယ်ရီတို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကတာန်း ဝင်လာကြ၏။ နေညီလာ၏ ဆောရီးက လူကြီးတွေဘက်သို့ ရောက်သွားကာ ...

"ကျွန်တော် အမှတ်တမဲ့ လက်ဆများသွားလို့ တောင်းပန်ပါ တယ်"

"အန်ကယ် မြင်ပါတယ်ကွယ်"

တံခါးဖွင့်လိုက်ကြစဉ်မှာ အဖြစ်အပျက်၏ တစ်စွန်းတစ်စကို မြင် လိုက်ကြသည်မို့ ဦးကောင်းက နားလည်သည်။ ဒေါ်ချယ်ရီလည်း ကိုယ့်သမီး လွန်တာကို သိပါသည်။

"ဒေါက်တာ့ကို ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ်၊ အားနာ ကောင်းလိုက်တာ"

"ဒေါက်တာ...၊ ဘာဒေါက်တာလဲ၊ သူလုပ်လို့ ဒီမှာ လက်နာ သွား လူနာကို ရိုက်နှက်ကုတဲ့ဒေါက်တာ မကြားဖူးဘူး၊ သွား ... ရှင်ကြီး ခုထွက်သွား"

နေညီလာ့ မျက်လုံးထဲမှာ လူကြီးတွေမပါတော့ဘဲ အိမ်ကလေး နှင့် သူမ၏စကားတွေပဲဖြစ်ကျန်ခဲ့လျက် နှုတ်ခမ်းမှာ အပြုံးတစ်ချက် ဖြစ်သွားသည်။

"ဒါက မင်း သိနေသားပဲ၊ လူနာက လူနာလိုနေမှ ဒေါက်တာ သူ့အလုပ်သူလုပ်မှာပေါ့၊ မင်း ပန်းအိုးနဲ့ကောက်ပေါက်နေတာကို တို့ ဆေးအပ်ကိုင်ပြီးစောင့်နေရင် ဘယ်သူ ဆေးရုံရောက်မလဲ"

"ရှင်ကြီးပဲ ရောက်မှာလေ၊ ရှင်သွား၊ ခု သွားဆိုသွားနော်'

လက်ညှိုးထိုးရှုနှင်လွှတ်ကာ အိမ်ကလေး ရှိုက်ကြီးတငင်ငိုသည် အားလုံး၏နောက်မှာ ရပ်ကြည့်နေသည့် စုစုကတော့ ပါးစပ်အဟောင်း





နှင့်ပါ။

အိမ်ကလေး ဒီလိုစကားမပြောခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ နဲ့ ပါနဲ့ ခံချင်လွန်းလို့ ဘယ်လိုဖြားယောင်းလို့မှမရ။

အော်တာဒေါက်တာလေးတွေဖြစ်လည်းဖြစ်ပါစေဆိုပြီး ဒေါသ အောင်၍လည်း ခုလိုပေါက်ကွဲမလာခဲ့တာ ကြာပါပြီ။

ဒေါ်ချယ်ရီကိုယ်တိုင် သမီးဖြစ်သူကို ပွေ့ဖက်ချော့မော့ရင်း ငိုချင် ရယ်ချင်သလိုကြီးဖြစ်လာခဲ့၏။

ဒီလို ရှိုက်ကြီးတငင်ငိုလိုက်ပါ၊ ဒေါသတွေထွက်ပြီး ပေါက်ကွဲလိုက် အကြိမ်ကြိမ်ဆုတောင်းခဲ့ဖူးသည်။ သမီးလေး ကြိတ်ခံစားနေရ းလို့ပါ။

သမီးက ဘယ်သူ့ကိုမှ စကားဟဟမပြောခဲ့ပေ။

ခုကျတော့ ရှိုက်ကြီးတငင် ငိုတာရော၊ အော်တာရော စုံနေသည်။ နေညီလာ နှင့်ရန်ဖြစ်၊ ဒေါသထွက်ရခြင်းအပြင် တခြား ဘာ မှ မရှိတော့သလို ငိုနေခြင်းမှာပဲ စူးစိုက်ခံစားလျက် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"သူ မရူးပါဘူး အန်တီ၊ ကိုယ့်ကိုယ်ကို ဖွတ်နှစ်ပစ်ချင်နေ ဖြစ်ချင်တာတစ်ခုကို ဖြစ်ခွင့်မရလို့ အားလုံးကို ဒါတစ်ခုနဲ့လဲပစ် မိုက်မဲနေတာ"

"ဘုရား ... ဘုရား"

ဒေါ်ချယ်ရီ ရင်ဘတ်လေးဖိ၍ ဘုရားတသည်။

"သူ့မှာ စိတ်ဝေဒနာ ဘာမှမရှိဘူး"

"ဒါဆိုရင် အန်တီ မရှင်းလို့မေးပါရစေကွယ်၊ သူ့ရဲ့အသိဉာဏ် ဘာမှမချို့ယွင်းဘူးဆိုရင် ဟိုလူငယ်ကို ယာမာ မဟုတ်ဘူးဆိုတာ လက်ခံရမှာပေါ့"

နေညီလာ က ပြုံးလိုက်၏။ ဒူးနှစ်ဖက်ပေါ်မှာ တံတောင်နှ ထောက်နေရာကနေ ခါးမတ်မတ်ပြင်လိုက်ကာ ...





"အဲဒီတစ်ယောက်နဲ့ သူ့ကို တွေ့ပေးကြည့်ပြီးပြီလား"

"ဟင် ..."

"တွေ့ပေးရမယ်"

ဦးကောင်းကလည်း တအံ့တသြမေး၏။ နေညီလာ ဒီစကား ပြောလိုက်တာမှဟုတ်ရဲ့လားဆိုသည့် မျက်လုံးများနှင့် စူးစိုက်ကြည့် သည်။

"ဘယ်လိုလုပ်တွေ့ပေးရမှာလဲ ဒေါက်တာ၊ ဝဏ္ဏ ဆိုတဲ့ ကောင် လေးက ရုပ်လေး သနားကမားနဲ့ အပြောအဆိုကလဲ သွက်တယ်၊ ယာမာနဲ့ တော်တော်ဆင်တဲ့ပုံစံတွေလဲ ရှိတယ်။ သမီးလေးက မတူဘူး ဆိုတာကို မမြင်ဘဲ စိတ်ကယောက်ကယက်နဲ့ ထပ်ပြီးဖွဲ့လမ်းနေရင် ဘယ်လိုလုပ်မလဲ၊ ဒီကောင်လေးက ယာမာ့ထက် အများကြီးဆိုးမှာ လုံးဝ သေချာတယ်"

ဒေါ်ချယ်ရီက မဖြစ်နိုင်တာကိုဘဲ ဦးတည်ပြောသွား၏။ နေညီလာ က ခေါင်းညိတ်၍ ...

"ဒါ ဖြစ်နိုင်ပါတယ်၊ တစ်ခုရှိတာက သူ့ရဲ့စိတ်ကို ဒီတိုင်း အခန်းထဲမှာထည့်ပိတ်ပြီးကုစားနေတာထက် ပြောင်းလဲမှုတစ်ခုခုပေါ် မှာ ခွဲယူသွားတာက အကျိုးရှိဖြစ်သွားမှာဆိုတော့ အဆင်ပြေဖို့ ပိုများ တယ်၊ သူ့စိတ် ဒီလောက်ထိ မပျက်စီးသေးဘူးလို့လဲ ကျွန်တော် ယုံနေ တယ်၊ ဘာပဲဖြစ်ဖြစ် ဟိုတစ်ယောက်လဲ ခု မရှိဘူးမဟုတ်လား"

"ဒေါက်တာက သမီးကို အပြင်လောကမှာ သွားလာခိုင်းချင်တာ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူ့မှာ ခွဲလမ်းမှုတစ်စုံတစ်ရာကို အစွန်းရော ခံစားနေရတာကလွဲရင် အာရုံကြောထိခိုက်မှု ဘာမှမရှိသေးဘူး၊ သူ့ စိတ်ကို စမ်းသပ်ကြည့်သင့်တယ်"

ဒေါ်ချယ်ရီက ဦးကောင်းကို လှမ်းကြည့်သည်။ ဦးကောင်းက တွေဝေနေဆဲရှိ၏။ နေညီလာ က နှစ်ယောက်စလုံးကို ကြည့်လိုက် က ...

"ကျွန်တော့်လူနာ ဖြစ်လာပြီဆိုရင်တော့ ကျွန်တော် စမ်းသပ်တဲ့ အတိုင်း လက်ခံမှဖြစ်မယ်၊ အန်တီတို့ သဘောကျဆုံးဖြတ်ပါ ကျွန်တော့်သတ်မှတ်ချက်ထဲမှာ စိတ်ကျန်းမာရေးအတွက် စိတ်က ခုနစ်ဆယ်ရာနှုန်း အဓိက၊ သုံးဆယ်ရာနှုန်းကမှ ဆေး၊ သူ့ကိုကုသ အတွက် သူ့စိတ်ကို အရင် အစာကျွေးမှဖြစ်မှာ"

အဲဒီအစာက ထီမထင်၊ ထောင့်မကျိုးတဲ့ ဝဠာ ဆိုတဲ့ လူတ ယောက်ဖြစ်နေတာ မခက်ဘူးလား။

ဒါဆို ဟင့်အင်းလို့ ငြင်းလိုက်မလား။ နေညီလာ ဆိုသော သမ တော်လေး၏မျက်နှာကိုငေးရင်း ဒေါ်ချယ်ရီ ခေါင်းမခါနိုင်။





## အခန်း (၁၁)

ယောက်ျားမြင်တိုင်း ယာမာ လို့ထင်နေသူပဲ့ အပြောခံထားရ ဘာကို ဘယ်လိုမှမမေ့နိုင်။ မျက်နှာရှေ့ကို ရောက်လာတာမြင်သည်နှင့် အိမ်ကလေးက ကျောပေးရပ်လိုက်၏။

"မင်းကို ဆေးကုဖို့လာတာနော်၊ လူနာက လူနာလိုမနေဘူး လား"

အိမ်ကလေး နောက်ကို ချာခနဲပြန်လှည့်သည်။

"ရှင့်ကို ဘယ်သူက လက်ခံနေလို့လဲ"

"မင်းကိုလဲ မမေးပါဘူး၊ မင်းက ငါ ဆေးကုပေးရမယ့်လူနာ၊ သက်ထပ်ခွင့်တောင်းတာမှမဟုတ်ဘဲ"

"ဘာပြောတယ်"

"မအေဘ်နဲ့ ဒီမှာလာထိုင်၊ မင်းနဲ့ ပြောစရာရှိတယ်"

စိတ်တိုရလွန်းလို့ ပြောစရာစကားပင် ရှာမရတော့ပေ၊ သူများ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲကို ပိုင်စိုးပိုင်နင်းဝင်လာပြီး သူ့ဟာသူ အကျအန ထိုင်သည်။ လူကို ထပ်ပြီး အမိန့်တွေပေးနေပုံက လူသတ်ဖို့တွေ ထဖြစ်သွားနိုင်တယ်ဆိုတာ နားမလည်ဘူးလား။

ခါးထောက်ပစ်လိုက်ပြီး ပြောဖို့စကားတွေကို သက်ပြင်းတစ်ရှိုက်ဖြင့် လျှာပေါ်တင်စုဆောင်းနေသော အိမ်ကလေးကို သူက မျက်မှောင်ကြုတ်နှင့်ကြည့်သည်။

"တို့က မင်းအတွက် အများကြီးပြောလာခဲ့ရတာ၊ ဘာဖြစ်လို့ ရန်လိုနေတာလဲ"

"ဘယ်သူကပြောခိုင်းနေလို့လဲ၊ လုပ်မနေနဲ့၊ ဒီမှာ ကိုယ့်ရုပ်ကိုပြန်ကြည့်၊ ဆရာဝန်ရုပ်လား၊ ဗိုးတွမ်တီးရုပ်လား သိသွားအောင်၊ ဟွန်း... လူနာ လက်မခံဘဲ ဖွတ်ကုချင်တဲ့ဆရာမျိုး မကြားဖူးဘူး"

နေညိုလာ က အိမ်ကလေး ပြောတာကို စိုက်ကြည့်နေပြီး ရယ်သည်။

"ဒီလိုလား၊ မင်း တို့ကိုကြည့်သလောက် တို့ကိုယ်တို့တောင် ပြန်မကြည့်မိဘူး၊ ဝေဖန်ပိုင်းခြားပေးတာ ကျေးဇူးပဲ၊ နောက်မှ စားပွဲလေးဘာလေးနဲ့ စည်းခံဦးမယ်၊ အခု ဒီမှာလာထိုင်ပါ၊ မင်းရဲ့ယာမာ နဲ့ သူနဲ့တူသောတစ်ယောက်အကြောင်းကို တို့ ပြောပြမလို့"

ပက်ခနဲပြောဖို့ ပါးစပ်ပြင်ပြီးမှ အိမ်ကလေး မျက်မှောင်ကြုတ်သွားသည်။ မေးချင်လို့ဆိုလျှင် ပြောပစ်လိုက်ဖို့ရှိပေမယ့် ပြောပြမယ်ဆိုတော့ စိတ်ဝင်စားမိ၏။

"တကယ်ပြောနေတာ၊ ဝဠာ ဆိုတဲ့တစ်ယောက်နဲ့ ယာမာ ဘယ်





...ဆက်စပ်နေသလဲဆိုတာ မင်း မသိချင်ဘူးလား"

"ဘယ်လိုမှမပတ်သက်ဘူး၊ ယာမာ က ရှိမှမရှိတော့တာ"

အိမ်ကလေး မျက်တောင် ဖျတ်ခနဲပုတ်ခတ်ပစ်လိုက်ပြီး ဟိုဘက် ...၏၊ သူက ပြုံး၍ ...

"ဟုတ်တယ်၊ ဒါပေမယ့် မင်း ဝဠာ ကို စိတ်ဝင်စားတယ်မဟုတ်...

...

"ရှင် ဘာလုပ်ပေးနိုင်လို့လဲ"

"ပေးနိုင်တာပေါ့၊ မင်းမိဘရဲ့ ယုံကြည်စွာလွှဲအပ်ထားခြင်းခံရတဲ့ ...ဝန်လေ၊ မင်းရဲ့စိတ်၊ မင်းရဲ့ခံစားချက်အားလုံးကို လောလော ဆယ် ...စန်ဆင်းပေးနိုင်တယ်"

အိမ်ကလေး ဒီဘက်ပြန်လှည့်လာသည်။ စိတ်ဝင်စားသွားတာ ...ပါ။ မရှိုးမရှဉ်မဲ့ပြုံးနှင့်ဖြစ်လျက် ...

"ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ရှင်က ကျွန်မကို ယာမာနဲ့ အဆင်း ...တူတဲ့ ယောကျ်ားတိုင်းကို လိုက်ပြီး စိတ်ဝင်စားနေတယ်လို့ ...င်တာမဟုတ်လား"

"မသိဘူးလေ၊ ယောကျ်ားတိုင်းကို မင်း ဘယ်လိုပဲတွက်ချက်နေ... အခု မင်းအကြောင်းကို တို့ သိရတာက ဝဠာ ဆိုတဲ့ တစ် ...ကို မင်းရဲ့ ယာမာနဲ့အတူတူပဲလို့ စွဲလမ်းနေတယ်၊ သူနဲ့တွေ့ဖို့ ...ဆန္ဒစောနေတာမဟုတ်ဘူးလား"

အိမ်ကလေး ဒီဘက်ပြန်လှည့်လျှောက်လာသည်။ နေညိုလာနှင့် ...ချင်းဆိုင်မှာရပ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဆိုင်ဘူးဆိုတာ အိမ်ကလေး သိတယ်"

သူ့ကိုမကြည့်ဘဲ ရှေ့ကိုငေးနေရင်း ဖွင့်ဟလာခဲ့၏။ မျက်ဝ
လေးတွေမှာ အေးစက်စက်ရှိနေဆဲဖြစ်သော်လည်း မျက်ရည်ကြည်
တဝေ့ဝေ့တက်လာပုံက မီးပုံနှင့်နီးကပ်စွာရှိနေသော ဖယောင်းသား
အရည်ပျော်ခြင်းနှင့်တူနေ၏။

"ဒါပေမယ့် သစ်စိမ်းချိုးကျိုးသလို နာရီပိုင်းအတွင်းမှာ ရှ
တရက်ကြီးပျောက်ကွယ်သွားခဲ့ရတဲ့ ယာမာ့ကို သေပြီလို့မထင်ရက်ဘ
သူ မရှိတော့ဘူးလို့ ထားခဲ့ကြည့်တာလဲ ဘယ်လိုမှမရဘူး"

မျက်နှာငုံ့လိုက်စဉ်မှာ မျက်ရည်စက်တို့ လက်ခနဲကြွေကျသွာ
သည်။ နေညိုလာက မျက်ရည်စက်တို့လားရာသို့ ဝေ့ခနဲကြည့်လိုက် ပြီး

"အဲဒါကြောင့် မင်းကို ရူးနေပြီလို့ သတ်မှတ်ကြဖို့ ဖြစ်လာတာပေ
ဝေဒနာရှင်ဖြစ်ရတာ ဂုဏ်ယူစရာမှမဟုတ်တာ၊ အဓိပ္ပာယ်မရှိ
အတွေးတွေကို ဘာလို့ဆုပ်ကိုင်ထားရတာလဲ"

"ဘာဖြစ်လို့အဓိပ္ပာယ်မရှိရမှာလဲ၊ ယာမာ က တကယ်သေသွာ
တာမှန်ပေမယ့် သူက ကျွန်မအတွက်ဖြစ်သွားခဲ့တာ၊ သူ ကျွန်မရဲ့ဘေ
မှာ အမြဲရှိတယ်၊ သူနဲ့သိပ်တူတဲ့လူတစ်ယောက် ကျွန်မရဲ့ဘေး
ရောက်လာခဲ့တာလဲ သူနဲ့ကျွန်မရဲ့ ဘယ်သူမှမသိနိုင်တဲ့ ဆက်သွ
ချက်တစ်ခုပဲ၊ အဲဒီလူဟာ ဝဋ္ဋာ ဖြစ်ဖြစ်၊ စကြာ ဖြစ်ဖြစ် သူက ယာမာ

"အင်း ... ခုမှ တကယ်ရူးတာတိုး၊ သေချာတယ်၊ တို့တော့ မင်း
ကျမှ လုံးဝ နာမည်ပျက်မှာ"

"ဘာ ..."





"ဟုတ်တယ်၊ မင်းကိုကုဖို့ထက် ဘယ်လိုရောဂါမျိုးလဲ ဆိုတာ
တောင် ရှာဖို့ခက်နေပြီ"

သူ့ရဲ့ခပ်ရွှဲရွှဲမျက်နှာကို အိမ်ကလေးက စူးစိုက်အကဲခတ်၏။ ပြီး
တော့ နေရာပြောင်းကာ ခုတင်ခြေရင်းနားမှာ သွားထိုင်လိုက်ရင်း ...

"ရှင်ကလဲ ကျွန်မကိုကျမှပဲ ဆေးကုပေးချင်တဲ့စိတ်တွေ ဖြစ်နေပုံ
ရတယ်"

အိမ်ကလေးကို စိတ်ဆိုးသည့်ပုံမရှိဘဲ ကျေနပ်စွာပြုံး၏။

"အင်း ခုနက မင်းပြောသလိုပေါ့၊ ဆရာလုပ်ချင်လွန်းလို့ လူနာက
လက်မခံချင်ဘဲ ဇွတ်ကုချင်နေတဲ့လူ ..."

အိမ်ကလေးက မဲ့ရွဲ့ပြုံးသည်။ ရှည်လျားစွာဖြန့်ချထားသည့်
ဆံပင်တွေကို မျက်နှာမော့ခါလိုက်၊ လက်တစ်ဖက်နှင့် သပ်တင်ပစ်
လိုက်နှင့် သူမကိုသူမလည်း ဒေါသဖြစ်ပြီဆို ကျွန်မ၊ သိမ်မွေ့စိတ်လေး
ဖြစ်သွားပြန်တော့ အိမ်ကလေး တဲ့။

"ပြောပါဦး၊ မင်း အခု ယာမာနဲ့ ဘယ်လိုဆက်သွယ်ချက်တွေ
ရှိနေသေးလဲ"

"လူကို လှောင်နေတာလား"

သူက သွားတွေပေါ်အောင်ပြုံးလိုက်ပြီး ခေါင်းခါသည်။

"မင်းကိုယ်မင်း အဲဒီလိုထင်လိုက်တာ မင်း မလုံခြုံလို့ဘဲ"

အိမ်ကလေး နှုတ်ခမ်းကို ဖိပိတ်ပစ်သည်။

"တို့ပြောချင်တာက ခုချိန်မှာ မင်းစိတ်မှာ ဖြစ်လာသမျှက ရောဂါ
ဘာတွေပဲလေ၊ အဲဒါကို သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဆရာလုပ်ချင်နေတာကိုး၊ ဝေဒနာရှင်ပဲရှာနေမှာပေါ့၊ ကျွန်မ ဘာမှမဖြစ်ဘူး၊ ကျွန်မကိုယ်ကျွန်မ တမင်တကာနှိပ်စက်နေတာ ဖြစ်တဲ့အတွက် ဆရာဝန်လဲမလိုဘူးဆိုတော့ ရှင် ပြန်လို့ရပြီ"

နေညီလာ က ပြုံးလိုက်ပြီး ခေါင်းညိတ်နေ၏။ အပြုံးတို့သည် ခေါင်းညိတ်လို့မပြီးဆုံးမီမှာဘဲ အေးစက်စက်မာကျောလာခဲ့ပြီး ...

"ကိုယ့်ကိုယ်ကိုပေမယ့် နှိပ်စက်ခွင့်မရှိဘူး၊ သတ်သေခွင့်မရှိဘူး၊ မင်းက မလိုအပ်ပေမယ့် တို့က သိပ်ကိုကုပေးချင်နေတော့ မင်း စိတ် ဖောက်ပြန်နေပါပြီလို့ ရောဂါတပ်ပြီး စိတ်ကျန်းမာရေးကို အခု ခေါ်သွားလို့ရနေပြီ၊ ကဲ. ထ"

ပြောရင်း ထရပ်လိုက်ကာ အနားကိုလည်းလျှောက်လာ၏။ အိမ် ကလေး လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖို့ မဆီမဆိုင်ကြီး ငုံ့ဆွဲလိုက် လျှင် ...

"အို... ဘာလုပ်တာလဲ"

ထိတ်ခနဲဖြစ်သွားကာ ကမန်းကတန်းထရပ်လိုက်မိသည်။ ပြုံးနေ မဲ့နေသည့်မျက်နှာနှင့်မဟုတ်ဘဲ နေညီလာ့ မျက်နှာက တရားခံကို မရ မက စစ်မေးတော့မည့် အမှုစစ်အရာရှိတစ်ယောက်လို မာထန်ပြတ် သားမှုများနှင့်ဖြစ်သည်။

"မင်းကို အားလုံးက အစွဲအလမ်းကြီးပြီး စိတ္တဖြစ်နေပြီလို့ တွက်ထားကြတာ၊ တို့ကတော့ မဖြစ်နိုင်ဘူးလို့ သုံးသပ်ခဲ့တာလေ၊ မင်းရဲ့ လိုအပ်ချက်တစ်စုံတစ်ရာကို သိမြင်ခွင့်ရရင် မင်းနဲ့တို့ဆွေးနွေးလို့ ရပြီပဲထင်ခဲ့တာ၊ မင်း လိုအပ်နေတာက မင်းကိုယ်မင်း ပျက်စီးဖို့ဖြစ်နေ





ဘယ်ဆိုရင် မရတော့ဘူး၊ မင်းစိတ် နော်မယ်လ်ထက် အများကြီး လွန်နေပြီ"

"ရှင် ကျွန်မကို ဘာမှခြိမ်းခြောက်စရာမလိုဘူး၊ ဒီမှာ ဒေါက်တာ နေညီလာ... ကျွန်မကိုကျွန်မ သေတဲ့အထိဖြစ်ချင်ရင် လွယ်လွယ် လေးရယ်၊ ဒါပေမယ့် မသေဘူး၊ ကျွန်မဖြစ်ချင်တာကို ဖြစ်အောင် လုပ်ဦးမှာ၊ တားနေလို့ကို ရအောင်လုပ်မှာ"

စကားတွေထဲမှာ နာကျင်မှုတွေပါလာသဖြင့် နေညီလာ စူးစိုက် ကြည့်ထားလိုက်၏။ အိမ်ကလေး သည် စိတ်ကိုတင်းနေရင်း မျက်နှာ လေးနီမြန်းလာခဲ့ပြီး ...

"မိဘချင်း သဘောတူအောင် အပြုံးကြီးခဲ့ကြတာရှိလို့ သား သမီးတွေ မြေစာပင်ဖြစ်ပြီး ကွဲခဲ့ကြတာတွေ ကြားဖူးတယ်၊ အဆင့် အတန်း ဂုဏ်မနေမတူကြလို့ မပေါင်းကြရတာတွေလဲ အများကြီးပဲ။ ကျွန်မတို့ကျတော့ ဘာမှမဟုတ်ခဲ့ကြဘဲနဲ့ ပက်ပက်စက်စက်ကွဲခဲ့ကြရ တယ်၊ အသေခံပြီး ချစ်ပြသွားတာတောင်မှ ခုချိန်ထိ 'အလကားကောင် လေး'လို့ ပြောနေတုန်း"

ပြည့်သိပ်လှုပ်ခါနေသော မျက်ရည်တို့သည် နာကျင်မှုွာ ဖိဖိတ်ပစ် လိုက်သည့်မျက်လွှာတို့၏အောက်မှာ လှုပ်ခဲနွေးဖင့်စွာ လိမ့်ဆင်းသွား ကြ၏။

"အချစ်ဟာ ဘဝကြီးတစ်ခုလုံးနဲ့စာရင် စိမ့်စမ်းတစ်ခုနဲ့ ရေ စက်မှုန်လေး၊ စမ်းချောင်းနံဘေးမှာထိုင်နေတဲ့သူကတော့ ဒီရေတစ်မှုန် ကြောင့်ပဲ မဲ့နေပေမယ့် ရေတစ်ပေါက်မှမသောက်ရရင် ရင်ကွဲ

www.burmeseclassic.com



သေဆုံးရတော့မယ့် ကန္တာရထဲကလူတစ်ယောက်အဖို့ ရေတစ်မှုန်ရဲ့ တန်ဖိုး ဘယ်လိုရှိမလဲ”

သူမဘာသာပြောနေရင်း မျက်ရည်စက်တို့သည် တလိမ့်လိမ့် မပျက် ဆင်းနေခဲ့ပြီး ...

“လွမ်းလို့သေတဲ့လူ မရှိနိုင်ပေမယ့် ချစ်လို့သေတဲ့လူ ရှိခဲ့တယ် လေ သူ...သူ သေသွားပေမယ့် အဲဒါ အလကားလူလို့ ပိုင်းကဲ့ရဲ့ကြ တယ် အချစ်ကြောင့် ကမ္ဘာလောကကြီး လှနေတယ်ဆိုပြီး အချစ်က အဓိက မဟုတ်ဘူးလို့ ဘာဖြစ်လို့ပြောကြတာလဲ၊ သူ ကျွန်မကြောင့် သေခဲ့ရသလို ကျွန်မ သူ့ကို အလိုရှိနေတယ်၊ သူ ပိုင်ဆိုင်မသွားခဲ့ရတဲ့ အချစ်တွေ သူ့ကို ပေးဖို့ရှိသေးတယ်၊ ဒီအချစ်တွေကို ကျွန်မ လွယ်ပိုး ထားရသမျှ ကျွန်မက အဆိပ်သင့်နေတဲ့မိန်းမပဲ”

သူမ ပြောနေသမျှကို နေညီလာ က တိတ်ဆိတ်စွာနေပေးခြင်းဖြင့် နားထောင်သုံးသပ်နေခဲ့သည်။ သူမဟာ အစွဲအလမ်းကြီး၍ စိတ္တဇဖြစ်နေ ရခြင်းမဟုတ်ဘဲ နာကျင်စွာ အရှုံးတိုက်နေခြင်းဖြစ်၏။ ထို့ပြင် အငြိုးမထား အပ်၊ မရှုံ့ အပ်သော မိဘနှစ်ပါးကိုမှ တလွဲအမြင်စောင်းနေခဲ့သည်။

ထိုမှဆက်နွှယ်လာသောအကျိုးတရားက သူမမှာ ချစ်ခွင့်ရှိနေ သည်ဟူသော မာန ...။

“ရှုံးတယ်ပြောလဲ ပြောပါစေလေ၊ ကျွန်မရဲ့ဘေးမှာရှိနေတဲ့ သူ့ရဲ့ ဝိညာဉ်အတွက် ကျွန်မ နှစ်သိမ့်ချင်တယ်၊ အဲဒါကြောင့် သူပဲလို့ ကျွန်မ ခံစားစွဲလမ်းနေခဲ့တဲ့သူကို အဖြေပေးဖို့ ဆုံးဖြတ်ခဲ့တာ၊ တစ်ယောက်နဲ့ တစ်ယောက် တစ်ခါမှမသိခဲ့၊ မမြင်ခဲ့ကြဘဲ သူက ကျွန်မကို မြင်မြင်ချင်း





ဘဝလည်လည်ဖြစ်လာသလို ကျွန်မကလဲ သူ့ကိုမြင်တာနဲ့ ယာမာ့ ကို ပြန်ရသလို ရင်ခုန်သွားခဲ့တယ်၊ ကျွန်မနဲ့သူ ချစ်ခွင့်ရှိနေတဲ့ အကြောင်း ပြချက်က အဲဒါပဲ၊ သူက ကျွန်မချစ်သူ ယာမာ့ရဲ့ဝိညာဉ်တစ္ဆေ”

သူမ စကားအဆုံးသတ်သွားကာမှ သူ ခေါင်းညိတ်သည်။ မျက်နှာ မှာ စောစောက တင်းမာခဲ့ခြင်းတွေ ပြန်၍ပျောက်ကွယ်နေကာ ...

“ဟုတ်ပြီ၊ မင်းကို တို့ မဝေဖန်တော့ဘူး။ တစ်ခုတော့ရှိတယ်”

အိမ်ကလေးက သူ ဘာပြောမှာလဲဆိုတာကို နားစွင့်ရင်း ပေ စောင်းစောင်းလေး ပြန်ကြည့်နေ၏။ မျက်နှာချင်းဆိုင် ရပ်နေကြပါ လျက်နှင့် တမင်တကာ မျက်စောင်းထိုးရပ်နေရင်း ရန်လိုစွာကြည့် နေတာဖြစ်သည်။ သူ ဂရုမစိုက်ပါ။

“မိဘနဲ့သားသမီးရဲ့ကြားမှာ ဘယ်ရာစုနှစ်ကမှ ပြေလည်မှုနဲ့ ချောက်ကွယ်မကျန်ခဲ့တဲ့ ပဋိပက္ခက ဒီပြဿနာပဲ။ မင်းနဲ့ မင်းရဲ့မိဘ အကြောင်းတွေကို ထားလိုက်ပါ၊ အခု ဝဠာ ဆိုတဲ့လူဟာ မင်းရဲ့ယာမာ မဟုတ်ဘူးဆိုတာ မင်း သိနေတယ်နော်”

“သူလို့ပဲ ကျွန်မ ခံစားမိနေတာ”

“အဲဒါလဲထားလိုက်၊ တကယ်လို့ကွာ သူနဲ့မင်း တွေ့ခွင့်ပေးမယ် ဆိုရင် သူ့ကို မင်း ရွေးချယ်မှာပဲလား”

“ဟုတ်တယ်”

အိမ်လေးက ခေါင်းညိတ်တော့ နေညီလာ ခပ်ကြိတ်ကြိတ်မဲ့ သည်။ တိတ်ရပ်နေရင်းကနေ ခြေတစ်ဖက်ခွ၍ ခပ်နွဲ့နွဲ့ပြင်ရပ် သည်။ ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာ လက်တို့ကိုထည့်လိုက်ကာ သူမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို စူးစိုက်ကြည့်ပြီးမှ ...

"မင်းမိဘက မင်းကို ဘယ်လိုမှ ခွင့်ပြုမှာမဟုတ်ဘူး"

"နေပေါ့ ပြဲသားသမီးဆိုတဲ့ အနိုင်ကျင့်ခြင်းနဲ့လုပ်ပါစေ၊ သူ့ကို ချစ်ဖို့ မချစ်ဖို့၊ မေ့ဖို့ မမေ့ဖို့က ကျွန်မ အခွင့်အရေး၊ ကျွန်မ ပိုင်တယ်"

"သူ မင်းဆီကို မလာတော့ဘူးမဟုတ်လား၊ မင်းက အဖြေပေးမှာပဲ၊ ချစ်မှာပဲဆိုရင်တောင် ဘယ်လိုဖြစ်နိုင်မှာလဲ"

"အဲဒါ ရှင့်အလုပ်မဟုတ်ပါဘူး။ ဘာလဲ ကျွန်မ ဒီထဲကနေ ထွက်ပြေးဖို့ အကြံ ရှိ မရှိ လာအစ်နေတာလား"

သူက ခေါင်းခါလိုက်ရင်း ရယ်သည်။

"တို့က စပိုင်မှမဟုတ်တာ၊ အဲဒီအလုပ်မျိုးကို စိတ်မဝင်စားဘူး မင်းနဲ့ဆွေးနွေးချင်တာက မင်းရဲ့ ဆန္ဒတစ်ခုဖြစ်မြောက်ဖို့အတွက် တို့ ကူညီနိုင်တယ်၊ ဒါပေမယ့် အလကားမရဘူး"

"ပြောပါဦး"

"မင်း တို့ကို ဆရာတင်မှဖြစ်မယ်"

"အဟွန်း"

အိမ်ကလေး က ပေါ်တင်ပဲ ဟားပစ်လိုက်၏။ ပခုံးရော လက်ရော ခါပြီးရယ်သည်။

"တော်ပြီလား"

"မတော်သေးဘူး၊ မင်းတွက် တို့က တာဝန်ယူထားတဲ့အတိုင်း အတာမှာ မင်းရဲ့အတွေးမင်း အယူအဆတွေ လုံးသလား၊ ပြားသလား ဆိုတာ မင်းကိုယ်တိုင် သိသွားစေချင်တာ အဓိကပဲ၊ ဆိုလိုချင်တာ





အခု မင်းကို မှန်တယ်၊ မှားတယ်လို့မဝေဖန်ဘူး။ မှန်တာ၊ မှားတာကို သိပြီးရင်တော့ မင်း ဆင်ခြင်ရမယ်"

"ဘာထူးလို့လဲ ဦးနေညီလား၊ ရှင်က ကြိုးကိုင်ထားချင်တာ အသိသာကြီးပဲ"

"မှန်တယ်လေ၊ ဒါပေမယ့် ကြိုးကိုင်တယ်ဆိုတာ မှားတယ်၊ မင်းက အုပ်ထိန်းမှုအောက်မှာပဲရှိနေရမယ့်အရွယ်မို့ မင်းမိဘကိုယ်စား မင်းရဲ့ ဆရာဝန်အဖြစ် တို့က ရှိနေမှာ၊ ပြောပြအကြံပြုမယ်၊ တိမ်း စောင်းနေရင်း တည့်မတ်ဖို့ရှိတယ်၊ ကြိုးကိုင်တာမှမဟုတ်တာ"

အိမ်ကလေးက သူ့ကို ခြေဆုံးခေါင်းဆုံးပြန်ကြည့်ပြီး ဟွန့်ခနဲ မှဲ၏။

"ရှင့်ကိုတော့ မေမေတို့က ယုံကြည်တယ်တဲ့လား"

"မင်းကို လူနာလို့သတ်မှတ်တော့ ဆရာဝန်အဖြစ် ခန့်အပ်တဲ့ သဘောပါ"

အိမ်ကလေး၏မျက်နှာလေး ငေးသွားသည်။ မခြောက်တခြောက် မျက်ရည်များက မျက်တောင်များတို့မှာ စိုစွတ်နေဆဲရှိကာ ပါးရိုးလေးနားမှာ မျက်ရည်ကြောင်းလေးက ထင်နေဆဲပါ။

"ဒါဆို အိမ်ကလေး က သူနဲ့တွေ့ခွင့်ရပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် မင်း တို့စကားကို နားထောင်မှဖြစ်မယ်၊ အပြင်ရောက်ပြီဆိုတာနဲ့ စိတ်ကြိုက်သွားလာတာမျိုးမရဘူး။ ထပ်ပြောမယ်၊ အတိုင်းအတာတစ်ခုထိပဲဆိုတာကို မမေ့နဲ့"

အိမ်ကလေး က ရယ်သည်။ ဒီလိုကျတော့လည်း သနားစရာ မျက်ဝန်းလေးတွေက ရယ်နေရင်း ငိုပြန်ပါသည်။ ရယ်လိုက်၊ ငိုလိုက် နှင့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးသော ပြောင်းလဲမှုတွေကြားမှ သူမ၏စိတ်သည် ကိုယ့် ကိုယ်ကို မှန်နေသည်ဟု ထင်လိုက်၊ မှားနေပြီဆိုတာမျိုး ပေါ်လာလိုက်။

အရွဲ့တိုက်ပြီးရယ်ချပစ်လိုက်ရင်း ရှိုက်ငိုပစ်ချင်ပြန်သည်။ သူမ တကယ်ပဲရူးနေသည်လား။ ရူးနေပြီဆိုလျှင်လည်း ယာမာ့အတွက် ပေးဆပ်မြင်းတွေပဲမို့ ရူးပါစေတော့။

တကယ်ပါ ယာမာ၊ နင့်ကို ငါ သိပ်ချစ်ပါတယ်။





အခန်း (၁၂)

"သူ ဘာဖြစ်လို့မလာတော့တာလို့ မင်းထင်လဲ"

"မေမေတို့ မောင်းထုတ်ပစ်တာလေ၊ သူတို့မှာ ဒီလိုလုပ်ဖို့ အခွင့်အရေးရှိတာပဲ"

မဟုတ်ဘူးလို့ပြောလိုက်ချင်ပေမယ့် မပြောဖြစ်ပါ။ နှုတ်ခမ်းလေးနှင့် အံကြိတ်နေသည့် အိမ်ကလေး၏ မေးဖျားသွယ်သွယ်လေးကို ဘေးကနေ ငဲ့ကြည့်ရင်း ပင့်သက်ရှိုက်မိသည်။

ကားကို ပါကင်မှာထားခဲ့ပြီး စျေးချိုပလက်ဖောင်းဘေးမှာ အတူတူလျှောက်လာခဲ့ကြ၏။ မန္တလေးထိဆင်းဖို့ကို သူ စီစဉ်တာ ပေမယ့် အားလုံးအတွက် ဦးကောင်းကိုယ်တိုင် ပါဝင်ကူညီလိုက်ခြင်း ဖြစ်သည်။

"နေ့လယ်စာ သူ့ အဒေါ်အိမ်မှာပဲ နားနားနေနေ ပြန်နားရင်းစားခဲ့ပြီ။ သမီးလေးကို ခေါ်တာ့ကို အပ်ပါတယ် ခေါ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ရဲ့ပညာကို ယုံကြည်ပါတယ်၊ စိတ်ကြောင့်ပဲဖြစ်ဖြစ်၊ တက
ဂေဒနာဖြစ်ဖြစ် ဒေါက်တာနဲ့ စတွေ့တဲ့နေ့မှာပဲ သမီးလေးရဲ့ပြောင်း
မှုကို စတွေ့ကတာပါ၊ အခုလိုကုထုံးမျိုးကို မကြားဖူးခဲ့ဘူး၊ လက်ခံနိုင
တော်တော်မဟုတ်ပါဘူး၊ ဒါပေမယ့် ဒေါက်တာ့အရည်အချင်း
ယုံကြည်တဲ့အတွက် စိတ်ချတာပါ၊ သမီးလေး ကျွန်တော်တို့အပေ
ဒီလိုတစ်သက်လုံးမြင်ပြီး သူ့ကိုယ်သူ နှစ်မွန်းသွားစေမယ့်ရည်ရွယ်ချ
စိတ်ကူးတွေ ပျောက်သွားအောင် ကူညီပါ"

ဦးကောင်းနဲ့ဒေါ်ချယ်ရီတို့ တော်တော့်ကို စိတ်ထိခိုက်နေခဲ့
သည်။ ဒေါ်ချယ်ရီကဆို မျက်ရည်တွေတွေကျလျက် ...

"ချစ်သူကိုခွဲလမ်းလို့ စိတ္တဇဖြစ်နေတာသက်သက်မဟုတ်ပေ
ယာမာကို သေစေတဲ့အပြင် နောက်ထပ် ယာမာလို့ သူ သတ်မှတ်ခဲ့
သူကိုပါ တို့တွေကြောင့် ဆုံးရှုံးလိုက်ရတယ်လို့ထင်ပြီး နာကြည်း
တာကို"

တုန်လှုပ်စွာပြောရင်း ငိုရှာသည်။ သူမကတော့ နာကြည်း
ကောင်းမနေတုန်း။

"ဦးနေညီလာ"

"အိမ်မှာ ညီ လို့ပဲခေါ်တာ၊ မင်း ဦးညီလို့ခေါ်ရင် ရပြီ"

စကားဖြတ်ပြောလိုက်သဖြင့် ခြေလှမ်းမပျက်လှမ်းရင်း အိ
ကလေးမော့ကြည့်၏။ ရုပ်အကျီလက်ရှည်နဲ့သာရောင်ကွက်စိပ်လေး
လက်ဖျားလေးနည်းနည်းပဲခေါက်တင်ထား၏။ ပုံတုံးတုံး ရိုးလက
နာရီက သူ့ လက်ပေါ်မှာ လက်နေဆဲပင်။





ပြီးတော့ ဘောင်းဘီရှည်အနက်က ပြောင်လက်နေ၏။ အရပ်က
တော့ ယာမာ့လောက်မဟုတ်ပေမယ့် မတိမ်းမယိမ်းလောက်ထိ မြင့်
သည်။

ယောက်ျားထဲမှာတော့ အရပ်မြင့်မြင့်ကြီးပြောရမည့်ဒေါက်မျိုး
ဖြစ်၏။ ထို့ပြင် ယာမာ့လို အရပ်ကြီးမြင့်ကာ ဝတ်စားပုံ ကလန်ကလားနဲ့
သည်းမဟုတ်တော့ ချပ်ရပ်သည့်ကိုယ်ဟန်က စမတ်ကျသည်။ လှိုင်း
တွန့်ထင်းနေသောဆံပင်တွေက မတိုမရှည်မို့ နားသယ်စပ်နားမှာ
ဝဲပွပွရှိနေသည်။

ရှေ့ဆံပင်အဖျားနှင့် လည်ကုပ်အစပ်တွေမှာလည်း ပွချင်၏။ ထို့
ကြောင့် လမ်းသွားရင်းဖြစ်ဖြစ်၊ စကားပြောရင်းဖြစ်ဖြစ် ဆံပင်ကို သူ
ခဏခဏ ဖိသပ်ချတတ်၏။ ဒီလူက အသက် ဘယ်လောက် ရှိနေနိုင်
သလဲ။

တချို့ဆို ဦးတပ်ခေါ် လျှင် မကြိုက်။ သူကတော့ ဦးညီလို့ခေါ်ဖို့
အောင် သင်ပေးလိုက်သေးသည်။ နိုင်ငံခြားမှာ ဘွဲ့လွန်တွေ တသီကြီး
ယူပြီး သမားတော်တောင်ဖြစ်နေပြီဆိုတော့ အသက်ဆုံးဆယ်ကျော်
သား။

"အား..."

သူ့ကိုမော့မကြည့်တော့ပေမယ့် လမ်းလျှောက်ရင်း ဒါကိုပဲ ဆက်
တွေးနေမိသဖြင့် အိမ်ကလေး ခလုတ်တိုက်လေသည်။ နေညီလာက
ကြည့်၍ ...

"ဘာတွေတွေးနေသလဲ၊ ရောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောမှ ရှေ့ကို သတိထားမိ၏။ ဗွေ့ာ ရှိတတ်သည်ဆိုေ ကော်ဖီဆိုင်ကို သူ စုံစမ်းထားသည်ဟု ပြောသည်။ ထိုဆိုင်ကိုရော တော့မည်ဖြစ်၏။

"ဟေး ဒမောင် ..."

"ဟင် ..."

နှစ်ယောက်စလုံး ခြေလှမ်းတွေ ရပ်တန့်သွားကြသည်။ အိမ် ကာေ ကတော့ သူ ရပ်ပစ်လိုက်လို့ ရပ်လိုက်ရတာဖြစ်သည်။

"ဆက် ..."

"မောင်ရယ် အံ့ဩလိုက်တာ၊ တွေ့မယ်လို့ လုံးဝ မထင်ဘူး"

အမျိုးသမီးကိုလှမ်းကြည့်ရင်း အိမ်ကလေး ငေးသွားမိသည ကြက်သွေးရောင်ရင့်ရင့်မှာ အနက်စင်းရေးရေးပါသည့် ကိုယ်က ဝတ်စုံနှင့် အမျိုးသမီး၏ကိုယ်လုံးအလှက ထင်းနေသည်။

အသားရောင်က ဖြူသည်ဆိုတာထက် ဝင်းစိုနုမွတ်နေေ ရှုမငြီးနိုင်။ မျက်ခုံးတွေ၊ မျက်တောင်တွေကတော့ ပြုပြင်မှုများနဲ့ ဖြစ် ပါသည်။ ဒါပေမယ့် တော်တော့်ကိုလှတာကို ငြင်းလို့မရ။

ဆံပင်တွေက ပခုံးအောက်ထိ ခပ်တွန့်တွန့်ဖြစ်လျက် နားသ စပ်နှစ်ဖက်ကိုသိမ်း၍ ကလစ်လှလှလေးတွေနှင့် ဖိကပ်ထား၏။

သူမသည် ဘယ်ဆိုင်ထဲကထွက်လာမှန်းမသိဘဲ အပြေးတစ်ပိုင် လျှောက်လာတာလည်း အလှမပျက်ပေ။

"ဆက် မန္တလေးကိုရောက်နေတယ်"

"ဟုတ်တယ်လေ ညီ၊ ညီကမှ ပြန်မလာတာ လိုက်လာရတာ ပေ့





သူမက ဘေးမှာရှိနေသည့် အိမ်ကလေးကိုငေ့ကြည့်ပြီး 'မောင်' နေ့ 'ညီ'သို့ ပြောင်းလဲခေါ်ဝေါ်သည်။ ဒါပေမယ့် နေညိလာနှင့်သူမ ယ်လိုသက်ဆိုင်နေသည်မှန်းကတော့ ပေါ်လွင်နေပြီဖြစ်၏။

ထူးဆန်းသည်ပဲ ပြောရမည်လား။ လေးစားထိုက်သည်လား တော့ ပါ၊ ဦးညီဘေးမှာ သူမ ရှိနေသည့်အဖြစ်အား မိန်းကလေး ယောက်နှင့် တွဲလျက်မြင်လိုက်ရသဖြင့် ဘာလိုလို အထက်ရောက် သည့် မျက်နှာမျိုး တစ်စက်မှမဖြစ်ပေ။

ညီ ကတော့ အံ့ဩနေတာအမှန်ပင်။ ဆက် ကို ဒီမှာ ခုလိုမျိုး တ်မထင်လာတွေ့ရမည်ဟု အနည်းငယ်မျှပင် မတွေးမိခဲ့ပေ။

"ဘာလဲ ညီ အရမ်းအံ့ဩနေလား။ တကယ်ပြောတာ၊ ညီ့နောက် ဆက် လိုက်လာတာလေ၊ ပြင်ဦးလွင်ကို တစ်ခါတည်းတက်ခဲ့ဖို့ဟာ လေးတို့က ခရီးပန်းနေတာ နားပါဦးဆိုလို့ ရေမိုးချိုးပြီး ဈေးခဏ တ်ခဲ့တာ"

"ဩော်... ဖုန်းဆက်လိုက်ရောပေ့ါ ဆက် ရယ်၊ ကိုယ် လာတွေ့ ပေ့ါ"

"သွားပါ။ ထွက်သွားလိုက်တာ ဘယ်လောက်ကြာပြီလဲ၊ ဒီက ပြန် က်နေတာကိုသိရက်သားနဲ့ တစ်ခေါက်မှ ပြန်လှည့်မလာဘူး"

ထိုအကြောင်းကို စလာတော့ ညီ့ မျက်နှာ မသိမသာ တင်းသွား ည်။

"ကိုယ် ပြန်လှည့်မလာတော့ဘူးဆိုတာ မင်းသိပါတယ်၊ အဲ့ဒီ သနာနဲ့ စကားနာမထိုးဖို့ ကိုယ် တောင်းပန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ညီ မျက်မှောင်ကြုတ်သွားမိကာ ဘေးကိုငဲ့ကြည့်လိုက်တော့ အိ
ကလေးကို မတွေ့တော့ပေ။ စိတ်ထဲမှာ ဟာခနဲဖြစ်သွား၏။ အိ
ကလေးက လူကောင်းမဟုတ်၊ သူ့လူနာဖြစ်သည်။ ပြီးတော့ ကို
အာမခံပြီး ခေါ်ထုတ်လာခဲ့သည့်မိန်းကလေး။

"ဘာဖြစ်လို့လဲ ညီ"

"သီချင်းအိမ်"

ပြန်ဖြေတာမဟုတ်ဘဲ နှုတ်ဖျားမှ ယောင်မှားခေါ်မိခြင်းဖြစ်၏။
လှည့်ပတ်ကြည့်ရင်း သူ့ ဆက် ကိုလည်း ဂရုမစိုက်နိုင်တော့ပေ။

"ဆက် ခဏလေးကွာ"

"အို... ဘာဖြစ်တာလဲ ညီ"

သူ နောက်ပြန်လက်ပြလိုက်ပြီး ရှေ့ကိုပြေးသွားမိသည်။ စည်ကာ
လွန်းသည့်လူတွေကို ရှောင်ရှားတိုးဝှေ့ရင်း လူတွေထဲမှာ အိမ်ကလေ
ကို လိုက်ရှာမိ၏။

သူမ ဘာရောင်ဝတ်ထားပါလိမ့်၊ စဉ်းစားစမ်း။

မုန်းစရာကောင်းသည့်ဦးနှောက်က ဒါကျမှ ဖျိုးခနဲ ဖျတ်ခနဲ ေ
မလာ။ ခဏအတွင်း ခေါင်းထဲမှာ ပွထွသွား၏။ အတွေးထဲမှာပေါ်လာ
တော့ အဖြူရောင်ဝတ်စုံလေးပဲဖြစ်သည်။

ဒီလောက်ထိထင်းနေသည့် အဖြူရောင်ဂါဝန်လေးကိုမှ မေ့ရ သလာ
ကိုယ့်ကိုယ်ကို ဒေါသဖြစ်သွားကာ တက်ခေါက်မိသည် အထိပင်။

မနက်က ကားပေါ်ကက်ခါနီးမှ အဖြူရောင်ပေါ်မှာ မီးခိုးရော
ထရံကွက်လေးတွေပါသည့်ဂါဝန်ကို စုစု ဆိုသည့် အိမ်ဖော်အမျိုးသ





ထွတ်လာပြီး ခါးစည်းကြိုးကလေး သိုင်းချည်ပေးလိုက်သေးသည်။

သတိရသည်နှင့် အဖြူရောင်ဂါဝန်လေးနှင့် အိမ်ကလေး၏ပုံရိပ် ကို
ခဲရှာဖွေနေမိ၏။ ဆံပင်... ဆံပင်ကို ဘယ်လိုပုံစံလုပ်ထားသလဲ။

ဒီတစ်ခါ အတွေးထဲမှာ တန်းပေါ်လာ၏။ ဆံပင်တွေကို ဒီတိုင်း
လျားဖြန့်ချထားကာ ဘီးကုတ်အဖြူလေးနဲ့ သိမ်းတင်ထားသည့်
နှာလေး။

ဝဋ္ဌာ ရှိနေမည်ဟုတွက်ထားခဲ့သော ကော်ဖီဆိုင်ရှေ့ကို ရောက်
ခဲ့၏။ လှမ်းမြင်နေရသည့်စားပွဲတွေမှာ မရှိသဖြင့် မှန်ချပ်ကို တွန်း
လိုက် မိသည်။ အထဲမှာလည်း မတွေ့ပါ။

"ကျွတ်"

စိုးရိမ်စိတ်သည် ဖြစ်ခဲ့ဖူးသော အခက်အခဲပေါင်းများစွာတို့မှာ
ခဲ့ရခြင်းများထက် အဆပေါင်းများစွာ သာနေ၏။

သူမ ဒုက္ခဖြစ်သွားမှာကို စိုးရိမ်ခြင်းသက်သက်မဟုတ်ဘဲ မိမိကို
ကြည်စွာအပ်နှံလွှတ်လိုက်သည့်လူကြီးများ၏ မျက်နှာကို မြင်
ယောင်ကာ ခေါင်းနားပန်းကြီးသွားခဲ့ခြင်းဖြစ်၏။

သူ ရှုံ့မဲ့စုတ်သပ်မိရင်း နောက်ကြောင်းပြန်လှည့်ဖို့ ခြေလှမ်းဦး
လှည့်လိုက်မိစဉ် ...

"ဟင် ... အိမ်ကလေး"

ထိုနေရာမှာပဲ စကားရှေ့ဆက်လို့မရတော့အောင် ဖြစ်သွားခဲ့
သည်။ အိမ်ကလေးသည် တစ်ယောက်တည်းမဟုတ်ဘဲ သူမဘေးမှာ
ရုပ်မြင့် မြင့်၊ ဖြူဖြူချောချော လူငယ်တစ်ယောက်နှင့် ပြုံးရယ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ညီ သိပါသည်။ အိမ်ကလေး၏ကျွန်းမာရေးကို စိတ်ဝင်စားခဲ့ပြီ သည့်နောက်မှာ ဒီလိုဖန်တီးပေးဖို့ ရှာဖွေထုတ်ခဲ့တာ သူကိုယ်တိုင်ပဲ ဖြစ် သည်။

ဝဠာ ကတော့ သူ့ကို သိပုံမပေါ်။

"ဦးညီက အိမ်ကလေးကို လိုက်ရှာနေတာလား။ အိမ်ကလေး ကလဲ ပြန်ကြည့်လိုက်တော့ ဦးညီကိုမတွေ့တော့လို့ ပြန်ရှာနေတာ"

"အင်း ...၊ မင်းတို့ ဘယ်မှာဆုံကြတာလဲ"

"ဦးညီနဲ့ ဟိုညှေ့သည်စကားပြောတုန်းလေ ယာမာ လာခေါ် တာ"

ခေါင်းညိတ်ချင်တာမဟုတ်ပေမယ့် ညိတ်လိုက်ရသည်။ မျက်လုံး တို့ ကတော့ ဝဠာ့ မျက်နှာထက်မှာ ငြိတွယ်လျက်ဖြစ်၏။ ဝဠာ က လည်း သူ့ကို ပြန်ကြည့်၍ ...

"ဪ ... တို့နဲ့ဆုံဖြစ်အောင် ဖန်တီးပေးတယ်ဆိုတဲ့ ဆရာဝန် လား"

"ဟုတ်တယ် ယာမာ၊ ယာမာ့ကို ဒီဆိုင်မှာတွေ့တတ်တယ်ဆိုပြီး ဦးညီက ခေါ်လာပေးတာ"

"မထင်ရဘူးနော်"

ပြောပုံက ပြုံးထေ့ထေ့ မဲ့ချင်ချင်နှင့်။ တည်ကြည်ခြင်းနှင့် လှောင် ရယ်ခြင်းနှစ်ရပ်ဖြင့် မျက်နှာချင်းဆိုင်နေကြသည့် ယောကျ်ား နှစ် ယောက်၏မျက်နှာတွေကို အိမ်ကလေးက တစ်လှည့်စီကြည့်၏။

"ဘာကိုမထင်ရတာလဲ ယာမာ"

"ဪ... သမားတော် နေညီလာ ဆိုတော့ ပါဝါမျက်မှန်ထူထူကြီး





နဲ့ ဆရာဝန်အဘိုးကြီးမှတ်နေတာလေ၊ တကယ် မထင်လို့ မထင်ရဘူး ပြောတာ"

ပြောပြီး လူရှေ့သူရှေ့ ကော်ဖီဆိုင်ရှေ့မှာပဲ လက်နှစ်ဖက်စုံကပ်၍ အလေးပြုသည်။

"ကျေးဇူးပဲဗျာ၊ ကျွန်တော့်ကောင်မလေးနဲ့ ကျွန်တော့်ကို ဆုံစည်းခွင့် ရအောင်ဖန်တီးပေးတဲ့ ဖန်ဆင်းရှင်ပဲ"

"မဟုတ်ဘူးကွ၊ မင်းမှားနေပြီ"

ညီက အုံ့သြခြင်း၊ အကဲခတ်ခြင်းတွေကို လက်စသတ်ရုပ်သိမ်း လိုက်ကာ ကျကျနနလက်ပိုက်၏။

"အိမ်ကလေး မင်း ဆိုင်ထဲမှာ သွားစောင့်နေပါလား၊ သူနဲ့ တို့ စကား ပြောစရာရှိသေးတယ်"

အိမ်ကလေး မနှာခံချင်ပါ။ အလိုမကျသည့်မျက်ခုံးတန်းလေး နှစ် ဖက် တွန့်တက်သွား၏။ ပေကတ်ကတ်လေး ခဏရပ်နေပြီးမှ ဆိုင်ထဲ ကို လှည့်ဝင်သွားခဲ့သည်။

သူတို့နှစ်ယောက် နေရာမှ ခြေတစ်လှမ်းမှပင် မရွေ့ဖြစ်ခဲ့ကြဘဲ ဝဠာ က စတင်၍ ...

"ခင်ဗျားရဲ့လူနာကို ခင်ဗျား လက်ချာပေးခဲ့ပြီထင်တယ်၊ ကျွန်တော့် ကိုတော့ ပေးဖို့မလိုဘူးနော်၊ ပေးလို့လဲရမှာမဟုတ်ဘူး၊ ကျွန်တော်က ခင်ဗျားလူနာမှမဟုတ်တာ"

"မဟုတ်ပေမယ့် လူနာအတွက် ငါက ဝင်ပါလာရတာဆိုတော့ အိမ်ဆိုင် ပတ်သက်ခွင့်ရသွားတယ်၊ မင်းဘက်က လိုက်နာဖို့တွေ



www.burmeseclassic.com

ရှိတယ်”

“ဟား ဟား”

ဝဍ္ဎာ က ခပ်ကြိတ်ကြိတ်ရယ်သည်။

“ဦးနေညီလာ … ခင်ဗျား ကိုင်တွယ်လို့ရရင် ဆေးထိုးအပ်တွေ ပိုက်တွေပဲဖြစ်မှာပေါ့ဗျာ၊ မဟုတ်ဘူးလား၊ လူတွေကို ဘယ်ရမလဲ၊ အထူးသဖြင့် အချစ်ကြောင့် ရှန်းကန်ထကြွလာတဲ့ တွန်းအားတွေကို ခင်ဗျား မပြောနဲ့ သိကြားမင်းဖျက်တောင် မပျက်ဘူးဆိုတာ မကြားဖူး ဘူးလား”

“သိကြားမင်း သူ့ရဲ့နတ်ပြည်ကအလုပ်ကို သူ လုပ်ပါလိမ့်မယ်၊ ငါ လုပ်မှာက ငါ့လူနာအတွက် လုံခြုံရေး။ ဒီမှာ ဝဍ္ဎာ အိမ်ကလေးကို ဒီထိ ခေါ်လာပေးတာ မင်းနဲ့တွေ့ပေးဖို့ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဆုံစည်းခွင့် အတွက်မဟုတ်ဘူး”

“သိသားပဲ၊ စိတ္တဇဖြစ်နေတဲ့လူကို စိတ်ပြေလက်ပျောက်ဖြစ် အောင်လေ၊ အိမ်ကလေးဆိုတဲ့ကောင်မလေးက ကျွန်တော့်ကို သူ့ ချစ်သူလို့ထင်ပြီး တွေ့ချင်နေတယ်၊ မိဘတွေက ပိတ်လှောင်ထား တယ်၊ ရောဂါ ပိုဆိုးလာလို့ အခု ခင်ဗျားက ကြားဝင်ဖြေရှင်းဖို့ နည်းလမ်းသစ်သုံးလိုက်တာ”

ညီမျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။ ကေသရာဇာ၏ မျက်လုံးများကဲ့သို့ စူးရဲတည်ငြိမ်နေခဲ့၏။

“ဒါတွေကို မင်း သိနေသားနဲ့ ဘာဖြစ်လို့ နောက်ဆုတ်သွား တာလဲ၊ စဉ်းစားစရာပဲ”





ဝဍ္ဎာ မျက်နှာပျက်သွား၏။ ချက်ချင်း တင်းခံနဲ့ဖြစ်ကာ …

“ဒါ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ အခု ခင်ဗျားသိထားဖို့က အိမ်ကလေး ကို ခင်ဗျားတွေ့ပေးလို့ ကျွန်တော်တွေ့ရတာမဟုတ်ဘူး၊ တိုက်ဆိုင်စွာ ဆုံခဲ့ကြတာကိုက ဆုံစည်းကြမယ့်နိမိတ်ပဲ၊ အဲဒီတော့ ခင်ဗျားက တွေ့ပေးဖို့ပေမယ့် တွေ့ဖြစ်ကြတာက ကျွန်တော်တို့ကိုယ်တိုင် ဖြစ်နေ တဲ့အတွက် လေးစားအရေးထားဖို့တွေ မရှိဘူး၊ ဒီလိုပြောပါ။ ဒီလိုနေပါ။ ခင်ဗျား နိုင်းလို့မရဘူး”

“ဒီမှာ ဝဍ္ဎာ …”

“ပြော”

“အိမ်ကလေးက ဝေဒနာရှင်ပါ”

“ကျွန်တော်က ဝေဒနာရှင်ကို ကိုက်သတ်စားပစ်မှာမှမဟုတ်ဘဲ၊ သူနဲ့ ကျွန်တော်က ပြေလည်ပြီးသားပါ။ အဟွန်း …”

ဝဍ္ဎာ့မျက်နှာထက်က အရှုံးမပေးခြင်းကို ညီ သဘောမကျပါ။ ဒါပေမယ့် ကိုယ့်ဘက်က ရှေ့ဆက်ပြောဖို့ ခက်နေသည့်အကြောင်း တွေ ဖြစ်နေခဲ့၏။

တကယ်ဆို ဝဍ္ဎာ့သတင်းကို သူ စုံစမ်းထားပြီးဖြစ်သည်။

အထည်ကြီးပျက်မိသားစုတစ်စုမှ မညီညွတ်သောစိတ်ထားများ ဖြင့် ပုံစဉ်ထွက်နေသောတစ်ယောက်ဖြစ်သည်။

အသေးစိတ်သောကိုယ်ကျင့်တရားများထိတော့ မသိရသေးပါ။ ထိုသူကို အိမ်ကလေးနှင့်တွေ့ပေးဖို့ထိ သူ စွန့်စားခဲ့တာက မကောင်း တာကို မကောင်းမှန်း၊ မတွေ့တာကို မတွေ့မှန်းသိအောင်လို့ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘက ဒါကြောင့် တားတာပါလားဆိုတာကို သိစေချင်သည်။ မထားသင့်သည့်အတ္တစိတ်ကို မထားရကောင်းမှန်းလည်း နားလည်စေချင်သည်။

အိမ်ကလေးရင်ထဲမှာ တကယ်ငြိတွယ်နေသည့်စိတ်ဟာ စွဲလမ်းသည့်ချစ်စိတ် မဟုတ်ပေ။ ယှက်ကျူးမရခြင်းဟူသော နှင့်သည်းသည့် စွဲလမ်းမှုတစ်ခုသာဖြစ်သည်။

ဒါ မပြောလိုက်ရလေခြင်းဆိုသည့် နောင်တ၊ မိဘတွေကြောင့် ဖြစ်ခဲ့ရခြင်းဆိုသော ပြုံးမယ်ဖွဲ့ခဲ့ခြင်း၏ သိပ်သည်းမှု။

အားလုံးဟာ နေခြည်မပေါက်သော မြူနှင်းထုများပဲဖြစ်လေ သည်။ နေရောင်ခြည်မပေါက်သေးသမျှ မြူနှင်း၏သိပ်သည်းမှုက ကျစ်လျစ်အုံ့ဆိုင်းနေနိုင်ပေမည်။

ဒါပေမယ့် နေခြည်ရင့်ပါလျက်နှင့် နှင်းမကွဲဘူးဆိုတာ မရှိ။ အိမ်ကလေး၏ အဆိပ်သင့်စိတ်ကူးများကို ဖြေဆေးကူဖို့က နေခြည်ရင့်ဖို့ တစ်ခုပဲလိုသည်။

ယာမာ နဲ့ ဝဠာ ဟာ တစ်ယောက်စီ၊ တစ်ဘဝစီဆိုတာကို ခွဲခြားခံစားမိသွားဖို့အပြင် သေဆုံးခြင်းမည်သည်မှာ ချက်ချင်းသေဆုံးခြင်းပဲ ဖြစ်ဖြစ်၊ နာတာရှည်ခံစား၍သေဆုံးခြင်းဖြစ်ဖြစ် ထာဝရ ပျောက်ကွယ်သွားခြင်းပဲဆိုတာ စိတ္တဇထဲကနေ ဆွဲထုတ်ပြဋ္ဌာန်းနိုင်လျှင် သူ၏ကုထုံးအောင်မြင်မှာပဲဖြစ်၏။ စိတ်ကူးထဲမှာ အစီအစဉ်တွေအားလုံးက Step by Step ဖြစ်နေသော်လည်း တကယ်ဖြစ်လာတော့ ကံကြမ္မာက ကိုယ့်ဘက်မှာမရှိပါလား။ ဝဠာသည် ခနဲ့ပြုံးနှင့် စကားနိုင်တိုက်စစ်ဆင်





လျက်ရှိကာ သူတတော့ ခံစစ်ဘက်မှာပဲဖြစ်နေ၏။

ကိုယ့်လူက သူ့လက်ထဲမှာ စားစာခံဖြစ်နေပြီမို့ ရှေ့တိုးရခက်၊ နောက်ဆုတ်လို့မဖြစ်။

"ခင်ဗျား ပြီးပြီလား ဦးနေညီလာ၊ အိမ်ကလေးက အထဲမှာ တစ်ယောက်တည်း"

"တစ်ယောက်တည်းက အန္တရာယ်မရှိပါဘူး၊ ငါ မင်းကို ပြောစရာကျန်သေးတယ်"

နှစ်ယောက်၏စကားတွေ၊ ပြန်လည်အစပျိုးလိုက်ခြင်းက မညင်သာ။

ဝဠာ့မျက်နှာ တင်းနေပြီဖြစ်၏။ ညီက ဘေးဘီကို ဝေ့ခနဲကြည့်လိုက်ပြီးမှ ပြန်လှည့်၍ ...

"ကောင်းပြီလေ သွားမယ်"

"ခင်ဗျားက လိုက်မလို့လား"

"ဟင် ..."

ညီက 'ကျလဲကျတဲ့လူ'ပါလားဆိုသည့် မဲ့ပြုံးနှင့်ပခုံးတစ်ချက် တွန့်သည်။

"နှစ်ယောက်တည်းတွေ့ခွင့်ပေးမယ်လို့များ မင်းထင်ထား သလား။ အဟွန်း... သူက လူနာတစ်ယောက်ဆိုတာ မင်း မမေ့နဲ့လေ၊ တို့ပြောပြီးပြီပဲ၊ မင်းနဲ့တွေ့ဖြစ်အောင် တို့ ဖန်ဆင်းပေးတာ ဆုံစည်းခွင့်အတွက် မဟုတ်ပါဘူးလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

"ဘာအတွက်ဖြစ်ဖြစ် မောင် လုပ်သွားတဲ့ပုံက ဆက် ဘယ်လိုမှ ကို နားလည်ပေးလို့မရတာ"

ဆက် မျက်နှာလေးက ကလေးဆန်ဆန် စူပုပ်ပုပ်လေးဖြစ်နေ၏။

ဟုတ်ပါသည်။ အမြဲတမ်းပဲ၊ ကိုယ့်အပေါ်မှာ သူမကသာ နားလည် လိုက်လျောနေခဲ့ရသည်ဘက်မှာ ရှိခဲ့သည်။

ဒါကလည်း ကိုယ်က အနိုင်ယူချင်တာသက်သက်မှမဟုတ်ခဲ့ဘဲ တမင်တကာ ဂရုတစိုက် မရှိခဲ့တာလည်းမဟုတ်။ တက္ကသိုလ်မှာ ကတည်းက အတူတူ၊ သူငယ်ချင်းအဆင့်ကနေ ချစ်သူတွေဖြစ်ခဲ့ကြတဲ့ အထိ နှစ်ယောက်စလုံးပဲ ပညာကို တန်ဖိုးထားကြသည်။

စာကြိုးစားကြသည်။ လောဘနည်းနည်းလေးပိုခဲ့တာက ညီ ပဲ ဖြစ်သည်။ လောဘပိုတော့ ဘာမဆို လုံ့လပိုစိုက်ရသည်။ သင်နေရ





သည့်ပညာအပြင် နီးစပ်ပတ်သက်သမျှကိုပါ လေ့လာလိုက်စားနေ တတ်ခဲ့သည့် ညီအတွက်က ချစ်သူကို ဘေးမှာထားပြီး ဟိုထပြေး ဒီထပြေး။

စကားပြောနေကြရင်း စာအုပ်ထုတ်ဖွင့်လိုဖွင့် ဒါတွေတုန်းက တော့ ဆက် က သဘောကျကျေနပ်ခဲ့သည်ပင်။

"ညီကလဲ မိန်းကလေးဖြစ်တဲ့ ဆက် ထက်တောင် ပိုကြိုးစား သေးတယ်၊ အရမ်းလဲတော်နေပြီဥစ္စာ၊ နားနားနေနေလေ့လာပါကွာ၊ ဝိုင်းကူတော့လဲ ညီ မကြိုက်ဘူး၊ ဆက် က ညီ အရမ်းပင်ပန်းနေတာ ကို မကြည့်ရက်လို့"

ဟုပြော၍ တားမိတဲ့အခါ ရှိပေမယ့် ညီ က နည်းနည်းမှဂရု မစိုက်။ ထို့ကြောင့် နိုင်ငံခြားမှာ ညီ MRCP ဖြေပြီးမှ ဆက် က နောက်မှရောက်သည်။ နှစ်ယောက်ကို မိဘတွေကိုယ်တိုင် လက်ထပ် ပေးကြဖို့ သဘောတူခဲ့တာက ဘွဲ့လွန်တွေပြီးကုန်ကြမှ ဖြစ်သည်။ သို့သော် ...

လက်ထပ်ကြဖို့ နှစ်ယောက်သား တိုင်ပင်ကြတုန်းမှာ ညီ ပြဿနာ ဖြစ်ခဲ့၏။

သူ့ဘက်က မှန်ပြီထင်လျှင် ရှိခဲ့ပြီးသည့် ကျမ်းအဘိဓာန်တွေကို ပင် အမြစ်က ပြန်လှန်၍ ပြင်ဆင်ပစ်ဖို့ကြိုးစားဖူးသည့်ညီက သူ့လက်ထဲက အမှန်တရားထက် ဘာကိုမှ ဂရုစိုက်ခဲ့သူမဟုတ်ပေ။

ထို့ကြောင့် ပြဿနာကိုရှင်းဖို့လည်း မကြိုးစား။ ဆမ အပိတ်ခံ လိုက် ရတာကိုလည်း နှမြောတာသဖြစ်သွားတာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘက်က အမှန်တရားကို တင်ပြခွင့်မရှိတော့ဘူးဆိုရင် ပြီး
လေ၊ ဘာဝမ်းနည်းစရာရှိလဲ"

မိဘတွေက ပြဿနာအတွက် ဖြေရှင်းဖို့ကြိုးစားနေကြချိန်မှ
သူက ရန်ကုန်မှာမရှိတော့ပေ။ ကျန်ခဲ့တဲ့လူတွေမှာ ပြဿနာနော
လိုက်ရမှာလား၊ သူ့နောက်ပဲလိုက်ရတော့မှာလားမသိဘဲ ဒုက္ခရော
ကုန်တော့သည်။

ထိုထဲမှာ ဆက် က ပိုပြီး အဖြစ်ဆိုးတာပါ။ လက်ထပ်ဖို့အတွ
စိတ်ကူးချင်း ညှိနှိုင်းခဲ့ကြပြီးပြီ၊ လူကြီးတွေက အသိအမှတ်ပြုကြ
သဘောတူသည်။

အကောင်အထည်ဖော်လိုက်ကြဖို့က ဘာမှအခက်အခဲမရှိတော
ပေ။ ထိုအချိန်မျိုးမှာ နှုတ်မဆက် အကြောင်းမကြားဘဲ ညီက ထွ
သွား၏။

မန္တလေးရောက်နေပြီဆိုမှ ဖုန်းလှမ်းဆက်တော့ သူ ချက်ချင်း တော
ပြန်လာဖြစ်ဦးမှာမဟုတ်ဘူးတဲ့။ ဒါကို ဆက် နားလည်ပေးခဲ့ရ သည်
သူ့ဇများ ပြဿနာရှိထားတော့ မတုန်လှုပ်ဘူးဆိုပေမယ့်လည်း ရှုံး
ဆုံးရှုံးခဲ့ရသည့်အဖြစ်ကိုတော့ မခံရပ်နိုင်တာ၊ နာကျင်တာမျိုးတေ
ရှိနေခဲ့မှာပါ၊ ထို့ကြောင့် ခွင့်လွှတ်ခဲ့မိ၏။

နောက်ထပ် ပြင်ဦးလွင်ကိုရောက်သွားပြီး နှစ်နဲ့ချီ၍နေနိုင်ခဲ့တ
ကျတော့ ငါ ချစ်သလိုမှ ချစ်သေးရဲ့လားဟု ဝမ်းနည်းစိတ်လေး ဝင်ခဲ့
၏။ အဲဒီလောက်ထိ သည်းခံနေခဲ့ရတာကိုလည်း ကျေနပ်ခဲ့ပါသေး သည်

ဒီနေ့ လူတွေကြားထဲမှာ တစ်ယောက်တည်း မတ်တတ်ရပ်က





ရသည့်အဖြစ်ကတော့ တကယ်ဆိုးလွန်းသည်။ ဓာလေးဖြစ်ပျက်
သွားခဲ့သော ထိုအဖြစ်လေးဟာ နှစ်ရှည်လများ နားလည်သည်းခံနေရ
ခြင်းများထက် အဆပေါင်းများစွာ ဆိုးရွားနေလေသည်။

သူကပြောတော့ ပေါ့ပေါ့ကလေး။

"သူက ကိုယ့်ရဲ့လူနာပါ" တဲ့။

မကျေနပ်နိုင်တာကို ပြောလိုက်မိတာတောင် ချော့မော့ရှင်းပြ
လာသည့်အပြင် ညီမျက်နှာ ရှုပ်ထွေးမှုတွေနှင့် ညိုနေ၏။ ထပ်စွပ်စွဲရ
ဦးမှာလား၊ စွပ်စွဲမိတာကို တောင်းပန်ရတော့မှာလား။

ဆက် လည်း ဘာမှထပ်မပြော။ ညီကလည်း ပါးစပ်ပိတ်နေ၏။
တော်ဝန်းကျင်လေပြည်မှ ပန်းရနံ့လေးတွေနှင့် မွှေးပျံ့ကြည်နူးဖွယ် ရှိ
သော်လည်း နှစ်ယောက်၏အလယ်မှာ တိတ်ဆိတ်ခြင်းက အကျည်း
တန်နေ၏။ ထိုစဉ် သူတို့ရှိနေသည့် ပန်းရုံလေးဆီသို့ ရောက်လာသည့်
ဆက် ၏ အဒေါ်ဝမ်းကွဲ မေမီသက် က ခပ်လှမ်းလှမ်းကတည်းက
အကဲခတ်မိသွားပုံရှိကာ ...

"ဟော့ နှစ်ယောက်သား ဘာတွေ မရှင်းမလင်းဖြစ်နေကြတာလဲ၊
မှုတွေ့တာ နှစ်ဆယ့်လေးနာရီမပြည့်သေးဘူး"

"အန်တီသက် လေးလေး အလုပ်သွားပြီလား"

ဆက် က မျက်နှာကို ပြုံးပြုံးရွှင်ရွှင်လေးပြင်ဆင်ပြီး မေမီသက်
ခုလာသည့် အအေးဘူးတွေကို ထယူသည်။

"မသွားသေးဘူးလေ၊ ဒီမှာ ဧည့်သည်ရှိနေတော့ ဧည့်သည်ထိုပ်
ဦးစားပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာ၊ ကျွန်တော် ခုပဲပြန်တော့မယ့်ဟာ"

ညီ က အားနာစွာဝင်ပြောသည်။ မေမီသက်တို့ ရန်ကုန်ရောက်လာ ကိုင်း ''ညွှန့် အငတဖြုတ် ဆုံဖူးကြတာတွေ မကြာမကြာရှိတတ်သဖြင့် အစကတည်းက ခင်ခင်မင်မင်ရှိခဲ့ပြီးသား။

မန္တလေးမှာ ညှော်သည်အဖြစ် ကိုယ်ကလာဖူးတာကတော့ ဒါ ပထမဆုံးဖြစ်သည်။ မေမီသက် က ရယ်လိုက်ကာ ...

"အဲဒီလိုမစိမ်းကားနဲ့လေ၊ ညနေစာစားပြီးမှ ပြန်ရမှာပေါ့၊ ဆက်ရဲ့ လေးလေးက ခုပဲမှာနေသေးတာ၊ ညနေစာအတွက် ပြည့်စုံရဲ့လားမင်းကိုယ်တိုင် ဝင်ကြည့်ပြီး စီစဉ်လိုက်ဦးတဲ့၊ တစ်ခါတလေမှ လာဆုံဖြစ်ကြတာ ဘာမှ လိုလေသေးမရှိပါစေနဲ့တဲ့"

ဆက် က ခုံဆွဲပေးတာကိုမထိုင်ဘဲ ခုံကို နေရာတကျ ပြန်တွန်းထားလိုက်ပြီး ...

"အားနာရမယ့်လူတွေမှမဟုတ်တာ ကိုညီရယ်၊ ပြီးတော့ ပြောချင်သေးတယ်၊ ဆက် ကလဲ ရောက်တာနဲ့ စကားနာထိုး စိတ်ကောက်နဲ့ သိပ်မရွဲနဲ့နော်။ ကိုညီကလဲ ချစ်လို့ဆိုးနွဲ့တာကို နားလည်မှပေါ့၊ ခုလိုတကူးတကလာတွေ့ကြရတုန်းမှာ စိတ်ကောက်နေကြရင် ပျော် စရာဘယ်ကောင်းတော့မလဲ၊ အဟွန်း ... မှတ်ထားကြနော် ကလေး တို့"

တည့်တည့်ပြောသလို၊ ရယ်စရာလိုလိုနှင့် ပြောပြီး မေမီသက်ပြန်ထွက်သွား၏။ နှစ်ယောက်တည်းကျန်ခဲ့ကြတော့ ညီက ဆက်ကိုလှမ်းကြည့်၏။ ဆက် ကလည်း မျက်လွှာလေးပင့်၍ မကျေမနပ်ကြည့်သည်။





မျက်လုံးချင်းဆုံမိကြသည်နှင့် ညီက ပြုံးလိုက်ပြီး ဆက် လက်လေးတစ်ဖက်ကို လှမ်းကိုင်လိုက်၏။

"ဟုတ်လား၊ ချစ်လို့ဆိုးနွဲ့တာလား"

"သွားပါ၊ ဘယ်သူကချစ်လို့လဲ"

"အဟွန်း"

ညီက နေရာမှထကာ ဆက် နဲ့နီးအောင် ခုံရွှေ့ထိုင်လိုက်၏။ ...တော့ ...

"အို... မောင်ကလဲ"

ပခုံးကို သိုင်းဖက်လာတော့ ဆက် ကျောလေးကော့သွားကာ ...ိတ်ထိတ်ပျာပျာဖြစ်သွား၏။

"ဘာလဲ ဒီမှာ အမှိုက်ကပ်နေလို့"

ညီက ဆက် ၏ဆံပင်ပေါ်က အစိမ်းရောင်လက်နေသည့် သစ်...က်လိုဟာလေးကို ယူပြလိုက်၏။ ဆက် မျက်နှာလေးရဲသွားကာ ...တ်ကိုးရှက်ကန်းနှင့် ပြန်ကြည့်လိုက်မိလျှင် ...

"ဟာ မောင်က ကြည့်စမ်း၊ အဲဒါ အမှိုက်မှမဟုတ်တာ၊ ကလစ်က...ပ်ပန်းလေးဟာကို..."

"ဟင် ဟုတ်လို့လား၊ ဆောရီး"

"သွား"

ညီက ဆက် ပခုံးလေးကို သူ့ပခုံးနှင့်တိုက်ပစ်လိုက်ပြီး အသံ...ွက်အောင်ရယ်သည်။ ဆက် က ရယ်နေရင်း မကျေလည်သေးသည့်...ာစ်ခုကို သတိရသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သီချင်တာရှိသေးတယ် မောင်၊ အဲဒီ သီချင်းအိမ် ဆိုတာ
ကိုကျော့ မောင် ဘာဖြစ်လို့ ကုပေးဖို့ တာဝန်ယူလိုက်တာလဲ၊ ဘ
တော့မှ ဆေးမကုတော့ဘူးဆိုပြီးတော့"

"လာပြန်ပြီကွာ၊ သီချင်လို့မေးတာလား၊ ပြဿနာရှာချင်လို့လား"

"မောင် ပြဿနာလုပ်ထားရင် ပြဿနာဖြစ်မှာပေါ့၊ ဘာမှမဟု
ရင် ပြီးတာပဲ"

"ဘာမှမဟုတ်ဘူးကွာ၊ ကဲ ရပြီလား"

"အင်းလေ၊ မဟုတ်ရင် ရှင်းပြပေါ့၊ မောင် လူနာကုတဲ့ပုံက တက
ကိုယ်ဖိရင်ဖိကြီး၊ မိန်းမသဘာဝအရ သဝန်တိုစိတ်နဲ့ပြောရ
ကောင်မလေးက ငယ်ငယ်လှလှလေး၊ ရိုးရိုးသားသား လူမှ
ရှုထောင့်ကဆိုရင်လဲ မောင့်အတွက် အန္တရာယ်များလွန်းတယ်၊ မန
ကပဲကြည့်လေ၊ ဒီ ကောင်မလေး တစ်ခုခုဖြစ်သွားရင် မောင် ဘယ်
ရှင်းမလဲ"

ညီက ရယ်နေတာတွေပျောက်သွားပြီး ခေါင်းညိတ်လိုက်သည်
ခုံမှာ ခပ်လျော့လျော့မှီချလိုက်ပြီးမှ ...

"ဟုတ်တယ်၊ ဒါပေမယ့် ဒီကောင်မလေးဖြစ်နေတဲ့ပုံက စိတ်ဝ
စားစရာကောင်းတယ်၊ ရိုးရိုးအဖြစ်အပျက်မျိုးပေမယ့် နည်းနည်
ထူးခြားနေလို့ ကိုယ် စိတ်ဝင်စားခဲ့တာ"

"ပြောပါဦး၊ ရည်းစားသေသွားလို့ စိတ္တဖြစ်နေတာမှာ ဘာတွေ
ထူးခြားနေလို့လဲ"

"ထူးခြားတယ်၊ အခု သူ စိတ္တဇဆန်ဆန်တွေဖြစ်ပြီး ဝေဒနာက်





ဖြူနေတာ၊ ဒါကို မရှင်းလင်းနိုင်ရင် သူ တကယ်ရူးသွားနိုင်တယ်"

"ဘယ်လိုလဲ မောင်၊ မောင်ပြောတာက အခု သူ ဘာမှမဖြစ်သေး
ဟန်ဆောင်နေတာမျိုးလား"

"အဲဒီလိုမဟုတ်ဘူး၊ သူ့ကိုယ်သူ ဘာဝေဒနာမှမရှိဘဲ အရှုံတိုက်
တာလို့ သူ့ကိုယ်တိုင် ဝန်ခံတယ်လေ၊ ဒါပေမယ့် သူ့မှာ စိတ္တဇအစွဲ
ကပ်နေပြီ"

ဆက် က စိတ်ဝင်တစားနားထောင်နေသည်။ ဝါသနာတူ၊
လုပ်တူဖြစ်ကြပေမယ့် အားလုံးထက် ညီက ပိုတော်တဲ့သူဖြစ်သည်။

ဆရာဝန်အချင်းချင်းတောင်မှ ညီကိုပဲ ယုံကြည်အားကိုးခဲ့ရတာ
အကြံယူဆွေးနွေးကြရတာတွေ ရှိခဲ့သည်။ တစ်ခုခုကြောင့် ဆုံး
ရအောင်ခက်နေပြီဆို ညီ မပါလို့မပြီး။

ညီက တခြား ဘယ်သူနှင့်မှမတူသည့်လူဖြစ်နေတော့ ဆေးက
မြင်နေကြရသည့်လူတွေပဲ ခေါင်းခဲကြရ၏။

ခု သူမ လိုက်လာမည်ဆိုတော့လည်း အားလုံးက ဝိုင်းမှာကြ သည်။
ရာညီကို ဖြန့်ခေါ်ခဲ့ပါတဲ့။ သူကတော့ ဒီမှာ လူနာနဲ့ဘာနဲ့
ဝင်စားစရာတွေ့နေပြီဖြစ်၏။

ညီက မေမီသက် လာပို့သွားသည့် အအေးနှစ်ဘူးကို လှမ်းယူပြီး
ကိုယ်တိုင်ဖွင့်၍ ဆက် လက်ထဲကို ထည့်ပေးလိုက်သည်။ သူ့
ဘူးကို ဖွင့်ထားလိုက်ပြီးမှ မသောက်ဖြစ်သေးဘဲ ...

"ဒီလိုကွာ၊ ယာမာ ဆိုတဲ့ကောင်လေး သေရတာ သူ့ကြောင့် ဆို
ချုံးမရစိတ်က ကောင်လေး သေပြီးတဲ့နောက်မှာလဲ ပြကျ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မရခဲ့ဘူး။ ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာဆိုရင်တော့ ဇာတ်သိမ်းခန်း
သေတဲ့လူကသေ၊ ကျန်ခဲ့တဲ့လူတွေက နောင်တတွေ ချက်ချင်း
ရသွားကြ၊ တောင်းပန်ကြ၊ ငိုကြနဲ့ ပြီးသွားတာပေါ့။ သူ့အဖြစ်က အဲ
မဟုတ်ဘူး။ သေတဲ့လူက သေပြီးတာတောင် သူ့မှာ ထိန်းချုပ်မှုနဲ့ပဲ
ခဲ့တယ်၊ ကောင်လေးအပေါ်မှာ ကြွေးတင်တယ်လို့ စွဲလမ်းသွားတဲ့
နဲ့ အုံ့ဖွဲ့နေတဲ့သူ့ရင်ထဲမှာ နောက်တစ်ယောက် ယာမာကို သူကိုယ်
ပဲ ဖန်ဆင်းပစ်လိုက်တာ”

“အဲဒီနှစ်ယောက် ခွဲမရအောင်တူနေတာမဟုတ်ဘူးလား”

ညီ ခေါင်းခါလိုက်မိသည်။ ရင်ထဲမှာ လေးကျသွားခဲ့ခြင်းကြေ
ခေါင်းခါလိုက်သည်က လေးဖင့်စွာနှင့်ဖြစ်ခဲ့လေသည်။ ဆရာဝန် ဆို
အပိုင်းက ရောဂါလက္ခဏာကို တွေးဆ၍ ရောဂါနှင့်တန်သည့် ဆေး
ကို တိုင်းတာတွက်ချက်ပေးမည်၊ ကုသမည် ဒါပဲတတ်နိုင်မှာဖြစ်သ
ဆုံးဖြတ်ဖို့၊ ရှေ့ဆက်ဖို့ဆိုသည့် လိုက်နာမှုအပိုင်းက လူနာနှင့်
သက်ဆိုင်သည်။ ကိုယ် ဘယ်လောက်ပဲတော်နေနေ ဆရာဝန်
ဆေးတွေလိုပဲ ကိုယ့်ရဲ့ကုသချက်က ဘယ်လောက်ကောင်းကော
ဝေဒနာရှင်ကမှ မလိုက်နာ၊ မကျင့်ကြံဘူးဆိုလျှင် ဘာမှဖြစ်လာ
မဟုတ်။

အိမ်ကလေးနှင့် သူမ၏ဝေဒနာကို ကုသဖို့မှာ တကယ်တော့
ထင်သလောက်မလွယ်ကူမှန်း တွက်မိပြီးဖြစ်သည်။

အဖြစ်က ရောဂါချည်းသက်သက်မဟုတ်ဘဲ ဘေးပယောဂ
ရှင်းပေးရသည့်တာဝန်တွေပိုလာသည်။ ဒါကလည်း ကိုယ့်ကြောင့်





လာတာပဲမို့ ရှောင်လွှဲလို့မရတော့ပေ။ သို့သော် ဝင်ပါလား၊ ရှင်းပါလား ဆိုပြီး ဝင်ပါရတော့ ကိုယ့်ဘက်က ပြောခွင့်မရှိတာတွေ၊ အမိန့်ပေးလို့ မရတာတွေ ဖြစ်လာခဲ့၏။

ဩော်... အစကတည်းက ဘော်ဒီဂတ်လုပ်ဖို့ တာဝန်ယူခဲ့တာ ဆိုလည်း အကောင်းသား။

“မောင်”

“ဟင်”

“ဘာတွေငိုင်သွားတာလဲ၊ မောင် တာဝန်ယူတာပြီးမှ ကိုင်တွယ်ရှင်းလင်းရခက်နေပြီလား”

ကိုယ်ဖြစ်နေတာကို ဒက်ခနဲပြောချလိုက်တော့ ဆက် ကို အထင်ကြီးသွားမိသည်။

“ကိုယ့်မျက်နှာကြီးက အဲဒီရုပ်ကြီး ဖြစ်နေလား”

“ဆက် ပြောတာ မဟုတ်လို့လား”

“ဟုတ်လို့ပြောတာလေ၊ မင်း အရမ်းတော်လို့ အံ့ဩတာ”

ဆက် က မြောက်ကြွကြွဖြစ်မသွားဘဲ သက်ပြင်းရှည်ကြီးကိုပဲ ဟင်းခနဲချပစ်ကာ ...

“ဆက် တွက်မိတာပေါ့ မောင်ရယ်၊ အဲဒီ သီချင်းအိမ် ဆိုတဲ့ ကောင်မလေးရဲ့မျက်လုံးတွေက အစကတည်းက ဒီလိုပဲလား၊ ခုမှလားမသိပေမယ့် အရမ်းကို ရဲရဲငှင့်လွန်းတယ်။ နှုတ်ခမ်းပါးလေးတွေ၊ မျက်လုံးလေးတွေ စူးတောက်နေတာတွေ၊ ပြီးတော့ နှာတံလုံးလုံး ချွန်ချွန်လေးရယ်၊ အဲဒီ အင်္ဂါရုပ်မျိုးရှိတဲ့သူတွေဆိုရင် ရဲတင်းတယ်၊ ပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လူတော်တွေဖြစ် တတ်တဲ့အရည်အချင်းဘက်ကို မဟုတ်ဘဲ မှားတဲ့လမ်းကြောင်းဘက်ကို ရောက်သွားရင် မိန်းကလေးလဲဖြစ်နေမယ်ဆိုရင်တော့ လုံးဝ မလွယ်ဘူး"

"အိမ်ကလေး ကို ဘယ်လိုမြင်သလဲ ပြောပါဦး"

"ဆက် က မောင့်လောက် စိတ်ကိုမဖတ်နိုင်ပါဘူး၊ ဒါပေမယ့်..."

"ဟုတ်ပါပြီ၊ ကိုယ်မကျွမ်းတာကို ဆက် က ကျွမ်းတာပဲ၊ သိချင်လို့ မေးတာပါ"

ဆက် က သူ့ကို 'ရင်လေးတယ် မောင်'လို့ ပြောနေသည့် မျက်ဝန်းများနှင့် ငဲ့ကြည့်ကာ ...

"ဘာဖြစ်ဖြစ် ဆက် ကတော့ သူ့ရဲ့ဆိုးခြင်း၊ ကောင်းခြင်းတွေကို မောင် စိတ်ဝင်စားတာ မကြိုက်ဘူး"

ဆက် က တံချူကို ကိုင်လျက်နှင့် မချူဘဲ တစ်ချက်တည်းနှင့် တစ်ပင်လုံးကြွေအောင် သိမ်းရိုက်ပစ်သည်။

ထိုစကားတစ်ခွန်း၏ အဓိပ်ပ္ပာယ်အနက်ကို ညီကလည်း နားလည် ၏။ ဒါပေမယ့် ....

မနက်ဖြန်တွေကို ကိုယ်ပိုင်မယ်ဆိုရင်တော့ တစ်မျိုးပေါ့။





## အခန်း (၁၄)

ဒီဆရာဝန် ရှိနေတာကို မကျေနပ်ပါ။ ရှေ့မှာ စကားပြောနေရင်း အိုဆီကိုပဲ မျက်လုံးက ခဏခဏ ရောက်မိသည်။ ကိုယ်ကြည့်လိုက်တိုင်းလည်း သူက ကြည့်နေတာပဲဖြစ်၏။

"အိမ်ကလေး"

"ဟင် ဘာလဲ"

"တို့ကို ဘယ်လိုလူလို့ထင်လဲဟင်"

ကောက်ကာငင်ကာမေးလိုက်မိသည်။ တကယ်က စကားထဲမှာ လိုမေးခွန်းမေးလိုက်ဖို့မပါ။ အိမ်ကလေး က သူ့ကို အံ့ဩသွားသလို ကြည့်သည်။

"ဘာထင်ရမှာလဲ ယာမာ၊ ယာမာနဲ့ အရမ်းတူတယ်၊ ယာမာလိုပဲ အိမ်ကလေး သဘောထားတာ၊ အဲဒါကြောင့် ခုလို ရင်းနှီးကြတယ် ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဝဋ္ဌာ က ပြုံးတော့မလို့နှင့် မဲ့မဲ့ကြီး ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ"

အိမ်ကလေး ထပ်မေးလိုက်မှ နှစ်သိမ့်ပြင်ဆင်လိုက်သည့်အပြုံ

နှင့်…

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမယ့် တို့ကဲ ယာမာ မှမဟုတ်တာ

ကွာ၊ အဲဒါကို အိမ်ကလေးလဲသိနေတာပဲ၊ တို့ကို ဝဋ္ဌာ အဖြစ်နဲ့ပဲ ခင်

လားဟင်"

"ဟင့်အင်း"

အိမ်ကလေး က လက်လွှတ်စပယ်ခေါင်းခါသည်။ ကိုယ်က

ရှုးကြောင်မှုးကြောင်ပြောသလိုလိုကြည့်၍ ပြုံးကာ …

"ယာမာလို့ပဲ မြင်လို့ရလို့ ဒီလိုရင်းနှီးတာပေါ့၊ ရှင်က ဝဋ္ဌာ ဆိုရ

ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးလို့တော့ မပြောပါနဲ့ အိမ်ကလေးရယ်၊ မင်းကို ဖျော်

မြင်လိုက်ရဂတည်းက တို့ ရူးသွပ်သွားခဲ့ရတာပါ"

အိမ်ကလေးက မယုံသလိုလို၊ လှောင်သလိုလိုလေးပြုံးလျက် မြက်

ခင်းစိမ်းစိမ်းလေးတွေပေါ်မှာ လက်ဖဝါးလေးကပ်၍ ဆော့နေ၏။

"တကယ် ကိုယ် အပိုမပြောဘူး၊ မင်းက တို့ကို တစ်ယောက်

တူလို့ သတိထားမိခဲ့တာ၊ တို့ကတော့ မင်းမှမင်းဖြစ်ခဲ့တာပါ၊ မင်းဘာ

က မသက်ဆိုင်ဘူးလို့ တွက်မိပေမယ့် တို့ကတော့ လုံးဝကို ဆိုင်နေ

တာ"

အိမ်ကလေး က မျက်နှာမမော့ဘဲ ပြုံးနေ၏။ ဝဋ္ဌာ အသည်းယာ





လာကာ မြက်ခင်းလေးပေါ်မှာ ပွတ်သပ်လှုပ်ရှားနေသည့် လက်ခုံး

လေးပေါ် ကနေ ဖိအုပ်ကိုင်လိုက်မိ၏။

ထိုအခါကျမှ အိမ်ကလေး ဖျတ်ခနဲ မော့လာသည်။ မျက်နှာလေး

ထက်မှာ အပြုံးတို့ပျောက်ကွယ်ကုန်ကြလျက် လက်ကိုခါချရုန်းပစ်၏။

"ဘာဖြစ်လို့လဲ အိမ်ကလေးရယ်၊ မင်းပဲ တို့ကို ချစ်တယ်ဆို"

"ယာမာ့ကိုလေ၊ သူပဲ ယာမာ မဖြစ်ချင်ဘူးဆို"

"ကျွတ်"

ဝဋ္ဌာ့မျက်နှာ ရှုံ့တွသွား၏။ အိမ်ကလေး တကယ်ရူးနေသလား၊

ရူးချင်ယောင်ဆောင်နေတာလား၊ သူ ဘယ်လိုမှ အကဲခတ်မရတော့ပါ။

ဆရာဝန်က တကောက်ကောက်လိုက်နေသည်။ 'အိမ်ကလေး က

လူကောင်းမဟုတ်ဘူး'တဲ့။ သူမကတော့ မသိတာ ဘာမှမရှိ၊ သိပြီးမှ

မသိပါဘူးလုပ်ပစ်တာလည်း သူမပဲဖြစ်သည်။ ဒါဆို သူမက ကောင်းနေ

ပြီး ကျန်တဲ့လူတွေက အရူးလား။

"ရှင်က ယာမာမှမဟုတ်ဘဲ"

ဖြစ်ရပြန်ပြီ၊ အိမ်ကလေး၏နှုတ်ဖျားမှ စိတ်ပျက်သံလေး ပျံ့လွင့်

လာ၏။ သူ ငုံကြည့်လိုက်တော့ တကယ့်ဆွေးဆွေးမြေ့မြေ့။

မျက်ဝန်းလေးများသည် ရေလယ်မှာဖြတ်ထိုးထားသည့် တံတား

ဆီသို့ ငေးမောနေခဲ့ပြီး …

"အိမ်ကလေး သိတယ်၊ တကယ်ပါ တကယ် ကျွန်မ မရူးဘူး၊

ဒါပေမယ့် ကောင်းကောင်းနေလို့လဲမရဘူးဖြစ်နေတယ်၊ ယာမာ့ကို

အမြဲတမ်း သတိရတမ်းတနေမိတဲ့စိတ်က သူ့ကို တစ်ရက်ကလေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ရှင်သန်ခွင့်ပေးပြီး သူကျေနပ်သွားလောက်တဲ့စကားတွေ ပြောလိုက်ချင်တယ်၊ သူ့အတွက် ပျော်ရွှင်စရာတွေ ပေးလိုက်ချင်တယ်။ ခဏလေးဖြစ်ဖြစ် မြင်ခွင့်၊ ပြောခွင့်ရရင် အိမ်ကလေးပါ လိုက်သေရမယ်ဆိုရင်တောင် သေပျော်ပြီလို့ တမ်းတမိတာမျိုး"

"အဲဒါကြောင့် သူနဲ့တူတဲ့ တို့ကို ချစ်ပါတယ်လို့ အဖြေပေးလိုက်တာလား"

"အင်း"

ရက်စက်ပါဘိလို့ ဖင်ဆောင့်အော်ပြီး ငိုလိုက်ချင်သည်။ ဒါဆိုတစ်ရက်၊ တစ်ခဏလေးဖြစ်ဖြစ် မြင်ခွင့်ရချင်တဲ့ ယာမှာ အဖြစ်မြင်ခွင့်ရပြီမို့လို့ ချစ်တယ်ဆိုတာကိုလည်း ပြောပြီးပြီမို့လို့ ...

'ရှင်မရှိလဲဖြစ်တယ်'ဆိုတဲ့ စကား သူမ ပြောချင်နေပြီလား။

"သူ့ကို အိမ်ကလေး ဂရုမစိုက်မိခဲ့သမျှ သူကတော့ သေလောက်အောင်ချစ်ခဲ့တာမှန်း သိလိုက်ရတဲ့အချိန်မှာ သူ့အချစ်တွေကို အသိအမှတ်ပြုတုံ့ပြန်ဖို့ သူက မရှိတော့ဘူးလေ၊ သူ့ကို အိမ်ကလေး အရမ်းသနားတယ်"

"ဪ... ဒါဆိုရင် ချစ်တာကရော ဟုတ်ရဲ့လား အိမ်ကလေး ရယ်၊ သူ့ကို သေလောက်အောင်ချစ်တဲ့သူဆိုပြီး သနားတဲ့ ဂုဏ်ပြု လက်မှတ်နဲ့ လက်ဖွဲ့ချင်တာများလား"

ထေ့တာငေါ့တာတွေ ပါကုန်ပြီထင်သည်။ ဒါပေမယ့် မတတ်နိုင်ပါ။ စိတ်ထဲမှာ ဒီတိုင်းမေးလိုက်ဖို့ပဲ ဖြစ်လာခဲ့တာ ဘယ်လိုပြန်မျှချရမလဲ။





အိမ်ကလေးက သူ့ကိုမကြည့်တော့ဘဲ ငေးနေကာ ...

"သနားတယ်ဆိုတာ ဘာမှန်းမှမသိတာ၊ ဘယ်လိုလုပ်ပြောရမလဲ" တဲ့။

ရင်နာမိသည့် ဝဠာ့မျက်နှာကြီး အညိုရောင်သမ်းသွားခဲ့သည်။

"အိမ်ကလေး ဘယ်ယောကျ်ားကိုမှ မသနားခဲ့ဖူးဘူး၊ သနားရအောင် လူစင်မမီတဲ့သူ၊ ခုက္ခိတတွေမှ မဟုတ်ကြတာ၊ သူတို့ကြိုက်ရင်လိုက်တယ်၊ ရရင်ရ မရရင် နောက်တစ်ယောက်၊ ကိုယ်ကလဲ ကြိုက်ချင်မှ ကြိုက်မှာပေါ့၊ ယောကျ်ားဆိုတဲ့သတ္တဝါမှာ သနားစရာ ဘာရှိလို့လဲ"

သေစမ်း။ ကိုယ့်ကိုယ်ကို ဘာသတ္တဝါလဲ ပြန်မေးရတော့မှာလား။ သူကတော့ အိမ်ကလေးဆိုတဲ့ မိန်းကလေးကို သီချင်းအိမ် ဆိုတာလေးမှန်း မသိခင်ကတည်းက သူမ၏အလှမှာ ယစ်မူးသွားခဲ့သည်။

အစကတော့ လှလို့ကြည့်တယ်၊ သူမက ပြန်ကြည့်လို့လိုက် တယ်၊ ဒီလောက်ပဲထင်သည်၊ မန္တလေးကနေ ပြင်ဦးလွင်ရောက်သွားတော့လည်း သူ သွားလာနေကျနေရာတွေမို့လို့ မျက်ခြည်မပြတ်ခဲ့ပါ။

သီချင်းအိမ် ဆိုတာရယ်၊ ကျန်းမာရေးမကောင်းလို့ ခရီးထွက်လာကြတာရယ်ကိုသိရတော့ စိတ်ပျက်ခြင်း နည်းနည်းဖြစ်မိသည်။

ကျန်းမာရေးဆိုတာက ဘယ်လိုအမျိုးအစားလဲ၊ ကိုရီးယားဇာတ်လမ်းတွဲတွေကလို သေလောက်တဲ့ရောဂါမျိုးတွေလား၊ စိတ်အပန်းဖြေသင့်တာမျိုးလောက်ပဲဖြစ်တဲ့ရောဂါလား။

စုံစမ်းကြည့်တော့လည်း သေချာရေရာမသိရပေ။ သိရအောင်



www.burmeseclassic.com

www.burmeseclassic.com



သဲကြီးမဲကြီးလိုက်ဖို့ထိ မကြိုးစားတော့ဘဲ သူ နောက်ပြန်ဆုတ်ခဲ့မိ သည်။ ဒါကလည်း ကိုယ့်ဘက်က အကျိုးအကြောင်းတွေရှိလာခဲ့လို့ပဲ ဖြစ်သည်။

အိမ်ကလေးကို မန္တလေးမှာ မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရ သည်။ ကြိုတင်စိတ်ကူးထားခဲ့တာမဟုတ်ပေမယ့် မြင်လိုက်တာနှင့် သူ တရင်းတနှီး သွားနှုတ်ဆက်လိုက်မိသည်။

ထိုအခါ မျှော်လင့်မထားခဲ့သောအခြေအနေက အိမ်ကလေးက လည်း သူ့အပေါ်မှာ ရင်းနှီးလို့က်လှဲစွာ ကြိုဆိုတုံ့ပြန်ခဲ့သည့်အဖြစ်ပင်။

သို့သော် သူ မသိခဲ့သော အိမ်ကလေး၏ ဝေဒနာသည် အကြောင်းက လူကို ရင်ခံသွားစေခဲ့၏။

သေလောက်သည့်ရောဂါမျိုးမဟုတ်ပေမယ့် အိမ်ကလေးမှာ သက်တော်စောင့်ရှိနေသည်။ သေရတော့မည့်လူတစ်ယောက်ကို စိတ်ချမ်းသာသလိုနေပါစေဟု သဘောထားပေးကြတာမျိုး။ မိဘတွေက အစ ဤ ဆရာဝန်နှင့်ဆို ထင်ရာမြင်ရာ သွားလာခွင့်ပြုတဲ့အထိ အလိုလိုက်ထားခဲ့ကြ၏။

ကိုယ့်ကိုမှ စွဲလမ်းနေသည်၊ ကိုယ်ပြောသမျှယုံကြည်သည် ဆို လျှင် ဒီအခြေအနေကို သူ ဘာမှဂရုစိုက်ဖို့မလိုပေ၊ ခုတော့ ...

"တို့ တစ်ခုမေးလို့ရမလားဟင်"

စိတ်ကူးထဲမှာ မေးဖို့လိုအပ်လာသည်ထင်သည့် မေးခွန်းမျိုးပေါ် လာသဖြင့် အတွေးစကိုဖြတ်၍ သူ ပြန်စလိုက်သည်။ အိမ်ကလေးက လှည့်ကြည့်၏။

"ဟင် မေးလေ၊ ဘာလဲ"





"ချစ်တယ်ဆိုတဲ့အဖြေစကားရဲ့သက်ရောက်မှုကိုတော့ အိမ်ကလေး သိတယ်မဟုတ်လားဟင်"

"အင်း"

"အခု တို့မဟုတ်ဘဲ ယာမာ တကယ်ဖြစ်ခဲ့ရင် သူ့ကို မင်းက ချစ်တယ်လို့ အဖြေပေးပြီးပြီဆိုပါစို့၊ လူကြီးတွေကလဲ သဘောမတူကြ ဘူးလေ၊ အဲဒီမှာတော့ ဘာဆက်လုပ်မလဲ၊ ချစ်ကြပြီဆိုရင် ပေါင်းကြဖို့ လား၊ ယူကြဖို့လား"

"ယာမာ ရယ်... ရှင့်ကို ယာမာ အဖြစ် အိမ်ကလေး ထားခဲ့တာ၊ ဝေးဝေးကလွမ်းနေရရင် မြင်ရုံပဲဆိုရင် ရှင်က ယာမာပဲ၊ အရပ် အမောင်း သွားလာလှုပ်ရှားတာအားလုံးပေါ့၊ ခုလိုမြင်နေရတော့ မတူတော့ဘူး။ ရှင်က ယာမာ ထက် အများကြီး ပိုချောပါတယ်"

"ဆက်ပြောပါဦး၊ မင်းရဲ့အတွေးတွေ ရှေ့တိုးနောက်ဆုတ်ဖြေး နေတာကို တို့ လုံးဝလိုက်မမီတော့ဘူး"

ခုတော့လည်း အိမ်ကလေးရဲ့မျက်နှာလေးမှာ အပြုံးအရယ် ပေါ့ပါး သွက်လက်ခြင်းတွေ ဘာမှမရှိတော့ဘဲဖြစ်နေပြန်သည်။

"အိမ်ကလေး နည်းလမ်းမကျဘူးဆိုတာကို သိတယ်လေ၊ အဲဒါ ကို ယာမာလဲသိတာပဲ၊ ရှင့်ကို အိမ်ကလေး တောင်းပန်ပါတယ်၊ ဒီက ဖြေနိုင်တာတွေ ခဏခဏ မမေးပါနဲ့"

"ဪ..."

"အိမ်ကလေးလေ ယာမာလို့ခေါ်ပြီး စကားပြောနေရတာကို အရမ်း စိတ်ချမ်းသာတယ်၊ သူနဲ့စကားပြောနေတိုင်း ယာမာနဲ့ ပြောနေသလို



www.burmeseclassic.com

www.burmeseclassic.com



စံစားလို့ရတယ် သိလား။ အိမ်ကလေးက ဒီနောက်ပိုင်း ကာလတွေမှာ ယာမာ ပြန်လည်ရှင်သန်လာခြင်းကြောင့် ပျော်ရွှင်ရ တာမျိုး ဘာမှမရှိဘူး ဟိုတစ်နေ့က ယာမာနဲ့အိမ်ကလေး လှေစီးကြတဲ့ အချိန်လေးကို သတိရပြီး အချိန်တွေအားလုံး အဓိပ္ပာယ်ရှိနေတယ်၊ နောက်ထပ် ပြန်တွေ့ရမယ့် အချိန်ကိုစောင့်ရင်း အားလုံး ပြီးပြည့်စုံနေ တာမျိုးပေါ့ အဲဒါ ယာမာလဲ ကုသိုလ်ရပါတယ်"

"နတ်ပြည်တစ်ခါတည်းရောက်သွားမယ်ဆိုရင်တောင် ဝမ်းသာ စရာ မရှိပါဘူး"

"ယာမာရယ် ရှင်ပြောသလို အိမ်ကလေးကို ရှင်က ချစ်တယ် ဆိုရင် အိမ်ကလေး ပျော်နေတာကို ကျေနပ်နိုင်မှာပေါ့၊ သူ့ကို စိတ်ချမ်း သာစေချင်တဲ့စေတနာတွေနဲ့ ချစ်တယ်လို့ အိမ်ကလေး ပြောကိုပြော ချင်နေတာလဲ ချစ်လို့ပဲ မဟုတ်ဘူးလား"

"အိမ်ကလေး"

မာနနှင့်စိတ်က ဖျင်းခနဲဖြစ်ကာ အိမ်ကလေး၏ လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်မိသည်။ အိမ်ကလေး မျက်လုံးလေးဝိုင်း လျက် သူ့လက်ပေါ်က ထပ်အုပ်ကိုင်လိုက်၏။

လက်ကို ဖယ်ချပစ်ဖို့ပေမယ့် နီးကပ်သောမျက်ဝန်းတို့ ငြိတွယ် သွားကြစဉ်မှာ အားလုံးကို မေ့မြောသွားခဲ့မိ၏။ ဝဋ္ဋာ က အိမ်ကလေး လက်မောင်းလေးကို ခပ်ဖိဖိဆုပ်ကိုင်ရင်း ...

"မင်းချစ်တာကျတော့ မိတ္တူလို ချုံ့လို့ချဲ့လို့ရနေတယ်ပေါ့ တို့ဘက်ကို မင်း တစ်ချက်လောက်ပြန်ကြည့်ပေးဦး"

ရွှေသမင်စာပေ



"ဒီနေ့တော့ ကြည့်လို့မရတော့ဘူးကွ၊ နောက်တစ်ရက်ရက်မှာ ကြည့်သင့်မကြည့်သင့် စဉ်းစားကြတာပေါ့၊ အိမ်ကလေး ပြန်မယ်၊ ထ"

အနားမှာ ခြေထောက်အစုံ ရပ်လာခဲ့သည်။ မျက်နှာကို မော့ ကြည့်ဖို့မလိုဘဲ စုဝေးနေခဲ့သည့်ရင်ထဲက မချင့်မရဲဒေါသတွေက ထိုဆီ သို့ စုပြုံသွားလေသည်။

"ပြောလို့မပြီးသေးဘူး ဦးညီ၊ ခင်ဗျားမှာ လူမှုရေးမရှိဘူးလား"

ဆတ်ခနဲထရပ်လိုက်ရင်း ဝေါက်ဆတ်ဆတ်မေးလိုက်မိ၏။ အပြင်း အားဗိုအားတွေနှင့် ဆွဲငင်ရစ်ပတ်ဖို့ အစပျိုးနေတုန်း ကွက်တိ ရောက်လာပြီး နှောင့်ယှက်တာ ရှင်းရှင်းကြီး။

"လူမှုရေးရှိရမှာက မင်းပါ၊ ကိုယ်က လူနာအတွက် လူမှုရေး ရှုထောင့်နဲ့ စောင့်ရှောက်နေတာ"

"ခင်ဗျားက ဆရာဝန်ပဲ၊ လူနာလိုမြင်ပေမယ့် ကျွန်တော့်အတွက် သူက ကျွန်တော့်ချစ်သူ"

ညီ့ မျက်နှာ အေးခနဲဖြစ်သွား၏။ မတ်တတ်ရပ်လိုက်ပြီးသည့် အိမ်ကလေးဆီသို့ မျက်မှောင်ကြုတ်ကြည့်မိသည်။

"မယုံလို့လား၊ မေးကြည့်လိုက်လေ"

သူ့ အမှုအရာပျက်သွားတာ ဝဋ္ဋာ က ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် စသည်။ ညီ ဒီဘက်ပြန်လှည့်လိုက်ပြီး သူလိုပဲပြုံးကာ ...

"ယုံပါတယ်၊ သူက လူနာတစ်ယောက်ပဲ၊ သူ့ရဲ့စိတ်လွတ်လပ်ခွင့် အတွက် ကိုယ်တို့အားလုံးက အလိုလိုက်နေကြရတာလေ၊ မင်းကို ကျေးဇူးတောင်တင်ရဦးမယ်၊ အဟွန့်"

ရွှေသမင်စာပေ

—

www.burmeseclassic.com

www.burmeseclassic.com



ဝဠွာ တင်းခနဲအံကြိတ်သည်။ တကယ်မက်မောနေမိပြီဖြစ်သည်
ရင်ယှိမှာ ထိုစကားလုံးက အရာဝတ္ထုတစ်ခု အရှိန်နှင့် ဆောင့်တိုက်
သွားသလိုပင်။

ကြည့်လိုက်တော့ အိမ်ကလေးက သူမကိုယ်ကို အပြေအပြစ်
ပြုပြင်လျက် ပြန်လိုက်သွားဖို့ ပြင်ဆင်နေပြီဖြစ်သည်။

အရွး စိတ်ချမ်းသာ မသာတော့ မသိ၊ ကမ္ဘာကြီးကတော့ ငြိမ်း
ချမ်းနေပြီဖြစ်သည်။

ဒါပေမယ့် အဲဒီကမ္ဘာဟာ ကိုယ့်ကမ္ဘာမဟုတ်။





## အခန်း (၁၅)

'ဖုန်းလာတယ် သမီးရေ'လို့ ပြောသံကြားကာမှ ငုတ်တုတ်ထိုင်နေ
ကာနေ ချက်ချင်း လှဲအိပ်ဝင်လိုက်မိသည်။ ပြီးတော့ စောင်ကို ခေါင်း
ါ်ထိ ဖြစ်သလို ဆွဲတင်လိုက်ကာ ...

"ကြီးကြီးပဲပြောလိုက်ပါ၊ အိမ်ကလေး အိပ်ချင်လို့"

ဟု ပြောလိုက်ပြီး မျက်လုံးတွေကိုလည်း မှိတ်ထားလိုက်သည်။
ါမိုးသဲက အခန်းတံခါးနားထိရောက်လာကာ ဟနေသည့်တံခါးရွက်
ဲ့ သာသာတွန်း၍ ခေါင်းပြူကြည့်၏။ တကယ်အိပ်ရာထဲရောက်နေပြီ
း သိမှ ကပျာကယာဖုန်းပြန်ကိုင်ရင်း ...

"အိပ်ချင်နေပြီတဲ့ ချယ်ရီ၊ ကိစ္စအထူးရှိလို့လား၊ မမကိုပြောလေ"

ဖုန်းထဲမှာ ဒေါ်ချယ်ရီ့အသံ အကြာကြီးတိတ်ကျနေပြီးမှ ...

"အထူးကိစ္စထက်ဆိုးတာပေါ့ မမရယ်၊ အချိန်တိုင်းပဲ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲပူနေရတာ၊ မန္တလေးနဲ့ပြင်ဦးလွင်ပေမယ့် တစ်နိုင်ငံစီဝေးသွ သလိုပဲ၊ နေထိုင်မကောင်းတော့ ပိုစိုးရိမ်တာပေါ့"

"မစိုးရိမ်ပါနဲ့ ချယ်ရီ၊ နင့်သမီးက ဒီမှာ ပျော်နေတာ၊ မမထင်တ သိလား။ သူ့စိတ်ကိုက တင်းကျပ်ပိတ်လှောင်နေတာကို မကြိုက်တ ပြီးတော့ ဟိုကောင်လေးဆုံးတဲ့ကိစ္စကြောင့် သူ အရမ်းခံစားခဲ့ရတာ ဒါကိုထပ်ပြီး တားဆီးအုပ်ချုပ်ထားသလိုဖြစ်တော့ မိဘတွေကို မကြည်မလင်ဖြစ်လာတာပေါ့၊ မိဘမေတ္တာက မေတ္တာပဲလေ၊ လို တိုင်းတောင်းယူလို့မရသလို ကိုယ်က ပေးချင်ပေမယ့်လဲ ယူတဲ့သူ တန်ဖိုးထားမှ အရာထင်တာဟာ မေတ္တာတရားပဲမဟုတ်လား၊ က ကို နားလည်လိုက်ပါအေ"

"နားလည်ပါတယ် မမရယ်၊ မမဆီမှာ နေတာမို့လို့ စိတ်လဲ တယ်၊ ပြီးတော့ သမီးလေး ခုလို ဖြစ်ရတာကိုလဲ ရင်နာလွန်းလို့ တကယ်ဆိုရင် သေတဲ့သူထက် ကျန်ခဲ့တဲ့သူက ပိုပြီးဒုက္ခကြီးတ သိလား"

"ဟုတ်ပါတယ်"

"ကျွန်မတို့က သဘောမတူတာမှန်တယ်၊ သူ့မိဘကလဲ ဒီအတို ပဲ မဟုတ်ဘူးလား၊ ကိုယ်က သဘောမတူဘူးလို့ ပြောလိုက်တာ မသိဘူး၊ သူ့သားကို နိုင်ငံခြားပို့ပစ်ဖို့ထိထဖြစ်တာ ဘယ်သူလဲ၊ ဒါ မယ့် သူ့သားက သေသွားတဲ့သူဖြစ်လိုက်တော့ ကျွန်မတို့ပဲ နာမည် ကျန်ခဲ့ရတယ်"

"နာမည်ဆိုးမကျန်ပါဘူး ချယ်ရီရယ်၊ သမီးရှင်ဆိုတာ ဒီလိုကြ





တ်မှုမျိုးမရှိလို့ ဘယ်ဖြစ်မလဲ၊ အိမ်ကလေးရဲ့အမြင်တစ်ခုတည်းမှာပဲ အလွဲ မြင်စရာဖြစ်တာပါ။ အားလုံး နားလည်ကြပါတယ်"

"အဲဒါက ဆိုးတာပဲ မမရဲ့"

ညီမဖြစ်သူ၏စကားသံတွေ တုန်ခါလာတော့ ဒေါ်မိုးသဲ စိတ် ကောင်းဖြစ်သွားမိသည်။

"အရည်လည်ရင် အဖတ်တွေ့မှာပေါ့ ညီမရယ်၊ စိတ်ကိုဖြေစမ်း ပါ မိဘမေတ္တာထက် နက်ရှိုင်းမှုဟာ သည်းခံခွင့်လွှတ်ခြင်းပဲ၊ လူတွေကို သမီး ပိုးထားရတဲ့ မဟာပထဝီမြေကြီးဟာ ငါကလဲထမ်းထားရသေး ဘယ် ငါ့ပေါ်မှာ ကျင်ကြီးကျင်ငယ်စွန့်ရသလား၊ တူးဆွ ဖုံ့ထုတ်ရ သလားဆိုတဲ့ အပြစ်တင်မောင်းမဲခြင်းမျိုးမပြုဘူး၊ ရေပူပဲသွန်ချချ းပဲပုံ့ရှိရှိ မညည်းညူ မတုံ့ပြန်ဘူး။ မိဘဆိုတာက သူတို့ကို ထမ်းထား ရုံကလို့လား၊ ကိုယ့်ရဲ့ အသွေးအသားကို တိုက်ကျွေးမွေ့ပိုက်ပြီး မွေးမြူခဲ့ရတာ၊ ဘာဖြစ်ဖြစ် ခွင့်လွှတ်နိုင်အောင်ကြိုးစားပါအေ၊ ပုထုဇဉ် ဆိုတော့လဲ ဥပေက္ခာတော့မထားနိုင်ဘူးပေါ့၊ ဒါပေမယ့် ခွင့်လွှတ်အနစ် နာစိတ်မွေးရမယ်၊ အိမ်ကလေး က လိမ္မာပါတယ်၊ ဒီတစ်ချက်လေးနဲ့ အယူလွဲနေတာကို ပြုပြင်ထိန်းမတ်ပေးကြဖို့ပဲလိုတာ"

"ဟုတ်ကဲ့ပါ ကျွန်မ နားလည်ပါတယ် မမရယ်၊ မမပဲ သမီးလေး ကို ဂရုစိုက်ပေးပါနော်၊ ကျွန်မတို့ဖုန်းခေါ်တိုင်း လာမကိုင်ကတည်းက သမီးရင်ထဲကို ကျွန်မ မြင်တယ်၊ ဝဏ္ဏ ဆိုတဲ့ကောင်လေးနဲ့ တွေ့ခွင့်ပေး မယ်လို့ ပြောလိုက်တာနဲ့ ချက်ချင်း လူကောင်းဖြစ်သွားခဲ့တာ"

"အေး အဲဒါကိုပြောချင်သေးတယ်၊ နင်တို့က ဘာဖြစ်လို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနဲ့ တွေ့ခွင့်ပြုလိုက်တာလဲ၊ ဆရာဝန်ကောင်လေးနဲ့ လေ ပေးဖြောင့်ပြီး ထူထူထောင်ထောင်ဖြစ်လာပြီဆိုရင်လဲ အဲဒီဆရာဝန်ကိုပဲ စည်းရုံး ဆေးကုပေးပါလို့ ပြောဖါတော့လား”

“မဖြစ်လို့ပေါ့ မမရယ်၊ ဒီလို ကုကြည့်ပါရစေဆိုတဲ့ နည်းလမ်း ကိုလဲ ဒေါက်တာပဲ စဉ်းစားပေးတာ၊ ဘာဖြစ်ဖြစ် ကျွန်မတို့ သူ့ကို ယုံတယ် ယုံလို့လဲ မန္တလေးထိ ထည့်လွှတ်လိုက်တာပေါ့၊ သူ့ခမျာလဲ အချိန်သပ်သပ်ပေးနေရတာထင်တယ်၊ လက်ထပ်မယ့်မိန်းကလေး လိုက်လာတာတောင် ဂရုမစိုက်နိုင်ဘူးလို့ ဒေါက်တာ ဦးပန်းခိုင် ပြော သွားတယ်”

“ဟုတ်လား၊ သူက လက်ထပ်တော့မှာလား”

“မသိဘူး၊ တစ်နေ့ကမှ ဒေါက်တာဦးပန်းခိုင်နဲ့ ဆုံဖြစ်လို့ ပြော သွားတာ၊ မမက မန္တလေးမှာမြင်တွေ့နေရပြီး မသိဘူးလား”

“ဘယ်လိုလုပ်သိမှာလဲ၊ အိမ်ကလေးကိုလာခေါ်ရင် ကားပေါ်က မှ မဆင်းတာ၊ မမကလဲ နင်တို့က စိတ်ချရတဲ့ဆရာဝန်ပြောထားတော့ ယုံယုံကြည်ကြည်နဲ့နေတာလေ၊ ဖြစ်ရတယ်အေ၊ မမက စိတ်ကူးထဲမှာ တောင် လက်ထပ်ပေးခဲ့ပြီးပြီ၊ ဆရာဝန်လေးက ခန့်ခန့်ချောချော ကိုယ့်တူမလေးကိုလဲ ဂရုစိုက်နေတော့ အဆင်ပြေသွားကြလဲ ကောင်း တာပဲ ဆိုပြီးတော့လေ…”

တစ်ဖက်က စကားသံတိတ်နေပြန်သည်။ တအောင့်ကြာမှ …

“ဝဠာ ဆိုတဲ့ကောင်လေး အိမ်ကိုရောက်လာဖူးလား”

“မလာပါဘူး၊ လာရင်လဲ လက်မခံဘူး၊ အိမ်မှာ ဖုန်းမပြောရဘူးလို့





ဲ သေချာကျပ်ထားတာ၊ မမကတော့ နင်တို့လိုတွက်တာမဟုတ်ဘူး၊ ဆရာဝန်နဲ့သွားလာနေတာကိုယုံကြည်ရလို့ ကြည့်နေတာ၊ အဲဒီသတ္တဝါ လေးကိုတော့ အသံတောင်မကြားချင်ဘူး၊ အိမ်ကလေးကိုလဲ နေ့ရှိသမျှ ဒါကိုပဲ တဖွဖွပြောပေးနေရတယ်၊ ယာမာ ဆိုတာက သေပြီပဲ။ ‘ကိုယ့် စိတ်ကို ပျော်ရွှင်အောင်ကြံဖန်ကြိုးစားတာပဲဖြစ်ပါစေ၊ ကျားမှန်း၊ နွား မှန်းမသိလောက်အောင် မကန်းနဲ့လို့’

အပြင်မှာ ဖုန်းပြောနေသမျှကို အခန်းထောင့်ကွယ်ကနေ အား လုံး ကြားနေရကာ အိမ်ကလေးမျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ် လာကြ၏။

‘ယာမာ ဆိုတာ သေပြီပဲ’ဆိုသော စကားသံသည် လူကို ထို ဘာလဆီသို့ ပြန်ဆောင့်ဆွဲ၍ခေါ်သွားသလို ပူပူလောင်လောင်ကြီး ဖြစ်သွားစေခဲ့၏။

မိမိ ယခု ရပ်တည်နေခြင်းသည် အဟိတ်၊ ပစ္စုပ္ပန် ဘာနဲ့မှမသက် ဆိုင်တော့သလိုရှိကာ အနာဂတ်ပျောက်နေခဲ့၏။ ထို့ပြင် နင့်သီးသော အိပ်မက်ဆိုးတစ်ခုမှ နိုးထလာစ ငှက်တစ်ယောက်လိုလား…၊

ယာမာရယ် နင် တကယ်သေသွားပြီဆိုတာကို ငါ ယုံကြည်ပါရ စေ၊ ငါ့ကို နှုတ်ဆက်ပြီးမှ နင်သွားလိုက်ပါလား ယာမာ။

ခုတော့ ညနဲ့မနက် မျက်လွှာတစ်ချက်အပိတ်လေးမှာ နင်က ဘယ် တော့မှ ပြန်မလာတော့ဘဲ …



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"သူ့မှာ ညီမနှစ်ယောက်နဲ့ အမေ ရှိတယ်၊ ဟိုတုန်းက ကလော ဘက်မှာခြံလုပ်ငန်းတွေနဲ့ တော်တော်ပြည့်စုံခဲ့ပေမယ့် စီးပွားပျက်သွားတာ ကြာပြီလို့ပြောတာပဲ၊ မောင်နှမသုံးယောက်စလုံး အိမ်ထောင်မကျသေးဘူး၊ သူကတော့ ယောကျ်ားလေးဖြစ်ပြီး အငယ်ဆုံး၊ အရှုပ်ဆုံးလို့ အတိအကျသိရတယ်၊ ပြတ်သွားခဲ့တဲ့ ရည်းစားစာရင်းလဲ နာမည်နဲ့ တကွ အတိအကျမှတ်ထားတာရှိတယ်၊ လောလောဆယ်က ..."

"အတိအကျတွေထပ်ရှိသေးလား ဦးညီ"

အိမ်ကလေးက ရယ်သည်။ ညီက တည့်တည့်ပြန်စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

"အတိအကျရှိထားမှ မင်း ယုံမှာဆိုတော့ တိကျအောင် ယူထားရတာပေါ့။ ဒီလူ မကောင်းပါဘူးဆိုတာကို သိနေပြီဆိုရင်မင်းဆင်ခြင်





မှာကို နားလည်ရမယ်၊ အခု မင်းလဲ လူမမာ မဟုတ်တော့ဘူး။ ကိုယ့်ဘာသာ ဆရာဝန်နဲ့မတူတော့ဘူး၊ အဲဒါ ဘာဆက်လုပ်သင့်သလဲ"

တင်းတာကတော့ တကယ်ကိုတင်းနေပြီဖြစ်သည်။ ရင်ဘတ်ထဲမှာလား။ ခေါင်းထဲမှာလား ဘယ်မှာမှန်းမသိပေမယ့် ဒီမိန်းကလေး ပြောရဆိုရ ခက်လွန်းတာကို ဘယ်လိုမှ သည်းမခံချင်တော့ပေ။

ဘယ်လိုပြောပြော မယ်မင်းကြီးမက အပြုံးမပျက်။

"ရှင်က ဆရာဝန်မဟုတ်လား၊ လူနာကောင်းမွန်ချမ်းသာနေရင် ရှင်ပျော်တာပဲလေ၊ အိမ်ကလေး ခုလိုကျန်းမာလာတာ ရှင်နဲ့ အများကြီးသက်ဆိုင်တာပဲဟာ"

"အဲဒါတွေပြောဖို့ကျတော့ မင်းဦးနှောက်က ပြောသားပဲ အိမ်ကလေး၊ မင်း ခုလုပ်နေတာက ငါ့ကို ခုတုံးလုပ်ပြီး မိဘကို အရွဲ့တိုက်ဖို့ စစ်ဆင်ရေးဦးတည်နေတာ"

ဝဠာ့ဆီသွားချင်တယ်လို့ ပူဆာတာ ဘယ်လိုမှမရ၊ ဖုန်းလာလို့ ကိုင်တာကျတော့လည်း ကြီးကြီးက ချက်ချင်းရောက်လာပြီး ဖုန်းကို ဆွဲရုပ်စ်သည်။

"ဟိုဆရာဝန်လေးနဲ့မဟုတ်ဘဲ ဘယ်သူနဲ့မှ မချိန်းရဘူး။ မပြောရဘူးတဲ့"

ညီကလည်း ဟိုနေ့က ဝဠာနဲ့ အချေအတင်တွေဖြစ်ခဲ့ပြီး ပြန်လာတာတည်းက ...

"မင်းကို ဒီတိုင်းလိမ့်ခွင့်ပေးဖို့ ငါ စဉ်းစားရတော့မယ်"ဟု ပြောသည်။ ပြီးတော့ နေ့စဉ် ရောက်လာနေကျကို မလာတော့ပေ။ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ရှိပြီဖြစ်သည်။

မနက်က ဖုန်းဆက်တော့ ဆက် ဆိုသည့် အမျိုးသမီးနဲ့ ထွက်သွားသည်တဲ့၊ နေ့လယ်အထိ ပြန်မရောက်သေးဘူးပဲ ပြောသည်။

ညနေကျမှ ညီ ရောက်လာခဲ့၏။ ညီ လာခေါ်မှပဲ အိမ်ကလေး အပြင်ထွက်ခွင့်ရသည်။ ပြီးတော့ ပြောသေးသည်။

"မင်း ဖုန်းဆက်ခေါ်လို့ လာတာမဟုတ်ဘူး။ မင်းကို ပြောစရာရှိလို့ လာတာ"တဲ့။

သူ လာခေါ်တာ၊ ပြန်ပို့တာကျတော့ ဘယ်သူကဆီကမှ ပါမစ် မလိုပေ။

ထိုအခါ အိမ်ကလေး ရရှိလာသည့် လွတ်လပ်ခွင့်တွေ မဆုံးရှုံးရေးဟာ ညီနဲ့ပတ်သက် ဆိုင်နေမှန်းကိုနားလည်ကာ ...

"ဦးညီ"

ပြုံးနေသည့် အိမ်ကလေးမျက်နှာလေး တည်သွားခဲ့ပြီး..

"အိမ်ကလေးက ရှင့်ကိုအရမ်းကျေးဇူးတင်နေတာ"

"ငါက မင်း ကျေးဇူးတင်တာကိုလိုချင်တာမဟုတ်ဘူး"

"သိတယ်၊ ဒါပေမယ့် အိမ်ကလေးရဲ့စိတ်ချမ်းသာခြင်းက ကျန်းမာခြင်း၊ မကျန်းမာခြင်းနဲ့ မဆိုင်ဘူးလားဟင်"

ညီ ဘာမှမပြောဘဲ ဟိုဘက်လှည့်ပစ်၏။ ကားရပ်ထားတာက ဤကန်ပေါင်ခြေထိရှိသော လမ်းသွယ်ကလေးရဲ့ဘေးမှာပေမယ့် ဒီဘက်မှာလည်း ကန်စွန်းခင်းနှစ်ကွက်လောက် ဆက်နေသည်မို့ လေတဖြူးဖြူးနှင့် အေးနေသည်။ လူသွားလူလာလည်း သိပ်မရှိ။ ကန်ပေါင်ရှိ





သည့်အောက် မှာ စုံတွဲနှစ်တွဲ ရှိနေကြပြီး သူတို့အာရုံနှင့်သူတို့။

အိမ်ကလေးက ညီ လွှဲထားသည့်မျက်နှာရှေ့ကို လျှောက်သွားကာ..

"အိမ်ကလေး ဦးညီ ကူညီလို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်ခဲ့ရတာ၊ ယာမာနဲ့အတူ အတိတ်ကို ပတ်ပြန်လျှောက်လဲရခဲ့တယ်"

"အိမ်ကလေး"

စိတ်လိုက်မာန်ပါဖြစ်ကာ အိမ်ကလေး လက်ကောက်ဝတ်လေးကို တင်းခနဲဖမ်းဆုပ်ပစ်မိ၏။ ပြီးမှ ပြန်လွှတ်ပေးလိုက်ကာ..

"မင်း အဲဒီလိုအစားထိုးနည်းနဲ့ စိတ်ပျော်ရွှင်မှုရှာလို့မရဘူး၊ သူက ယာမာ မဟုတ်ဘူးဆိုတာ မင်း သိနေရက်နဲ့.."

"ဟုတ်တယ် သိတယ်၊ ဒါပေမယ့် သူ့ကို ယာမာလို့ခေါ်ပြီး ယာမာ့ကို မပေးလိုက်ရတဲ့အဖြေကို ပေးခဲ့တယ်၊ မပြောလိုက်ရတဲ့စကားတွေလဲ ပြောရတယ်၊ ကျွန်မ သူနဲ့တွေ့ရတာကို ပျော်နေတာ"

"ကျွတ်... အမိပွာယ်ပျောက်နေပြီ"

ကျွတ်ခနဲညည်းညူ၍ ညီ ကိုယ်တစောင်းလှည့်ပစ်လိုက်သည်။ ခဏကြည့်နေပြီးမှ ထိုမျက်နှာရှေ့ကိုပဲ အိမ်ကလေးက လိုက်ရပ်၏။

"ကျွန်မကို အရူးလိုပဲ သဘောထားပေးပါ။ အဓိပ္ပာယ်မရှိတာတွေကို စီကာပတ်ကုံးခံစားနေခဲ့တာ ကျွန်မက အရူးပါ၊ စိတ်ချမ်းသာသလိုနေပါရစေ၊ အဲဒီလိုနေခွင့်က ဦးညီ ကျွန်မရဲ့ဘေးမှာရှိနေပေးမှဖြစ်မှာ"

"စိတ်ချမ်းသာသလိုနေခွင့်ဆိုတာက ဘယ်အထိလဲ၊ အဲဒီကာလ ထဲမှာ မင်းအတွက် အန္တရာယ် ဘယ်လောက်ကြီးတယ် ဆိုတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား၊ မင်းရဲ့အန္တရာယ်ကို မကာကွယ်နိုင်ရင် ငါရော ဘာဖြစ်သွားမလဲ"

"အိမ်ကလေး ဘာမှမဖြစ်ဘူး၊ ယာမာက ..."

"ဝဋ္ဋာ ဆိုတဲ့ကောင် ဘာကောင်လဲဆိုတာ မင်းသိအောင် ငါ ကြိုးစားနေတာ၊ ယောက်ျားချင်း အတင်းအဖျင်းပြောပြီး အပုပ်ချချင်လို့မဟုတ်ဘူး၊ သူများကိစ္စ, သူများအကြောင်း စပ်စုဖို့ ဝါသနာလဲမပါဘူး၊ မင်းအတွက်နဲ့ မလုပ်ဖူးခဲ့တာတွေ အခု ငါ အကုန်လုပ်တတ်နေပြီ၊ တစ်သက်လုံး မကြားခဲ့ဖူးတဲ့ စကားတွေနဲ့ ပြောတာလဲခံခဲ့ရတယ်၊ မင်းက ယာမာနဲ့ အတိတ်ကို ပြန်လျှောက်နေရတယ်ထင်ပေမယ့် သူ့ အတွက် မင်းက ဘယ်နှစ်ယောက်မြောက်ကောင်ဖြစ်နေသလဲ သိလား"

အိမ်ကလေးက ဘယ်လိုအားကိုးမျိုးနှင့် နားလည်နေသလဲတော့ မသိပေ၊ နိုင်မာသောမျက်ဝန်းများနှင့် ခေါင်းတွင်တွင် ခါနေ၏။

"သူ ဘယ်လိုလူမျိုးဖြစ်ဖြစ် ယာမာ့အပေါ် မှာထားတဲ့ ကျွန်မရဲ့ တွယ်တာမှုကမှန်ကန်ရင် ဘာမှမဖြစ်နိုင်ဘူးလို့ ကျွန်မ ယုံတယ်၊ ပြီး တော့ ပြီးတော့ ဦးညီကို မချေမငံပြောပေမယ့် သူ အိမ်ကလေးကို အလိုလိုက်တယ်"

ညှိုမျက်ခုံးတွေ တွန့်တက်သွား၏။ ဒီမိန်းကလေး ယာမာကို တမ်းတရင်းနဲ့ ဝဋ္ဋာ့ဆီမှာပဲ စိတ်ညွတ်ခွေကျသွားခဲ့ပြီလား။

ခရမ်းရောင်ရင့်ရင့်နှင့် ညနေဆည်းဆာအောက်မှာ ဖွေးနဝင်းစက် နေသည့်မျက်နှာလေးကို စူးစိုက်ကြည့်နေမိ၏။ ဖူးရွှန်းထွေးနေသော နှုတ်ခမ်းပါးလေးတွေက နှုတ်ခမ်းဆိုးဆေးကြောင့် နီလက်လက်လေး





တွေ့နှင့်ပိုလှသည်။

မျက်တောင်ကော့လေးတွေက ထင်းနေ၏။ တစ်ခါတစ်ခါ ဘယ် လို ပုံစံလုပ်လာမှန်းမသိပေမယ့် နှုတ်ခမ်းတွေ၊ မျက်လုံးတွေရော ကာလာတွေဖြစ်ကာ မိတ်ကပ်ဖောင်ဒေးရှင်း ဘာမှမပါဘဲ ဒီတိုင်းဖြစ် လာတတ်သည့် မျက်နှာလေးကလည်း ဝင်းမွတ်နေတာပဲဖြစ်၏။

သီချင်းအိမ်ဆိုတာလေးက မဆန်းပေမယ့် အိမ်ကလေး ဆိုသည့် သူမသည် တစိမ့်စိမ့်ကြည့်လေ ကြည့်မဝလေ ဖြစ်လောက်အောင် ဆွဲ ဆောင်နိုင်စွမ်းရှိ၏။

ထို့ကြောင့် ယောက်ျားချင်းမို့ နားလည်ကာ ဝဋ္ဋာ့မျက်လုံးတွေထဲ က အတိမ်အနက်ကို သူခန့်မှန်းမိနေခဲ့သည်။

သည်မျှလှသောမိန်းကလေးတစ်ယောက်ကို အမြဲတမ်း ရှုပ်ပွေနေ ကျမျက်ဝန်းတစ်စုံက ဖြတ်ကျော်ရှောင်လွှဲသွားကြရင်းဖြင့် မေ့မေ့ ပျောက်ပျောက်ထားနိုင်ပါမည်ဆိုတာ ဟုတ်ပါ့မလား။

သူ ပင့်သက်ရှိုက်လိုက်ပြီး ကိုယ့်စကားကို လိုတဲ့အရပ်မျက်နှာ ရောက်လာအောင် ဘယ်လိုဆွဲထုတ်ယူရမလဲ စဉ်းစားမိ၏။

မျက်ဝန်းတို့ကို ဟိုပို့ ဒီပို့ အာရုံလွှဲရင်း တွေးနေမိစဉ် စက်ဘီးစီး သင်နေကြသည့် လူငယ်နှစ်ယောက်၏ စက်ဘီးက လမ်းပေါ်ကနေ ဒီဘက်ကြားထဲသို့ ဖုံ့ဆင်းလာ၏။

"ဟိတ်ကောင် လက်ကိုင်ကို ပြန်တည့်လေကွာ"

"ဟာ... ဦးက ကိုင်မှမထားတာ၊ မရ ..."

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝှန်း"

"အား"

စက်ဘီးက ကားကြားထဲကို တည့်တည့်ကြီးတိုးဝင်လာ၏။ ညီ ထိတ်ခနဲဖြစ်သွားကာ အိမ့်ကလေးကိုဆွဲဖက်လိုက်ပြီး ကား ဘော်ဒီမှာ သူ့ကိုယ်နှင့်ဖိကပ်ထားလိုက်သည်။

စက်ဘီးက သူ့ခြေသလုံးနှင့်ခြေထောက်ကို ကျကျနနကြီး ဖိကြိတ် ပွတ်တိုက်သွား၏။ ထို့နောက် အုတ်တံတိုင်းဟောင်းတစ်ခုကို ပစ်တိုက်ကာ ကန့်စွန်းကန့်ကြီးထဲ ထိုးကျသွားလေသည်။ စက်ဘီးစီးသူ ရော လိုက်ဆွဲတဲ့သူရော လုံးထွေးကျသွားသလို ညီ့ခြေသလုံးမှာ ပူထူ ကျန်ခဲ့၏။ ဒဏ်ရာဖြစ်သွားပြီလို့ ကြည့်စရာမလိုဘဲ သိလိုက်သည်။

"ဦးညီ... ဦးညီကို ထိသွားပြီလားဟင်"

ကားနှင့် သူ့ရင်ဘတ်ကြားမှာ အသက်ရှူရပ်မတတ် ဖြစ်သွားပေ မယ့် ကိုယ့်ကို ညီက ကယ်လိုက်တာမှန်း အိမ်ကလေး သိသည်။ ညည်း သံလည်း ကြားလိုက်သဖြင့် စိုးရိမ်သွားမိ၏။

"ရတယ်"

ညီက ဘာမှမပြောဘဲ တံခါးဖွင့်လိုက်ပြီး အိမ်ကလေးကို တွန်း တင်သည်။ သူ့ခြေထောက်ကိုငုံ့ကြည့်ပြီး ဒဏ်ရာရှာဖို့ပြင် နေသဖြင့် ကားထဲကို အတင်းတွန်းထည့်လိုက်တော့ အိမ်ကလေး ပုံပန်းမကျစွာ ထိုင်ကျသွားသည်။

"အစ်ကို... အစ်ကို့ဘောင်းဘီခြေထောက်ပြဲသွားပြီ၊ သွေးတွေလဲ ထွက်လို့ဗျာ၊ တောင်းပန်ပါတယ်၊ ကျွန်တော် တစ်ခုခု လုပ်ပေးပါရစေ"





စက်ဘီးလိုက်တွန်းသည့်လူငယ်က ကားထဲရောက်နေပြီ ဖြစ်သည့် ညီ့ဘက်ကိုပြေးလာပြီးရည်မွန်စွာတောင်းပန်သည်။ သူ့ ကိုယ်တစ်ပိုင်း မှာလည်း ရေမှော်ဖတ်တွေနှင့် စိုရွှဲနေသဖြင့် ညီက လှည့်ကြည့်ပြီး ခေါင်းခါလိုက်သည်။

"ရပါတယ်၊ နည်းနည်းခြစ်မိတာ၊ ဟိုကလေးကိုပဲ သွားလုပ်ပေး လိုက်ပါ"

စက်ဘီးနှင့် ဆယ့်သုံးနှစ်သားလောက်ကောင်လေး ရုပ်ပျက်ဆင်း ပျက်ဖြစ်နေတာကို မေးဆတ်ပြ၍ ညီ ကားစက်နှိုးလိုက်၏။

ဒီနေ့ မအောင်မြင်လိုက်ပုံများ ပြောရဆိုရတာသာမက စက်ဘီး တစ်စီးလုံးကိုတောင် အောင်မြင်စွာမရှောင်လိုက်နိုင်။

"ဘာလဲ၊ ခြေသလုံးမှာ ကျွန်းခံနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဖြစ်ရလေကွယ်၊ ဆရာဝန်မှာဒဏ်ရာဖြစ်တော့ ကြီးကြီးတို့ ဘာ လုပ်ပေးရမှန်းလဲမသိတော့ဘူး"

ဒေါ်မိုးသဲ တကယ်ကိုဗျာနေတာဖြစ်သည်။ ကားရပ်လာပြီး တစ် ယောက်ကမဆင်းတော့ဘူး၊ တစ်ယောက်က ဆင်းပါနှင့် ကားထဲနဲ့ အပြင် ဘာတွေဖြစ်နေကြမှန်းမသိခဲ့ပေ။ အပြင်ထွက်လာပြီး မေးတော့ မှ ...

"ဒီမှာ အိမ်ကလေးကို စက်ဘီးတိုက်မလို့ဟာ ဦးညိုက ဝင်ကာ လိုက်တော့ ခြေထောက်မှာ ကြိတ်မိသွားတာပေါ့၊ သွေးတွေထွက်နေ တာကို ဖွတ်ပြန်မယ်လုပ်နေတာ ကြီးကြီးရယ်၊ ပြောပေးပါဦး"

ဟု အိမ်ကလေး ပြောပြမှပဲ သိရတော့သည်။ သူမ ဝင်ပြောတော့ ညို ကားပေါ်ကဆင်းလာသည်။ ဧည့်ခန်းမှာ သေချာထိုင်ပြီး ဒဏ်ရာကို လှန်ကြည့်တော့ ဘောင်းဘီအသားကနေတစ်ဆင့် ခြစ်မိတာတော နှစ်လက်မလောက်ရှည်သည့် ဒဏ်ရာက တော်တော်နက်သည်။ သွေးသံရဲရဲနှင့် ဒဏ်ရာကြီး ကိုမြင်ရလျှင် အိမ်ကလေး မျက်လုံးလေ





ပိုင်းလျက် လက် ကလေးတွေလည်းတုန်နေ၏။

"သွေး...သွေးတွေ"

ဒေါ်မိုးသဲ ဆေးတွေ သွားယူနေသည်။ သူ့ခြေထောက်နားမှာ ပုံလေးထိုင်နေသည့် အိမ်ကလေးကို စီးမိုးကြည့်ရင်း ခေါင်းကိုပုတ်ပစ် လိုက်ကာ ...

"ဘာမှမဖြစ်ဘူး၊ ပြူးပြဲကြည့်မနေနဲ့"

ရယ်သံစွက်၍ပြောရင်း လိပ်တင်ထားသည့်ဘောင်းဘီစကို ပြန်ချ ပစ်လိုက်၏။

"အို ... သွေးတွေ ဒီလောက်ထွက်နေတာကို"

အိမ်ကလေး ဗျာဗျာသလဲပြောကာ ဘောင်းဘီစကို လှမ်းကိုင် လိုက်သည်။ သို့သော် သွေးတွေနဲ့ဒဏ်ရာကြီးကိုလည်း မကြည့်ရဲသဖြင့် ဘွန်ခနဲ ပြန်ဖြစ်သွား၏။

"ပြန်လှန်လိုက်ပါဦး ဦးညိုရဲ့"

အိမ်ကလေး ငိုသံပါနေပြီဖြစ်သည်။ ပြီးတော့ သူမဘာသာ ပြန်ကိုင် လို့ ကတုန်ကယင်လေးလှမ်းသည်။ သူမ အခြေအနေက အဆင် သင့်လျှင် ရှောရသွားနိုင်သည်မို့ စိုးရိမ်မိကာ...

"နေပါစေဆိုမှကွာ"

ညိုက အိမ်ကလေး၏ လက်ခုံနုနုလေးကိုဖမ်းဆုပ်ထားလိုက်သည်။ ထိုပြင် မော့ကြည့်လာသည့်မျက်နှာလေးထက်မှာ မျက်ရည်ကြောင်း လေးကိုမြင်ကာ ခပ်သဲ့သဲ့ရယ်လိုက်ပြီး ...

"အားကိုးလောက်တဲ့သတ္တိပဲကွာ၊ ဒဏ်ရာရတဲ့လူက ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချော့ရဦးမယ်၊ တိတ်နော်၊ မနာဘူး မငိုနဲ့"

မျက်ရည်သုတ်ပေးပြီး တကယ်ချော့သည်။ ထို့နောက် ရယ်ပေး လိုက်၏။ အိမ်ကလေးရဲ့ မျက်နှာလေးက ငိုမလို ရယ် မလိုလေးဖြ လျက် ညီကိုင်ထားသည့်လက်ကို ခါချရန်းသည်။

ရုန်းနေရင်း ပြုံးလာကာ ညီ့လက်ခုံကို ထုပစ်လိုက်ရင်း...

"မသိဘူး၊ ငိုချင်နေတာ"

"ဟုတ်ပါပြီ၊ ဆက်ငိုပါ"

ချစ်စနိုးရယ်သံတွေရော၊ အိမ်ကလေး ဆိုးနေတာကိုရော လှမ်း မြင်ကာ ပတ်တီးလိပ်နှင့်ဆေးပုလင်းတွေကိုင်လာသည့် ဒေါ်မိုးသဲ ခြေလှမ်းတွေ အော်တိုမစ်တစ် ရပ်လေသည်။

ရင်ထဲမှာ မကြည်ဖြူခြင်း အရှင်းကင်းလျက် ...





## အခန်း (၁၈)

အစက ပန်းနုရောင်သမ်းနေသည့်ပါးပြင်လေးတွေက ခုနမှာ သမ်းလျော့ကျထားရသူလို ရဲတွတ်နေ၏။ ငေးနေရင်း မကြာခဏ ဖိ ကိုက်ခံနေရသည့် နှုတ်ခမ်းပါးလေးတွေမှာလည်း သွေးခြည်ဥနေပြီ သားမသိ။ အိမ်ကလေး၏မျက်နှာကို ငုံ့မိုးကြည့်၍ တစ်လှမ်းချင်းလှမ်း နေရသည့်အဖြစ်မှာ လမ်းက ကြမ်းတာလား၊ လူက ကန်းတာလား သိပေ၊ ဝဋ္ဋာ ခဏခဏ ခလုတ်တိုက်မလိုဖြစ်သည်။

သူမကတော့ လက်ကလေးဖွဖွပိုက်ကာ မျက်လွှာလေး စင်းချ ထားရင်း ခြေလှမ်းမှန်နေ၏။ ထိုစဉ် လှမ်းနေသည့် ခြေထောက်တို့ကို ရုံ့ရပ်ပစ်လိုက်ပြီး ...

"ဘယ်ထိသွားမှာလဲ ယာမာ"

အိပ်မက်ထဲကလန့်နိုးလာသူလို ရှေ့ကိုလှမ်းကြည့်ပြီးမှ နောက်သို့ ပြန်ကြည့်သည်။ ညီကားရှိနေသော လက်ဖက်ရည်ဆိုင်ကိုပင် မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

နောက်ပြန်လှည့်တော့မလိုဖြစ်နေသည့် အိမ်ကလေး လက်ကို ဝ
က ဖျတ်ခနဲဆွဲ သားလိုက်ပြီး ...

"ဟိုရှေ့နားလေးပဲကွာ၊ ဘာဖြစ်လို့လဲ"

အိမ်ကလေးက လက်ကို ပြန်ရုန်းသည်။ ဝဋ္ဌာ က မလွှတ်
ဖိဆုပ်ထားလိုက်ပြီး ...

"ဦးညီ ပြန်သွားမှာစိုးလို့ ယာမာ၊ ကြီးကြီးက ဦးညီ လာမခေါ်
ထည့်မှာမဟုတ်ဘူး။ နောက်ဆို မတွေ့ရတော့ဘဲနေမှ ပိုဆိုးမှာ"

"ရှည်းစားနဲ့တွေ့ဖို့လာမှန်း သူသိတာပဲ အိမ်ကလေးရာ၊ သူကို
တိုင်လိုက်ပို့ပြီးမှ ထားပြီးပြန်သွားတော့လဲ ပိုကောင်းတာပေါ့၊ တို
တစ်ခါတည်းလိုက်ခဲ့"

အိမ်ကလေး အလိုမကျသည့်မျက်နှာလေးနှင့် နောက်ကိုပဲ ရှေ
ကြည့်သည်။ ဝဋ္ဌာက ရှေ့ကိုပဲ ဖွတ်ဆွဲခေါ်လာခဲ့၏။

"အ"

"ဆောရီး"

ကန်ပေါင်၏အနိမ့်ပိုင်းလေးထဲမှာထိုင်ဖို့ သူပဲ နေရာရွေး
အလျင်စလိုဆင်းလိုက်သဖြင့် အိမ်ကလေး သူ့ရင်ခွင်ထဲကို ယိုင်
သွား၏။ ဝဋ္ဌာက ခါးကလေးကနေ သိမ်းဖက်ထားလိုက် ပြီးရယ်သည်

"ဆောရီးနော်၊ နာသွားလား"

"ဟင့်အင်း"

အိမ်ကလေးက ခေါင်းခါပြီးရုန်းသည်၊ ဝဋ္ဌာက မလွှတ်ဘဲ ဖေ





လျက်နှင့် အတူတူထိုင်ချလိုက်၏။ ကန်ပေါင်က တော်တော်နိမ့်ကျ
တာ ခပ်လှမ်းလှမ်းမှာဆိုလျှင် ကျင်းချိုင့်ကြီးလို ဖြစ်နေတာရှိသည်။

ထိုနေရာသည် ကလိုင်ကြီးလိုဖြစ်နေပြီး စုံတွဲတစ်တွဲ အဖြစ်သည်း
ကာ ဧဧစေကြည့်ရဲစရာပင်မရှိ။ အင်းလျားကန်ပေါင်ကို ချစ်သူနဲ့ သူမ
ဖူးပါသည်။

ဒါပေမယ့် ဒီလိုအကျည်းတန်စေသည့် သရုပ်ပျက်စရိုက် မျိုးတော့
တီးနဲ့ဖူးပေ။ မြင်လိုက်တာနှင့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားကာ
ဖက်ထားသည့်လက်တွေကိုလည်း အတင်းဖြုတ်ခါရုပစ်လိုက်မိ
ည်။

စွပ်စွဲမည့်သူမရှိသော်လည်း လုံခြုံနိုင်သည့်စိတ်က ညှိ ထံသို့
တ်ခနဲပြေးသွားခဲ့၏။ ဒီလိုနေရာမျိုးကိုရောက်လာခဲ့သည့်အတွက်
ယ့်ကိုလည်း၊ ဒီလိုပြုမူနေထိုင်မှာပဲဟု လင်သွားမှာ မြေကြီး လက်
တ်မလွဲပင်။

ရှက်သည့်စိတ်နှင့် အိမ်ကလေး ထ ရပ်လိုက်ပြီးသားဖြစ်သွား၏။

"ဟာ အိမ်ကလေး"

"ဖယ်ပါ"

ဝဋ္ဌာက အိမ်ကလေးလက်ကို ပြန်ဆွဲချသည်။ မရတော့ သူပါ
ကိုက်ထရပ်တာ ...

"ငိုနေတဲ့ကလေးကို စိတ်ပြောင်းသွားအောင်ချော့နေရသလိုပဲ
ခ်ကလေးရာ၊ ခုပဲထိုင်တယ် ဘာဖြစ်လို့ ပြန်ထလာတာလဲ"

"ဒီနေရာကြီးမှာ မထိုင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ အနီးအနားမှာ ခုတန်းတွေမှမရှိတာ"

"လမ်းလျှောက်မှာပေါ့"

"အိမ်ကလေးရာ"

ဝဋ္ဋာမျက်နှာ ရှုံ့တွညိုပုပ်နေ၏။ ကိုင်ထားမိသည့် လက်ကလေး
မချင့်မရဲ ဖျစ်ညှစ်ပစ်မိရင်း ပါးစပ်တပြင်ပြင်ဖြစ်နေခဲ့သည်။ ဘာမှလည်း
ပြောလို့မထွက်။

ရင်ထဲမှာ စကားလုံးတွေ ပြည့်သိပ်နေခဲ့၏။ အမှတ်တမဲ့တွေ
အမှတ်တရတွေ ခန့်ချင် ရှဲ့ချင်တာတွေလည်းရှိခဲ့ဖူးသည်။ တကယ်
တမ်းကျတော့ သူ့မှာပဲ ပဲ့ဖို့ ရှဲ့ဖို့တွေဖြစ်လာခဲ့၏။ သူ ဝဋ်လည်ပြီ ထင်၏
သီချင်းအိမ်ဆိုသော သူမ၏အိပ်မှာ မရည်ရွယ်ဘဲ ယစ်မူးသွား
သည်။ ပန်းဆိုတာ နူးယူနမ်းရှိုက်ဖို့အပြင် တခမ်းတနား ကိုးကွယ်ထိုက်
သည့်အရာမဟုတ်ဟူသော သူ့ရဲ့ဒဿနတွေ လမ်းကြောင်းမှားကုန်ပြီ
ထင်သည်။

အရှုံးမပေးလိုပေမယ့်လဲ သူ မနိုင်တော့ဘူးဆိုတာ သေချာနေပြီ
ဖြစ်၏။

"အိမ်ကလေး ... မင်းကို တို့ တကယ်စွဲလမ်းနေခဲ့တာ"

တိုးတိတ်စွာပြော၍ သူမထံမှ ကြည်ဖြူခြင်း၊ မကြည်ဖြူခြင်းကို
ဂရုမစိုက်မိတော့ဘဲ ဝန်းလေးကို ဆွဲဖက်ပစ်လိုက်သည်။

အရှိန်နှင့်ပါလာသည့်ကိုယ်လေးကိုပွေ့ကာ စောစောကအတိုင်း ပုးကပ်
ယိုင်ချလိုက်ပြီး ...

"ယာမာ... နင် ..."





မျက်လုံးထဲမှာ ပြာမှိုက်သွား၏။ လူမရှိသူမရှိ အကာအကွယ် တစ်စုံ
တစ်ရာရှိသောနေရာမဟုတ်။ စောစောစုံတွဲ၏ အဖြစ်မျိုးအတိုင်း
သည် သူမ ဘယ်လိုမှရုန်းမရအောင် အတင်းအကျပ်ဆွဲရှုပ်ထား
...

"ယုတ်မာတဲ့ကောင်"

တအားဆောင့်ရုန်းပစ်လိုက်မိကာ သူ့ရင်ခွင်ထဲကနေ အနည်းငယ်
ခွာသွားမိသည်နှင့် အိမ်ကလေး၏လက်တစ်ဖက်က အားရှိပါးရှိ
ရောက်တက်သွားသည်။

"ဟာ ..."

ချစ်သူကိုနမ်းမိခြင်းအတွက် ဤသို့ ပြန်လည်ပေးဆပ်ရမည်ဟု
ဘယ်လိုမှ ထင်မထားခဲ့ပေ။ မျက်နှာတစ်ခုလုံး လည်ထွက်သွားကာ
ခေါင်းခနဲ့မီးပွင့်သွား၏။

"အဲဒါ မှတ်ထား။ ငါက နင်ထင်သလို ပေါ့ပြက်တဲ့မိန်းမ မဟုတ်ဘူး။
နင့်ကို ယာမာလို့သဘောထားနိုင်အောင် ငါက မိန်းမမိုက်ဖြစ်ခဲ့ပြီး ကြိုး
စားခဲ့တာ သိရဲ့လား။ နင်က တကယ်တော့ ဝဋ္ဋာက ဝဋ္ဋာပဲ၊ ယာမာမှ
မဟုတ်တာ၊ ဟုတ်လာဖို့လဲ မရှိဘူး။ နင်နဲ့ငါ ဒီနေရာမှာ ပြီးပြီ"

"အိမ်ကလေး"

"ဖယ်နော်"

"ခဏနေပါဦး၊ မင်း အဲဒီလို ပြောချင်ရာပြောပြီး ထွက်သွားလို့
မရဘူး"

အိမ်ကလေးက ရှောင်သည်။ ဝဋ္ဋာက အိမ်ကလေး ခြေလှမ်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း လိုက်ဝိုင်ငေါ်ထား၏။

"ဖယ်"

သူ့ရင်ဘတ်ကိုဆောင့်တွန်းပစ်လိုက်တော့ ဝဠာက ထိုလက်ကလေးတွေကို ဖမ်းဆွဲထားလိုက်သည်။

"ဖယ် လွှတ်နော်"

"အိမ်ကလေး... မင်း... မင်း တကယ်ရက်စက်တယ်နော်"

"မသိဘူး သွား"

အိမ်ကလေး ဖွတ်တရွတ်ရုန်းလေ သူ ဖိဆွဲထားမိလေဖြစ်လာ ကာ...

"မင်းက ယာမာလိုသဘောထားခဲ့ပေမယ့် တို့က သီချင်းအိမ် ဆိုတဲ့ မိန်းကလေးကို ချစ်နေခဲ့တာ၊ မင်းရဲ့နှလုံးသားအစားထိုးလောင် စာကို ကျေကျေနပ်နပ် ကျွမ်းလောင်ခံပေးခဲ့တာလဲ သိပ်ချစ်မိခဲ့လို့ပဲ၊ အေး မှင်းယုံအောင်ထပ်ပြောလိုက်မယ်၊ တို့က ယာမာတော့ ဖြစ်မလာ နိုင်ဘူး ဒါပေမယ့် ယာမာရဲ့အစ်ကို"

"ဟင် ..."

"ဖအေတူ မအေကွဲ ညီအစ်ကိုတွေ"

"ယာမာက ..."

"တို့ရဲ့ညီပဲ"

အိမ်ကလေး၏ မြောက်တက်လာသည့်လက်ညှိုးလေးက ဝဠာ မျက်နှာထံသို့မရောက်ခဲ့ဘဲ ပြန်၍ပြုတ်ကျသွားခဲ့၏။ မယုံနိုင်သည့် နှုတ်ခမ်းသားတို့က မယုံဘူးလို့ တတွတ်တွတ်လှုပ် ခတ်ပြောနေသော်လည်း ဘာသံမှထွက်မလာခဲ့ပေ။





ဝဠာ့မျက်နှာကလည်း အနိုင်နဲ့ပိုင်း၍ပြောလိုက်တာမျိုးမဟုတ်ဘဲ ကြေကွဲသော မချိတဲရှိနှုတ်ခမ်းတို့က မပြောလိုတော့သလို ဖိပိတ်သွား သိုက်၊ လွန့်ခနဲလှုပ်ခတ်သွားလိုက်နှင့်...

"မင်းကို တို့က သိနေပြီးသားပါ။ ရန်ကုန်ကို အလည် တစ်ခါ ရောက်တော့ သူ့အမေနဲ့ကိုယ့်အမေက ရန်သူလို ဖြစ်နေပေမယ့် ယာမာနဲ့တို့က ခင်ကြတယ်၊ မင်းနဲ့ မိတ်ဆက်ပေးမယ်လို့ပြောပြီး ချိန်း တဲ့နေ့မှာပဲ တို့ မန္တလေးကို ပြန်လာခဲ့ရတယ်၊ ဒါပေမယ့် မင်းကို တို့ မြင်ဖူးခဲ့တယ်၊ ယာမာ ဆုံးသွားတော့လဲ မလာဖြစ်ခဲ့ပေမယ့် ဘာကြောင့် သေသွားတယ်ဆိုတာကို ကြားတယ်၊ သိပ်မကြာပါဘူး မင်း ဒီဘက်ကို ရောက်လာတာမြင်တာပဲ"

အိမ်ကလေးသည် ဝဠာ့မျက်နှာနှင့် ယာမာ နှစ်ယောက် ယှဉ် လျက် မြင်ယောင်နေသည်မှလွဲ၍ တစ်လောကလုံးကို မေ့လျော့သွား ခဲ့၏။

ထို့ကြောင့် ကားဘေးကနေ စက်ဘီးနဲ့ကပ်ဖြတ်သွားတုန်း ဖျတ် ခနဲ လှည့်ကြည့်မိရုံနှင့် နောက်ကနေ တကောက်ကောက် လိုက်နေခဲ့ သည့် အဖြစ်ကိုပါ နားလည်လာခဲ့သည်။ မျက်ဝန်းမှ မျက်ရည်စက်တို့ တအိအိ ပြည့်တက်လာကာ တလိမ့်လိမ့် ကျဆင်းလာခဲ့ရင်း ...

"ဒါ...ဒါဆို ယာမာ... ဝဠာက အိမ်ကလေးကို အပြုံးနဲ့ချဉ်းကပ်ခဲ့ တာပေါ့"

"မဟုတ်ဘူး"

ဝဠာ ဝန်ခံလိုက်လို့မဖြစ်ပါ။ အိမ်ကလေးက စိတ်ဝေဒနာသည် လေး ဖြစ်သည်။ သူ ခေါင်းညိတ်လိုက်တာနှင့် နောက်ထပ် ရှင်းပြဖို့တွ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှိရှိ နားဝင်တော့မှာမဟုတ်တာ သေချာသည်။

"မင်းကို တို့ချစ်ခဲ့တာက သမ်သပ်ပါ"

"မဖြစ်နိုင်ဘူး"

သူထင်တာထက် အိမ်ကလေးက ပိုတော်နေသည်။ မျက်ရည်တွေ စိုလူးလျက်နှင့် ခေါင်းတွင်တွင်ခါနေသည့်မျက်နှာလေးက ကြည့်ရက်ဖွယ်မရှိ။ ထို့နောက် ရှိုက်သံမပွင့်တပွင့်နှင့် သူ့ကိုမေးမောကာ ...

"ဘာမှမဆိုင်ကြဘဲနဲ့ ..."

နောက်ထပ်စကားဆက်ဖို့ နှုတ်ခမ်းလေးဟနေရင်း အင့်ခနဲရှိုက် ၏။ ထိုရှိုက်သံလေးမှာပဲ သူမ၏အသိတရားတို့က ခန္ဓာကိုယ်မှ လွင့်ထွက်ပျောက်ကွယ်သွားခဲ့ပြီ။

"အိမ်ကလေး"

ဝဠာ အလျင်အမြန် ပွေ့ယူလိုက်သော်လည်း အိမ်ကလေးသည် သူ့လက်ထဲမှာ ခွေခေါက်မေ့မြောသွားခဲ့ပြီဖြစ်လျက်...





## အခန်း (၁၉)

နေမကောင်းဘူးဆိုတော့ ဖြင်ဦးလွင်ကို ပြန်ရောက်သွားခဲ့သည်။ ဒါပေမယ့် ညီတစ်ယောက်မှလွဲလျှင် ဘယ်သူနဲ့မှ စကားမပြော၊ အခန်းထဲကိုလည်း အဝင်မခံခဲ့ပေ။

"ယာမာနဲ့ဝဠာ ပတ်သက်နေကြတာကို ဦးညီ မေမေတို့ကို လုံးဝ ပြန်မပြောပါနဲ့နော်"

သတိရရချင်း ဒီစကားနှင့် ပိတ်ပင်ခဲ့သည်။

အခက်ကြီးခက်နေသူက ညီပဲဖြစ်၏။ အိမ်ကလေးကို သူ ဝဠာ့လက်ထဲကနေ ကစားစရာလုယူသလို ပြန်လုခဲ့ရသည်။ လက်သီးတွေ ဒူးတွေ ပါကုန်ကြတော့မလို့ တည်းတည်းလေးမှာ ဘေးကစုံတွဲတွေ ဝင်ပါလာကြသဖြင့် နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်ခဲ့ကြခြင်း ဖြစ်၏။

သွေးပူနေတုန်းက အကြောင်းမဟုတ်သော်လည်း ပြန်တွေးကြည့်တော့ မိန်းကလေးတစ်ယောက်ကို သူခွဲ၊ ငါခွဲနှင့်ရန်ဖြစ်ခဲ့ရသည့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ရှက်တတ်လျှင် ဆယ်ခါပြန်လောက် လဲသေလိုက်လို့ရသည်။

"သူက ကျွန်တော့်ချစ်သူ၊ ကျွန်တော်နဲ့နေရမှပျော်မှာပါ။ ခင်ဗျား ပြန်ပါ"

အိမ်ကလေးကို မတ်တတ်ရပ်လျက်လေးမှီနေသလို ပွေ့ဖက်ထားကာ ဝဋ္ဋာက သူ့ကိုနှင်လွှတ်၏။ ခါတိုင်းဆို သူ့အရိပ်မြင်လိုက်တာနှင့် ပြန်လိုက်ဖို့ အိမ်ကလေးက ခြေလှမ်းပြင်ပြီးသားဖြစ်နေတတ်ပေမယ့် ခုကျတော့ သတိလစ်နေခဲ့သည်မို့ သူ့ဘက်က ပြောအားမရှိ။

ဘေးလူတွေအမြင်မှာ ဝဋ္ဋာနဲ့ နှစ်ယောက်တည်းအတူ ချိန်းတွေ့နေခဲ့သည့်ချစ်သူဆိုတာ သက်သေပြုထားသလို ဖြစ်နေခဲ့၏။ အစ်ကိုလို မောင်လို ပိုင်စိုးပိုင်နင်း ဆွဲလွဲခေါ်ဖို့ကျတော့လည်း ဝဋ္ဋာ့ စကားတွေက မိုက်ရိုင်းလွန်းသဖြင့် အိမ်ကလေးနဲ့ သူ ဘာမှမသက်ဆိုင်မှန်း အားလုံးက သိသွားကြပြီဖြစ်သည်။ ဘေးကျပ်နံကျပ်ဖြစ်နေဆဲမှာ သူ ခြိမ်းခြောက်ပြောလိုက်တော့မှ ဝဋ္ဋာ့အံကြိတ်ထားလိုက်ပြီး လျှော့ခဲ့သည်။

ဒါတွေကို အိမ်ကလေးကတော့ ဘာမှမသိခဲ့ပေ။ ယာမာနှင့်ဝဋ္ဋာ ညီအစ်ကိုတော်ကြသည့်အကြောင်းပြောပြရင်း တက်မတတ် ချက်မတတ် ဖြစ်လာပြန်သဖြင့် ပြောသမျှကို နားထောင်ရုံသက်သက်ဖြင့်သာ ပါးစပ်ပိတ်နေခဲ့လိုက်သည်။

ဘယ့်နှယ်ကြောင်း ကံကြမ္မာကောက်ကြောင်းက ရန်ကုန်ကနေ မန္တလေးထိ ကောက်ကွေ့ကြောင်းများဖြင့် ဆက်နွှယ်နေခဲ့ရတာလဲ။

"ဦးညီ ဘယ်လိုထင်လဲဟင်၊ ဝဋ္ဋာက အိမ်ကလေးကို သူ့ညီအတွက် မကျေနပ်လို့ ချဉ်းကပ်လာတာမဖြစ်နိုင်ဘူးလား၊ သူ့ညီကို သေစေခဲ့တဲ့





မိန်းမဆိုပြီး ရေမက တွယ်ကပ်နေခဲ့တာ မဟုတ်လားဟင်"

သူ ချက်ချင်းပြန်မဖြေနိုင်။

ပြီးခဲ့တာက ဖြစ်နိုင်သည်။ မရိုးသားစွာချဉ်းကပ်ခဲ့တာလား၊ တကယ် စိတ်ဝင်စားလို့ဆိုတာလည်း သူ သေချာမပြောနိုင်။

ဒါပေမယ့် ခု တကယ်ချစ်နေသည်ဆိုသည့်အဖြစ်ကတော့ လက်ခံနိုင်ဖွယ်ရှိနေတာအမှန်ပင်။ ဝဋ္ဋာ့မျက်လုံးထဲမှာ လောဘတွေရှိနေ၏။ ထိုလောဘတွေဟာ အချစ်ကိုလိုချင်နေတာလား၊ စည်းစိမ်ဥစ္စာကိုလား ဆိုတာတော့ သူ့ကိုယ်သူပဲ သိလိမ့်မည်။

'အထည်ကြီးဗျက်'၊ 'လူရှုပ်လူပွေ'၊ 'တကယ့်သူဌေးမဆိုတဲ့ အမျိုးသမီးတွေကိုမှန်းတာ' စသည်၊ စသော ဂုဏ်ထူးဘွဲ့ထူးများနှင့် ဝဋ္ဋာ့ လိုလူကို လူရိုးလူကောင်းလို့ ဘယ်လိုကင်ပွန်းတပ်မလဲ။

ထို့ပြင် သူ့အလုပ်က ဝဋ္ဋာနဲ့ သူမကို စေ့စပ်လက်ထပ်ပေးဖို့မဟုတ်ပေ၊ ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် သူ ကြိုးပမ်းဖို့မလို။

"မင်း ဦးနှောက်တွေကောင်းပါသေးတယ်၊ အားလုံးကို ဆက်စပ်ကြည့်ပေါ့"

မုသားမကင်းနိုင်သော်လည်း မဟုတ်တမ်းတရမ်းပြောတာမျိုး မဖြစ်အောင် ခပ်ဖော့ဖော့ပြောလိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် ဝဋ္ဋာနဲ့မင်း အိပ်မက်အဖြစ်နဲ့ပဲ ဆုံစည်းခွဲခွာလိုက်တာ ကောင်းတယ် အိမ်ကလေး၊ လက်တွေ့ပေါင်းကြဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူး"

အိမ်ကလေးသည် မျက်ရည်တွေ တပေါက်ပေါက်ကျဆင်းနေ လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ငင်ငိုကြွေးခြင်းလည်း မပြု။ ထိုစဉ် ဒေါ်မိုးသဲ ရောက်လာ သည်။ ဝင်လာမည်ဟု အပြင်ကနေ အသံတွေထွက် ပေါ်လာသည်။

အိမ်ကလေး၏မျက်ဝန်းတွေက ပိတ်ထားသည့်တံခါးဆီ ရောက်သွားလျက် ...

"ဘယ်သူမှမလာပါနဲ့၊ အိမ်ကလေး ဦးညီနဲ့ စကားပြောနေချင်လို့"

ဒေါ်သသိလေးနှင့် လှမ်းအော်သည်။ ညီ ပင့်သက်ရှိုက်လိုက်မိ၏။ မလွယ်တာကတော့ တကယ့်ကိုမလွယ်တော့ပေ။

ဆက်နဲ့သူ လက်ထပ်ကြဖို့အတွက်က ခုမှ ပြန်၍ အသက်ဝင်လာတာဖြစ်သည်။ အစစသည်းခံခဲ့သည့် ဆက် ကို သူ ညာတာရမည်ဆိုသော အသိက ရှိနေလျက်နှင့် ကိုယ့်ဘက်မှာ လုပ်ငန်းပိုင်းနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးနေရသည်မို့ တွေဝေနေခဲ့ မိ၏။

ခုတစ်ခါ ကိုယ့်လုပ်ငန်းချည်းပဲမဟုတ်တော့ဘဲ အိမ်ကလေး၏ ပြဿနာထဲကိုခေါင်းလျှိုထမ်းလိုက်မိသည့်အဖြစ်ကြောင့် နောက်ထပ် တွေဝေဖို့တွေရှိခဲ့ပြန်ပြီ။ ဆက် ကတော့ ပြန်သွားပါပြီ။ သူမမှာ အလုပ်က ကြာကြာခွင့်ယူလို့မရ။

"မောင် ခဏဖြစ်ဖြစ် ပြန်လိုက်ခဲ့ပါကွာ၊ ဒီတစ်ခါတော့ လိုက်လျော ဖူးတယ်ရှိအောင် ခေါင်းညိတ်လိုက်စမ်းပါ။ ဟိုပြန်ရောက်ရင် ကိုယ့်ရဲ့ ဆရာသမားနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို မြင်ပြီး မောင့်စိတ်တွေ ပြန်ပြီး အသက်ဝင်လာမယ်၊ မောင့်ရဲ့ ပစ္စုပ္ပန်ကို မောင် ပိုင်လာမယ်၊ ဒီလို သပ်သပ်ကြီးခွဲထွက်နေတာ ကြာလေ သွေးအေးလေဖြစ်ပြီး ဆက်နဲ့ မောင်တို့ ဝေးကြရမှာပဲ"





ဟု မပြန်ခင် တဖွဖွပြောသွားခဲ့၏။

"မောင် လိုက်ခဲ့နော်၊ ဘယ်နေ့လာမလဲ"

ဆိုသည့် မေးခွန်းတွေ၊ ပြီးတော့...

"လာမယ်ဆိုမှ ဖုန်းဆက်ချင်တာလား။ ဘာလဲ သူများ ရင်ခုန် အောင် ထွင်ဦးမလို့လား၊ ဘာလဲ ဖြေကွာ"

စသည့် မဖြစ်မနေ ခေါင်းညိတ်မိသွားစေသည့်မေးခွန်းများနှင့် ကတိတွေ ရအောင်ယူသွားခဲ့သည်။ သူ ရန်ကုန်ကိုပြန် ဦးမှာပါ။

လက်ထပ်ဖြစ်ဖို့၊ မဖြစ်ဖို့ရယ်၊ ခဏတာပြန်ခြင်းလား၊ တစ်သက် တာဖြစ်ဖို့လားဆိုတာကတော့ ဟိုရောက်မှပဲ အခြေအနေက ဆုံးဖြတ် သွားမှာဖြစ်၏။ လောလောဆယ် အိမ်ကလေး ရှေ့ကနေ သူ တစ်ဖဝါး မှ ထ,ခွင့်မရသေးသည့်အဖြစ်ကလွဲ၍ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ညှို့သည်တွေလာသွားသည်ဆိုကတည်းက သူတွက်လိုက်မိ သည် အပြင်ထွက်လာခဲ့တော့ ဦးကောင်းနှင့်ဒေါ်ချယ်ရီတို့က ထိုင်ပင် မထိုင်ကြသေးဘဲ သူထွက်လာတာကို စိတ်လောကြီးစွာ မတ်တ ရပ်စောင့်နေကြ၏။

"အန်ကယ်တို့ ထိုင်ကြပါ။ ဘာများအကြောင်းထူးလို့လဲ"

"အကြောင်းကတော့ကွယ် နှ..."

ဦးကောင်းက ဆက်တီခုံမှာ လေးဖင့်စွာထိုင်လိုက်ပြီးမှ စကာ တစ်ပိုင်းတစ်စနှင့် သက်ပြင်းချသည်။

"သမီးရဲ့ဆရာဝန်ဖြစ်နေတော့ ကိုယ်ရေးကိုယ်တာကိစ္စပေမယ့် မပြောလို့မဖြစ်တော့ဘူး။ ပြီးတော့ ဒေါက်တာ့မှာလဲ ကိုယ့်အရေးနဲ့ကို ရှိနေမှန်းသိတော့ အားနာပါတယ်"

"ပြောပါ အန်ကယ်၊ ဒီလောက်ထိ အားနာရမယ့်လူတွေ မဟုတ် ဘူး။ ဘာဖြစ်လို့လဲ"





"ဒီလိုပါ သား ..အဲ .. ဒေါက်တာ"

"ရပါတယ်၊ ပြောပါ အန်တီ"

ပြောရေးဆိုခွင့်ရှိလာတော့ ဒေါ်ချယ်ရီက သူမပဲပြောဖို့ စကားလုံး ပြင်ဆင်သည်။ သမီးနဲ့ပတ်သက်သည့်အရေးဟာ အဓိကအားဖြင့် ှင့်သာ သက်ဆိုင်သည်မို့ ...

"သမီးလေးနဲ့အန်တီတို့ရဲ့ အနေအထားကို ဒေါက်တာ သိသင့် သာက် သိပြီးပြီဖြစ်လို့ တိုင်ပင်ချင်တာပါ။ အခု သမီးလေး အခန်း င်းပြန်ပြီ၊ သူကြီးကြီးနဲ့ ဒေါက်တာကလွဲပြီး တခြားဘယ်သူနဲ့မှ တွေ့ မခံဘူး။ ဟိုတုန်းကလို မစားမသောက်ဘဲ ပါးစပ်ပိတ်နေတာမျိုး တ်ပေမယ့် ချက်ချင်းကြီး ပြန်ပြီးမှိုင်ကျသွားတာကို မယုံနိုင်ဘူး"

ဒေါ်ချယ်ရီ ဘာပြောချင်နေတာလဲဆိုတာကို ညို ခန့်မှန်းလို့မရ ပေ။ ဦးကောင်းမျက်နှာကြီးငုံ့၍ ဘာမှမပြော တော့ဘဲနေတာ တော့ ထူးခြားနေပါ၏။

"အန်တီတို့က သမီးလေးအတွက်ဆိုရင် အားလုံးလိုက်လျောကြဖို့ င်သင့်ပြင်ထားကြရတဲ့သူတွေပါကွယ်၊ ငါတို့ကြောင့် ဆိုတဲ့ ါနောင်တမျိုး နောက်ထပ်မရချင်တော့လို့ပါ၊ လိုရင်းကို ပြောရ ခိုရင် ယာမာကိုစွဲလမ်းပြီး ဟိုကောင်လေးကိုတမ်းတနေတာဟာ ဒီတို့ကို ချုပ်ချယ်တယ်ထင်ပြီး အရွဲ့တိုက်ချင်တာသက်သက်လို့ပဲ တယ်"

စကားရပ်ပစ်ပြီး ဒေါ်ချယ်ရီက ညိုကို အကဲခတ်သည်။ ပြီးမှ ဘ်ဝန်းတို့ကို အနည်းငယ်တိမ်းဖယ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အခု ပြန်ပြီးခွေကျသွားတာ ဝဠ္ဍာကြောင့်လား၊ ဒါမှမဟုတ် ..."

မျက်လုံးတွေက သူ့ထံသို့ ပြန်ရွေ့လာသည်။ တစ်စုံတစ်ရာကို ညီ စိတ်ထဲမှာ ခံစားမိလိုက်လေသည်။

"အန်တီတို့ထင်တာ မှားတယ်ဆိုရင် တောင်းပန်ပါတယ်၊ သမီး လေ တကယ်တမ်းတွယ်တာနေတဲ့သူဟာ ဒေါက်တာပဲလို့ ..."

"ဗျာ ..."

"ဒီလိုပါ ဒေါက်တာ၊ ဒေါက်တာ လက်ထပ်ဖို့ ရန်ကုန်ပြန်မယ်ဆိုတဲ့ သတင်းကို ကြားပြီးမှ ..."

"ဟာ ... အဲဒါက ဟုတ်ပေမယ့် ဖိုဟာက မဟုတ်ဘူး"

စိတ်ထဲမှာ ပူထူကာ စကားများလည်း ရှုပ်ထွေးကုန်၏။

"အိမ်ကလေးက ..."

ဟု ပြန်စလိုက်ပြီး ဘာဆက်ပြောရမှန်းလည်းမသိ၊ ဝဠ္ဍာနဲ့ဘယ်လို ငြိတွယ်ခဲ့တာ၊ ပြဿနာဘယ်လိုရှိနေတာတွေကို သူ ဘယ်လိုရှင်းပြရ မလဲ။

အားလုံးကို ပြောချိန်တန်လျှင် ပြောဖို့၊ ရှင်းဖို့ဆိုတာ ရင်ထဲမှာ ရှိပြီးသားပင်။ ဒါပေမယ့် အိမ်ကလေး၏စိတ်ကို သူ အတိအကျ မဝေခွဲ ချင်သေးလို့ အချိန်ကိုစောင့်နေတာဖြစ်၏။ ထိုပြင် ဟိုနေ့က ဝဠ္ဍာနဲ့ အိမ်ကလေး အဆင်မပြေဖြစ်ကြသည့် ပြဿနာမှာ အိမ်ကလေးက ဘယ်လိုတုံ့ပြန် ပြောဆိုခဲ့သည်ကို မသိသော်လည်း ဝဠ္ဍာ တော်တော် ကြီးခံစားသွားရတာက သေချာ၏။ ထိုပြဿနာကြောင့် အိမ်ကလေး





ထဲမှာ ဝဠ္ဍာ အပြီးအပိုင်ပျောက်ကွယ်သွားဖို့တွေလည်း ရှိနေတာမို့ ကြည့်ဖို့တွေ ရှိသေးသည်။

ညီ စိတ်မညစ်စဖူးညစ်ကာ လူကြီးတွေ အထင်လွဲနေခြင်းကို တတ်ဖြစ်နေ၏။ ဝဠ္ဍာနဲ့ကိစ္စကို ပြန်မပြောပါနဲ့ဟု အိမ်ကလေးက သား၏။ ပြီးတော့ သူလည်း ဒါတွေကို မပြောပြချင်သေးပါ။

ဿမာနဲ့ဝဠ္ဍာ ညီအစ်ကိုဖြစ်နေတာတွေအထိ ဘယ်လိုလုပ်ပြော ကိုယ်က စလိုက်မိ၍ ဝဠ္ဍာနဲ့ချစ်သူတွေဖြစ်ကြတဲ့အထိ အခြေ ကိုက ကိုယ့်မှာ အပြစ်ကြီးနေပြီဖြစ်၏။

လိမ်ညာလှည့်ဖြားချင်လို့တော့ မဟုတ်ပေ။ ဒါကို မပြောဘဲ မျှိုသိပ် တာက အခြေအနေကို အကောင်းဆုံးပုံစံနဲ့ ပြီးဆုံးသွားအောင် ဘာသာ ဖန်တီးသွားချင်လို့ပင်။

ခုတော့ ရှင်းရခက်ကုန်လေပြီ။

"အန်ကယ်တို့ပြောတာကို ခဏလေးနားထောင်ပေးပါ"

ဦးကောင်း၏ တည်ငြိမ်သောစကားသံကြောင့် ညီ့အတွေးတွေ တန့်သွားကြ၏။

"မနေ့ညက ထမင်းစားဖို့ တံခါးဖွင့်နိုင်းတော့ ထမင်းအကြောင်း ပြာဖြစ်တဲ့ ဦးညီကိုခေါ်ပေးပါလို့ ပြောတယ်၊ ငိုနေတာမြင်လို့ မေး တိုင်း ဒေါက်တာလာသေးလား၊ သူ ဆီကိုမဝင်ဘဲ ပြန်သွားတာ ခေါ်ပေးပါဆိုတာတွေ ရုံလို့ပါပဲ"

ဖအေတစ်ယောက်အနေအထားကနေ မျက်နှာကြီးနီနီနှင့် ပြော ရှာသော ဦးကောင်းကို မြင်ရသဖြင့် ညီ ခေါင်းခါဖို့တွေကို ပြန်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလိုက်မိသည်။ သူ အပြင်းအထန်ငြင်းနေလျှင် ဦးကောင်း ရှက်ရွံ့ သိမ်ငယ်သွားနိုင်၏။

"သူ ငိုငိုနေတာ နှစ်ရက်ရှိပြီ၊ ဒေါက်တာလက်ထပ်မယ့် မိန်း ကလေး ရောက်လာတဲ့သတင်းကို အန်ကယ်တို့လဲ ကြားပါတယ်၊ အဲဒီ နောက်ပိုင်းမှာ သမီး ဒီလိုခွေကျသွားခဲ့တာဟာ တိုက်ဆိုင်တာဆိုရင်တောင် သူ စိတ်ပြန်ပြီး ထူမတ်ပြောင်းလဲလာအောင် ဒေါက်တာ စွမ်းဆောင်နိုင်မှာ ပါ။ အားမနာတမ်း မရှက်မကြောက်ပြောရရင်တော့ အန်ကယ်တို့ ထင်သလို ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘူးဖြစ်စေ ဒေါက်တာ လောလောဆယ် လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုရင် ခဏလေးဆိုင်းပေးပါ"

"ဟုတ်ပါတယ်"

လိုချင်တာက ဒါပဲအဓိကလိုရင်းဖြစ်လိမ့်မည်။ ဒေါ်ချယ်ရီက အားတက်သရော ရှင်းပြချင်ဟန်နှင့် ....

"လူမှုရေးနားမလည်တာမဟုတ်ပါဘူး ဒေါက်တာ၊ ယုံကြည်လို့ပါ သမီးလေးက ဝေဒနာသည်လေးဖြစ်နေတော့ သူ့စိတ်က နီးစပ်တဲ့အတိုင်း ယိမ်းနွဲ့ ခင်တွယ်နေတာဆိုရင်တောင် ဒေါက်တာ့ဘက်က ရိုးသားတယ်ဆိုတာကို ယုံပါတယ်၊ အခုပြောတာက သမီးလေးဟာ ဒေါက်တာကုသပေးနေတဲ့ လူနာပါ၊ သူ့ ကျန်းမာရေးလေးကိုငဲ့ပြီး သူ့ စိတ်မထိခိုက်အောင်၊ အချိန်အတိုင်းအတာတစ်ခုထိ အလိုက်အထိုက် လေး နေပေးရုံပါပဲ၊ အဲဒီအတွက် အန်တီတို့ လာခဲ့တာပါ"

"ဒေါက်တာ ရောက်မလာတဲ့ ဒီရက်ပိုင်းလေးမှာ သမီး ဘယ်





လောက်ထိ ရုပ်ပျက်ဆင်းဖျက် ချုံးကျသွားသလဲဆိုတာ တစ်ချက်လောက် လာကြည့်ပါကွယ်"

ဦးကောင်းကပြောလိုက်၊ ဒေါ်ချယ်ရီက ထောက်ခံဖြည့်စွက်လိုက်နှင့် ဝါကျတွေ တစ်ကြောင်းပြီးတစ်ကြောင်း ပြည့်စုံစွာထွက်လာနေသည်။ သို့သော် အဓိပ္ပာယ်တွေက မှားယွင်းနေခဲ့၏။

ညီ ဘယ်လိုပြောရမှန်း မသိတော့ပါ။ သူတို့ထင်နေသလို ကိုယ့်ကို တကယ်တွယ်တာနေတာဆိုလျှင်တော့ တစ်မျိုးဖြစ်နိုင်သည်။ ခုဟာက ဝဏ္ဏနှင့်ပတ်သက်ပြီး ကိုယ်ပဲသိနေတာဖြစ်ကာ ကိုယ့်ကိုပဲ သူမက တိုင်ပင်ပြောဆိုနေတာမို့ အချိန်တိုင်း အနားမှာရှိစေချင်တာမျိုး။ ပြောပါ တိုင်ပင်ပါဆိုပြီး နေပေးလိုက်ဖို့ကျတော့လည်း ဒီပြဿနာ ကြီးထွားလာရင် အားလုံးသွားပြီ။

"သမီးလေးစိတ်ချမ်းသာအောင် အရင်လိုပဲ အပြင်မှာ သွားလာနေစေချင်တယ်၊ အဲဒီလိုသွားဖို့လဲ ဒေါက်တာနဲ့ဆိုမှ စိတ်ချလို့ရမှာပါ၊ ချက်ချင်းပြတ်တောက်သွားတာနဲ့စာရင် သူနားလည်အောင်၊ နေတတ်သွားအောင် ဒေါက်တာက သေချာပြောပြရင်းနဲ့ပေါ့"

"ကျွန်တော်က ချက်ချင်းသွားမှာလဲ မဟုတ်ပါဘူး၊ ဒါပေမယ့် ...."

ဆက်ပြောမည့်စကားက ဝဏ္ဏမျက်နှာကို မြင်ယောင်မိပြီး ထစ်ငေါ့သွားခဲ့၏။ ဟိုတစ်ယောက်က ဖွတ်၊ ဒီတစ်ယောက် ကချွဲချင်သည်။ ချွဲနေရင်း ဖွတ်ဖြစ်ရင်းနဲ့ အခြေအနေကို သူ မထိန်းနိုင်တော့တဲ့အခါ...

"ဒီလိုရှိတယ် အန်တီ၊ ကျွန်တော် လက်ထပ်မယ်ဆိုတဲ့ကိစ္စကို သူ သိတယ်၊ မနေ့တစ်နေ့ကမှသိတာမဟုတ်ပါဘူး၊ မန္တလေးကို ဆက်



www.burmeseclassic.com

ရောက်လာတဲ့အချိန်ကတည်းက သူ့ရှေ့မှာပဲ ကျွန်တော်တို့ ဆုံကြ...

"ဩော် ... ဒါကြောင့် ဒီလောက်ခံစားသွားရတာကိုး"

ဒေါ် ချယ်ရီ ခပ်တိုးတိုးညည်းညူကာ မျက်နှာမှာ သေရာပါဒဏ်...ဖြစ်သွားသူကဲ့သို့ ကြည့်ရဆိုးသွား၏။ ညီ ကတော့ ကိုယ့်နဖူး ...ရိုက်ပြီး သေစမ်းလို့ပင် အော်ချင်သွားမိသည်။ ပြောပြလိုက်တာ...လက်ထပ်ဖို့ ကိစ္စကြောင့် အိမ်ကလေး ယိုင်လဲနေတာမဟုတ်...သိစေချင်လို့ပါ။ ဒေါ် ချယ်ရီ အမိပွာယ်ကောက်သွားတာက တစ်မျိုး...

ရှိပါစေတော့လို့ စိတ်တုံးတုံးချလိုက်သည့်အခါ ရန်ကုန်ကို ဆင်း...ကာလဟာ အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရခြင်းသို့ ဖြစ်လ...အိမ်ကလေးဘေးမှာ သူရှိနေရတော့မည့်တာဝန်ကို အတည်ပြုလို...ခြင်းဖြင့် ပြီးဆုံးလေသည်။





## အခန်း (၂၁)

"မင်းကို ငါတာဝန်မယူချင်တော့ဘူး။ မယူသင့်တော့ဘူးလို့လဲထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းလဲ ငါ့ကို ဆရာဝန်တစ်ယောက်လို သဘောထားပြီး လေးစားနာခံတာမရှိဘူး။ လူနာပုံစံနဲ့နေတာရော ဘာရှိသလဲ"

သူ စပြောလိုက်သည်နှင့် ဖြူဖျော့ဖျော့နှုတ်ခမ်းလေးတွေ လွန့်ခနဲဖြစ်သွားပြီး အိမ်ကလေး က လှည့်ကြည့်၏။

"လူနာလိုနေတာ ကြိုက်လား၊ ခေါင်ကို ကိုယ်မှာတစ်ဝက်ထိတင်ပြီး အိပ်ရာထဲမှာတုံးလုံး ...."

"နေရမယ်၊ အဲဒီလို တုံးလုံးလဲနေတဲ့လူနာကို ပြန်ပြီး ထူမတ်လာနိုင်အောင် ကုပေးရတာလဲ မင်းကို ပြောဆိုမရလို့ ခေါသထွက်ရတာလောက်ခဆိုးရှားဘူး"

ရှေ့ကိုပြန်လှည့်ပြီး အိမ်ကလေး က မဲ့သည်။ ဒီရက်ပိုင်းလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရခြင်းက အိမ်ကလေး၏တစ်ကိုယ်လုံးကို တကယ့်လူမ...
လေး ဖြစ်သွားစေခဲ့တာ သနားဖို့လည်းကောင်းပါသည်။

ဒါပေမယ့် ဤသို့မဲ့ရွဲ့လိုက်သည့် မထီမဲ့မြင်ပုံစံကတော့ အသ...
ယားဖွယ်ပင်။

"ကဲ ပြော၊ အခု အပြင်သွားချင်ပါတယ်ဆိုတာ ဘာလဲ၊ ...
ချိန်းထားပြန်ပြီလား"

အိမ်ကလေး ခေါင်းခါသည်။ ပြီးတော့ ဖုန်းထုတ်ကိုင်ကာ ...

"ခုမှ ခေါ်ရမှာ"

"ဟိတ်"

နည်းနည်းလှမ်းနေတာကို ခြေတစ်လှမ်းထပ်တိုးပြီး ညီ က ...
ကလေးရဲ့ဖုန်းကို ဆွဲယူလိုက်သည်။

"လူကို အဲ့ဒီလောက်လေးစားပြတာ ကောင်းပါတယ်၊ တောက်...

ဒေါသဖြစ်ဖြစ်နှင့် တက်ခေါက်ရင်း ဖုန်းကို ကိုယ့်အိတ်ထဲ ...
ပစ်လိုက်သည်။

အိမ်ကလေးက ထိုင်ရက်ကနေ မထဘဲ မကျေမနပ်လေး ...
ကြည့်၏။ ငိုချင်တော့လည်း ချက်ချင်းပဲ မျက်ရည်တွေပြည့်...
တက်လာလျက် ...

"ဦးညီက ပါဝါပြတာလား"

"ဘာပါဝါလဲ၊ ဘာပါဝါမှ မရှိဘူး။ မင်းကို ငါ အပြတ်ပြော...
အိမ်ကလေး။ အခု မင်း ဒီလိုဖြစ်နေတာ ဝဋ္ဋကို မတွေ့ရမနေနိုင်...
ဖြစ်နေတာလား"





"ဟုတ်တယ်ဆို၊ ဦးညီက ကူညီမှာလား"

"ရိုက်သတ်ပစ်ချင်တာ၊ နောက်မှ ဘာဖြစ်ဖြစ်"

နှုတ်ခမ်းလေးမှာ အပြုံးတစ်စလွင့်သွားကာ မျက်ရည်စက်တို့က
အပြိုင်လိုက်၏။

"ကောင်းတယ်၊ အိမ်ကလေးလဲ အဲဒီလို သတ်ပေးမယ့်သူကို
လိုချင်တာ"

"သေချင်တယ် ဟုတ်လား။ မင်းဟာ မိန်းကလေးတစ်ယောက်
ဖြစ်နေပြီး မိဘအပေါ်မှာတောင်မှ သိတတ် နားလည်မှုမရှိဘူး။ မင်းကို
သေသွားမှာစိုးလို့ အသိမဲ့၊ အရှက်မဲ့အောင် ပျာယာခတ်နေကြတဲ့ မိဘ
တွေကို အချစ်အတွက် ရင်ကွဲနာကျပြပြီး နှိပ်စက်နေတယ်"

"ရင်ကွဲနာကျပြတာမဟုတ်ဘူး ဦးညီ၊ ကျွန်မရင်ဘတ်ထဲမှာ ကွဲ
စရာ၊ နာစရာ ဘာမှကိုမရှိတော့အောင် လောင်ကျွမ်းနေတာ၊ ဘယ်က
စတဲ့မီးလဲ၊ ဘယ်တော့ငြိမ်းမလဲ ကျွန်မ မသိဘူး၊ ဖြစ်ချင် လုပ်ချင်တာ
ဘာတစ်ခုမှ ဖြစ်ခွင့်မရဘဲ စိတ်ပျက်စရာကောင်းတဲ့ လည်ပတ်မှုကြီးထဲ
မှာ လူသေကောင်လို စီးမျောနေခဲ့ရတာ"

"မင်းက ..."

စိတ်လိုက်မာန်ပါနှင့် သူမဘေးမှာ ထိုင်ချတော့မလို့ဟန်ပြင်ပြီးမှ
ကိုယ့်ကိုပြန်မတ်ရသည်။ နှစ်ယောက်ထိုင်ခုံဆိုပေမယ့် သေးသေးကျဉ်း
ကျဉ်းလေးရယ်။

သူ ထိုင်လိုက်တာနှင့် ပခုံးချင်းထပ်သွားမှာပဲဖြစ်၏။

"စိတ်ပျက်စရာတွေ၊ ပျော်စရာတွေကို မင်းရဲ့စိတ်...ပဲဖန်တီးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သေတဲ့လူက သေသွားပြီ၊ သူ နောက်ထပ် မှီတွယ်ရှင်သန်ရမယ့် သန္ဓေတစ်ခုမှာ ဘဝတစ်ခုကို စဖို့ရှိနေပြီ၊ မင်း မရှုံးဘဲနဲ့ အရှုံးအလုပ်တွေနဲ့ သောကတွေကို မွေးမြူနေတာ"

"အိမ်ကလေး ကတော့ ကိုယ့်ကိုယ်ကို အရှုံးလို့ပဲထင်ပါတယ်၊ အဲဒါကြောင့် ဦးညီရဲ့လူနာ ဖြစ်နေတာပေါ့"

"မရှုံးပါဘူး၊ ဒါပေမယ့် ရှုံးဖို့ကြိုးစားနေတာတော့ သေချာတယ်၊ တစ်ခုသိထားရမှာက ရှုံးတဲ့သူဆိုတာ အသိတရားတွေမဲ့ပြီး မျက်လုံးထဲမှာ မြင်သမျှတော်တယ်၊ ကောင်းတယ်၊ သူ့စိတ်ကူးတွေနဲ့သူ ပျော်နိုင်တယ်၊ မရှုံးတဲ့သူကျတော့ မျက်လုံးနဲ့ဆုံးဖြတ်တာမဟုတ်ဘူးလေ၊ ခေါင်းထဲကိုထည့်ရတယ်၊ မရှုံးဘဲနဲ့ ရှုံးချင်တဲ့အတွေးတွေနဲ့ ဘယ်လိုမှ ပျော်နိုင်မှာမဟုတ်ဘူး၊ မင်းကို တကယ့်စိတ်ဝေဒနာရှင်မဟုတ်ဘဲ နစ်မွန်းသွားမှာစိုးလို့ ငါ ကြိုးစားကြည့်ဖို့ ပြင်ဆင်ခဲ့တာ၊ မင်းက ရှုံးချင်နေတယ်၊ ရှုံးတဲ့ ဝေဒနာကိုမှ ခံစားချင်တယ်ဆိုရင် ပြီးတာပဲ၊ ဒါ နောက်ဆုံးပဲ အိမ်ကလေး၊ မင်းနဲ့ ငွေ့ဝတို့ အဆင်ပြေဖို့အတွက် ငါ ထပ်ပြီး အောင်သွယ်လုပ်မပေး နိုင်တော့ဘူး"

"ဘယ်ရမလဲ ဦးညီရဲ့"

အိမ်ကလေး ဒေါသသံလေးနှင့်ပြော၍ လှုပ်လီလှုပ်လဲ့ ထ,ရပ်သည်။ အနားတွန့်လေးတွေပါသည့် အဖြူရောင်စကတ်လေးက ခြေဖမိုးပေါ်ထိ ရွှဲကျနေကာ တီရှပ်လက်ပြတ်အဖြူလေးနှင့် သူမတစ်ကိုယ်လုံးမှာ မျက်နှာလေးက အစပြု၍ ဖွေးဆုတ်ဖျော့ကျလျက်ရှိ၏။





ဆံပင်တွေကို နောက်မှာ ဖြစ်သလိုစုစည်းထားသဖြင့် နားသယ်စပ်တို့ဆီမှ ဖရိုဖရဲပြို့ဆင်းနေကြသည့် ဆံစတချို့ကြောင့် ပို၍ နွမ်းလျပုံပေါ်နေပြန်သည်။

အိမ်ကလေးကိုစိုက်ကြည့်လိုက်လျှင် ညို မျက်နှာက တင်းမာမှု တွေ ချက်ချင်းလျော့ကျသွားခဲ့၏။ ပါးပြင်ထက်ကမျက်ရည်စတွေ ကြောင့် ပြောမည့်စကားတွေလည်း လျှာဖျားရောက်လာပြီးမှ ရင်ဘတ် ထဲသို့ ပြန်၍ ဒိုင်ဗင်ထိုးဆင်းကုန်ကြသည်။

ဩော် ... ကိုယ်ချစ်သူအပေါ်မှာတောင် ဒီလို စာနာမှုတွေ၊ ငဲ့ညှာမှုတွေ ပုံအောမပေးနိုင်ခဲ့မိသေးဘူးထင်သည်။ ဘာဖြစ်လို့လဲဆိုလျှင်...

"မောင်က ဆက် ထက် အသက်ငယ်တာလဲမဟုတ်ဘဲနဲ့ ဘာဖြစ်ဖြစ် ဆက် ကပဲ နားလည်ပေးနေရတယ်နော်၊ တစ်ခါတစ်ခါကျတော့ ဝမ်းနည်းမိတယ်" တဲ့။

ဆက် ပြောခဲ့တာကို မကြာခဏ သတိရဖူးသည်။ ဒီ မိန်းကလေးနဲ့ကျမှ မိန်းမတစ်ယောက်၏မျက်ရည်ကျသည့်မျက်ဝန်းတို့ကို သေချာကြည့်ခဲ့ဖူးသည်။

မျက်ရည်လက်နက်သည် တိုက်စစ်သက်သက်ပဲဖြစ်မည်ထင်၏။ ကာယကံရှင်က ပွဲပြင်းလောင်မြိုက်ခြင်းကြောင့် ငိုကြွေးသည်မှန်သော်လည်း မြင်ရတဲ့သူ၏ရင်ထဲကို ပျော်ဆင်းပြို့ကျသွားစေနိုင်၏။

ဒါဟာ အောင်မြင်စွာတိုက်စားခြင်းပဲဖြစ်သည်။ မျက်ရည်ကို သူ မမြင်လိုသော်လည်း အိမ်ကလေးသည် မျက်ရည်လက်နက်ကို ပြန့်ခင်း၍ သူ့ရှေ့မှာ ရပ်လျက်သား ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်သွယ်မလုပ်နိုင်တော့ပေမယ့် ဦးညီကိုယ်တိုင် သူ့ဆီ ရောက်အောင် ပို့ပေးခဲ့တာ၊ တကယ်တမ်းရှိခဲ့တဲ့သူက ဦးညီပဲလေ လောင်ပြီဆိုမှ နောက်လှည့်ပြေးချင်တာ ကောင်းလား"

"ကောင်းတယ်၊ မီးရှို့တာချင်းတူပေမယ့် အဲဒီမီးက စည်းစိမ်ဥစ္စာ တွေကို ပြာကျဖို့မဟုတ်ဘူး၊ အမှိုက်ပုံရှင်းတဲ့မီး"

ပြောပြီး ညီ က မျက်နှာလွှဲသည်။

"ဦးညီ"

အိမ်ကလေးက ညီ့ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ့ ဘက်ကို မျက်နှာပြန်လှည့်လာအောင် ဆွဲလှည့်သည်။ သို့သော် ညီ က ပါမလာဘဲ ယိမ်းယိုင်သွားသူက သူမပဲဖြစ်၏။

"အိမ်ကလေး"

ညီ သိလိုက်တာနှင့် စိုးရိမ်တကြီး ပြန်ဆွဲထားလိုက်သည်။ ထို အခါ နှစ်ယောက်စလုံး အချိန်အဆတွေလွန်ကုန်ကာ အိမ်ကလေးကို ပွေ့ဖက်ထားလိုက်သလိုကြီးဖြစ်သွားခဲ့၏။

"ဟေး...ပန်းခြံထဲသွားလေ၊ ရှေ့နားမှာပဲဟာ"

"ဘာဖြစ်လဲ ဖက်ထားလိုက်၊ လွတ်ထွက်သွားလိမ့်မယ်"

ကားနှစ်စီး ဆက်တိုက်ဖြတ်သွားသည်။ စ,နောက်သံတွေက နောက်မှာ ကျန်ရစ်ခဲ့လေသည်။

လမ်းမကြီးပေါ် မှာမဟုတ်ပေမယ့် လမ်းက သိပ်လည်းမကျဉ်း ပေ သီလရှင်ကျောင်းတစ်ကျောင်း၏ အပြင်ထောင့်က အုတ်ခုံလေး နားမှာ လမ်းဘေးမှာဖြစ်သည်။ စ,သွားကြတာကို နှစ်ယောက်စလုံး





ကြားပေမယ့် လူချင်းခွဲလို့ ရုတ်တရက် မရဘဲဖြစ်နေကြ၏။

"အိမ်ကလေး ရရဲ့လား"

"ဟုတ်"

ဟုတ် ဆိုပြီး အိမ်ကလေး လူချင်းခွာသည်။ သို့သော် ညီ့အကျႌ ရင်ဘတ်စကို မလွှတ်သေးသဖြင့် လက်ပေါ်ကို ညီက ထပ်အုပ်ကိုင် ထာ...

"မူးသွားတာလား"

"ဘယ်လိုကြီးမှန်းမသိဘူး၊ မတ်တတ်ရပ်လို့မရသလိုဘဲ"

အိမ်ကလေး နှုတ်ခမ်းဖျားလေးတွေမှာ ချွေးစို့နေတာကိုမြင်လျှင် သူ စိုးရိမ်သွားမိသည်။ စိတ်ခံစားမှုဘက်ကို ဖိအားပေးလို့မရသေးသည့် လူနာတစ်ယောက်ကို သူ စိတ်လွတ်ကိုယ်လွတ် ပြောလိုက်မိသည်။

"လာ ကားပေါ်ပြန်သွားရအောင်"

"ဟင့်အင်း"

အိမ်ပြန်ရမှာကို မလိုလားသလို ခေါင်းခါသည်။ ပြီးတော့ အုတ်ခုံ လေးမှာ ပြန်ထိုင်ချလိုက်တော့ ပုံပန်းမကျဖြစ်ကာ သူ့ကို ဆွဲလျက်သား နှင့်ပဲကျသည်။

နှစ်ယောက်သည် အလွန်ဖေးမ ယုယကြင်နာသည့်စုံတွဲတစ်တွဲ နှင့် တူနေခဲ့၏။

"ဒါလား ဆရာဝန်"

စကားသံကို နှစ်ယောက်စလုံး ကြားလိုက်၏။ လှမ်းကြည့်လိုက် တော့ သီလရှင်ကျောင်းထဲကထွက်လာကြသည့် စုံတွဲတစ်တွဲကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရသည်။

သို့သော် ပြေပြစ်လှပသောအမျိုးသမီးနှင့် စုံတွဲအဖြစ်ရှိသူက ဝဠာ ဖြစ်ကာ ...

"ခင်ဗျားက အဲဒီလိုဆရာဝန်မျိုးကိုး၊ ခုမှပဲ အဖြေထွက်တယ်ဗျာ"

ဂျင်းဘောင်းဘီအပြာ၊ စပို့ရှပ်အပြာနှင့် ကုပ်ပေါ်ထိ ခွေဆင်းနေသည့်ဆံပင်တွေကို အကျအနသိမ်းဖြီးထားသဖြင့် ဝဠာ့ မျက်နှာက ဖြူနုရှင်းသန့်နေသည်။

နှာရိုးသည် ဟန်းချိန်းပုံစံကြိုးများနှင့်ဖြစ်ပြီး ယောကျ်ားတန်မဲ့ ဖြူနုနေသော လက်ချောင်းသွယ်သွယ်မှာ စိန်လက်စွပ်က ဖျပ်ဖျပ်ခါနေသည်။

မျက်ဝန်းတို့သည် စိန်နှင့်အပြိုင် စူးတောက်နေကာ အိမ်ကလေးကို ဝေ့ခနဲတစ်ချက်ကြည့်၏။ ထို့နောက် ညီ့ကို မဲ့ရွဲ့ကြည့်ကာ မျက်လုံးတို့က ပတ်ဝန်းကျင်ကို တစ်ပတ်ဝေ့သည်။

"လူနာကို အပန်းဖြေခေါ်လာတဲ့နေရာက လူရှင်းသားပဲနော်"

"ဝဠာ မင်းပါးစပ်ကိုပိတ်ပြီး မင်းအဖော်ဆီကို မင်း ပြန်သွားလိုက်ရင် ကောင်းမယ်"

"ရှုပ်လို့လား"

"ယာမာ ..."

အိမ်ကလေးက မတ်တတ်ပြန်ရသည်။ ဝဠာ က အိမ်ကလေးကို မျက်လုံးစွေကြည့်ကာ ...

"မင်းကို တို့ အပြစ်တင်တာမဟုတ်ဘူး၊ ...ားမှာ ငြိမ်ငြိမ်လေးနေ





ဆရာဝန်ဆိုပြီး လုပ်စားနေတာကို အမိဖမ်းတာ"

"မင်း ..."

ဒေါသကို ဘယ်လိုမှထိန်းမရချင်တော့။ အိမ်ကလေးက ညီ့လက်မောင်းကို နောက်ကနေဖက်ထားလိုက်၏။

"မဖြစ်ပါနဲ့ ဦးညီရယ်၊ အိမ်ကလေး တောင်းပန်ပါတယ်"

နှစ်ယောက် ပူးကပ်သွားသည့်မြင်ကွင်းကြောင့် ဝဠာ့ မျက်နှာ ရဲတွတ်သွားသည်။

"အိမ်ကလေး... မင်း နောက်ဆုတ်"

သဝန်တိုစိတ်က ဟုန်းခနဲဖြစ်ကာ အိမ်ကလေးရဲ့ လက်တစ်ဖက်ကို လှမ်းခနဲစုန်ဆွဲပစ်လိုက်၏။

"ဝဠာ ..."

တစ်ဖက်မှာ အိမ်ကလေးလက်ကို မြဲမြဲကိုင်မိသည်နှင့် သူ့ရဲ့ ဒီဘက်လက်ကို တစ်ယောက်က နောက်ကနေ ဆွဲထားလိုက်သဖြင့် ...

ညီနဲ့အိမ်ကလေး တွဲလျက်ဖြစ်ကာ အိမ်ကလေး လက်တစ်ဖက်ကို ဝဠာက ထပ်ဆွဲထားပြီး ဝဠာ့လက်ကို နောက်တစ်ယောက်က ဆွဲထားပြန်သည်။

လေးယောက် ဆက်လျက်သားပုံစံသည် မျဉ်းဖြောင့်တစ်ကြောင်းသို့ ဖြစ်သွားခဲ့၏။

"လွှတ်လိုက်ပါကွာ၊ မင်းတောင်မှ အဲဒီလိုဖြစ်နေရင် သူ့လက်ထဲက ဆွဲလုခံရမယ့်သူ ရင်ထဲကို စာနာကြည့်လိုက်ပါ"

"ဘာဗျ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အသက်သုံးဆယ်ဝန်းကျင်လောက်ရှိမည်၊ ဝဠာ့နဲ့ ဘယ်လိုတော်စပ်ပတ်သက်မှန်းမသိပေမယ့် သူ့မျက်နှာကလည်း နီမြန်းတင်းမာနေသည်။

ဝဠာကလည်း ခပ်ရိုင်းရိုင်းပြန်အော်ကာ အိမ်ကလေးလက်ကို လွှတ်လိုက်၏။ သူမကိုင်ထားသည့်လက်ကိုလည်း ခါချပစ်လိုက်၍ ...

"မမဇော် က ကျွန်တော့်ကို သူများလက်ထဲက လုတဲ့ကောင်လို့ ပြောလိုက်တာလား"

"မသိဘူး။ ဒါပေမယ့် သူက မင်းဘက်မှာမရှိတာတော့ မမဇော် မြင်တယ်လေ"

သူက ဆိုတာကို အိမ်ကလေးဆီသို့ မေးဆတ်ပြ၍ပြောသည်။ ဝဠာက ဆတ်ခနဲလှည့်ကြည့်၏။ အိမ်ကလေးသည် ညီ့ပခုံးတစ်ဖက် ကနေနောက်မှာ ကိုယ်လေးတစ်ခြမ်းပျောက်နေအောင်ကပ်လျက် စိုးရိမ်စိတ်ပျက်သည့်မျက်ဝန်းလေးတွေနှင့်သူ့ကိုစိုက်ကြည့်နေသည်။

"သူက ကျွန်တော့်ချစ်သူ၊ သူက ..."

စိတ်ဝေဒနာသည်လေးပါလို့ပြောလိုက်လျှင် အားလုံးရှင်းသွားမှာပေမယ့် ဝဠာ မပြောမထွက်ခဲ့ပေ။ တက်တစ်ချက်ခေါက်၍ ခြေလှမ်းပြန်ဆုတ်လိုက်၏။

ပြီးတော့ ရှေ့ပြန်တိုးကာ အိမ်ကလေးနှင့် မျက်နှာချင်းဆိုင်ရပ်သည်။

"အိမ်ကလေး"

ခေါ်လိုက်ပြီး ညီ့ကို စူးခနဲဝေ့ကြည့်သည်။ ညီက 'မင်းကောင်းနေ





သရွေ့ ငါ မဆိုးဘူး'လို့ပြောနေသည့်မျက်ဝန်းများနှင့် တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။

ဘာပဲဖြစ်ဖြစ် သူ ဂရုစိုက်မှာမဟုတ်ပါ။ ရင်ထဲမှာ တဖျစ်ဖျစ်မြည်နေတာက အချစ်။

"မင်းကို တို့ အပြစ်မတင်ရက်ဘူး၊ ဘာလုပ်လုပ် ဘာပြောပြော မြစ်မြင်လို့ကိုမရတာ၊ မင်းရဲ့ ယာမဝ ဘယ်လိုအချစ်တွေနဲ့ မင်းကို ညည်နှောင်သွားတာလဲမသိပေမယ့် တို့ရဲ့အချစ်တွေ မင်းအပေါ်မှာ ညည်နှောင်ခွင့်မရှိတော့ဘူးဆိုရင် ..."

သူ့နှုတ်ခမ်းတွေ တင်းခနဲစေ့သွားတာကို အိမ်ကလေး ငေးကြည့်နေ၏။ ညီက အိမ်ကလေး၏လက်ဖဝါးလေးကို ခပ်ဖျစ်ဖျစ်ဆုပ်ကိုင်လိုက်ကာ ...

"အချစ်တွေ တခမ်းတနားဖွင့်ပြမနေနဲ့ ဝဠာ၊ မင်းနဲ့အိမ်ကလေး အဲဒီလောက်ထိ သက်ဆိုင်ခွင့်မရှိသေးဘူး"

"ခင်ဗျား ဝင်မပါပါနဲ့"

"မပါလို့ဘယ်ရမလဲ၊ မင်း ခွင့်လွှတ်တာတွေ၊ အပြစ်မယူတာတွေ ခြွနေတာ သူ ကြွေသွားနိုင်တယ်"

ယောက်ျားနှစ်ယောက်၏ ထိပ်တိုက်ဆုံမိခြင်းက မီးပွင့်မီးပွားတွေ ဦထွက်သွားသည့်နှယ်ပင်။

"တကယ် မင်း အပြစ်ယူလို့မှမရဘဲ၊ အိမ်ကလေးက ကိုယ့်လူနာ"

"ခင်ဗျား တော်တယ်နော်"

"အဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ညီက ပခုံးတွန့်ပါသွားအောင်ရယ်လိုက်သည်။

"ချစ်တတ်တဲ့သူတိုင်း ရူးကြတာပဲ၊ အိမ်ကလေးကို ခင်ဗျား လူနာလို့ ဘယ်တော့မှမပြောနဲ့"

"သူ လူကောင်းမဟုတ်လို့ မင်းကို လူမှားတာပေါ့၊ အဲဒါတွေ ထားလိုက်စမ်းပါ၊ အခု မင်းရဲ့ ဘေးမှာ မင်းလူ ရှိနေတယ်မဟုတ်လား၊ လောဘမကြီးနဲ့တော့"

ညီ က အိမ်ကလေးလက်ကို ခပ်တင်းတင်းဆုပ်ဆွဲကာ နေရာမှ လှည့်ထွက်လိုက်၏။ ဒီလို ကလက်တက်တက်စကားမျိုးတွေ သူ မပြောချင်ပါ။ ဒါပေမယ့် ဒီလိုပြောမှပဲဖြစ်မည်။

ချစ်သူဆိုတာက သက်ဆိုင်သူဖြစ်သလို ကိုယ်ကလည်း အုပ်ထိန်းသူအဖြစ် ရှိနေတဲ့သူ။

"ဒေါက်တာ ဦးညီ ..."

ဝဏ္ဏ အသံက အံကြိတ်ခေါ်တာပေမယ့် မာထန်ပြတ်တောက်နေ၏။ သူ ခြေလှမ်းတုံ့သွားသည်။ အိမ်ကလေးသည် သံယောဇဉ်ကြီးသည့် မျက်ဝန်းများဖြင့် ရှာခနဲနောက်လှည့်ကာ ...

"ယာမာ"

"ဟုတ်တယ်၊ ယာမာလိုပဲ မင်း မြင်ပေးပါတော့၊ တို့ကလဲ ယာမာလုပ်သွားတဲ့ ပေးဆပ်ခြင်းမျိုးကို ဂုဏ်ပြုချင်တဲ့သူပါ"

အိမ်ကလေး မျက်လုံးလေးဝိုင်းသွား၏။

"ရပါတယ်၊ မင်းစိတ်ချမ်းသာမယ်ဆိုရင် ကိုယ်က ဒုတိယ ယာမာပေါ့၊ သူ့လိုပဲ ချစ်ပြနိုင်တယ်။ သူ့လိုပဲ ပေးဆပ်ရဲတယ်"





"ဟင့်အင်း"

"သူ့ထက်ပိုတာ တစ်ခုရှိသေးတယ်၊ မင်း ခုလို ရူးသွပ်မကျန်းခဲ့ရအောင် မမျှော်လင့်စွာ အသိမပေးဘဲ ကိုယ် မသွားဘူး။ တို့ရဲ့ နောက်ဆုံးထွက်သက်မှာ မင်းဆီကို အသံဖြစ်ဖြစ်ရောက်အောင်ပို့ပြီး နှုတ်ဆက်မှာ"

"ယာမာ ... ယာမာ အဲဒီလိုမလုပ်ရဘူး"

"ဝဏ္ဏ ..."

မျက်ရည်တွေ ဖိုးဖိုးပေါက်ပေါက်ကျလာကာ သူ့လက်ထဲကနေ ရုန်းကန်နေပြီဖြစ်သည့် အိမ်ကလေးလက်ကို ဖိဆုပ်ထိန်းချုပ်ထားရင်း ညီ့ ဒေါသတွေ ဝဏ္ဏထံသို့ စုပြုံသွားလေသည်။

"မင်း တော်တော်အောက်တန်းကျတဲ့ကောင်ပဲ ဝဏ္ဏ၊ တောက်..."

ဝဏ္ဏ က မျက်လွှာချပစ်လိုက်ရင်း နှုတ်ခမ်းမှာ အပြုံးရိပ်လေးဆင်လျက် ...

"အချစ်ကိုရဖို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တရားတယ်"

ဟု တိုးတိတ်စွာပြောသည်။ ရင်ထဲမှာဖြစ်နေတာ ကိုယ့်ဟာကိုယ်သာ အသိဆုံး။ အိမ်ကလေးကို ချစ်မိခြင်းကြောင့် စိတ္တဇောက်ဆိုးရှားသော ရူးသွပ်ခြင်းဖြင့် သူ .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ကျွတ်"

စိတ်ပျက်ခြင်းကို ဘာနဲ့ စာဖွဲ့ရမှန်းမသိတော့ပေ။ ခွေးကြောက် သည့်ကလေး ခွေးရှိသည့်လမ်းကို မသွားရဲတာမျိုးလား။

အိမ်ကလေး ဆိုသည့် နာမည်လေးကိုတောင်မှ သူ မကြားချ လောက်အောင် ရင်ထဲမှာဖြစ်နေတာ၊ မုန်းတာလည်းမဟုတ်၊ စိတ်ပျ တာနဲ့လည်းမတူပါ။

စိတ်ပျက်မုန်းတီးလို့မရလောက်အောင် ခြေဦးလှည့်ရှင်နေသည် ကိုယ့်စိတ်ကို ကြိုးစားဖျောက်ဖျက်လို့မရတိုင်း ဒီနာမည်၊ ဒီအသံ မကြားရဲတာဖြစ်၏။

အိမ်ကလေးနဲ့ဝဠာ ကိစ္စထဲမှာ သူ ဝင်မပါသင့်တော့ဘူး ထင်တ ပါ။

ဒီလူကိုမြင်ဖူးပါစေ၊ ဤလူအကြောင်း သိသွားပါစေဆိုပြီး ကိုယ်





ာ တွေ့ပေးခဲ့သည်။ သူတို့ချင်းက ကျွမ်းဝင်ရင်းနှီးသွားခဲ့ကြ၏။

ခုဆို အိမ်ကလေးကလည်း သူ့စကား၊ သူ့မာယာပလီတွေထဲမှာ ျာနေခဲ့ပြီ၊ ဝဠာကလည်း နောက်ဆုတ်ကျန်ခဲ့မည်ပုံမပေါ်၊ ဒီထဲမှာ ာက်ရှိနေမည်ဆိုလျှင် ကိုယ်က လူကြမ်းကြီးဖြစ်ရတော့မည်၊ ဘာလုပ် လဲ နေညီလာ။

ကိုယ့်ကိုယ်ကိုလည်း အကြိမ်တစ်ရာမက မေးပြီးပြီ၊ ခုချိန်ထိ ာလုပ်လိုက်ဆိုသည့်အဖြေကို မရခဲ့ပေ။ ဖုန်းကို အကြာကြီး ငေး ကြည့်၍ ဖိကိုက်ထားမိသည့်နှုတ်ခမ်းကိုလည်း တော်တော်နဲ့မလွှတ်မိ။ ိုစဉ် နောက်ထပ်ဖုန်းမြည်လာပြန်ရာ ...

"ဟုတ်ကဲ့ ပြောပါ အန်တီ"

"သမီးလေးထွက်လာပြီ ဒေါက်တာ၊ သူ ပြောချင်လို့တဲ့ကွယ်၊ အန်တီ တောင်းဝန်ပါတယ်၊ သမီးလေးက ဒေါက်တာ့စကားတစ်ခွန်း ကြောင့် ်နုံးဗုန်းလဲကျသွားနိုင်လို့ပါ၊ ခုနက အန်တီ့ကိုပြောတဲ့စကားမျိုး တွေတော့ ပြောလိုက်ပါနဲ့နော်"

နောက်ထပ် ကျွတ်ခနဲဖြစ်မိတော့မည့်ပါးစပ်ကို တော်တော်ထိန်း လိုက်ရ၏။

"ဦးညီ'

"ပြော"

"ရန်ကုန် ပြန်တော့မယ်ဆို"

"အင်း ... လက်ထပ်ဖို့ကိစ္စလေ၊ ဆက် နဲ့ တို့ ချိန်းထားတာ"

ဖုန်းထဲက အိမ်ကလေး၏ တိုးသဲ့သောအသံလေး တိတ်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာမှ ...

"ကျွန်မ အဲဒီလို မထင်ဘူး"

အိမ်ကလေးသည် သူမ၏စိတ် ပုံမှန်အတိုင်း နူးနူးညံ့ညံ့လေး ဖြစ်နေချိန်မှာ သူမကိုယ်သူမ အိမ်ကလေးဟု သုံးတတ်ပြီး နည်းနည်းလေး ကမောက်ကမဖြစ်သွားတာနှင့် ကျွန်မလို့ပဲ ပြောတတ်၏။

"ဦးညီ"

"အင်း... ပြော"

"ဦးညီ က ကျွန်မဘေးမှာပဲရှိနေပေးဦးမယ်လို့ ကျွန်မ ထင်ထားတာ"

သူ စိတ်မကောင်းဖြစ်သွားမိသည်။ အိမ်ကလေးကို သူ သံယောဇဉ် ဖြစ်မိနေပါပြီ။ ထို့တက်ပို၍ မချည်နှောင်လိုပါ။ ခုတောင်မှ မပါသင့်သည့်နေရာတွေထိ သူ ဝင်ပါနေမိသည်။

မပြောသင့်တာတွေလည်း ပြောခဲ့မိ၏။ နောင်ဆိုလျှင် ဝဋ္ဋာ နှုတ်များမှ ဘယ်လိုစကားလုံးတွေထွက်လာဦးမည်မသိ။

"ဦးညီ စဉ်းစားနေလားဟင်"

"ဘာကိုလဲ"

"ကျွန်မနဲ့ပဲနေဖို့ ..."

"လိုမှမလိုတာ၊ မင်းဘေးမှာရှိနေသင့်တာက ကိုယ်မဟုတ်ဘူး။ တကယ်တမ်း မင်းတို့ဖွတ်တိုးမယ်၊ ရှေ့ဆက်မယ်ဆိုရင် ကိုယ်က လူရှုပ်ကြီး ..."

"ဟင့်အင်း"





အိမ်ကလေးထံမှာ အက်ရှသည့်ငိုသံလေးပါလာတော့ မမြင်ရဘဲ ညီမျက်နှာ မဲ့ကျသွား၏။ မဆိုင်တာတွေကွာ၊ ဒီကောင်မလေး ဘာ ဲ ဒီရှည်းစားကိုပဲချစ်သည်၊ ဒီလူနဲ့မှတွေ့မှဖြစ်မည် သူမပဲ ပြောမရ ခရ။

"အိမ်ကလေး"

"ရှင်"

"မင်းက ကိုယ့်ကို အိမ်ကထွက်ရလွယ်အောင် ဒိုင်းတစ်ခုလို ကာ ဘယူချင်တာလား"

"အဲဒီသဘော နည်းနည်းပါပေမယ့် ဦးညီကို အိမ်ကလေး ခင် ဘပါ၊ ပြီးတော့ ... ပြီးတော့လေ လက်ထပ်ဖို့ပြန်မှာဆိုတာကြီးကို ခံစားနိုင်ဘူး၊ ခွဲကြရရင်တောင်မှ အဲဒီလို သူများနဲ့လက်တွဲထွက်သွား ဘမျိုးကို မလိုချင်တာ"

"မင်းကျေနပ်ဖို့ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာတွေကို ပုံရပေးဆပ်ဖို့ ဦးတော့ ဘယ်ဖြစ်မလဲ။ တကယ်တမ်း မင်းရဲ့စိတ်ချမ်းသာမှု၊ မင်းရဲ့ ချန်းမာရေးက ကိုယ်နဲ့ပဲ သက်ဆိုင်နေတယ်ဆိုရင်တော့ စဉ်းစားသင့် ဲ့ အချက်ဖြစ်ပေမယ့် မင်း အသုံးချခံနေဖို့အတွက်ဆိုရင် တို့က ဘုံးဖြစ်သွားမှာပေါ့"

စကားတွေလည်း ဘာတွေပြောမိနေမှန်းမသိတော့ပါ။ ကိုယ်တွေ ရာ၊ တို့တွေရော ရှုပ်ကုန်ပြီ။

"ဦးညီ"

"ပြော"

www.burmeseclassic.com



"ကျွန်မကို စိတ်ဆိုးနေလားဟင်"

"မဆိုးပါဘူး၊ တစ်ခါတစ်ခါကျ ဝဠာ ပြောတဲ့စကားတွေက ထိတယ်ကွ၊ ကိုယ့်ဘက်ကမှားနေရင် မတတ်နိုင်ဘူးလေ၊ မမှားချင်လို့..."

"ဘာဲဖြစ်ဖြစ် အိမ်ကလေးက ဦးညီကို ခင်တယ်၊ ယာမာနဲ့ ဘာဖြစ်ဖြစ်၊ ဦးညီ ဘယ်လိုဆူဆူ စိတ်ထဲမှာ ဘာမှမဖြစ်ဘူး"

"မင်းတို့က နှစ်ယောက်လေ၊ ပြောကြပြီဆိုရင် ကိုယ်ကပဲလွန်မှာ တစ်ခုတော့သတိထားကွာ၊ ဝဠာ က နာမည်ပျက်တွေရှိတယ်၊ မသေမချာကြားထားတဲ့အကြောင်းတွေဆိုရင် တအားဆိုးဝါးတာတွေပါ တယ် ဒီကိစ္စမျိုးဆိုတာ လူပြောသူပြောနဲ့ လက်ဆင့်ကမ်းပြီး သူများ အတင်းပြောသလို မပြောသင့်ဘူး၊ အဲဒါကြောင့် မင်းကို ဘာမှထပ် မပြောခဲ့တာ၊ မပြောချင်လို့ မင်း သူ့ကို လေ့လာလို့ရအောင် တွေ့ပေးခဲ့ တာပေါ့၊ သူက ယာမာ မဟုတ်တာကို မင်းက ယာမာလို့ပဲသတ်မှတ် ပေးလိုက်တဲ့အတွက် ကိုယ့်ဘက်က ဘာမှ ပြောဆိုစွက်ဖက်လို့ မကောင်းတော့ဘူး၊ မင်းရဲ့မိဘတွေကို ကိုယ် ကြိုးစားကြည့်မယ်လို့ ကတိပေးခဲ့တဲ့အတွက် ခု ကိုယ့်ဘက်မှာ အပြစ်မကင်းဘူးဆိုတာလဲ မှန်တယ်၊ ဒါပေမယ့်ကွာ ..."

ပြောစရာစကားက ကုန်ပြီထင်သည်။ အဖြစ်အပျက် အကြောင်း အရာတွေက စ,ဖြစ်လာကတည်းက အဆုံးသတ်ရမယ့်အချိန်ထိ ဘာ တစ်ခုမှလည်း မရေရာ။

ဘာကြောင့်ဖြစ်လာမှန်းမသိတာတွေ၊ ဘယ်လိုပြီးဆုံးမလဲ မသေချာတာတွေ...





"စိတ်မကောင်းပါဘူး၊ မင်း... မင်းရဲ့မိဘတွေကို နားလည်ဖို့ ကြိုးစားပါ၊ တစ်ယူသန်မွေးမြူနေတဲ့ မင်းရဲ့အတ္တအစွဲတွေ မှန်ရဲ့လား၊ မှားရဲ့လား ပြန်စဉ်းစားဖို့တော့ တို့ အကြံပြုချင်တယ်၊ ပေါက်ကွဲတာနဲ့ ဖောက်ခွဲတာ မတူဘူးဆိုတာတော့ မင်း သိမှာပါ၊ ပေါက်ကွဲမှုမဖြစ် အောင်တားဆီးနိုင် ရင် သူရဲကောင်း၊ ဖောက်ခွဲလို့မရအောင် တားဆီးရ တာကျတော့ လူမိုက်လုပ်ရတာ၊ မိဘကို မင်း နားလည်ပါ၊ မဟုတ်ရင် တော့ မင်းမှာ အန္တရာယ် ကြီးရှိတယ်"

"ဦးညီ"

"ဘာလဲ ပြော"

"ဦးညီ မနက်ဖြန်မနက် ဆယ်နာရီ အိမ်ကလေးဆီကို လာပေး ပါ"

"ဘာလုပ်ဖို့လဲ၊ ကိုယ် မင်းအဖေဆီမှာ အတိအလင်းနုတ်ထွက်ပြီး ပြီ"

"ဟုတ်ကဲ့ပါ၊ ဒါ နောက်ဆုံးလို့သဘောထားပြီး လာပေးပါ၊ အိမ် ကလေးကို ဦးညီ ဝါကယ်ငဲ့ညှာဖေးမခဲ့တာမှန်ရင် နှုတ်ဆက်ကြမယ် ဆိုကာမှ ရင်ဝကို ဆောင့်ကန်မထားခဲ့ပါနဲ့"

အိမ်ကလေး ဖုန်းချသွားပြီဖြစ်သည်။ မောလျှော့သော သက်ပြင်း ရှည်ကြီးနှင့်အတူ သူ ဖုန်းချလိုက်၏။

သိတယ်၊ မင်း မပြီးသေးဘူးဆိုတာ၊ ဒါကြောင့် ဖုန်းလာကတည်း က ခေါင်းထဲမှာ ရှုပ်ထွေးသွားခဲ့ခြင်းဖြစ်သည်။ မျက်လုံးထဲမှာ ဆက်၍ မျက်နှာလေး ဖျတ်ခနဲပေါ်လာစဉ် ဖုန်းက ထ,မြည်လာပြန်သည်။ မျက်လုံးက ဖုန်းဆီကို ဖွေစောင်းကျရောက်သွားခဲ့ရင်း တော်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ဘဲနေမိ၏။ အိမ်ကလေး ထပ်ဆက်တာမဖြစ်နိုင်။ ဒါဆို သူ့မိဘ တွေလား။

"ဟဲလို"

"မောင်"

"ဩော်... ဆက် ပြောလေ"

"အိမ်ထဲမှာ မရှိဘူးလား။ ဘာလုပ်နေတာလဲ"

ဖုန်းကိုင်ရင်း သူ ဆံပင်သပ်လိုက်၊ နဖူးကုတ်လိုက်နှင့် ဆက်နှင့် ပတ်သက်သည့်စကားတွေကို ရှုပ်ထွေးသောအတွေးထဲကနေ ပြန် ဆယ်ထုတ်ရသည်။

အိမ်ကလေးနှင့်ပတ်သက်၍ အတွေးရှည်ကြီးတစ်ခု ဝင်လာခဲ့ တိုင်း ရန်ကုန်ရယ်၊ လုပ်ငန်းရယ်၊ ဆက်နှင့်လက်ထပ်ဖို့ရှိခဲ့သော အကြောင်းအရာအားလုံးက ကိုယ်နှင့်အဝေးကြီးမှာ ကျန်ရစ်ခဲ့သော အတိတ်တစ်ခု လိုလို ...။

"မောင်"

"ဟင် ... ဟို ကိုယ် ဒီနေ့ပဲ ဖုန်းဆက်မလို့"

"ဩော် ... တော်သေးတာပေါ့။ ဒီနေ့ဆက်ဖို့ အစီအစဉ်ရှိသေးလို့"

"ဆောရီးကွာ၊ ကိုယ် တော်တော်ဦးနှောက်ခြောက်နေလို့ပါ"

"သိသားပဲ၊ သီချင်းအိမ် ဆိုတဲ့ ကောင်မလေးကြောင့်မဟုတ် လား"

"အင်း...၊ သူကြောင့်တော့မဟုတ်ဘူး။ ဒါက ကိုယ် ကျေနပ်လို့ စမိခဲ့တာပဲ၊ နည်းနည်းပါးပါးမလွှတ်တော့ ငြိတာပေါ့။ ဆက် ဘာပြော မလို့လဲ ပြောလေ"





"မောင် ဖုန်းဆက်မလို့ ဆိုတာကရော"

"ဘာရယ်မဟုတ်ပါဘူး၊ စကားပြောချင်လို့"

"ယုံရမှာလားမောင်ရယ်၊ ဆက် ဆီက ဖုန်းအရင်ဝင်လို့ အားနာ ပြီးနာ ပြောတာများလား"

"ဆက်က ရိတယ်ကွာ၊ ကိုယ် အဲဒီလိုအားနာတတ်တဲ့လူ မဟုတ် တာ ခင်း သိပါတယ်"

"ဆက်နဲ့တုန်းက ဟုတ်ခဲ့တယ်လေ၊ အခု ထူးဆန်းနေလို့ ဆက် စိတ်မချနိုင်တော့တာ"

"ဘယ်လို"

"ဟုတ်တယ်၊ သီချင်းအိမ် ဆိုတဲ့ ကောင်မလေးနဲ့ပတ်သက်ပြီး မောင် အရမ်းအလျှော့ပေးအလိုလိုက်တာတွေ မန္တလေးမှာကတည်းက ဆက် ရိပ်မိတယ်၊ ပြောတဲ့သူလဲရှိတယ်"

"ဒါကတော့ကွာ ..."

"ကိုယ့်လူနာလို့ ပြောဦးမလို့လား"

"အခု မဟုတ်တော့ဘူး။ သူ့ကို ကိုယ် မကုတော့ဘူးလို့လဲ ပြော ပြီးပြီ"

"အဟွန်း ... ရလို့လား မောင်၊ မောင် စိတ်ညစ်နေတယ်ဆို အဲဒါကြောင့်မဟုတ်ဘူးလား"

ညီ မျက်မှောင်ကြုတ်သွားသည်။ ရန်ကုန်နဲ့မန္တလေးမှာနေပြီး ဆက် သိနေပုံက ထိုင်ကြည့်ပြောနေသလိုပင်။ ဒီမှာ အကဲခတ်မိသွား တယ်ဆိုတော့ရော ဒီလောက် နိုက်ချွတ်တွေးယူနိုင်လောက်အောင် ဆက်ကတော်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



"မှန်သွားပြီလား မောင်၊ ဆက်က ခန့်မှန်းတတ်နေတာမဟုတ်ပါဘူး။ အိပ်မက်ဆိုးတွေမက်ပြီး ဟိုဒီလျှောက်တွေးနေမိတာ"

သူ့ အသံတိတ်တိတ်သွားတာကိုလည်း ဆက် က သိနေပြန်၏။ ပြီး တော့ တကယ်လိုက်ခါနေသည့် သူမ၏စကားသံလေးက စိုးရိမ်မှုတ်ကို ပြနေသည်။

"မောင်ပဲစဉ်းစားကြည့်လေ၊ ဆက်နဲ့မောင် ချစ်သူတွေဖြစ်ခဲ့ကြတာမှာ ထူးခြားတဲ့အမှတ်တရကြည်နူးစရာ ဘယ်လိုအဖြစ်တွေ ရှိခဲ့လို့လဲ၊ နောက်ဆုံး သက်တမ်းရင့် ချစ်သူတွေဖြစ်ခဲ့ကြတာတောင် ဟောင်းနွမ်းလာတဲ့ ဒိုင်ယာရီစာအုပ်ဟောင်းတစ်အုပ်ထဲ ရောက်နေရသလို ခံစားမိလာတယ်"

"ကိုယ် အဲဒီလို တစ်ခါမှ မခံစားမိခဲ့ဘူး"

"ဘယ်ခံစားမိမလဲ၊ မောင်က ဆက်ဆီက ဘာကိုများ တမ်းတမျှော်လင့်ခဲ့တာရှိလို့လဲ၊ ရယ်နေကြတဲ့လူတိုင်း ပျော်လို့မဟုတ်ဘူး မောင်၊ မျက်ရည်ကျနေတိုင်းလဲ ကြေကွဲကြတာမဟုတ်ဘူး၊ ဆက် ကတော့ မရယ်နိုင်၊ မငိုနိုင်တဲ့မိန်းမပါ။ ကိုယ့်ကို ဘယ်တုန်းကမှ ဂရု တစိုက်မရှိခဲ့တဲ့ ချစ်သူကိုပဲ တမ်းတရင်ခုန်နေခဲ့တာ"

"ဘာတွေပြောနေတာလဲ ဆက် ရယ်၊ မင်းရော ကိုယ်ရော ပညာရေးထဲမှာ လုံးထွေးကြရင်း တစ်ယောက်နဲ့တစ်ယောက် ခိုင်ခိုင်မြဲမြဲ လက်တွဲခဲ့ကြတာမဟုတ်ဘူးလား၊ ဘယ်တစ်စုံတစ်ယောက်ဆီမှာမှ စိတ်မရှိဘဲ တစ်နေ့မှာ လက်ထပ်ကြဖို့ထိ ရည်ရွယ်ခဲ့ကြတာ၊ ခုလဲ မပျက်ဘူး"





"တစ်ခါတော့ လွဲခဲ့ပြီးပြီမဟုတ်လား မောင်၊ အဲဒါလဲ မောင့်မာနတွေကိုက ချစ်တဲ့စိတ်ထက်ပိုပြီး ကျယ်ပြန့်လွှမ်းမိုးနေခဲ့လို့ပဲ၊ မိန်းကလေးဘက်ကတော့ မျှော်လင့်နေရရုံသက်သက်ပါ၊ မန္တလေးမှာ သီချင်းအိမ်နဲ့ မောင့်ကို တွဲလျက်မြင်လိုက်ရတော့ မောင့်ဆီက ဆက် မရခဲ့သမျှ ကြေကွဲခဲ့ရတာတွေ အကုန်လုံး အသစ်ပြန်ဖြစ်လာခဲ့တယ်၊ ဆက်ကို စိတ်မဆိုးပါနဲ့ မောင်ရယ်၊ ဆက်လေ သီချင်းအိမ်နဲ့ကျမှ မောင် အားနာတတ်နေပြီလို့ မြင်လာတယ်၊ မောင့်ဘက်က ဂရုစိုက်မှု တွေကို သဝန်တိုချင်တယ်"

"ဆက် ... မင်း အဲဒါလွဲနေတာ၊ မင်းလဲ ဆရာဝန်၊ ကိုယ်လဲ ဆရာဝန်၊ လူနာတစ်ယောက်ကို အဲဒီလို ဂရုစိုက်မိတိုင်း မင်း ဒီလိုမြင်နေရင် သွားပြီ"

"စိတ်မဆိုးပါနဲ့လို့ ဆက် ကြိုပြောထားတာပဲ မောင်၊ မောင် စိတ်ပညာအရမ်းတော်ရက်သားနဲ့ စိတ်မှာ ခံစားမိတာတွေဟာ အနာဂတ်ရဲ့ နိမိတ်ပုံတွေဖြစ်တယ်ဆိုတာကျတော့ မဟုတ်ဘူးလို့ ဘူးခံချင်တာလား။ ဆက် က မောင့်ကို စွပ်စွဲတာမဟုတ်ဘူး၊ တစ်ခါတစ်ရံ စိတ်ဟာ ပတ်ဝန်းကျင်အခြေအနေပေါ်မှာ ပြောင်းလဲသွားတတ်တယ်၊ ဆက် က မောင်နဲ့ ဘယ်တုန်းကမှ မနီးခဲ့ရဘဲ ခုလဲ အဝေးကြီးမှာ နေခဲ့ရတဲ့ သူပါ"

"ကျွတ်... ကိုယ် ပြန်လာမယ်ကွာ၊ တစ်ပတ်ပဲစောင့်"

"မစောင့်နိုင်တော့ဘူး မောင်၊ မနေ့ညက အိပ်မက်ဆိုးတွေမက်တယ်၊ အိပ်မက်ကနေလန့်နိုးလာမှ မောင့်ကို ဆက် ဘယ်လိုမှ စိတ်ချထားလို့မဖြစ်တော့ဘူးဆိုတာကို သိလာတယ်၊ အဲဒါ မောင် စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လို့မရဘူး သိလား။ ဆက် ဘက်က တစ်ဖက်သတ်ခံစားချက်"

"အဲဒီတော့ ဘာလုပ်ရမလဲ ပြော"

"မနက်ဖြန် အစောကြီး ထ,မောင်းလာမယ်၊ ညနေ ငါးနာရီ မောင် လာကြိုလှည့်"

"ဟာ ဆက် ဘာလုပ်ဖို့ အဲဒီလောက် ...၊ လာမယ်ဆိုလဲ ..."

"အားလုံး စီစဉ်ပြီးနေပြီ မောင်ရဲ့၊ မပူပါနဲ့ မောင့်မေမေလဲ ပါလာမှာ"

"မေမေ လာမယ်"

"ဟုတ်တယ်၊ အန်တီက မောင့်ကို အရမ်းတွေ့ချင်နေတာ၊ ရောက်ရင်တော့ ဒီလောက်အကြာကြီး မိဘဆီ တစ်ခေါက်မှမပြန်ဘဲ နေရသလား ဆိုပြီး မောင့်ကို ဆူလိမ့်မယ် သိလား၊ အဟွန်း... ဆက် နဲ့ မဆိုင်ဘူးနော်၊ လူကို တို့တယ်ထောင်တယ် ထင်မနေနဲ့"

"မထင်ပါဘူး၊ တို့တော့ ထောင်တော့လဲ လူကြီးတွေ ခေါ်ကန်ပြီး မြန်မြန်ပေးစား မြန်မြန်ညားတာပေါ့"

"မောင်နော်"

ဖုန်းပြောနေတုန်းက ပြောနေသည့်အကြောင်းအရာထဲမှာ စိတ်ကဖြစ်ကာ ဖုန်းချလိုက်သည်နှင့် ပစ္စုပ္ပန်နှင့်ရင်ဘတ်က မညီညွတ်။

ထို့ထက်ပို၍ မျှတခြင်းဟာ မနက်ဖြန်ကြောင့် ဖြစ်လေသည်။ ဆက် တို့ရောက်လာမည့်မနက်ဖြန်၊ အိမ်ကလေးဆီ သူ သွားရမည့် မနက်ဖြန် ......





## အခန်း (၂၇)

"ဦးညီ"

"ဘာလဲ"

"မျက်နှာတည်တည်ကြီးနဲ့ ဘာဖြစ်တာလဲ၊ အိမ်ကလေးကို လာပြီး ခေါ်ထုတ်ပေးရတာကို စိတ်ညစ်နေတာလား"

ညီ က ကားကို ပါကင်မှာ သေချာရပ်ပြီးမှ မဆင်းဖြစ်သေးဘဲ လှည့်ကြည့်၏။

"စိတ်ညစ်တာတော့မဟုတ်ပါဘူး၊ စိုးရိမ်တာ၊ မင်းမျက်လုံးထဲမှာ တစ်ခုခုကို ကိုယ် မြင်တယ်၊ အိမ်ကထွက်လာကတည်းက မင်းရဲ့စိတ်တ မင်းရဲ့ကိုယ်မှာမရှိတာ၊ ပြော အခု ဘာအတွက် တို့ကိုခေါ်တာလဲ၊ နှုတ်ဆက်ဖို့သက်သက်နဲ့ ဒီလိုမလုပ်ဘူးဆိုတာ သေချာပါတယ်"

အိမ်ကလေး၏ အထင်ကြီးလေးစားသောချက်ဝန်းလေးတွေ သက်ခဲနဲ့ဝင့်လာ၏။ ပြီးတော့ ချက်ချင်းပြန်၍မှေးဖျော့သွားကြသော...



www.burmeseclassic.com

www.burmeseclassic.com



"ဦးညီက သိပ်တော်တာပဲ၊ ဒါပေမယ့် မမေးပါနဲ့၊ အိမ်ကလေး ဦးညီနဲ့ စကားပြောနေ၊ အတူသွားနေရတာကိုပျော်တယ်၊ ရယ်လို့မရ ဘူး ပျော်နေတာက ရယ်ဖို့ထိ မပွင့်လင်းလို့ထင်တယ်နော်"

"မပွင့်လင်းနိုင်တာကိုက မင်းရင်ထဲမှာ ရှုပ်ထွေးနေတာတွေရှိလို့ ပေါ့၊ ကိုယ့်စိတ်ကိုတောင် တည်ငြိမ်ရင့်သန်အောင် မထိန်းသိမ်းနိုင်ဘဲနဲ့ တစ်ယောက်တည်း တစ်ခုခုကို ကြိတ်ပြီးကြံစည်နေမယ်ဆိုရင် ဒီလိုဖြစ် မှာပဲ၊ မင်းရင်ထဲမှာ ကြိတ်မှိတ်ကြံစည်နေတာ ရှိတယ်ဆိုတာဝန်ခံ မလား"

အိမ်ကလေးက အံ့သြသလိုလေးကြည့်လိုက်ပြီးမှ ဘာမှမတုတ် သည့်မျက်နှာလေးနှင့် ပြုံးကာ ...

"အကြံအစည်ဆိုတာကတော့ ရှိတာပေါ့ ဦးညီကလဲ၊ အိမ် ကလေးကျမှ မကြံစည်ရဘူးဆိုတာ အလကားနေရင်း အရှုံးစာရင်း သွင်းလိုက်တာ ပဲ"

"မင်းကလဲ ရှုံးနေချင်တာပဲမဟုတ်လား"

ပြောပြီး သူ တံခါးလှည့်ဖွင့်သည်။ အိမ်ကလေးက နာရီကြည့် လိုက်၏။

"ဟော့... ဆင်းလေ၊ ဟော့ဒေါ့စားမလို့ဆို"

အနားရောက်လာပြီး တံခါးဆွဲဖွင့်တော့ အိမ်ကလေးက တံခါးကို ပြန်ဆွဲထားကာ ...

"ဦးညီပဲ ဝယ်ပေးပါ၊ အိမ်ကလေး မဆင်းတော့ဘူး"

"ဘယ်လို"





အိမ်ကလေးက မလုံမလဲအပြုံးလေးနှင့် မျက်လွှာချသည်။

"အိမ်ကလေး ညက ကဗျာတစ်ပုဒ်ရေးစပ်နေတာ မပြီးသေးလို့ ခု ဒီမှာပဲ စဉ်းစားချင်တာ၊ ဦးညီ သွားဝယ်ပေးနော်၊ ဆိုင်ထဲမှာ လူတွေက အများကြီးပဲ"

ညီ က လက်နှစ်ဖက်ခွဲထောက်၍ မျက်နှာငုံ့ချထားရင်း အိမ် ကလေး မျက်ဝန်းတွေကို စူးစိုက်ကြည့်သည်။ အိမ်ကလေးက တစ် ချက်ပဲပြုံးပြပြီး လွယ်ထားသည့်ဆလင်းဘက်ထဲက အညိုရောင် သားရေဖုံးလေးနှင့် လက်တစ်ဝါးလောက် စာအုပ်ထူလေးကို ထုတ်ယူ လိုက်၏။

ဘောပင်နဲ့ လက်ထဲရောက်လာတဲ့အထိ သူ ကြည့်နေပြီးမှ မေတ်မတ်ပြန်ရပ်လိုက်ကာ ...

"ပြီးရောလေ၊ ဝယ်ခိုင်းတော့လဲ အဝယ်တော်ပေါ့၊ နောက်ထပ် ဘာခိုင်းဦးမလဲ စဉ်းစားထား"

ပြောပြီး သူ ရယ်တော့ အိမ်ကလေး ဖျတ်ခနဲမော့လာပြီး ပြုံးပြ သည်။

"သွားလေ ဦးညီရဲ့၊ ဟော့ဒေါ့က စောင့်ရတာ ကြာတယ်၊ ဒီမှာ လာလှပြီ"

ခေါင်းညိတ်၍ လှည့်ထွက်ခဲ့ပြီးမှ ခြေသုံးလှမ်းလောက်မှာ သတိ ထားမိလိုက်တာက အိမ်ကလေး၏ စိုလက်သောမျက်ဝန်းလေးထဲမှာ မျက်ရည်တွေလား ....။

ခြေလှမ်းရပ်သွားကာ နောက်ကို သမင်လည်ပြန်ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ဒါပေမယ့် အိမ်ကလေးက မျက်နှာငယ်၍ ကဗျာရေးနေပြီ ဖြစ်၏။

ဖားလျားဖြန့်ချထားသည့်ဆံနွယ်တို့ကြောင့် မျက်နှာငယ်ထားတော့ ပါးရိုးလေးတွေထိ ဆံစတို့က ဖြာဆင်းနေကြသည်။

မျက်ခုံးတန်းလေးတွေနားလောက်ပဲ မြင်ရသဖြင့် ညီ နောက်ပြန် လှည့်ခဲ့တော့သည်။ စိတ်ထဲမှာတော့ တစ်ခုခုဆိုတာ ခံစားမိနေပြီ ဖြစ်ကာ တထင့်ထင့်နှင့် ......





အခန်း (၂၄)

"ဟာ..."

အိမ်ကလေးကို မတွေ့လိုက်သည်နှင့် ရင်ထဲမှာ ဒိန်းခနဲဆောင့် တက်သွား၏။ တံခါးကို ဖျတ်ခနဲဆွဲဖွင့်၍ မုန့်ထုပ်ကို ဒက်ရှ်ဘုတ်ပေါ် ဖြစ်သလိုထိုးတင်လိုက်သည်။

ထင်သည့်အတိုင်းပင် အိမ်ကလေး ထိုင်သည့်နေရာမှာ စာအုပ် အညိုရောင်လေးက သူ့ကို လက်ပြနှုတ်ဆက်နေသည့်နှယ်။ နေရာမှာ ဝှေ့ခနဲ ဝင်ထိုင်လိုက်ကာ စာအုပ်ကိုကောက်ယူလိုက်သည်။

ဦးညီ ...

အိမ်ကလေးကို မိုက်မဲခွင့်ပြုပါ၊ ကိုယ့်လက်ထဲက အရုပ် တစ်ရုပ်ကို ထားခဲ့လိုက်တော့ဆိုရင် ထားခဲ့လို့ရနိုင်ပေမယ့် ကိုယ့် ရှေ့မှာ ခွေးဝါးသွားမယ်၊ ကားနင်းသွားမယ်ဆိုရင်တော့ ဘယ်သူ မှ ပျော်ရွှင်နိုင်တော့မှာ မဟုတ်ဘူး။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟာ အရုပ်မဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေတဲ့အတွက် အိမ်ကလေး မစွန့်လွှတ်ရက်တာပါ။ ယာမာ့အတွက် ကြေကွဲခဲ့ရတဲ့ သောကနောင်တမျိုး နောက်ထပ် မရချင်လို့လေ။

သူ့ကိုယ်သူ စတေးပစ်တော့မယ်လို့ အိမ်ကလေးကို ဖုန်းဆက်တယ်၊ ဒါဟာ ခြိမ်းခြောက်တာဖြစ်နိုင်ပေမယ့် တကယ်ဟုတ်၊မဟုတ် စောင့်ကြည့်ဖို့ထိ အိမ်ကလေး မနေရဲဘူး၊ အချစ်ဆိုတာ ချိုသလား၊ ခါးသလားလို့မေးပြီး ကိုယ့်ကိုချစ်ကြတဲ့ ယောကျ်ားတွေရှေ့မှာ အိမ်ကလေး လှောင်ရယ်ခဲ့ဖူးတယ်၊ ခု တော့ ချိုတာ၊ ခါးတာ သိပြီလားလို့မေးရင်လဲ ဖြေနိုင်မှာမဟုတ်တာသေချာတယ်။

သေချာတာတစ်ခုက အချစ်ကို ပြက်ရယ်ပြုခဲ့ဖူးတဲ့အတွက် အိမ်ကလေး ဝဋ်လည်ပြီဆိုတာပဲ၊ ကိုယ့်ကိုယ်ကို မသိပေမယ့် ချစ်တတ်တဲ့လူတစ်ယောက်ကြောင့် တော်တော်ပညာရသွားပါပြီ ကြေးတစ်ခုကိုမဆပ်နိုင်ဘဲ နောက်တစ်ခုထပ်တင်မှာ ကြောက်တယ်၊ ဝဏ္ဏဟာ ယာမာရဲ့အစ်ကိုဖြစ်နေတဲ့အတွက် ဒီလို ဆုံးဖြတ်လိုက်တာ အိမ်ကလေး မှန်တယ်လို့ထင်တယ်၊ သူ့ညီ အတွက် ကလဲ့စားချေချင်လို့ ချဉ်းကပ်ခဲ့တာလို့ ဝန်မခံပေမယ့် အဖြေက ရှင်းရှင်းလေးပါ ဦးညီ။

ဘာဖြစ်ဖြစ် နေပျော်ပါတယ်၊ သေမယ်ဆိုလဲ သေပျော်ပါတယ်၊ အိမ်ကလေးအတွက်နဲ့ နောက်တစ်ယောက် ထပ်မသေရဘူး။ ငယ်ငယ်က မေမေလဲပြောဖူးတယ်၊ ကြွေးဆိုတာ ဆပ်တတ်





ရင် ကျေတယ်တဲ့။

အိမ်ကလေး ကြွေးဆပ်တာပါ။

အရှုံးမ

ဘာရှုံးတာလဲ။

"တောက်"

ဒေါသဖြစ်ဖြစ်နှင့် စာအုပ်ကို ဆိုဖာပေါ် ကိုင်ပေါက်ပစ်လိုက်ပြီး တက်ခေါက်မိ၏။ တစ်ခုခုကို စိတ်ထဲမှာထင့်နေပေမယ့် ဒီမိန်းကလေး ဒီလောက်ထိ မိုက်မဲမည်မထင်။ ပြီးတော့ ဒီလိုလုပ်ဖို့အတွက် ကိုယ့်ကိုမှ အသုံးချသွားခဲ့တာ ဘယ်လောက်ထိ စော်ကားရာရောက်လဲ ဆိုတာ သိရဲ့လား။

ကားက ရည်ရွယ်ချက်မရှိဘဲ လမ်းပေါ်ကို ဒေါသနှင့်ပြေးတက်သွားသည်။ ဒီစာကို သေချာကြံပြီးမှ သေချာရေးလာခဲ့တာ၊ ဒါကို ကဗျာ စပ်ချင်လို့ဟု ပြောသေးသည်။

ဟိုဒီ လိုက်ကြည့်ဝေ့ပတ်ရှာသည်။ ကားကို ထင်ရာမြင်ရာဆွဲချ ကွေ့ဝင်၊ ဘယ်မှာမှမတွေ့၊ မိနစ်နှစ်ဆယ်လောက်အချိန်လေးမှာ ဘယ်ထိရောက်သွားသလဲ၊ အစကတည်းက ဝဏ္ဏ နဲ့ သူမ ချိန်းထားတာ ဆိုလျှင်...

ရင်ထဲမှာ ပူလာ၏။ နာရီကိုကြည့်လိုက်တော့ တစ်နာရီတိတိ။

ဟိုမှာ ခဏရပ်ပါဦး၊ ဒီမှာ ခဏနေချင်တယ်နှင့်၊ ပြီးတော့ ဘာမှ လုပ်တာမဟုတ်ဘဲ လက်စသတ်တော့ သူမက အချိန်စောင့်နေခဲ့တာ

www.burmeseclassic.com



ကိုး။

ရက်ရက်စက်စက်ပြောရမည်ဆိုလျှင် အရူးကတစ်မူးသာဆိုတ
ဒါမျိုးလား။ ကြည့်ရှုကြပ်မတ်သူအဖြစ် ကိုယ့်လက်ထဲကို ယုံကြည်စိ
ချစ္စာ ထည့်လွှတ်လိုက်ကြသော မိဘတွေကို သူ ဘယ်လိုရင်ဆိုင်မလ

ဝဏ္ဏာနဲ့လိုက်သွားပါသည်ပြောတော့ရော ယုံကြပါ့မလား။ အ
ကတည်းက ဝဏ္ဏာနဲ့ကိစ္စတွေကို လူကြီးတွေက သေချာ ဘာမှသိခဲ့တ
မဟုတ်ပေ။ ထို့ပြင် ...

အိမ်ကလေးက ဝဏ္ဏာကိုမဟုတ်ဘဲ သူ့ကိုသာ တွယ်တာနေခြ
ဖြစ်ကြောင်း ပြောသွားကြတာ ဘာမှမကြာသေး။

ဘဝမှာ အကျပ်အတည်း ကြီးကြီးမားမား သူ မကြုံဖူးပါ။ အိ
ကလေးကြောင့် စိတ်တွေလှုပ်ရှားလွန်းကာ ချွေးပြန်ချင်လာ၏။

ကားတွေရှိသမျှ မြင်သမျှကို လိုက်ကြည့်၊ လမ်းတွေရှိသမျှ
ပတ်မောင်းနှင့် နေညိုလာခဲ့သည်။ နောက်ဆုံးကျမှ ဝဏ္ဏာ့အိမ်ကိုမေး
ဆုံးဖြတ်ချက်ကို ချခဲ့ရသည်။ ဒါတောင် လမ်းထိပ်ကိုရောက်လာကာ
ချီတုံချတုံနှင့် ...

ဝဏ္ဏာ့လိုလူဆီကို မိန်းကလေးရှင်အနေနဲ့ ဒီလိုသွားမေးဖို့က လုံး
မသင့်တော်ပေ။ ထို့ပြင် ဝဏ္ဏာတို့မိသားစု၏စရိုက်က ခပ်ကြမ်းကြမ်းဟ
လည်း ကြားထားသေးသည်။

တော်ကြာ နှစ်ယောက်ချိန်းထားကြတာမဟုတ်ဘဲ အိမ်ကလေ
က စိတ်ရူးပေါက်တဲ့အတိုင်း ကိုယ့်အတွေးနဲ့ကိုယ် လုပ်နေတာဆိုရ
ခက်ဦးမည်။





ညနေလေးနာရီမကျော်ခင် ပြန်ခဲ့ဖို့ ဒေါ်ချယ်ရီ ကားနားထိ ဆင်း
လိုက်လာပြီး မှာတာကို သတိရကာ နာရီ ထပ်ကြည့်မိပြန်သည်။ သုံးနာရီ
ခွဲပြီဖြစ်သည်။

ဗိုက်ထဲမှာလည်း ဘာမှမရှိ။ ဟာနေပြီးဆာသည့်ဒုက္ခကို လှိမ့်ခံ ရင်း
ဒီတိုင်းရှာနေရုံနဲ့မပြီးတော့ဘူးဆိုတာ တွေးမိလာ၏။ ဝဏ္ဏာ့အိမ်ကို သွား
မေးမည့်အစီအစဉ်ကို ဖယ်ထားလိုက်ရပြီဆိုတော့ အိမ်ကလေး၏
မိဘတွေကို အကြောင်းကြားဖို့ပဲရှိသည်။

တွေးလိုက်တာနှင့် ခေါင်းခါပြီးသားဖြစ်နေသည်က သူ့မှာ ရင်
ဆိုင်ဖို့မလွယ်သည့် အားနည်းချက်တွေရှိနေ၍ဖြစ်သည်။ ဝဏ္ဏာနဲ့ အိမ်
ကလေး ဒီလို ဒီအဆင့်ထိ ငြိတွယ်နေကြသည့်အဖြစ်ကို အစကတည်း
က ပြောမထားခဲ့မိ။

ပြီးတော့ ဝဏ္ဏာဘက်က မကောင်းသောစရိုက်သဘာဝနှင့် သတင်း
ဆိုးတွေကို သိလျက်နှင့် အိမ်ကလေးနဲ့တွေ့ဖြစ်အောင် ဖန်တီးပေးခဲ့မိ
တာလည်း သူပဲဖြစ်သည်။

ခုတော့ ကိုယ့်ကိုယ်ကို ယုံကြည်ခြင်းတွေ လျော့ရိလျော့ရဲ ဖြစ်
နေခဲ့ပြီလား။

တွေးနေရင်း အာရုံထဲမှာ သူငယ်ချင်းတစ်ယောက်၏ပုံရိပ်က
ပေါ်လာသည်။ ဝဏ္ဏာနှင့်ပတ်သက်သောသတင်းအစုံအလင်ကို ပြောပြ
နိုင်သည့်သူ ဖြစ်သည်။ ထို့ပြင် ...

ဝဏ္ဏာ့အိမ် ဘယ်မှာရှိသည်ဆိုသည့် နေရပ်လိပ်စာ အတိအကျကို
သူပဲသိ၏။ သူ့ကို ဖုန်းဆက်ပြီးအရင်ခေါ်ရမည်။ သူ ရောက်လာမှ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြီး ဝဠာ့နောက်လိုက်ဖို့ကို ဆုံးဖြတ်လိုက်၏။

ကားကို အရှိန်လျှော့ချလိုက်ကာ သူ စားသောက်ဆိုင်တစ်

ကနေ စောင့်မည့်အကြောင်း ဖုန်းဆက်ခေါ်ဖို့ ဖုန်းကို လက်တစ်

နှင့်ထုတ်ယူလိုက်၏။

ထိုစဉ် ...

"ဟာ ..."

မျက်လုံးထဲမှာ ကားတစ်စီး၏အရိပ်က အကွေ့ဘက်ကနေ ဘွ

ခနဲပေါ်လာ၏။ ကိုယ့်ဘက်က လမ်းကြောင်းမှန်နေလျက်နှင့် တစ်ဖ

က ဖြုန်းခနဲကြီးဖြတ်ဝင်လာသဖြင့် ကမန်းကတန်း ဆွဲလှည့်ပစ်လိုက်

မယ့်...

"ဂျိုး"

"ဒုန်း"

ညီမျက်လုံးတွေ ပြာခနဲမှောင်ကျသွား၏။ ထို့နောက် ...





## အခန်း (၂၅)

ဟိုတုန်းကဆို အိမ်ကလေး ပွင့်လင်းလွတ်လပ်တတ်လွန်းလို့ စိတ်ညစ်ရမယ့်အကြောင်း ဘယ်လိုရှာရမှန်းပင်မသိခဲ့ပေ။ ယာမာနှင့်အတူ ကြီးပြင်းလာခဲ့ပြီးသည့်နောက်မှစ၍ အဖုအထစ်၊ အကြောင်းကလေး တွေ ဖြစ်လာခဲ့သည်။

အလွန်အလိုလိုက် အရေးပေးထားခဲ့ကြသည့် မိဘနှစ်ပါးက အစ ပြိုငြင်ရှုပ်ချယ်လာခဲ့တာတွေ။

"အဲဒီကောင်လေး ဘယ်လိုမျိုးရိုးဇာစဆိုတာ ဘယ်သူ သိလို့လဲ၊ ဒီ ရောက်လာကတည်းက ဖအေပါမလာဘူး၊ အဖမဲ့ဆိုတဲ့ကလေးတွေမှာ အကြောင်းအမျိုးမျိုးရှိကြပေမယ့် ဒီမိန်းမက ဘယ်လိုပုံစံ ဖြစ်လာခဲ့သလဲ ဘယ်သူမှ မသိဘူး။ နေထိုင်ပုံကိုက ကြည့်ပါလား၊ အမာခံရိုးသားမှု ဘာမှ မရှိဘူး" တဲ့။

အမာခံရိုးသားမှုဆိုတာ မေမေ ဘာအဓိပ္ပာယ်နဲ့ပြောလိုက်မှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမယ့် ရှိသားစွာခင်မင်နေကြသည့် ဘဝလေးတွေမှာကတည်းက ယာမှာကို အိမ်ကလေး အထင်မြင်သေးလို့မရ။

နောက်ပိုင်းမှာ ခင်မင်ကြတဲ့သံယောဇဉ်တွေ၊ မမြင်ရဘဲ ရစ်ဖွဲ့နေခဲ့သည့် သမုဒယနှောင်ကြိုး၏ ခိုင်မာမှုတွေ ဒီနေ့ထိ ငါကတော့ ခိုင်မာခဲ့ပါတယ် ယာမာ၊ နင်ကတော့ ...

အိမ်ကလေး မျက်တောင်တို့ကို ဖိပိတ်ချကာ မျက်နှာကို မော့ထားလိုက်မိသည်။ ထိုအခါ ပူနွေးသောမျက်ရည်စက်တို့က ပါးနှစ်ဖက်ပေါ်သို့ တလိမ့်လိမ့်ဖြတ်ဆင်းသွားကြ၏။

ကောင်းကင်ပြာက ည၏မာယာကြောင့် နက်မှောင်မှောင်ဖြစ်နေသည်။ ကြယ်ပွင့်လေးတွေက မဟူရာလွင်ပြင်ထက်မှာ ငွေမှုန်တို့ ကြဲဖြန့်ထားသလို ရှိနေကြသော်လည်း လက မသာ။

ကောင်းကင်မှာ မိုးတိမ်ကင်းစင်နေလျက် ဖြူလွှသောတိမ်မျှင်ပါးတချို့က ပဝါတစ်စလွင့်မျောနေသည့်သဏ္ဌာန် ဖြန့်ခင်းနေ၏။ လှတော့ လှပေမယ့် မပြည့်စုံ။ တွက်ကြည့်လိုက်တော့ ဒီညက လကွယ်ည ဖြစ်နေသည်။

လကွယ်ည...၊ ဟုတ်သည်။ သူမဘဝမှာလည်း လကွယ်ညနှင့် အတူတူပင်။ ဒါပေမယ့် ဘဝမှာ လကွယ်ခြင်းကတော့ ဘယ်တော့မှ ပြန်လည်ပြည့်ဝလာတော့မှာမဟုတ်ပါ။

ညသည် လမ်းဘေးမီးတိုင်တို့၏အလင်းရောင်မှအပ အားလုံး မှောင်မိုက်နေကြ၏။ မရေရာသောခြေလှမ်းတိုင်းမှာ ဘဝဟာ ရှေ့တစ်လံအကွာမှာပဲ ပျက်စီးကုန်ဆုံးသွားရမည်လော။





ဒါမှမဟုတ် နောက်တစ်မိုင်လောက်မှာလား။ နောက်ထပ် တိုးရွေ့သွားနိုင်ဦးမည်ဆိုလျှင်တောင် ဒီတစ်ညတာ တစ်ချိန်ချိန်မှာတော့ သူမဘဝ စုတ်ပြတ်သပ်သွားတော့မည်သာ။

မျက်ရည်စက်တို့ တပေါက်ပေါက်ကျနေရင်း လရောင်မရှိသော ကောင်းကင်ပြင်ကြီးကို မော့မကြည့်တော့ပေမယ့် မြင်ယောင်နေသည်။

ထိုလမင်းကြီးဟာ အဖေလည်းမဟုတ်၊ အမေနဲ့လည်းမတူ၊ သူမ၏ညမှာ လိုနေသည့်လမင်းဟာ နေညီလာ ဆိုသည့် ယောကျ်ားပဲဖြစ်၏။

"မင်း ရူးချင်ယောင်ဆောင်မနေနဲ့"

"ဒီတိုင်းဆက်သွားနေမယ်ဆိုရင် မင်းအတွက် အန္တရာယ် ဘယ်လောက်ကြီးလဲ သိလား"

ညီ ပြောသည့်စကားတွေကိုရော၊ ဘေးမှာအမြဲရှိနေရင်း ဒေါသတွေ ဓလောခလောဖြစ်ရင်းနဲ့ပဲ သိသာစွာဖြစ်နေခဲ့သည့် စိုးရိမ်ပူပန်ခြင်းတွေကိုရော အားလုံးကို သတိရနေမိ၏။

ခုကျရောက်ပြီဆိုတော့ မိဘကို မတမ်းတဘဲ သူ့ကိုမှ သတိရသည်။ ကိုယ့်စိတ်ကူး ကိုယ့်အတ္တတွေကို သူသာ နားအလည်ဆုံးပါ။

ခုတော့ ညအမှောင်လမ်းမကြီးဘေးမှာ အိမ်ကလေး တစ်ယောက်တည်းရယ် ဦးညီ။

ဦးညီ သိရင် ပြေးလိုက်လာမှာလား။ ပြီးတော့ အံကြိတ်တက်ခေါက်ပြီး ဆူဦးမှာလား။ ပြီးရင်ရော အိမ်ကလေး မှားခဲ့တဲ့အမှားကို ဘယ်လိုစီရင်မှာလဲ။

ဆူလှည့်၊ ရိုက်လှည့်ပါ။ သင့်သလိုသာစီရင်လိုက်ပါတော့ဦးညီရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေး ခြေလှမ်းမှားခဲ့ပြီ သိလား၊ ဦးညီရဲ့ဘေးက်နေ ထွက်လာကတည်းက မှားခဲ့တာ၊ ခုလည်း မှားနေဆဲပါပဲ။ ညနဲ့မိန်းမ ဘယ်လိုမအစ်စပ်ဘဲ လမ်းပေါ်မှာ အိမ်ကလေး ရောက်နေပြီ။ ဘယ်သူ့ကြောင့်ဘယ်လိုဘဝပျက်ရမလဲဆိုတာ လည်စင်းပေးရင်း စောင့်နေတာလေ။

အိမ်ကလေး တစ်လှမ်းချင်းလှမ်းနေရင်း လက်သီးနှစ်ဖက်ကို ကျစ်ခဲနေအောင်ဆုပ်ထားလိုက်မိသည်။

"ဟေ့ ... တစ်ယောက်တည်း ဘယ်လဲ"

"တီ ... တီ ... တီ ... တီ ..."

"လိုက်မလား။ ဟေ့ ... ရှူး ..."

ကားတစ်စီးဖြတ်သွားတိုင်း ဟွန်းသံတွေကျန်ခဲ့သည်။ စကားစတွေပျံ့လွင့်ကျန်ရစ်၏။ အိမ်ကိုပြန်ဖို့ သူမ စိတ်မကူးရဲတော့ပါ။ အစကတည်းက မမှန်ခဲ့သော သူမသည် ခုလည်း ပြင်ဆင်ခွင့်မရှိသော အမှားကြီးတစ်ခုကို လွယ်လွယ်နှင့်ကျူးလွန်ခဲ့မိပြီဖြစ်သည်။

ထို့ကြောင့် ဖြစ်လာသမျှကို ရင်ဆိုင်ရုံသာရှိတော့သည်မို့ ကြောက်ရွံ့တုန်ယင်နေသော်လည်း သူမ ခြေလှမ်းမရပ်ခဲ့သေးပေ။

အလွန်ကြောက်စရာကောင်းသည် ယောကျ်ားတစ်ယောက်နှင့် ဆုံတွေ့ခဲ့ရပြီးသည့်နောက်မှာ ဒီထက်ပိုရှိဆိုးရွားစွာကြုံရဦးမည်ဆိုရင်လည်း နောက်လှည့်ပြေးဖို့ မြေမရှိတော့ပေ။

နားထဲမှာ ဝဋ္ဋာနှင့် သူ့မိခင် ပြောနေကြသော စကားတွေက မကောင်းဆိုးရွားတွေ ကိုယ့်ကို ချောက်ထဲခုန်ချဖြစ်အောင် တွန်းပို့နေသည့်နှယ်။





သူမကိုယ်တိုင် မြင်ခဲ့ ကြားခဲ့ရတာတွေသာ မဟုတ်ဘူးဆိုလျှင် ဒုံမိပါ့မလား။

နှစ်ယောက် ချိန်းခဲ့ကြသည့်နေရာက သူ သတ်မှတ်ပေးလိုက်သည့် ရွှေငါးစားတော်ဆက်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ထိုနေရာနှင့်အနီးဆုံးထိ ညီကို ပို့ခိုင်းခဲ့တာမို့ ညီကားပေါ်ကဆင်းပြီး နောက်လမ်းထဲကိုဝင်လိုက်တာနှင့် 'ရွှေငါးစားတော်ဆက်'ဆိုသည့် အနီရဲရဲဆိုင်းဘုတ်လေးနှင့်တိုက်ပြားလေးကို မြင်လိုက်ရသည်။

အဆောက်အအုံပုံစံဖြစ်ကာ ကြီးမားထည်ဝါခြင်းမရှိသော်လည်း သေးမှာတည်းခိုခန်းနှင့်တွဲလျက်ရှိနေသဖြင့် ခြံဝင်းကြီးက တော်တော်ကျယ်သည်။

မှန်ပြာတွေကပ်ထားသောကြောင့် အပြင်ကနေ အထဲကိုလည်း မမြင်ရ။

"မင်း တို့အတွက် ထည့်စဉ်းစားပေးမယ်ဆိုရင် 'ရွှေငါးစားတော်ဆက်'ကို အရားကားနဲ့ ထွက်ခဲ့ပါ။ အခု ဖုန်းချပြီးတဲ့အချိန်က စပြီး သုံးရက်ထိစောင့်မယ်၊ သုံးရက်ထိဆိုရင်တော့ မင်း အပြင်ထွက်နိုင်ဖို့ အခွင့်အရေး





တစ်ခုခုရှိလာမှာပဲလို့ တို့ ထင်တယ်၊ ရောက်မလာဘူးဆိုရင်လဲ ရှင်းသွားတာပေါ့ အိမ်ကလေးရယ်၊ သုံးရက်ပြည့်တဲ့ည ကိုးနာရီဆိုရင် မင်း ကျေနပ်သွားစေမယ့်သတင်းတစ်ခု ရောက်လာမှာပါ။ မင်းကို တို့ သိပ်ချစ်တယ်" တဲ့။

ဖုန်းချသွားတုန်းက ကြားလိုက်ရသည့် 'သိပ်ချစ်တယ်'ဆိုသည့်စကားသုံးနွန်းကြောင့် သူမ တုန်လှုပ်သွားခဲ့သည်။ ပြီးတော့ သတင်း ...

ထိုသတင်းကို စောင့်ကြည့်နားထောင်နိုင်စွမ်း သူမမှာ မရှိပေ။ ကိုယ့်ကြောင့် သေဆုံးနေကြသည်ဆိုသောအဖြစ်က ရင်ထဲမှာ ခါးသီးနေခဲ့သည်။

ဆုံးဖြတ်ချက်ကို ရဲရဲတင်းတင်းချ၍ သူ လမ်းညွှန်ချိန်းဆိုခဲ့သည့်နေရာသို့ ခြေချလိုက်မိစဉ် နောက်ကို သမင်လည်ပြန် တစ်ချက် ကြည့်မိ၏။ ဦးညီ ကျန်ရစ်ခဲ့သည့်အဖြစ်ကို သတိရကာ စိတ်ထဲကနေတောင်းပန်လိုက်မိသည်။

"ဦးညီနဲ့ကပ်လျက် ဒီဘက်လမ်းကြားလေးထဲမှာ အိမ်ကလေး ရှိနေသိမှာမယ်လို့ ဦးညီ ဘယ်လိုမှထင်မှာမဟုတ်ဘူးနော်၊ အိမ်ကလေးကို ခွင့်လွှတ်ပါ"

ရင်ထဲမှာနင့်သွားခဲ့သည့်ခံစားချက်သည် အချစ်အတွက်စွန့်စားဖို့ သတ္တိတွေဖြစ်နေသည့်လူတစ်ယောက်နှင့်မတူဘဲ ကိုယ်စားအသေခံဖို့ ဆုံးဖြတ်ထွက်ခွာခဲ့သည့် နင့်သည်းခြင်းတွေပဲဖြစ်နေ၏။

ထို့ပြင် ဝင်္ဂါ ပြောထားသည့်အတိုင်း အပြင်စားသောက်ခန်းတစ်ခုလုံးကို ဖြတ်သန်းဝင်ရောက်သွားခဲ့ပြီး တည်းခိုခန်းဘက်ကိုအတွက်ကြ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကလေးမှာ မှန်တစ်ဝက်ကာနှင့် သီးသန့်ခန်းသုံးခန်းနားကို ရောက်လာလျှင် ထိပ်ဆုံးခန်းထောင့်မှာပဲ အိမ်ကလေး ခြေလှမ်းတွေရပ်တန့်သွားခဲ့၏။

"မရဘူး၊ မင်း ခု ပြန်လိုက်ခဲ့ရမယ်၊ ဝဏ္ဏနော် မင်းကို ဒါ ဒီထက်ရမ်းကားခွင့်မပြုတော့ဘူးလို့ ဆုံးဖြတ်ပြီးမှ လိုက်လာတာ၊ မင်းက ဒီတစ်ခန်းလုံးကို အပိုင်ယူပြီး သားကောင်ထောင်တဲ့ကျော့ကွင်းလုပ်နေတာပေါ့ ဟုတ်လား၊ ဟိုဟာမလေးက သားကောင်ဖြစ်နေရင်တောင် မင်းက မုဆိုးမဟုတ်ဘူး၊ ကိုယ်မှာ သားနဲ့မယားနဲ့"

"တော်ပါဗျာ၊ မမဇော်ကို ကျွန်တော် လက်ထပ်ခဲ့ရတာ ဘာဖြစ်လို့လဲဆိုတာကျတော့ ထည့်ပြောပါလား၊ အမေတို့ကြီးပွားချမ်းသာဖို့အတွက် ကျွန်တော်က ပိုင်းလုံးကောင်ဖြစ်ခဲ့ရတာ"

"အံမာ မင်းက အစကရော ကောင်းတဲ့ကောင်မို့လို့လား၊ ဟွန်း... ဖအေတူသား၊ ဖအေလုပ်တဲ့သူကလဲ သားသမီးတွေနဲ့မယားကို သစ္စာမဲ့ပြီး နောက်တစ်ယောက်နဲ့ပါသွားတယ်၊ တစ်ယောက်ကနေ နှစ်ယောက်ဖြစ်သွားလို့ ပြီးပြီလားဆိုတော့လဲ မပြီးဘူး၊ ဟိုတစ်ယောက်ကိုလဲ ထားခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ် ဝဏ္ဏဆိုတာ လည်တာပဲလေ၊ ငါ့လက်ထဲကနေ ယူသွားတဲ့ သစ်သစ်တင်ဆိုတဲ့ မိန်းမလဲ လင်ပစ်မ ဖြစ်ခဲ့တာပဲ၊ ဒါပေမယ့် ငါ့လို ဟိုက မမိုက်ဘူး၊ ကလေးတစ်ယောက်နဲ့ပဲ အကွဲခံပစ်လိုက်တယ်၊ အရှိန်မကုန်ခင် လိမ့်ခွင့်ရနေတဲ့ နင်တို့ရဲ့ ကျေးဇူးရှင်ကြီးကိုပဲ ဘယ်ချောင်မှာ ဘယ်နေ့ သွားသေမလဲဆိုတာ စောင့်ကြည့်ရမှာ၊ အဲဒီပုဂ္ဂိုလ်ရဲ့ ခြေရာကို တစ်ထပ်တည်းတူအောင်နင်းတဲ့ လူမိုက်က နင်ပဲ ဝဏ္ဏ၊ သစ်သစ်တင်





သူ့သားကို ပိုင်းကောင်းကျောက်ဖိမွေးနိုင်တယ်၊ နင့်ကိုပဲ ငါ မနိုင်တာ၊ ယာမာနဲ့ နင်က တခြားစီပဲ"

"တခြားစီမဟုတ်ရင် ဟိုကောင့်လို ကျွန်တော် သေမှာပေါ့ဗျ၊ မိန်းမ စ်ယောက်အတွက် သေအောင်ခံစားရရာလား၊ အမေ ပြန်ပါဗျာ၊ အမေ ကို ကျွန်တော် နေထိုင်ရပ်တည်နိုင်အောင် လုပ်ပေးခဲ့ပြီးပြီ၊ ကျွန်တော့် ကြံနဲ့ ကျွန်တော့်ခံစားချက်ကို လာမရှုပ်ပါနဲ့"

"အို... မရှုပ်လို့ရမလား၊ မေဇော် က သည်းခံနေပေမယ့် အမှန် ရားက အချိန်တန်ရင် ခွဲထွက်သွားမှာ မင်း နားလည်ရဲ့လား၊ မေဇော် ဆရာဝန်မ၊ ကျိုကျိုတက်ချမ်းသာတယ်၊ သူ့ကို မင်း စုရှိန့်ထိ လက်ထပ် ညာဲ အပျော့ဆွဲဆွဲထားတာကို ဘာတစ်ခွန်းမှ မပြောခဲ့ဘူး"

"သည်းခံတတ်လိုက်တာလို့ မထင်ပါနဲ့၊ အသက်ဆယ့်တစ်နှစ် ကွာ တာသိတော့လဲ သူ ပြဿနာရှာရမှာ ရှက်လို့ဖြစ်မှာပေါ့၊ နအောင် အောင် ဘယ်လောက်ပြင်ပြင် အဘွားကြီးက အဘွားကြီးပဲ၊ ဆရာဝန် ဖြစ်၊ မီလျံနာဖြစ်ဖြစ် ရင်မခုန်နိုင်တာကြီးကို တစ်သက်လုံး ဘယ်လို ပေါင်းရမလဲ၊ သူသိတယ် အဲဒါတွေကို၊ ကျွန်တော်ယူမယ့်မိန်းမ ဘယ် ာက်လှမလဲဆိုတာ သူ မြင်တာပဲ၊ သူ့ဂုဏ်ပုဒ်ကြီးကို သူ ထိန်းပြီး ့လို့မရမှန်းသိလို့ အရှုံးပေးနေတာ သနားမနေနဲ့"

"ကြည့်စမ်း ဝဏ္ဏ၊ မင်းဟာ ရည်းစားတွေထားပြီး ရှုပ်ပွေလိုက်တာ တဲ့နာမည်တွေ ကျွန်ခဲ့တဲ့အတိုင်း တကယ့်ကို အသည်းနှလုံးမရှိတဲ့ ပဲ"

"ရှိပါတယ်၊ ချစ်ဖို့ကောင်းရင်ချစ်တတ်တာပဲ၊ သီချင်းအိမ် လိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ယာမာကိုယ်တိုင် သေအောင်ချစ်ခဲ့တဲ့ အလှပဂေးလေး မမဇော်လောက်မချမ်းသာရင်တောင်မှ မဆင်းရဲဘူး၊ အမေတို့ မနှစ်မှာ ဘူးဗျာ၊ အေးအေးဆေးဆေးပြန်ပြီး နားထောင်နေလိုက်၊ ဒီနေ့ အဲဒီ လေ မလေး ရောက်ကိုရောက်လာလိမ့်မယ်"

"ကောင်မလေးက စိတ်မနှံ့ဘူးဆို"

"ဒီထက်ရူးနေစေချင်သေးတာ၊ ပြောရဆိုရလွယ်အောင်လို့"

"ဝဋ္ဋာနော် မင်း၊ မေဇော်က ပြဿနာရှာရင် မလွယ်ဘူး၊ သူနဲ့ လက်ထပ်ထားတဲ့စာချုပ် ရှိနေတာကို မမေ့နဲ့"

"ကျွန်တော် ယူစုတ်ပစ်လိုက်ပြီ"

"ဘာ... မင်း ... မင်းက သူ့ကို လုံးဝကန့်ထုတ်ပစ်တော့မယ်ပေါ့"

"သူ လိမ္မာရင် ဒီလိုဖြစ်မှာမဟုတ်ပါဘူး၊ ကျွန်တော်က ယောကျ်ား လေး၊ ရရင်ယူမှာပဲ"

"မဟုတ်ဘူး၊ မင်း မေဇော့်ကို ဒီလိုဆက်ဆံလို့မရဘူး"

အချေအတင်တွေ စကားတွေက နောက်မှာ တဖြည်းဖြည်း တိုးတိတ်ကျန်ရစ်လေသည်။

'ရွှေငါးစားတော်ဆက်'၏ အပြင်ဘက်ကိုရောက်လာတော့ မျက်လုံးထဲမှာ ဘာမှမမြင်တော့ပေ။ အားရပါးရ ငိုပစ်ချင်သည်။ မျက်လုံးတွေက ကြောင်တောင်ကန်းသလိုဖြစ်နေပြီမို့ ဘယ်လိုမှ ဆက်လျှောက်လို့ မဖြစ်နိုင်။

ထို့ကြောင့် ပန်းခြံတစ်ခုထဲ ဝင်ထိုင်နေလိုက်၏။ ထိုအခါ မျက်ရည်မြစ်သည် တောင်ကျရေများကဲ့သို့ ဝါးလုံးထိုးဆင်းကျလာကြသည်။ ငိုနေ





ခုန်းမှာ နေ့လယ်ခင်းက မှောင်မိုက်နေခဲ့သည်ထင်၏။

အိမ်ကလေး ဘယ်လိုရှေ့ဆက်မည်၊ အခု သူမ ဘာလုပ်နေမိသည်၊ ဘာဆို ဘာမှ သတိမရခဲ့၊ သတိရချိန်သည် ...

"မိန်းကလေး ပန်းခြံပိတ်တော့မယ်ကွယ့်"

ပခုံးကို တစ်စုံတစ်ယောက် တို့လိုက်တော့မှ မော့ကြည့်မိ၏။ ပတ်ခန်းကျင်သည် မှေးမှေးသည့်အလင်းရောင်သာ ရှိတော့ကာ ညဝတ်ရုံကြီး ဖြန့်ခင်းထားတော့မည်အောက်မှာ ဝပ်စင်းနေလေပြီ။

နင် ဘယ်သွားမှာလဲ သီချင်းအိမ် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မဖြစ်ဘူး၊ မဖြစ်လို့ပါ"

ဆရာဝန်က တားသည်။ ဘေးလူတချို့ကလည်း ဝင်ပြောၾ၏။

"ခေါင်းမှာထိထားတာ မနည်းဘူး၊ အိမ်မှာ နောက်ဆံတင်းစရာလဲ မရှိဘူးဆိုရင် အနားသက်သာမှ၊ ဒါမှမဟုတ် မနက်ကျမှပဲ သွားပါလား"

"မဟုတ်ဘူး၊ ကျွန်တော့်မှာ အရေးတကြီးကိစ္စ ရှိလို့ပါ"

ညီ ဇွတ်ထွက်သည်။ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံပေါ်ရောက်သွားတဲ့အထိ သူ ဘာမှမသိတော့ပေ။ ပြင်ဦးလွင်မှာ သူက ဧည့်သည်ဖြစ်သည့်အပြင် တစ်ကိုယ်ရေတစ်ကာယနေသူမို့ ဆက်သွယ်ဖို့လိပ်စာကို မသိကြပေ။

ထို့ကြောင့် သူ သတိရတဲ့အထိ စောင့်နေကြသည်။ ကားစာအုပ်မှာ ရန်ကုန်လိပ်စာကိုတွေ့သောကြောင့် ရန်ကုန်ကိုတော့ အကြောင်းကြားလိုက်သည်ဟု ပြော၏။





သူ ဘာမှနားမထောင်တော့ဘဲ ကားပေါ် ပြန်ရောက်သွားသည်။ ကားပေါ်ကျမှတွေးတော့ သူ့ဟန်းဖုန်းက ထိုင်ခုံအောက်မှာ ဒီတိုင်း၊ လူကလည်းဒဏ်ရာနှင့်၊ ကားမှာလည်း ဒဏ်ရာတွေရှိသည်။ လမ်းကျမှ ကားရပ်ပြီး သူ ခေါင်းကပတ်တီးကိုဖြေသည်။ အိမ်ကို ပတ်တီးနဲ့မပြန်ချင်၍ဖြစ်၏။ ထင်သည့်အတိုင်းပင် အိမ်မှာရှိသည့် တစ်ယောက်တည်းသော ထမင်းချက်ကောင်လေးကိုမေးတော့ မမေတို့ ရောက်နေသည်တဲ့။

ထို့ပြင် အိမ်ကလေးနဲ့ဒေါက်တာ ပြန်ရောက်နေပြီလားလို့မေးသည့် ဖုန်းလည်း ဝင်လာသည်တဲ့။ ဖုန်းကိုအသာချပြီး အိမ်နားနီးကာမှ သူ ပြန်လှည့်လာခဲ့၏။

အခြေအနေက မကောင်းနိုင်တော့ပေ။ ခုလောက်ဆို သူနဲ့ အိမ်ကလေး အတူသွားလာနေတာကို ဆက် သိနေလောက်ပြီဖြစ်ကာ သူမကို လာမကြိုသည့်အဖြစ်အတွက် အပြစ်က ပိုကြီးသွားပြီဖြစ်သည်။

မထင်မှတ်ဘဲ ရှုပ်ထွေးကုန်သည့်အခြေအနေကို သူ မရှင်းနိုင်သေးပေ။ ဒီဘက်မှာ အားလုံးပြီးမှပဲ သူ ရှင်းပြမည်။ ကိုယ်က အကြံအစည်နဲ့ မှားယွင်းခဲ့တာမဟုတ်သည့်အတွက် ခေါင်းထဲမှာ သိပ်မထည့်မိအောင် ဖယ်ထားလိုက်၏။

လောလောဆယ် အရေးကြီးတာက အိမ်ကလေးကို အချိန်မီ ပြန်ရှာနိုင်ဖို့ဖြစ်သည်။ နာရီကြည့်လိုက်တော့ ညရှစ်နာရီထိုးတော့မည်၊ ဒီအချိန်ထိ သတိလစ်နေခဲ့မိသည့်ကိုယ့်ကိုယ်ကို ပြန်၍ကျိန်ဆဲမိသည်။

အိမ်ကလေးနဲ့ ဝဏ္ဏ တကယ်ပဲခိုးပြေးကြပြီလား။ သူထင်သည်က ဝဏ္ဏနဲ့ အိမ်ကလေး ဆက်သွယ်မိဖို့ဆိုတာ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဝဋ္ဋာ ငြိမ်းခြောက်အကျပ်ကိုင်ပြီး ပြောထားခဲ့သည့်စကားနှင့် အိမ်ကလေးက အခွင့်သာတုန်း လစ်ထွက်သွားတာပဲ ဖြစ်လိမ့်မည်။ ဤသို့ ဖြစ်လျှင် ဝဋ္ဋာနဲ့ အတိအကျချိန်းထားတာမဟုတ်ဘဲ လွဲသွားခဲ့လျှင် ဘယ်လိုလုပ်မလဲ။

အိမ်ပြန်မရောက်သေးတာ သေချာနေသည့်အတွက် ဝဋ္ဋာနဲ့ ပါသွားပြီဖြစ်ဖို့က များနေပါပြီ။ ဒါပေမယ့် ရင်ထဲမှာ စိတ်တုံးတုံးချလို့မရဘဲ ဖြစ်နေသည်။ ဖြစ်နိုင်ချေတွေ အများကြီးရှိနေသော်လည်း အိမ်ကလေး ဒုက္ခရောက်နေပြီဟု ထင်နေသည့်စိုးရိမ်စိတ်က မပျောက်။ ထို့ကြောင့် ဝဋ္ဋာအိမ်ကို စုံစမ်းမှဖြစ်တော့မည်ဟုတွက်ကာ နောက်ထပ်တစ်ခါ သူငယ်ချင်းဆီကို ဖုန်းဆက်မေးတော့ လမ်းဘေးမှာ သေချာရပ်ပြီးမှ ဆက်ရ၏။

"ဟာ ... မင်းကလဲ ရှုပ်ပါ့ ညီရာ၊ ဒီအချိန်မှတော့ ပါသွားပြီပေါ့ကွ"

"အေး ပါသွားပြီဆိုရင်လဲ ငါ သေချာသိရမှဖြစ်မယ် သီဟ၊ ဝဋ္ဋာအိမ်လိပ်စာ ငါ့ကို ပြောစမ်းပါ"

"ပြီးရောကွာ"

ဟု စိတ်ညစ်သံကြီးနှင့်ပြောပြီး လိပ်စာတစ်ခုကို လမ်းညွှန်နှင့်တကွ ပြောပြ၏။

"ငါ လာခဲ့ရဦးမလား၊ ဘယ်လိုလဲ"

"မလာနဲ့ ..."

ရတယ်ဆိုသည့်စကားကို ပြောမလို့ ပါးစပ်ကနေ ဆုံးခန်းမတိုင်မီမှာ မျက်လုံးရှေ့မှာ ဖြတ်ဝင်လာသည့်ဆိုင်ကယ်တစ်စီးကို မြင်လိုက်ရသဖြင့် ဒေးခနဲဖြစ်သွား၏။





ဝဋ္ဋာနှင့် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ အမျိုးသမီးက ဟိုတစ်ခါ သီလရှင်ကျောင်းထဲကအထွက်မှာ သူနဲ့အတူပါလာသည့် မမဇော်နိုသည့်သူမှန်း ညီ မှတ်မိလိုက်၏။

ဆိုင်ကယ်လ်က မိန်းမစီးဆိုင်ကယ်လ် ဝဲဝဲပ်လေးဖြစ်ကာ အမျိုးသမီးမောင်းသည့်နောက်မှာ ဝဋ္ဋာ က အကျအနထိုင်လိုက်သွားတာ ဖြစ်သည်။

ဒီကောင် ဘယ်မှာပဲမြင်ရမြင်ရ ထောင့်မကျိုးပါလား။ ကားပေါ်ကနေ လည်ပင်းလိမ်ပါသွားသည်အထိ လိုက်ကြည့်မိရင်း အံကြိတ်လိုက်သည်။

ဒါဆို အိမ်ကလေးနှင့် ဝဋ္ဋာ မဆုံခဲ့တာ သေချာပါပြီ။ ကားက ရှေ့ဘုရှသို့ လျှောခနဲပြေးထွက်၏။ မိုးချုပ်ကာစ ဦးကောင်း ဖုန်းဆက်ထားသည်ဆိုတော့ အိမ်ကလေး အိမ်ကို မပြန်တာလည်း သေချာနေသဖြင့် ရင်ထဲမှာ ဗလောင်ဆူလာ၏။

မိုက်တဲ့ကောင်မလေး၊ ရည်းစားနဲ့တွေ့ဖို့အထိ လိုက်စောင့်ပေးနေတဲ့ ဆရာကိုများ နည်းနည်းပါးပါး တိုင်ပင်ပါတော့လား။

မဖြစ်နိုင်တာကိုတွေး၍ အပြစ်တင်နေမိသည်။ မီးတိုင်တွေ အလှမ်းဝေးသည့်နေရာတွေကို ရောက်သွားတိုင်း အမှောင်ထုကိုကြည့်ပြီး သူစိုးရိမ်နေ၏။

ကိုယ်တိုင် ခေါ်ထုတ်လာခဲ့သည်မို့ ပြန်မရောက်သေးဘဲ သွားမေးမိလျှင် ပြဿနာတွေ ပိုရှုပ်ကုန်မှာမို့ လမ်းပေါ်မှာလျှောက်လိမ့်နေမိသည်။

ထိုစဉ် ကံတရားက သူ့ဘက်ပါကာ ငုတ်တုတ်လေးထိုင်၍ခေါင်းငုံ့



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်နေသော အိမ်ကလေးကို မုန့်ဆိုင်တစ်ဆိုင်ရှေ့မှာ လှမ်း... လိုက်ရ၏။

ဆိုင်က သိမ်းနေပြီဖြစ်ကာ သူမက ရှေ့ကခုံစွန်းလေးမှာ ငုတ်တု... ပိုက်နေတဲ့သူကဲ့သို့ ဘယ်ကိုမှမကြည့်တဲ့ အရုပ်တစ်ရုပ်လို ကျောက်ရုပ်... နေခြင်းဖြစ်သည်။

သူမရှေ့မှာ ကားထိုးရပ်တဲ့အထိ မော့မကြည့်ပေ။

"အိမ်ကလေး"

ဒေါသတွေ ဘယ်က ခုန်ပေါက်ထွက်လာမှန်းမသိ။ စိုးရိမ်တာ၊ ပူ... တာတွေအားလုံးက ဒေါသဆီမှာပဲ စုပြုံအားကောင်းလျက် လက်မော... လေးကို မညှာမတာဆွဲထုပစ်လိုက်တာ တစ်ကိုယ်လုံး ကြွပါလာ၏။

"ဦးညီ"

အိမ်ကလေးသည် သူ့ကိုမြင်လိုက်တော့မှ ကတုန်ကယင်လေး ... ဖြစ်၏။ ပြီးတော့ သတိလစ်လဲကျတော့မည့်နှယ်၊ ညီ့လက်ထဲမှာ ယိမ်းထို... ပါလာခဲ့သည်။

"ဦးညီ ... ဦးညီ အိမ်ကလေးကို လိုက်ရှာနေတာလားဟင်"

"ဩော်... သွားလာရင်း အမှတ်တမဲ့တွေ့တယ်များထင်နေသလား... ခင်ဗျားက"

အိမ်ကလေးက ခေါင်းခါတော့မလို၊ ခေါင်းညိတ်တော့မလိုနှင့် ပြ... ချင်သည့်နှုတ်ခမ်းလေးတွေ တလွန့်လွန့်ဖြစ်လာ၏။ ထို့နောက် ရှိုက်ကြီး... တငင် ငိုချပစ်လိုက်သည်။

ကားက တဟူးဟူးပြေးနေရာကနေ အရှိန်လျော့ကျသွားကာ ...





"ဝဠ္ဍာကို ရှာမတွေ့လို့လား"

မညှာတာရာရောက်သွားလည်း မတတ်နိုင်။ ဒါက မမေးလို့မဖြစ်။ သို့သော် အိမ်ကလေးက မဖြေခဲ့ပါ။ ခေါင်းခါပစ်လိုက်ပြီး မျက်ရည်တွေကို သုတ်သည်။

"ကျေးဇူးပြုပြီး အဲဒါကို ပြန်မစပါနဲ့၊ ဦးညီ အခု ဘယ်ကိုမောင်းနေတာလဲ"

"မင်းကို ပြန်ပို့မလို့ပေါ့၊ မေးတာကိုမဖြေဘဲ ဘာဖြစ်လို့ ပြန်မေးတာလဲ"

"မပို့နဲ့၊ အိမ်ကလေး အိမ်ကိုပြန်ချင်ရင် ဒီအချိန်ထိ လမ်းပေါ်မှာ လျှောက်သွားနေမှာမဟုတ်ဘူး၊ မန္တလေးကိုပဲ ပို့ပေးပါ"

"ဘာကွ"

ကားက နေရာမကျစွာ ထိုးရပ်သွားသည်။

"မန္တလေးကို ဟုတ်လား၊ ဒီအချိန်ကြီး မန္တလေးကို ဘယ်လိုလုပ်သွားမလဲ၊ မင်း တော်တော်လက်ပေါက်ကတ်ပြောတဲ့ မိန်းကလေးပဲ"

"ဟင့်အင်း၊ အိမ်ကလေး မပြန်ဘူး"

"ကွာတ်"

ညီ ဆတ်ခနဲခေါင်းခါပစ်သည်။ ဒါ အဓိပ္ပာယ်မရှိတာ။

"မင်း ဆိုးတာတွေများနေပြီ အိမ်ကလေး၊ ဒီနေ့ မင်းကြောင့် ဘာတွေဖြစ်ခဲ့သလဲ သိလား"

မသိဘူးလို့လည်းမဖြေ ဘာဖြစ်ခဲ့လို့လည်းဆိုသည့် မေးခွန်းလည်း မလာ၊ သူမသည် ယတိပြတ်ခေါင်းမာတော့မည့်ဆုံးဖြတ်ချက်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်လှည့်ပစ်လိုက်၏။

"အိမ်ကလေးကြောင့်ဆိုရင် ဘာလို့လိုက်ရှာသေးလဲ ဦးညီ၊ ကျွန်မ မပြန်ဘူး။ မှားပါပြီဆိုတဲ့နောင်တကို ရင်ဘတ်ထဲမှာပဲ ထားလိုက်တော့မယ်၊ ဘယ်သူ့ကိုမှ မပြောဘူး၊ ဘာအကြောင်းတွေမေးမေး ဖြေလဲမဖြေချင်တော့ဘူး။ ဦးညီ ပို့မပေးနိုင်ဘူးဆိုရင် ကားဂိတ်ကိုပို့ပေး။ ပိုက်ဆံ နည်းနည်းနဲ့ထားခဲ့ရင် ရပြီ"

"မင်း ..."

သူ အိမ်ကလေးရဲ့ မေးဖျားလေးကို ဒီဘက်ဆွဲလှည့်ပစ်လိုက်သည်။ မျက်ရည်များ စိုလူးလျက် မျက်ဝန်းလေးတွေ လက်နေသည်က ဒီတိုင်းပဲ လုပ်ကိုလုပ်မှာဟု ပြောနေသည့်နှယ်။

ရိုက်နှက်ဆုံးမရခက်၊ ဒီနားမှာပဲ ကန်ချပစ်ခဲ့ပါလားဆိုတော့လည်း မချနိုင်၊ ထိုစဉ် ဖုန်းသံက တစ်မျိုးနှိပ်စက်လာပြန်သည်။

"ဟဲလို ..."

ကိုယ့်ဒေါသနဲ့ကိုယ် နံပါတ်ကိုလည်းမကြည့်ခဲ့မိ။

"မောင် ..."

နုးညံ့ခြင်းတွေ ပျောက်ဆုံးနေသည့် ခေါ်သံက အံကြိတ်ထားသလား။ ငိုနေသည်လားမသိ၊ အံကြိတ်ထားချင်ထားမည်၊ ငိုနေတာတော့ မဖြစ်နိုင်ပါ။

ဆက် က နူးညံ့တတ်တာပဲရှိသည်။ စိတ်တော့သိပ်မပျော့တတ်ပေ။

"မောင် နားထောင်နေတာ ဟုတ်ပါတယ်နော်"

"နားထောင်နေတယ် ဆက်၊ ကိုယ် အခု ပြန်လာခဲ့မယ်၊ အားလုံး





ကို ရှင်းပြပါ့မယ်၊ ခဏတော့..."

"မလွယ်ဘူးထင်တယ် မောင်"

ဆက် ၏ လေသံက အေးစက်ပြတ်တောက်လျက်ရှိကာ ...

"တိုက်စားမှုတိုင်းဟာ ပျက်စီးဖို့ပဲ မောင်၊ ခိုင်မြဲဖို့မဟုတ်ဘူး၊ နှစ်ပေါင်းများစွာတိုက်စားခံနေရတာကို မမြင်ဘဲ ဒီကျောက်ဆောင်ကြီး တောင်မှပြိုကျတာ အံ့သြစရာပဲလို့ ဆက် ကိုပဲ ဝေဖန်မယ်ဆိုရင်လဲ ဝေဖန်ကြပါစေတော့၊ ဆက် ကို မလာနဲ့လို့ မောင် တားခဲ့တဲ့ကြားက ဆက် က ဖွတ်လိုက်လာခဲ့တာပါ၊ ခုလဲ ကိုယ့်သဘောနဲ့ကိုယ်ပဲ ပြန်မှာ၊ မိန်းမတန်မဲ့ ယောကျ်ားလေးရှိတဲ့အရပ်ကို ဆိုက်ဆိုက်လာနေခဲ့ရတဲ့ အဖြစ်ကိုလဲ ခုတော့ နားလည်သွားပါပြီ၊ အချစ်ဆိုတာ နီးစပ်ပတ်သက်ပုံတွေမှာ အများကြီးပြောင်းလဲနိုင်တယ်ဆိုတာ မှန်တယ်၊ တကယ်တော့ ဆက် ကို မောင် ပေးခဲ့တာ အချစ်မှမဟုတ်ဘဲ၊ အဲဒါ ကိုယ့်ဘာသာခံစားမိနေခဲ့တဲ့ စိတ်ရဲ့ လှုံ့ဆော်မှုပါ၊ အခိုင်အမာတော့ ဆက် မပြောနိုင်ပါဘူး"

"ဆက် ..."

"ရပြီ မောင်၊ မောင် ရှင်းပြတာကို မမျှော်လင့်တော့ဘူး၊ ဆက်ပြောတာကိုပဲ နားထောင်ပေးပါ၊ မောင့်ရဲ့မေမေကတော့ သူ့သားကို အပြစ်ရှိရင်ဆူမယ်၊ ရိုက်ပုတ်ဖို့ဖြစ်ရင် ရိုက်ပုတ်မယ်၊ ဒါပေမယ့် ခွင့်လွှတ် နားလည်ပေးဖို့ စောင့်နေတယ်၊ ဆက် ကတော့ မကြားရဲ့ လို့ပါ၊ ဘာပဲဖြစ်ဖြစ် မောင်နဲ့ အတူတွဲပြီးပါလာမယ့် သီချင်းအိမ်ကိုလဲ မမြင်ရဲဘူး၊ ဒီည ဆက် ဟိုတယ်လ်မှာ တည်းလိုက်တယ်၊ အခု အဲဒီက ဆက်တာပဲ၊ မောင် ဆက် ကို ညာတာတယ်၊ စာနာတယ်ဆိုရင် လုံးဝ ဖုန်းထပ်မဆက်ပါနဲ့ လာလဲ



www.burmeseclassic.com

www.burmeseclassic.com



မလာပါနဲ့၊ ဒရိုင်ဘာရော ညီမဝမ်းကွဲတစ်ယောက်ရောပါတယ်ဆိုတော့ မိတ်ဆွေကောင်းပီသတဲ့စိတ်ကြောင့်ဖြစ်ဖြစ် မောင် စိတ်ပူစရာမလိုတော့ဘူး။ မနက်လေးနာရီမတိုးခင် ဆက် တို့ ထပြန်မှာ၊ ဒါပါပဲ မောင်၊ မောင် ပျော်ရွှင်ပါစေ"

"ဆက် ..."

ဖုန်းကိုကိုင်ထားလျက်နှင့် ညီမျက်နှာကြီး နီရဲမှုန်ကုပ်နေလေသည်။ ဘေးမှ ငြိမ်သက်စွာထိုင်ကြည့်နေသည့် အိမ်ကလေးက ဖုန်းပြောလို့ ပြီးသွားပြီမှန်း သိမှ...

"ဘာဖြစ်သွားလဲ ဦးညီ၊ ဦးညီတို့ ပြဿနာလား။ အိမ်ကလေးနဲ့ ဆိုင်သလားဟင်"

သူ ဘာမှမဖြေချင်။ ဖုန်းကိုတင်းကျပ်စွာဆုပ်ထားရင်း ရှေ့မတိုးနိုင် နောက်မဆုတ်နိုင်ဖြစ်နေဆဲ ဖုန်းက မြည်လာပြန်သည်။ သူ ကားထဲက မီးရောင်နှင့် ဖုန်းကိုငုံ့ကြည့်မိ၏။

"မေမေ"

"သားညီ မင်း အခု ဘယ်မှာလဲ"

"ကျွန်တော် ..."

"ကောင်မလေး မင်းနဲ့ အတူရှိနေသလား"

သူ တုံတွေးမျိုးချရင်း ဟုတ်တယ်ဖြေဖို့ကို အားယူတာ မအောင်မြင်။

"ဟေ့ မေးနေတာ ဖြေလေ၊ တစ်နေ့လယ်လုံး ဖုန်းတခြား လူတခြားနဲ့ ဘာတွေလုပ်နေလို့လဲ၊ သီချင်းအိမ် ဆိုတဲ့ ကောင်မလေးရဲ့ အိမ်ကလူတွေ အခု အိမ်မှာရောက်နေကြတယ်"





ညီ ဟင်ခနဲဖြစ်ကာ အိမ်ကလေးကို လှည့်ကြည့်လိုက်မိ၏။

"မင်းပြောတော့ မင်း ကုနေတဲ့လူနာဆို"

"မေမေရာ ကျွန်တော် ..."

"အေး မေမေလဲ သိချင်လှပြီ၊ မင်း အခု ချက်ချင်းပြန်လာခဲ့"

"ပြန်ခဲ့ပါ့မယ်၊ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် ..."

"ဘာလုပ်ခဲ့ကြတာပဲဖြစ်ဖြစ် အခု မင်း အလုပ်ရတော့မယ်ဆိုတာ နားလည်ထားရမယ်၊ ဒီလိုကိစ္စမျိုးမှာ အမှန်တရားတွေ အများကြီးမရှိဘူး ညီ၊ မေမေ့သားကို မေမေ ဒီလိုခြေလှမ်းမှားလိမ့်မယ်လို့ လုံးဝ မထင်ခဲ့မိဘူး။ ဆက် လဲပြန်သွားပြီ၊ မေမေ မတားလိုက်ဘူးလားလို့ မင်း အပြစ်တင်တင်ချင်သေးလား။ တားကိုမတားဝံ့တော့တာ"

ညီ ဖုန်းနားထောင်ရင်း ကျွတ်ခနဲဖြစ်ကာ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိ၏။

"သားညီ"

"ဗျာ"

"မင်း အခု ဘယ်မှာလဲ၊ ဒီည ပြန်လာနိုင်မလား"

"ကျွန်တော်တို့မှာ ပြောစရာတွေ အများကြီးရှိတယ် မေမေ၊ ဒါပေမယ့် ..."

"ဒါပေမယ့်ရဲ့နောက်မှာ မင်း မပြောနိုင်ဘူးမဟုတ်လား၊ ဒီအချိန်ထိ ထူးလဲမထူးတော့ဘူး။ မင်း မေမေ့စိတ်ကို နားလည်တယ်နော် သား၊ အပြင်မှာ လုံးဝမနေပါနဲ့၊ တတ်နိုင်သမျှ အိမ်ကို အမြန်ဆုံးရောက်အောင် ပြန်ခဲ့၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဖုန်းလာဦးမလားဟုတွေးမိရင်း ပိတ်ထားလိုက်ချင်သည့်စိတ်က ခလုတ်ပေါ်ကို လက်တင်လိုက်မိသည်အထိပင်။

"ဦးညီတို့ ဘာတွေဖြစ်နေကြတာလဲဟင်၊ အိမ်ကလေးနဲ့မဆိုင်ဘူးဆိုရင်လဲ ကားဂိတ်ကို ..."

"အိမ်ကလေး"

သူ့ အော်ပစ်လိုက်တော့ အိမ်ကလေး မျက်လုံးလေးဝိုင်းသွား၏။ မထင်မှတ်သောကြောင့် လန့်သွားတာမျိုးဖြစ်ကာ မျက်နှာလေးက တင်းခနဲပြန်ဖြစ်၏။

"ကိုယ့်ပြဿနာကိုရှင်းနေကြတဲ့ကိစ္စ အိမ်ကလေးက ဒီတိုင်း ငုတ်တုတ်ထိုင်နေရမှာလား။ ပို့...၊ ကားဂိတ်ကို ခုပို့ပေး"

"ကိုယ့်ပြဿနာကို ရှင်းနေကြတာ ဟုတ်လား၊ မင်းကြောင့်ရှင်းနေရတာလို့များ နည်းနည်းမှ မထင်မိဘူးလား"

"ဟင် ..."

"နည်းလမ်းတွေ အများကြီးစဉ်းစားမနေနဲ့၊ မင်း အိမ်ပြန်ရမယ်"

"အို... မပြန်ပါဘူးဆိုမှ"

"ဒါဆိုလဲ ပြီးတာပဲ"

ကားက သိမ့်ခနဲ ပြေးထွက်သွား၏။ စကားလည်းမပြောတော့ဘဲ ကားရှိန်ကိုလည်းမလျှော့ ဘယ်ကိုမောင်းနေမှန်းမသိသောကြောင့် လမ်းကိုကြည့်လိုက်၊ ညီကိုကြည့်လိုက်နှင့် အိမ်ကလေး ဒေါသဖြစ်လာကာ ...

"ဦးညီ ဘယ်ကိုမောင်းနေတာလဲ"

"တည်းခိုလို့ရမယ့် တစ်နေရာရာလေ"





"ဘာ... ဘယ်လို"

"မင်းက အိမ်မပြန်ချင်ဘူးဆိုတော့ ငါ့နောက်ကိုပဲ လိုက်ခဲ့ပေါ့။ မင်းကို ငါ ခိုးသွားမယ်"

"ဒီလိုရမလား။ ရှင် ..."

အိမ်ကလေး မျက်နှာရဲတက်သွားသည်။ ယောကျ်ားလေး တစ်ယောက်နောက်ကို တကောက်ကောက်လျှောက်လိုက်နေသည့် အရှူးမဆိုပြီး ဒီလိုအထင်သေးလိုက်တာလား။

"တောက်"

"ဟော့ ..."

အိမ်ကလေး မြန်သည်။ ကားကို ဘယ်လိုမှမထိန်းနိုင်တော့တဲ့ သူမကို အမိအရဆွဲနိုင်ဖို့ပဲ ကြိုးစားလိုက်တာတောင် တကာယ်ကို မီရုံလေးပဲဖြစ်သည်။

"ခုန်း"

"အား"

အိမ်ကလေးကားထဲကိုပြန်ပါလာကာ ကားက ဘေးကို ဟဲခနဲ ချော်ထွက်သွား၏။ ကြီးမားသောချိုင့်ခွက်ကြီးထဲသို့ ဘီးတစ်ဖက် ဒေါသတကြီးခုန်ချပစ်လိုက်သဖြင့် နှစ်ယောက်စလုံး ကားထဲမှာ ဖြစ်ချင်တိုင်းဖြစ်ကုန်ကြ၏။

အားလုံး ငြိမ်သက်သွားသည့်အချိန်တွင် အိမ်ကလေးသည် ကျရှင်နှင့်ရင်ခွင်ကြားထဲမှာ ပက်လက်ကလေးဖြစ်နေလျက် ညီက သူ့ကို ခေါ်လျက်သား...။



www.burmeseclassic.com

"သေပါပြီကွာ"

အိမ်ကလေးကျောအောက်မှာပိမိနေသည့်လက်ကို ဆွဲထုတ်ရင်း ပခုံးတစ်ဖက်မှာ ရူးအောင့်နေသည့်ဝေဒနာကြောင့် ရှုံ့မိသွား၏။ ထို့နောက် သူမကိုဖက်ထားမိသည့်လက်ကို ဖယ်၍ ပြန်ကျုံးထမလို့ ဖြစ်လိုက်ပြီးမှ မထဖြစ်ဘဲ မျက်လုံးတို့က သူမကိုပဲ စီးမိုးကြည့်မိကာ ...

"အသေခံပြီး ခုန်ချမလို့ ဟုတ်လား"

အိမ်ကလေးက 'ဘာဖြစ်လဲ'ဆိုသည့် မျက်နှာလေးနှင့် ဟိုဘက်လှဲပစ်၏။

"သေချင်တာက ဝဋ္ဋာနဲ့လွဲခဲ့ရကတည်းကမဟုတ်လား။ ကျုပ်က ကားတင်ပြေးလို့ ခုန်ချပါတယ်ဆိုပြီး ..."

"ဦးညီနော်"

"အ ..."

အိမ်ကလေးက သူ့ရင်ဘတ်ကို အားနှင့်တွန်းပစ်လိုက်သဖြင့် ညီ အနာပေါ်ကာ ရှုံ့မဲ့သွားပြန်သည်။ နောက်ထပ် ပြင်လိုက်သည့်လက်က လေထဲမှာပဲရပ်သွားကာ အိမ်ကလေးမျက်နှာမှာ စိုးရိမ်ခြင်းတွေ ချက်ချင်းဖြစ်၏။

"ဦးညီ မဟုတ်တာတွေမပြောနဲ့နော်၊ ယောကျ်ားတစ်ယောက်ကို သေချင်လောက်အောင်ချစ်ခဲ့ဖူးတာ အိမ်ကလေးရာဇဝင်မှာ မရှိဘူး၊ သူ့အကြောင်း နောက်ထပ် ဘာမှလဲမကြားချင်ဘူး၊ ဒီတစ်ခါ ဦးညီ ပြောကြည့်"

"ဘာလုပ်မလဲ"





အိမ်ကလေး ဘာမှမပြောဘဲ မျက်စောင်းလေးရွယ်လျက် ပြန်စိုက်ကြည့်သည်။ နှစ်ယောက်စလုံးသည် ပူးကပ်ဖက်တွယ်လျက်သားရှိနေကြသည့် ကိုယ့်အဖြစ်တွေကို မေ့လျော့လျက်ရှိကာ ...

"အိမ်ကလေး"

ရူးစိုက်ကြည့်နေကြလျက်နှင့် သူ ထပ်ခေါ်သည်။ ပြီးတော့ ဘဝဇာတ်ဝန်းတို့သည် လေးနက်နူးညံ့ခြင်းတို့ ဖြစ်တည်လာခဲ့ပြီး ...

"ပြောင်းလဲကုန်တာကတော့ အခြေအနေ အချိန်အခါတွေပဲ၊ မှားခဲ့တာလဲ မင်းတစ်ယောက်တည်းမဟုတ်ဘူး"

ပြဿနာကို အစကနေ ပြန်ကောက်လိုက်ပြီး ညီက မတ်မတ်ပြင်ပြင်သည်။ ထို့နောက် အိမ်ကလေး၏ လက်မောင်းလေးကိုပါ ဆွဲထူပေးလိုက်၍ ...

"အခု ကိုယ့်အိမ်မှာ မင်းမိဘတွေရော၊ ကိုယ့်မေမေရော ကိုယ်တို့ကို စောင့်နေကြတယ်"

"ဟင် ..."

အိမ်ကလေး တအံ့တသြဖြစ်သွား၏။

"ဘယ်လို ဦးညီ၊ မေမေတို့က ဦးညီဆီမှာ"

"ဟုတ်တယ်၊ မင်းကို ကိုယ်က ခေါ်ထုတ်သွားတာဆိုတော့ မင်းပျောက်သွားတာနဲ့ ကိုယ့်ဆီရောက်လာတာပေါ့"

"အို... နေ့လယ်ကတည်းကဥစ္စာ၊ အိမ်ကလေး သွားပြီဆိုတာကို ဦးညီက မေမေတို့ကို အကြောင်းမကြားလိုက်ဘူးလား။ အိမ်ကလေးက ဦးညီက မေမေတို့ကို ဝိုင်းကူရှာပေးတယ်မှတ်နေတာ၊ မေမေတို့က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမသိသေးဘူး ဟုတ်လား"

နားမလည်ခြင်းတွေက မေးနေရင်း ပိုရှုပ်လာကာ မေးခွန်းတွေ
ခါချည်းပဲထပ်နေ၏။ ညီက နာရီကိုငုံ့ကြည့်ရင်း ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ မင်းပျောက်သွားတာ ဝဋ္ဌာနဲ့ ဘယ်လိုမှအဖြစ်မခံ
တဲ့စိတ်က အချိန်မီ ပြန်ရှာမယ်ဆိုပြီး ဘယ်သူ့မှ သတင်းမပို့ဘဲ သဲခဲ
ခဲ့တာလေ၊ အဲဒီမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး တစ်နေကုန်ကွာ ကိုယ်သ
လစ်နေတာ မိုးချုပ်မှ ထလာနိုင်တယ်"

ညီက ကိုယ့်ကိုယ်ကို ရိုက်ပုတ်ပစ်ချင်လောက်အောင် ဒေါသထွ
မချင့်မရဲဖြစ်ကာ စတီယာရင်ကိုထုလိုက်၊ မျက်နှာကိုပွတ်ပစ်လိုက်နှ

ဖြစ်ရလေ၊ သူ့ ပြန်ပြောသမျှကိုနားထောင်ကာ အိမ်ကလေး ကို
ဒုက္ခကိုတောင် မေ့သွား၏။ ပြီးတော့ မသေကောင်းမပျောက်ကောင်း
တွေးမိလျက် ညီကိုယ်မှာ ဒဏ်ရာရှာမိသည်။

ခေါင်းကိုထိတယ်ဆိုတော့ ဘယ်မှာလဲ၊ ညီကလည်း သိသည်
လက်ဖနောင့်နှင့် နောက်ဘက်ကဆံပင်တွေထဲကို လက်ပြန်စမ်းလို
ကာ ...

"နည်းနည်းပါးပါးတော့ နာသေးတာပေ့ါ၊ ဘာမှမဖြစ်ပါဘူး"

"အခု ကားဆောင့်သွားတော့ အဲဒါကိုထိလားဟင်၊ ဟို အိမ်ကလေ
ကို ဦးညီကာကွယ်လိုက်တာဆိုတော့ ..."

"ရတယ်"

ဒဏ်ရာဆီကို စိုးရိမ်စိတ်နှင့် ကိုယ်လေးကြွပြီး လက်လှမ်းတော
ညီက အိမ်ကလေးလက်ကို ဖယ်ချပစ်လိုက်၏။ ပြီးတော့ ...





"လူကြီးတွေက မင်း ကိုယ့်နောက်လိုက်သွားပြီထင်နေကြတာ၊
အခြေအနေတွေကလဲ အကုန်ရှုပ်ကုန်တော့ ဘာမှလုပ်လုပ်မရတော့ဘူး၊
င်း ဘယ်လိုလဲ"

အိမ်ကလေးမျက်နှာ ငိုငိုကျသွားလေသည်။ သူမဟာ ဘယ်လို
မိန်းမစားမျိုးဖြစ်နေပြီလဲ။ ဝဋ္ဌာမျက်နှာကို ကွက်ခနဲမြင်ကာ အံကြိတ်ပြီး
သားဖြစ်လျက် နှာခေါင်းထဲမှာ မွန်ထွန်သွား၏။

မတွေးဘဲနေလျှင် မေ့ထားနိုင်သည်။ တွေးမိတာနှင့် လဲသေချင်
လောက်အောင်ရှက်၏။ ကိုယ့်ကြောင့် အသက်ကိုပင် စတေးတော့မလို
ညာသည်။ ကိုယ်ကတော့ ဇုံလုံးကန်လျက် အဝတ်တစ်ထည် ကိုယ်တစ်ခု
နှင့် ကောက်ကောက်ပါအောင်လိုက်မိ၏။

အချစ်မပါဘဲ ညာတဲ့သူ ညာခဲ့သလို အညာခံခဲ့တဲ့သူကလည်း သေ
လောက်အောင်ချစ်ပြချင်လို့မဟုတ်ခဲ့ဘဲ ...

"ဟော့ မေးနေတာ ဖြေလေ"

သူ ထပ်မေးတော့ အိမ်ကလေး လှည့်ကြည့်သည်။ နားသယ်စပ်
နေရာတွေမှာ တွန့်ကောက်နေသည့် မတိုမရှည်ဆံပင်နှင့် ညီမျက်နှာက
နိုင်ကျည်နေ၏။

ချောတာလှတာ သက်သက်မဟုတ်သော ညီ့ပုံစံက ဘယ်အချိန်
ဖြစ်ဖြစ် ဖရိုဖရဲရှိမနေ၊ ဘာဝတ်ထားထား အဝတ်အစားအရောင်နှင့်မဆိုင်
ဘဲ အမြဲတမ်းထင်းနေတာမျိုးဖြစ်၏။

ဒီယောက်ျားရှေ့မှာ ဝဋ္ဌာနဲ့သူမ လက်တွဲသွားခဲ့ဖူးသည်။ သူ့လက်
ထဲကိုပဲ စာတစ်တန် ပေတစ်တန်ဖွဲ့ထားခဲ့ပြီး ဝဋ္ဌာနောက် လိုက်သွားပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခဲ့၏။

ဟိုတစ်ယောက်ကို အသည်းနင့်အောင်ချစ်လို့ မဟုတ်ခဲ့သလို ဒေါက်တာ နေညီလာ ဆိုသော ယောကျ်ားဟာ မိမိနှင့် ဤသို့ နီးစပ်ပတ် သက်လာမည့်သူဆိုတာလည်း ဘယ်သူ ထင်မှာလဲ။

ညက စိတ်ရှုပ်သည်းခံလွန်းသည့် သူတော်ကောင်းနှင့်တူကာ သူတို့မှာသာ စဉ်းစားလို့မပြီးနိုင်။

ညီက နောက်ထပ်မမေးတော့ဘဲ မျက်နှာကိုရှေ့ပြန်လှည့်၍ ကား စက်နှိုးသည်။ ချိုင့်ထဲကနေ ရှေ့တိုးနောက်ဆုတ်နှင့် ပြန်တက်ဖို့ ကြိုး စား၏။

တော်တော်ကြာတဲ့အထိ ထူးခြားမလာတော့မှ ဟူးခနဲသက်ပြင်း မှုတ်လျက် ...

"မရတော့ဘူး၊ ဘယ်လိုလုပ်မလဲ"

"ဘယ်နှစ်နာရီထိုးနေပြီလဲဟင်"

"ဘာလဲ၊ ကားဂိတ်ကို မှီနိုင်ဦးမလို့လား"

"မဟုတ်ပါဘူး၊ အိမ်ကိုပဲပြန်မယ်၊ ဦးညီနဲ့ အိမ်ကလေး ဘာမှမဆိုင် တာကို အိမ်ကလေး ရှင်းပြပေးမယ်၊ ဘာမဆိုင် ညာမဆိုင်နဲ့ အိမ်ကလေး ကြောင့် ဦးညီ ဒုက္ခရောက်တာတွေ မနည်းတော့ဘူး"

"ဘယ်လိုရှင်းပြမှာလဲ၊ မင်းနဲ့ဝဏ္ဏ ချစ်ကြိုက်ခဲ့တာတွေကို ဖော်ပြီး တော့လား"

အိမ်ကလေး ဘာမှမဖြေဘဲ မော့ကြည့်သည်။

"အခု ရှင်းမရတဲ့ပြဿနာတွေတက်နေတာ အစက အဲဒီစကား





တစ်ခွန်းကို ပြောပြမထားခဲ့တဲ့ အပြစ်ကြောင့်ပဲ၊ မင်းမိဘတွေ ..."

သူ့ဆီကိုရောက်လာပြီး ပြောသွားကြတာတွေကို ပြန်ပြောမလို့ဖြစ် သွားပြီးမှ ပါးစပ်ပြန်ပိတ်၍ ...

"အစကတည်းက အန်ကယ်သမီးက ဒီကောင်လေးနဲ့ မေတ္တာရှိနေ တာပါလို့ ငါ ဖွင့်ပြောပေးလိုက်ရင် တစ်ခွန်းတည်းနဲ့ပြီးတယ် နားလည် လား။ မပြောတာက မင်းရော ငါရော အသုံးမကျတာတွေကို လူသိမခံချင် လို့၊ မင်းပြောသလိုပေါ့၊ ငါက ရှို့တာလေ၊ မင်းက လောင်တာ၊ မီးစက ဝဏ္ဏပဲ၊ ဒီကောင်မျိုးနဲ့ မင်း ဘယ်လိုမှမအပ်စပ်ဘူးဆိုတာ မင်းကိုယ်တိုင် နားလည်လာမှ မင်းရင်ထဲက အစွဲပျောက်မှာမို့လို့ ငါက တွေ့ပေးခဲ့တယ်၊ မင်းက အားလုံးကို အရှုံးတိုက်ပြီး ဖွတ်ရှေ့တိုးတယ်၊ မင်း လိုက်သွားပြီ လို့ စာရေးထားခဲ့တဲ့အချိန်ထိ သွားပါစေတော့ဆိုတဲ့ဥပေက္ခာမျိုးနဲ့ ငါ မနေ ခဲ့နိုင်ဘူး။ ကိုယ်တောင် ဒီလိုဖြစ်နေရင် မိဘတွေရင်ထဲမှာ ဘယ်လိုနေမလဲ၊ ဝဏ္ဏနဲ့ပါသွားပြီဆိုတဲ့စကား၊ သူတို့ကို ငါ ဘယ်လိုလုပ်ပြောထွက်မှာလဲ"

"အခု မပြောလို့မဖြစ်တော့တာ၊ မပြောရင် ဦးညီ အထင်လွဲခံရမှာ ပဲ၊ ပြီးတော့ အိမ်ကလေးမှာ အပြစ်ရှိနေသားနဲ့ ဖုံးဖိလိမ်ညာပြီး အဲဒီလို မနေချင်ဘူး"

"မင်းမှာ အပြစ်ရှိတာ မင်း အခု သိပြီပေါ့"

အိမ်ကလေး မျက်နှာငုံ့ထားလျက်မှ မဖြေပါ။

"မင်း သူ့ကို မချစ်ခဲ့ဘူးလို့ ငါထင်တယ်၊ အဲဒါ ဖြေ"

"ချစ်ချစ် မချစ်ချစ် ဦးညီနဲ့မဆိုင်ပါဘူး၊ ဦးညီရဲ့ ချစ်သူနဲ့ပေါင်းဖို့ အိမ်ကလေး ကြိုးစားပေးမယ်၊ ကိုယ်လုပ်ခဲ့တဲ့အပြစ် ဘာမှ ဝန်မချိစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး”

“ဝန်မခံရဘူး၊ မင်း အခု ဘာတွေဖြစ်လာခဲ့သလဲ၊ သူနဲ့တွေ့သလား နောက်ထပ်တွေ့ကြပြီး လွမ်းကြ၊ ဆွေးကြ ရှင်းပြဖို့တွေ ဆက်ရန်ရှိသေးလား”

“မပြောပါနဲ့ ဦးညီ အဲဒီလူအကြောင်း မပြောနဲ့လို့ အိမ်ကလေး ပြောပြီးသားနော်”

ခေါ်သလို ဆူသလို ပြောပစ်လိုက်ရင်း နှုတ်ခမ်းလေးကို ဖိကိုက်သည်။

မျက်ရည်တွေ တရစ်ရစ် ပြည့်သိပ်လာခဲ့ပြီး အငိုခနဲရှိုက်၏။ လက်ဖဝါးလေးနှစ်ဖက်နှင့် နှုတ်ခမ်းမှာ ဖိကပ်ပိတ်ကာ အိမ်ကလေး ငိုတော့သူ အကြာကြီးကြည့်နေခဲ့၏။

ထို့နောက် အိမ်ကလေး၏လက်ချောင်းကလေးတွေကို နှုတ်ခမ်းလေးတွေထက်ကနေ သာသာကလေး ဆွဲဖယ်ချလိုက်ပြီး ...

“ငိုတာကို မကြိုက်ဘူး၊ တိတ်တော့”

မျက်ရည်တွေကိုသုတ်ပေးကာ မျက်နှာလေးကို မော့ယူပြီး စူးစိုက်ကြည့်သည်။ ပြီးတော့ ပခုံးလေးကို ဖွဖွလေးဖက်ထားလိုက်ရင်း ...

“ဘာတွေ ညာတွေ ပြောမနေနဲ့၊ မင်းနဲ့ကိုယ် လက်ထပ်ရမှာပဲ”





အခန်း (၂၈)

“အိမ်ကလေးတို့ ကားပျက်ပြီး အချိန်လွန်သွားတာပါ မေမေ၊ ညဉ့်တစ်နာရီတောင်မထိုးသေးဘူး ပြန်ရောက်ကြတာ၊ အဲဒါကို လက်ထပ်ပေးတဲ့အထိ မလုပ်ပါနဲ့”

ဟိုဘက်က မိဘကလည်း ဖြစ်သင့်တဲ့အတိုင်း စီစဉ်ပေးပါမည်ဟု သေချာညှိနှိုင်းပြီးကြပြီ။ နှစ်ယောက်စလုံးမှာ မလိုမချင်၊ အင်တင်တင်နှင့် ခေါင်းညိတ်လိုက်ကြရတာလည်းမဟုတ်။

လူကြီးတွေက မင်္ဂလာကိစ္စကို စီစဉ်တော့မည်ဆိုတဲ့အထိ ဒီမိန်းကလေး ငြင်းနေတုန်း၊ သင်း မိုက်မဲလှချေလား။

လူတွေရှေ့မှာ မျက်ရိပ်ပြလို့လည်း မတော်၊ လိမ်ဆွဲ လက်တို့ဖို့ကလည်း မလွယ်။

“ဦးညီနဲ့ အိမ်ကလေးက ရှုံးသွားပါတယ်”

ဟု ထပ်ပြောတော့ ဒေါ်ချယ်ရီ ဒေါသထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်တည်း ရှိုးသားနေလို့မရဘူး သမီး၊ လူဆိုတာ ဝန်း
အသိုင်းအဝိုင်းနဲ့နေတာ"

ဒေါ်ချယ်ရီက ပြောရင်း ညီ့ကို လှမ်းကြည့်သည်။ ညီကသာ ထ
ဒီစကားကို အတည်ပြုလိုက်ရင် တော်တော်ခက်တော့မည်။ ဒါပေ
ညီက ဘာမှ ဝင်မပြော။

မင်္ဂလာကိစ္စအတွက် ရောက်လာခဲ့သည့် ညီ့မေမေက လူငယ်
ယောက်ကိုပဲ အကဲခတ်၏။ သားဖြစ်သူက ပါးစပ်ပိတ်နေသည်။
ကလေးက စိတ်ပျက်ပုံလေးဖြစ်လိုက်၊ လက်လျှော့သွားသလိုလေး
နေလိုက်နှင့် ထပြောလိုက်တိုင်း လက်ထပ်ဖို့ကို ငြင်းဆန်တာချည်းပဲ
သည်။

သိရပြီးသလောက်မှာ သားနဲ့ ဒီမိန်းကလေး တကယ်ငြိတွယ်ခဲ့
တာမဟုတ်မှန်းတော့ ပေါ်လွင်နေပါ၏။ ဒါဆို သားကတော့ ဘာဖြစ်
မငြင်းဘဲနေတော့တာလဲ။

အိမ်ကလေး ပြောနေလျှင် သူက မျက်နှာလွှဲနေလိုနေ၊ ဆံပင်သပ်
ခေါင်းငုံ့လိုငုံ့ လက်ထပ်ဖို့ဖြစ်သွားခြင်း၊ ပျက်သွားခြင်းကို စိတ်မဝင်စား
လား။ ဒါမှမဟုတ် ကောင်မလေးကို တကယ်လိုချင်နေတာလား။

ဒါ ဖြစ်နိုင်ဖွယ်တော့မရှိပါ။ ဆက် က သူ့ချစ်သူပဲ။ ဆက် ကို
လွှတ်လိုက်ရခြင်းအတွက် ဒီမိန်းကလေးအပေါ်မှာ ဒေါသဆိုတာ ရှိ
ရှိရမှာဖြစ်သည်။

ကိုယ်လည်းမှားတာပဲလို့ ယူဆထားရင်တောင်မှ လက်ထပ်ဖို့
သွားရေးကို သူလည်း တက်ညီလက်ညီ ကြိုးစားသင့်သည်မဟုတ်





လား။

ကိုယ့်သားကိုပင် နားမလည်တော့ပါ။ ဘာပဲဖြစ်ဖြစ် မင်္ဂလာကိစ္စကို
စီစဉ်ဖို့အတွက် ဖအေဖြစ်သူကိုတောင် လှမ်းအကြောင်းကြားထားပြီးပြီ
မို့ ...

"သမီးက လူကြီးတွေကိုရှက်နေတာထင်တယ်"

အခြေအနေကို သူမပဲ ဝင်၍ထိန်းထိန်းသိမ်းသိမ်းပြောရတော့သည်။

"အကြောင်းရင်း ဘယ်လိုပဲရှိခဲ့ရှိခဲ့ကွယ် သမီးတို့ကို လက်ထပ်ပေး
လိုက်မှ အားလုံး တင့်တယ်မှာ"

ထိုစကားကြားလိုက်ရမှ ဒေါ်ချယ်ရီ သက်ပြင်းခိုးချနိုင်ခဲ့၏။

"အန်တီတို့ကလဲ သား ဒီအရွယ်ကျမှ ဘယ်သူ့ကိုယူပါ ဘယ်သူ့ကို
မယူပါနဲ့လို့ မပြောချင်တော့ဘူး။ ညက သားကိုမေးတော့ မေမေတို့ပဲ
စီစဉ်ပေးပါလို့ ပြောတယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်လက်ခံ
နိုင်ဖို့က လိုရင်းပဲ၊ သားက ရွေးချယ်လိုက်တာလို့ပဲ ယူဆတဲ့အတွက် သား
ရဲ့ဘေးမှာ ဘယ်သူပဲရောက်လာလာ အန်တီတို့က ကြည်ဖြူကြမှာပဲ"

ထို့ပြင် ရင်ထဲမှာ မျိုသိပ်ခံစားခဲ့ရသည့် အက်ကြောင်းတစ်ခုလည်း
ရှိပါသေးသည်။

ဒါက ဆက် ပြောသွားသည့် လွန်ကြူးသောပုတ်ခတ်ပြောဆိုမှုများ
ဖြစ်၏။

"မစောင့်ပါရစေနဲ့တော့ အန်တီ၊ အချစ်နဲ့ရင်ခုန်သံက မီးနဲ့ရှိတ်လိုပဲ
ဆိုတာ အခု ဆက် သိသွားပြီ၊ သွေးဆူတတ်တဲ့ယောကျ်ားမျိုးကိုလဲ ခိုး
ကွယ်ချင်တော့ဘူး။ သူ ဒီကိုရောက်နေကတည်းက ဆက် အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ စိမ်းသက်ခဲ့တာ ဘာကြောင့်ဆိုတာ မသိသေးတော့ ဆက် က သိက္ခာမဲ့စွာ ဒီထိလိုက်လာမိတာလေ"

"ဒီလိုသာ ထိတိုင်းငြိတတ်နေရင် ဘယ်လောက်ဝေးနေနေ ချစ်နေကြဖို့ အစိက ဆိုတဲ့ 'အချစ်စစ်အချစ်မှန်က ဘယ်မြောင်းထဲမှာလဲ၊ သူ ပြန်လာပြီးရှင်းပြလဲ သူကောင်းတာ၊ တော်တာတွေပဲဖြစ်မှာပေါ့၊ မယုံနိုင်တော့ဘူး၊ တော်တယ် ကောင်းတယ် ဆိုတာကို ဆက် က ပါးစပ်နဲ့ လေသံမာမနေဘူး၊ လက်တွေ့ပြမှာ၊ အဲဒါကြောင့် ဘယ်လောက်ချစ်ချစ် ကိုယ်မှာ ဖုန်ကပ်သလိုပဲယူဆမယ်၊ ပုတ်ပတ်ခါချပြီး သန့်သန့်စင်စင် ခရီးဆက်မယ်'

သူ့အမေရှေ့မှာ သူ့သားကို ပြောသွားလိုက်တာ ရစရာမရှိပေ။ ကိုယ့်ဘက်မှာလည်း ဘာမှပြောစရာမရှိခဲ့တော့ ဒီတိုင်းပဲ ငုတ်တုတ်ကျန်ခဲ့ရ၏။

အိမ်ကလေး ဆိုသည့် မိန်းကလေးကို မြင်လိုက်ရမှ ဆုံးဖြတ်ချက်တစ်ခု ခေါင်းထဲရောက်လာသည်။ နုငယ်လှပသော ဒီမိန်းကလေးနဲ့ပဲ သားကို ဖြစ်စေတော့မည်။

ဆက် ကို ခယတောင်းပန်ဖို့ ကျေနပ်လက်ခံလာအောင် ပြန်၍ ကြိုးစားဖို့များ သားက ခြေလှမ်းပြင်လျှင် ဒီ မင်္ဂလာကိစ္စနှင့် ပိတ်ကာ တားလိုက်မည်။

အငြိုးတေးအဖြစ် ထားခဲ့တာမဟုတ်သော်လည်း ဆက်၏ ရင့်သီးသောစကားတွေကို မေ့လို့မရနိုင်သမျှ ဘယ်လိုမှ ပြန်မဆက်စေချင်တော့ပါ။





မိဘတို့ရင်ထဲမှာ ဘယ်လိုအတွေး၊ ဘယ်လိုစိတ်ကူးတွေရှိနေကြသလဲဆိုတာ အိမ်ကလေးကတော့ သတိထားမနေခဲ့ပေ။

ဘယ်လိုပဲရှင်းပြဖို့ကြိုးစားကြိုးစား မင်္ဂလာကိစ္စဖြစ်မြောက်ဖို့ စိစဉ်ရေဦးတည်ချက်က ယိုင်လဲမသွားသည်မို့ စိတ်ညစ်နေမိ၏။ ညီတို့ မပြန်ကြသေးဘဲ တစ်ယောက်တည်း ခြံထဲဆင်းထိုင်နေမိသည်။

"မမဇော်လောက် မချမ်းသာရင်တောင် သူ့ မဆင်းရဲဘူး၊ မေမေတို့အတွက် အဆင်ပြေမှာပါ"

"မင်းမှာ သားမယားနဲ့"

"သားမွေးထားတာချင်းအတူတူ ဟိုတစ်ယောက်က သူ့သားကို မိုင်းကောင်းကျောက်ဖိမွေးခဲ့နိုင်တယ်၊ မင်းနဲ့ ဘာဆိုင်လဲ"

"မိန်းမတစ်ယောက်ကို အသေခံပြီး ချစ်ပြစရာလား"

မစဉ်းစားချင်ဘဲ နားထဲကိုဝင်လာနေသည်။ ဒီစကား၊ ဒီအသံတွေကို မေ့ပါရစေ၊ ဒီအဖြစ်တွေဟာ အိပ်မက်တွေသာဖြစ်ပါစေ။

သူမသည် ညီ တတွတ်တွတ်ဆူပူတားဆီးနေခဲ့သည့်ကြားက မိုက်တွင်းနက်ခဲ့၏။

"မင်းရဲ့ယာမာက မရှိတော့ဘူး။ မဟုတ်တဲ့အတ္တစွဲတွေ မင်း ဘာဖြစ်လို့ထားနေတာလဲ အိမ်ကလေး။ ဝဋ္ဋအကြောင်းက ကောင်းတာ တစ်ကွက်မှမရှိဘူး"တဲ့။

ပြောတာကို မယုံတာမဟုတ်ပေ။ ယာမာ့အပေါ်မှာ တင်ခဲ့သည့် အကြွေးကို ဆပ်ချင်တာဖြစ်၏။ ပြီးတော့ မေမေ့ကိုလည်း စိတ်ထဲမှာ မကြည်လင်။



www.burmeseclassic.com

www.burmeseclassic.com



ဪ ... မိဘအပေါ် အထင်မှားစော်ကားမိခဲ့သည့်အတွက် ဒါဟာ အပြစ်ဒဏ်ပဲလား။

ဒီရွှေဒီမျှနှင့် ပြီးဆုံးသွားခြင်းမရှိဘဲ နောက်ထပ် ဆိုးကျိုးတွေ ထပ်လာဦးမည်ဆိုလျှင် ဒါကို ပေးဆပ်ရဖို့ကာလဟာ ဦးညီနှင့် လက်ထပ်ပြီးစီးခဲ့သောနောက်ပိုင်းမှာ ဖြစ်လိမ့်မည်။

သို့ဆိုလျှင် ...

"သမီး"

"ဟင် ... ရှင်"

အနားမှာ လူတစ်ယောက်လုံး ရပ်လာတော့မှ စိတ်က ပစ္စုပ္ပန်သို့ ပြန်ရောက်ခဲ့သည်။ ဒေါ်ချယ်ရီက မျက်မှောင်ကြုတ်ထားလျက်နှင့် သမီးဖြစ်သူကို သေချာကြည့်သည်။

"အိမ်ပေါ်မှာ ဧည့်သည်တွေကိုထားပြီး ဒီမှာ ဘာလာလုပ်နေတာလဲ"

"မေမေ"

အိမ်ကလေး နေရာမှ ကမန်းကတန်းထရပ်လိုက်ကာ ဒေါ်ချယ်ရီ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ဒေါ်ချယ်ရီ စိတ်ဆိုး စိတ်ပျက်ခဲ့သမျှ ရုတ်ခနဲပြေကျသွားလေသည်။ သမီးလေးထံမှ ဤသို့သော ဆိုးနွဲ့ခြင်းလေးတွေ ပျောက်ဆုံးနေခဲ့တာ ကြာပါပြီ။

မေမေဟုခေါ် ၍ ပခုံးတစ်ဖက်မှာ မေးဖျားလေးကပ်တင်ဖက်တွယ်လိုက်ခြင်းကြောင့် လက်တို့က အလိုလို ပြန်ဖက်ထားပြီးသားဖြစ်သွားရင်ထဲမှာ ကြည်နူးချမ်းမြေ့သွားသည်။ သမီးလေး တကယ်ကျန်းမာလာ





ခဲ့ပြီပဲ။

"မေမေရယ် မင်္ဂလာကိစ္စကိုစီစဉ်ဖို့ စဉ်းစားပါဦး။ ဦးညီမှာ ချစ်သူရှိတယ်၊ အိမ်ကလေးနဲ့ သူနဲ့ ချစ်လို့တွဲသွားကြတာလဲမဟုတ်ဘူး။ လက်ထပ်ပြီးကြပြီးရင် နှစ်ယောက် ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ"

"ချစ်သူရှိတယ်ပဲထားပါဦး။ မေမေ့မျက်လုံးထဲမှာတော့ ဒေါက်တာအဲ ... ညီ က ဘာမှမဖြစ်ဘူး။ ဘာတစ်ခွန်းမှလဲမပြောဘူး၊ သမီးပဲ မျက်စိမျက်နှာပျက်နေတာ၊ သမီးတစ်ယောက်တည်းငြင်းနေတာ"

အိမ်ကလေးက ခေါင်းတွင်တွင်ခါသည်။

"သူက ယောကျ်ားပီသတဲ့သူပါ မေမေ၊ သူများကို အပြစ်တင် ကပ်တွယ်နေမယ့်သူမှမဟုတ်တာ၊ မိန်းကလေးဘက်ကို ငဲ့ကြည့်ပြီး ပါးစပ်ပိတ်နေတယ်ဆိုတာ မေမေတို့ သိသားနဲ့"

"အေးလေ အဲဒီလိုဆိုရင်လဲ သမီးက ဘာပူနေတာလဲ၊ ပြီးတော့ ကိုယ် မလိုလားမုန်းတီးနေတဲ့သူလဲမဟုတ်ဘူး။ သမီးတို့ချင်း ရင်းနှီးကြတာ မေမေ သိတယ်၊ ဘာမှအခက်အခဲမရှိတာကို သမီးရယ်၊ မေမေ ထင်ပါတယ်၊ သူ့မှာ စေ့စပ်ထားပြီးသားမိန်းကလေး ရှိနေတာကို သမီးအားနာနေတာမဟုတ်လား။ ဟိုက ဆရာဝန်လဲဖြစ်နေတော့..."

ဆရာဝန်ဆိုသည့်စကားကိုကြားမှ နောက်ထပ် ဆရာဝန် တစ်ယောက်၏မျက်နှာကို မြင်ယောင်သွားမိ၏။

ဝဋ္ဋာတို့သားအမိ ပြောနေကြသည့်ထဲမှာ 'မေဇော်'ဆိုသော ဆရာဝန်မဟာ တစ်ခါ သီလရှင်ကျောင်းရှေ့မှာ ဆုံဖူးသည်။ ဝဋ္ဋာရဲ့ မေဇော်ပဲဖြစ်မှန်း အဲဒီမှာကြားလိုက်ကတည်းက သိသည်။

www.burmeseclassic.com



တိုက်ဆိုင်ခဲ့ကြပုံက အံ့ဩမဆုံးအောင်ပါ။ ညီမှာလည်း လက်ထပ်ဖို့ ရည်ရွယ်ခဲ့သည့်ချစ်သူ ရှိနေသည်။ ဝဏ္ဏကလည်း ရှိပြီးသား။

သူတို့နှစ်ယောက်စလုံး၏ချစ်သူတို့ဟာ ဆရာဝန်မလေးတွေချည်းပဲဖြစ်နေကြလျက် ဝဏ္ဏကတော့ ထိုသူမကို စိတ်ပျက်ငြီးငွေ့၍ စွန့်ခွာလိုသူဖြစ်ကာ ညီကတော့ မစွန့်ရက်ရက်စွန့်ရက်ရက်နှင့် ကျောခိုင်းခွဲခွာဖို့ ဆုံးဖြတ်သည်။

နှစ်ယောက်စလုံး၏စွန့်လွှတ်ခြင်းဟာ အိမ်ကလေး ဆိုသည့် သူမနှင့်သာ သက်ဆိုင်နေပြန်သောအဖြစ်သည် ကံကြမ္မာကောက်ကြောင်းလား၊ အမှတ်တမဲ့တိုက်ဆိုင်မှုလား၊ တစ်ခုကိုတော့ သူမ သေချာသိနေ၏။

ဟိုတစ်ချိန်တုန်းက အချစ်တွေကို ပေါက်ပေါက်ကြဲသလို ကြံဖြန်နင်းခြေပစ်ခဲ့ဖူးသော သူမမှာ ခုချိန်ထိလည်း အချစ်စစ်ဆိုတာ မရှိခဲ့၊ မရခဲ့ပေ။

မိမိဘက်က တုံ့ပြန်အပ်နှင်းလိုခြင်း ရှိ၊ မရှိဆိုတာ သေချာသော်လည်း သူများက မချစ်နိုင်ပါဘူးဆိုတာကျတော့ မခံချင်။

မာနတရားက ကိုယ့်ဘက်မှာ မားမားမတ်မတ်မရှိသည့်အခါ နာကျင်ကြေကွဲခြင်းက သိသာစွာနှိပ်စက်လာ၏။ ကိုယ့်ကိုမချစ်ကြဘဲနှင့် အဘယ့်ကြောင့် လက်ထပ်ဖို့ကြံရွယ် ဆုံးဖြတ်နေကြပါသနည်း။

"သားအမိနှစ်ယောက် ဘာလဲကွ၊ သမီး သွားခေါ်မယ်ဆိုပြီး ခေါ်တဲ့သူလဲ ပေါ်မလာတော့ဘူး"

သားအမိနှစ်ယောက် အတွေးကိုယ်စီနှင့် တွေငေးငိုင်သွားကြစဉ် ဦးကောင်း ထပ်ရောက်လာ၏။





"ညီတို့ ပြန်ကြတော့မလို့တဲ့၊ နှုတ်ဆက်ဖို့စောင့်နေတယ်"

"ဟုတ်ပါရဲ့၊ လာ သမီး"

အိမ်ကလေးနဲ့ ဒေါ်ချယ်ရီတို့ ပြန်ဝင်လာကြပြီး ညီတို့သားအမိကို ကားနားထိလိုက်ပို့ကြသည်။ ညီမေမေက ဒေါ်ချယ်ရီနှင့်နှုတ်ဆက်ပြီး နောက်ခန်းကနေ စကားမပြတ်နိုင်သလို ညီက ကားထဲမဝင်သေးဘဲ တံခါးကိုကိုင်လိုက်ပြီးမှ အိမ်ကလေးကို ပြန်ငဲ့ကြည့်ကာ ...

"ဘာဖြစ်နေတာလဲ"

အိမ်ကလေးက ညီမျက်နှာကို မျက်လွှာပင့်ကြည့်ရင်း ...

"ဟင့်အင်း"

ညီက တံခါးကိုလွှတ်လိုက်ပြီး အိမ်ကလေးနှင့် မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်သည်။

"ကိုယ်ကတော့ ပျော်နေတာမဟုတ်သလို စိတ်ညစ်နေတာလဲမဖြစ်ဘူး၊ မင်းကိုလဲ အဲဒီလိုပဲဖြစ်စေချင်တာ၊ ချစ်ကြဖို့ထက် မမုန်းကြဖို့က လောလောဆယ် အမိကလေ၊ မဟုတ်ဘူးလား"

အိမ်ကလေးသည် ခေါင်းမညိတ်၊ ခေါင်းမခါနှင့် ညီမျက်နှာကို မော့ငေးနေခဲ့သည်။

ညီက တည်ငြိမ်အေးချမ်းသောအပြုံးတစ်စနှင့် အိမ်ကလေး၏ မေးဖျားလေးကို လက်ခုံနဲ့လှမ်းထိသည်။ ပြီးတော့ တံခါးဆီကို လက်ပြန်ရောက်ကာ ...

"အံများကြီးတွေးမနေနဲ့ ည ပျော်အောင်အိပ်၊ မနက်ဖြန် ကိုယ်လာခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"အားလုံး စီစဉ်ပြီးရင် ရန်ကုန်မှာပဲ လက်ထပ်မှာလေ၊ မပြန်ခင် လျှောက်လည်မှာပေါ့၊ မင်းနဲ့ကိုယ် တောင်သမန်အင်းထိသွားပြီး အေးဆေးဆွေးနွေးလို့ရတယ်"

"ဘာအကြောင်းလဲ"

"မင်းရင်ထဲက သယ်ဓာတ်တွေအကြောင်း"

"ဦးညီကရော"

ညီက သွားတွေပေါ်အောင်ပြုံးလိုက်ရင်း ကားထဲဝင်သည်။ စတီယာရင်ပေါ်မှာ လက်တင်ထားပြီးမှ မော့ကြည့်၍ ...

"မင်းလောက်တော့မရှိဘူးထင်တာပဲ"

ကားလေးမောင်းထွက်သွားတဲ့အထိ အိမ်ကလေး ငေးနေတုန်းဖြစ်သည်။ ဒေါ်ချယ်ရီကတော့ လှုကြီးဝီဝီ နားလည်နေပါ၏။ သမီးရဲ့မေးဖျားလေးကို လက်နဲ့လှမ်းတို့၍ ကျီစယ်သွားသော ညီ့မျက်ဝန်းများက တည်ကြည်ရှောမွေ့ခြင်းကို မြင်လိုက်ရသဖြင့် ကျေနပ်နေမိသည်။

ဒီလောက်ကြည်မွေ့နေတဲ့မျက်နှာမှာ ဘာတွေဖြန့်ခင်းထားသလဲဆိုတာ အိမ်ကလေး မမြင်ဘူးလား .....။





## အခန်း (၂၉)

ပါကင်မှာ နေရာယူနေသည့်ကားဆီကို မျက်မှောင်ကြုတ်ကြည့်နေ ည့် ဝဏ္ဏ မျက်နှာက မသိမသာကနေ သိသာစွာ နီရဲလာ၏။ ပြီးတော့ ကြိတ်လိုက်ခြင်းကြောင့် မေးရိုးတစ်ဖက်မှာ တင်းခနဲဖြစ်သွားတာကို ည်းမြင်ရသည်။

မေဇော်က ဝဏ္ဏမျက်နှာနှင့်ထိုကားဆီကို နှစ်ခေါက်မျှဝေ့ကြည့်ပြီး ပ်နားရောက်နေပြီဖြစ်သည့် စားစရာကို တူနှင့်တကွ ပန်းကန်ထဲမှာ ချထားလိုက်၏။

"ဒေါက်တာနေညီလာကို ဘာဖြစ်လို့ ဒီလောက်ပြုံးနေတာလဲ၊ မင်း နှစ်ယောက်ကို သူ ကူညီခဲ့လို့ ချစ်သူတွေတောင်ဖြစ်ခဲ့ကြသေးတယ် တ်လား"

ကားသော့ကို ဒီတိုင်းကိုင်ပြီး တစ်ဖက်ခန်းမထဲကိုဝင်သွားသည့် ညီ



www.burmeseclassic.com

www.burmeseclassic.com



ကို မလွှဲတမ်းစိုက်ကြည့်နေခဲ့သောမျက်ဝန်းတို့က မေဇော့်ထံသို့ ဒိုင်းခနဲ ရောက်လာသည်။ မေဇော် ကလည်း ခပ်တင်းတင်းပဲနေကာ ...

"မင်းလို ထေ့တာငေါ့တာ လုံးဝ မပါဘူးနော်၊ တို့ကို အဲဒီလိုမကြည့်နဲ့"

"ကြည့်ရုံတင်မကဘူး မမဇော်၊ မမဇော် ပါးစပ်ဟလိုက်တာနဲ့ ဘယ်ကိုဦးတည်တယ်ဆိုတာ ကျွန်တော် သိတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ရင် လှုသတ်ချင်စိတ်တွေ ပေါက်ပေါက်လာလို့ ကိုယ့်ဒေါသနဲ့ကိုယ် တိုင်ပင် မလွှဲအောင် မနည်းထိန်းချုပ်နေရတာ၊ မမဇော် ထပ်မရိပါနဲ့"

"မင်းကို ရိဖို့ထေ့ဖို့ တို့ရင်ဘတ်ထဲမှာ ဘာမှ အကောင်းတိုင်းမရှိတော့ဘူး ဝဏ္ဏ၊ ဘာမဆို မင်းကပဲ နိုင်ချင်တာ၊ ပိုင်ချင်တာ၊ အားလုံး မင်းစိတ်တိုင်းကျဖို့လဲ တို့ လိုက်လျောခဲ့တာပဲ၊ ဒါတွေဟာ မင်းလောက် မလည်လို့မဟုတ်ဘူး။ ချစ်တာကို 'အ' တယ်လို့ထင်ရင် မင်းဟာ အချစ်ကို မခံစားဘဲ စားသုံးသူတစ်ယောက်အနေနဲ့ အမြတ်ထုတ်နေတဲ့ လူတစ်ယောက် ဖြစ်သွားလိမ့်မယ်"

"ဟွန်း"

ဝဏ္ဏက ပခုံးပါသွားသည်အထိ မဲ့ပစ်သည်။

"မမဇော် မသိဘူးလား၊ ဝဏ္ဏ ရာဇဝင်က အစကတည်းက ဒီအတိုင်းပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကသာနေဖို့ပဲလိုတာ၊ အနစ်နာဆိုတာ ကဗျာတွေစာတွေ ရေးတဲ့နေရာမှပဲကောင်းတယ်၊ ကိုယ်က ပေးနေတာကလဲ အကောင်အထည်မမြင်ရ၊ သူ ဘယ်လောက်ပြန်ပေးနေသလဲဆိုတာလဲ တွက်ချက်ယူလို့မရဖြစ်၊ ဘာမှမရှိတာကို ဘာမှန်းမသိ မျှော်လင့်ပြီး စေ





ဆပ်နေတာ မောတာပေါ့"

"အမောဆိုပြီး လဲသေသွားပါစေ ဝဏ္ဏ၊ မင်းအပေါ်မှာ တို့အချစ်က အဲဒီအတိုင်း တစ်စက်မှ မလျော့ခဲ့ဘူး"

ဟုတ်လား ... ဟု လှောင်ရယ်မေးလိုက်သလို မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး ပြုံးလိုက်ပုံက မေးလိုက်တာထက်ပင်ဆိုးသေးသည်။

မေဇော်က အံကလေးကြိတ်၍ ဘယ်လိုမှမျိုချလို့ရမှာမဟုတ်တော့သည့် နံရိုးဖက်ထုပ်ပန်းကန်ကို ဘေးကို သာသာလေးရွှေ့ဖယ်လိုက်၏။ ပြီးတော့ လူမရှိတော့သည့် ကားမည်းလေးဆီသို့ နောက်ထပ် လှမ်းကြည့်မိကာ ...

"ခေါက်တာနေညီလာ ကလဲ မင်းဆီကို သူ့ကိုယ်တိုင် အရောက်ပို့ပေးခဲ့တယ်၊ မမဇော်လဲ မင်း ရွတ်တိုးမယ်ဆိုရင်ပဲ ဘာများ တားဆီးခဲ့သလဲ"

"ဒါပေမယ့် မေမေ့ကိုတော့ ခြိမ်းခြောက်ပြောဆိုခဲ့တယ် မဟုတ်လား၊ မမဇော်နဲ့ မကာင်းနိုင်တဲ့လူတွေလေ၊ ဟွန်း ... ပေးကမ်းခြင်းဟာ အောင်နိုင်ခြင်းတဲ့၊ မမဇော် မှန်ပါတယ်၊ အားလုံးက မမဇော်ဘက်မှာပဲ ရှိနေကြတာ"

"စဉ်းစားဦး ဝဏ္ဏ၊ မင်းက နောက်လိုက်မရှိလို့ ရှုံ့မတိုးဝံ့တဲ့လူလား၊ ဘယ်သူတားတား မင်း သူ့ကို မရရအောင်ကြိုးစားခဲ့တာပဲလေ၊ မင်းအမေတားလဲမရဘူး၊ တို့လဲမတားခဲ့ဘူး၊ ဟိုက ရောက်မလာလို့ မင်း ဒီတိုင်းရပ်ကျန်ခဲ့ရတာ၊ ပြီးတော့ ပေါင်ထားတဲ့ မင်းတို့ရဲ့ အိမ်ဂရန်ကိစ္စကြီးပေါ်လာလို့ အခု ခဏနောက်ဆုတ်နေတာရော မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဝဥ္ဇာ့မျက်နှာ နီမြန်းခြင်းဖြစ်လာသည်။

"စကားတွေ လျှောက်ပြောမနေနဲ့တော့ မမဇော်၊ ကျွန်တော်တို့ တွေ့ကြတဲ့ လိုရင်းကိုပဲ ပြန်စရအောင်၊ ငွေကိစ္စ အဆင်ပြေနိုင်မလား၊ ဟင့်အင်း ဆိုလဲ တစ်ခွန်းပဲပြောဗျာ၊ ပြဿနာမရှိဘူး"

မေဇော့်ဘက်က အသံတိတ်နေသဖြင့် ခဏစောင့်နေပြီးမှ ဝဥ္ဇာက မျက်လွှာပင့်ကြည့်၏။ အကြည့်ချင်းဆုံတော့မှ မေဇော် က ခေါင်းညိတ်၍ ...

"ဟုတ်ပါတယ် ပြဿနာမရှိပါဘူး၊ တို့ ခုပြောနေတာ ငွေရေးကြေးရေးကိစ္စတွေမပါဘူး ဝဥ္ဇာ၊ မင်းနဲ့တို့အတွက် ဒါတွေကို အယူးတလည် ဆွေးနွေးပြောယူနေဖို့လဲမလိုဘူး၊ တို့ကို တစ်ခုပဲ မင်း ကြည်ဖြူပါ၊ မင်း ပျံသန်းလို့ တောင်ပံညောင်းတဲ့နေ့ ခိုနားတဲ့ရင်ခွင်ဟာ တို့ရင်ခွင်ပဲ ဖြစ်စေချင်တယ်လို့ တို့ပြောခဲ့ဖူးတာ မင်း မှတ်မိတယ်နော်"

ဝဥ္ဇာက ဘာမှပြန်မပြောဘဲ နဖူးကဆံပင်တွေကို ဆတ်ခနဲခါထုတ်ပစ်လိုက်၏။ ဒီနေရာဟာ စားသောက်ခန်းမကြီး၏ လက်ယာဘက် ပန်းဥယျာဉ်လေးဖြစ်သည်။ ခန်းမ၏ လက်ဝဲ၊ လက်ယာ နှစ်ဖက်ကို ပန်းအိုးငယ်လေးတွေနှင့်လှပစွာ ဖွဲ့စည်းကာ မကျဉ်းမကျယ်လေးနှင့် ရှင်းလည်းရှင်းသည်၊ လေကောင်းလေသန့်ရ၏။

ဒီခြံဝင်းကြီးထဲမှာ လာ၍စားသောက်ကြသည့်လူတိုင်း ဒီဘက်ဥယျာဉ်လေးတွေမှာ မထိုင်နိုင်ကြပါ၊ ကြိုတင်၍ ဘိုကင်လုပ်ရသည်၊ နေရာအတွက်လည်း ဈေးကြီး၏။ ဥယျာဉ်တစ်ဖက်မှာ စားပွဲနှစ်လုံးပဲရှိကာ ခုတော်တော်လည်း လှမ်းသေးသည်။





မေဇော်နှင့် စကားပြောရင်း ညီ ဝင်သွားသည့် ဟိုဘက်က လက်ဝဲဘက်ဥယျာဉ်လေးထဲကို စိတ်ကရောက်နေခဲ့သည်။ ဒီနေရာလေးက အေးချမ်းပေမယ့် တစ်ယောက်တည်း အပန်းဖြေငုတ်တုတ်ထိုင်နေလို့ မကောင်းတာတော့ သေချာ၏။

ညီ ဝင်သွားတာ တစ်ယောက်တည်း။ အထဲမှာ အိမ်ကလေး ရှိနေမလား။ ဒါ သိပ်တော့မဖြစ်နိုင်ပါ။ ခေါက်တာနေညီလာ ဆိုသည့်လူ လက်ထပ်တော့မည်ဆိုသောသတင်းကား ပျံ့နှံ့နေပြီဖြစ်၏။ သို့ဆိုလျှင် သူ လက်ထပ်မည့်အမျိုးသမီးပဲ ဖြစ်နိုင်၏။

"ဝဥ္ဇာ"

"ဟင်"

အမှတ်တမဲ့ လန့်သလိုဖြစ်သွားပြီးမှ ဣန္ဒြေပြန်ဆည်ရသည်။

"ပြောနေတာ ကြားရဲ့လားဟင်၊ မင်း တောင်ပံကျိုးတဲ့အထိ တို့ မစောင့်ပါရစေနဲ့ တို့လေ မှားနေပြီဆိုတာကို သိပေမယ့် နောက်ဆုတ်ဖို့ ခက်နေပြီ၊ ဒါကြောင့် အဆိပ်မှန်းသိပေမယ့် မျိုချဖို့ပဲဆုံးဖြတ်မိခဲ့တာ၊ မင်းနဲ့ တို့အကြောင်း လူတွေ ဘယ်လောက်ပဲ အပုပ်ချဝေဖန်ပါစေ ခုရော နောက်ရော လုံးဝ ဂရုမစိုက်ဘူး။ အဲဒီအတွက် တို့ကို မင်းဘက်က တစ်ခုပဲ လိုက်လျော"

ပြော ဆိုသည့် မျက်နှာနှင့် စိတ်မရှည်သလို ဝဥ္ဇာက ငုံ့ကြည့်၏။

"အခု မင်းရင်ထဲမှာ ရှေ့ဆက်ဖို့ပဲရှိရှိ၊ နောက်ဆုတ်ဖို့ပဲဖြစ်ဖြစ် အားလုံးကို ထားခဲ့လိုက်ပါတော့၊ မင်းအတွက် တစ်သက်လုံး တော့မှ မပူပင်ရလောက်တဲ့ စီးပွားဥစ္စာတွေနဲ့ မင်း ကျေနပ်နိုင်မယ့် အကြင်နာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တို့ ပေးမယ်၊ မိသားစု ဆိုတဲ့ ဘဝလေးတစ်ခုကို မင်းနဲ့ မမဖော် တည်ဆောက်ကြရအောင်၊ မင်္ဂလာပွဲကြီး တခမ်းတနားမလုပ်ဖြစ်ရင်တောင် လူမှုရေးအသင်းအဖွဲ့တွေမှာ လှူဒါန်းပြီး လက်ထပ်ပြီးစီးတဲ့သတင်း...”

“မမဖော် ပြောတဲ့ ငှက်တစ်ကောင် ကျွန်တော် ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် အဲဒီငှက်ဟာ ဖီးကွက်မဟုတ်တာတော့သေချာတယ်၊ တောင်ပံပါရင် ပျံမှာပဲလေ၊ တစ်ကိုင်းတည်း တစ်ပင်တည်းမှာ ထာဝရ နားခိုသွားတဲ့ငှက်ဆိုတာ မရှိဘူး။ ဖီးကွက်လိုငှက်တောင်မှ ညကျရင်တော့ ထွက်တာပဲ၊ ကျွန်တော့်ရဲ့ လွတ်လပ်တဲ့ ဘဝရဲ့နေ့တွေကို ဘာကြောင့်မှ ချည်နှောင်မခံနိုင်ဘူး။ အဲဒါလဲ သေချာတယ်”

“မင်း ကျေနပ်သွားတဲ့အခါ ဒီစကားတွေကိုလဲ မေ့သွားမှာပါ ဝဏ္ဏ၊ မမဖော်က ဆရာဝန်တစ်ယောက်၊ ဂုဏ်နဲ့ဒြပ်နဲ့နေတဲ့သူပါ။ မင်းနဲ့ကျမှ အချစ်ရဲ့ ကျေးကျွန်ဖြစ်သွားခဲ့တာမှန်ပေမယ့် ဒီလို မိုက်မိုက်မဲမဲ ခယတောင်းပန်နေတာက အချစ်အတွက်တစ်ခုတည်းမဟုတ်ဘူး သိလား၊ မှားမိခဲ့တဲ့ ကိုယ့်ခြေလှမ်းတစ်လှမ်းကြောင့် ပေးဆပ်နေတာ၊ မင်းနဲ့ မမဖော် လက်မထပ်ရသေးရတာပဲရှိတယ်၊ မင်းဘက် မဆိုင်သလိုနေခဲ့ပေမယ့် တို့ရင်ဘတ်ထဲမှာ မင်းက တို့ရဲ့ ထာဝရကြင်ဖော်နေရာမှာပဲ ရှိခဲ့တာ”

ဝဏ္ဏက နားမထောင်ချင်တော့သည့်မျက်နှာနှင့် ဟိုလှည့် ဒီလှည့်လုပ်၍ နောက်ဆုံးမှာ စီးကရက်မီးညှိခြင်းဖြင့် သည်းခံနေရခြင်းကို ပြသည်။ ထသွားလိုက်ဖို့မဖြစ်တာက မဖော်ဆီက သူလိုချင်တာ မရသေး

“တို့ရဲ့ ဘဝ ကိုယ့်မာနသိက္ခာတွေကို မင်းရဲ့ခြေရင်းမှာ ဖြန့်ခင်းပေးထားခဲ့တာအားလုံးဟာ တို့ရဲ့တစ်သက်မှာ တစ်ယောက်ပဲချစ်ခင်အားကိုး





သွားချင်တဲ့ ရည်မှန်းချက်ကြောင့် ...”

“ကျွန်တော်ကတော့ ပြောပြီးပြီ မမဖော်၊ မမဖော် ဖြစ်စေချင်သလို ကျွန်တော် ကြိုးစားမယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ ရင်ခုန်ခြင်းတွေကို မမဖော်အတွက်ပဲ ပုံချပေးထားဖို့မဖြစ်နိုင်ဘူး”

“သီချင်းအိမ်ကို မင်းက ကြိုးစားဦးမလို့လား”

“ဟုတ်တယ်”

“မလွယ်ဘူးကွ”

ကပ်လျက်ကနေ ထွက်လာသည့်အသံကြောင့် သူတို့ လှည့်ကြည့်လိုက်မိကြသည်။ သိပ်အလှမ်းမကွာပေ။ မလှမ်းမကမ်းက သစ်ခွတိုင်တွေနားမှာ အလုပ်သမား လူငယ်လေးတစ်ယောက်နှင့် ညီကို တွေ့လိုက်ရ၏။

ဝဏ္ဏမျက်နှာ မည်းခနဲဖြစ်သွားသည်။ ခန်းမနှင့်ကပ်လျက် အဲဒီဘက်က သစ်ခွတိုင်တွေမှာ ပန်းဖြစ်ဖြစ်၊ သစ်ခွဆုံဖြစ်ဖြစ် ရောင်းပေးတာ သပ်သပ်ရှိသည်။

ထို့ကြောင့် ဝယ်သူတွေ ခဏခဏ ဝင်လာတတ်သဖြင့် ဘယ်သူရှိမနေတာ၊ ရှိနေတာကို ဂရုစိုက်လိုက်ကြည့်မနေခဲ့မိပေ။ ညီက သစ်ခွတိုင်နောက်ကနေ ဒီဘက်ကို ခြေနှစ်လှမ်းခန့်တိုးလာသည်။ ဝဏ္ဏနှင့် မျက်စောင်းထိုးအနေအထားလောက်မှာ ရပ်လိုက်ကာ ...

“မင်းက သေပြမယ်ဆိုပြီး တကယ်မှမသေတာ”

“ခင်ဗျား ...”

ဝဏ္ဏ ဆတ်ခနဲထရပ်၏။ မဖော့်မျက်နှာမှာ စိုးရိမ်ခြင်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြခြင်းတို့ ရောနှောကာ ဝဠာနှင့်အတူ လိုက်ထသည်။

"ခင်ဗျား လူကြီးလူကောင်းပုံစံနဲ့ ဘာဖြစ်လို့ သူများအကြောင်း နှိ
နှားထောင်တာလဲ"

ညီက နှံ့သာရောင်ဘောင်းဘီရှည်အိတ်ထဲကို လက်နှစ်ဖက် ထည်
ထားလိုက်ပြီး ရယ်သည်။ မျက်ဝန်းတို့က မေဇော့်ထံ ဖျတ်ခနဲဝေ့သွားလျှင်
မေဇော် မျက်နှာလွှဲတော့မလိုဖြစ်သွား၏။

ဒေါက်တာ ဦးပန်းခိုင်နှင့်ပတ်သက်ပြီး ညီနဲ့သူမ တစ်ခါဆုံဖူးခဲ့သည်
ပြောဆိုရင်းနှီးခဲ့ဖူးတာမဟုတ်ပေ၊ လှမ်းမြင်ပြုံးပြရုံပဲဖြစ်သည်။ သူ ပြန်
သွားမှ ...

"သူက ဒေါက်တာ နေညီလာ၊ ရန်ကုန်ကလေ၊ အရမ်းတော်တဲ့
လူငယ်ပဲ၊ ကြိုးစားရင် ဘာမဆိုဖြစ်လာနိုင်တဲ့သူ၊ သူ့ကိုယ်သူ လေလွင့်
ခံနေတာ သိပ်ကို နှမြောစရာကောင်းတယ်"

ဟု ဦးပန်းခိုင်က ထပ်ရှင်းပြသေးသည်။ သူမ မှတ်မိနေသလို ညီ
ကလည်း မှတ်မိပုံပေါ်၏။ ပျာယီးပျာယာဖြစ်သွားသည့် သူမမျက်နှာ
နေသားတကျပြန်ဖြစ်တဲ့အထိ စိုက်ကြည့်နေပြီးမှ ပြုံးပြလိုက်ကာ ...

"ဒေါက်တာ မေဇော်နော်၊ ကျွန်တော့်ကို မှတ်မိလား"

"ဟုတ်ကဲ့"

မေဇော်နှင့် ညီတို့ နှုတ်ဆက်လိုက်သည်နှင့် ဝဠာ ဒေါသတွေက
မေဇော့်ထံသို့ ပြန်လည်ပြေးဝင်သွားကြ၏။ လူမှုရေးအတိုင်းအတာ
အလိုက် နှုတ်ဆက်လိုက်လျောလိုက်ရခြင်းနှင့် မေဇော့်အသိထဲမှာ ရုတ်
တရက် ဝဠာ မပါခဲ့ပေ။ ဒေါသတွေ ဘယ်ထိ မျိုးဆက်ပြန့်ပွားနေတာကို





လည်း မသိလိုက်။

"တိုက်ဆိုင်နေတယ် ဒေါက်တာ၊ ကျွန်တော်တို့ ဒီပုံစံနဲ့ ပြန်ပြီးဆုံဖြစ်
ကြမယ်မထင်ဘူး"

"ရှင်... ဟုတ်... ဟုတ်ကဲ့"

ရှက်စိတ်ကြောင့် မေဇော့်တစ်ကိုယ်လုံး ပူထူနေ၏။ ဝဠာနှင့် ပတ်
သက်၍ ကဲ့ရဲ့ခံရသမျှ ညီ့မျက်လုံး၊ ညီ့စကားသံတွေလောက် သူမကို
သိမ်ငယ်စေခဲ့တာ မရှိဘူးထင်သည်။

တကယ်ဆို သီလရှင်ကျောင်းရှေ့မှာ ဆုံကြစဉ်ကတည်းက သူမက
မှတ်မိသည်။ သူကတော့ မမှတ်မိနိုင်ဘူးလို့ပဲ ထင်ခဲ့သဖြင့် နေသာထိုင်
သာ ရှိခဲ့တုန်း ...

"နေညီလာ"

ဝဠာက ညီ့ရှေ့ကိုလျှောက်လာပြီး မိုက်မိုက်ရိုင်းရိုင်းခေါ်သည်။

"ခင်ဗျားက ဧည့်သည် ဆိုပြီးတော့ ဟိုမိန်းမနဲ့ သိ၊ ဒီမိန်းမနဲ့ ငြိ
ဘာလဲ"

"မငြိပါဘူးကွ၊ ရိုးရိုးပဲသိတာ"

ညီက အကောင်းတိုင်းပြန်ဖြေသလိုနှင့် ရီသည်။ မီးခိုးရောင် ရှပ်
အင်္ကျီလက်ရှည်ကို တံတောင်နားထိခေါက်တင်ထားလျက် လည်ပင်း
အထိ ကြယ်သီးအစုံတပ်ထားသော ညီ့ပုံစံနှင့် ချိုင်းပြတ်စွတ်ကျယ်အနီ
ရဲရဲထက်မှာ ဂျင်းဂျက်ကက်ခါးတို၊ ဂျင်းပင်နံ့ဝတ်ထားသော ဝဠာပုံက
ခြားနားသောအသွင်တွေဖြစ်နေကြ၏။

တည်ကြည်ရည်မွန်ခြင်းနှင့် နုသစ်ချောမွေ့ခြင်းမှာ ဝဠာသည် ခပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းရှိင်းလှလှယ်ကလေးတစ်ယောက်၏ပုံစံအတိုင်းသာ ရှိခဲ့သည်။

ဤလူငယ်ကလေးကို သူမ ချစ်ခဲ့သည်၊ ပုံအပ်ခဲ့သည်၊ ထို့ကြောင့် နေညီလာ ဆိုသော ယောကျ်ားတစ်ယောက်ရှေ့မှာ အရှက်သိက္ခာတို့ ပျော်ဆင်းကျကာ လူမမြင်ကွယ်ရာ အရပ်တစ်ခုဆီသို့ ပြေးထွက်သွားချင်ပါ၏။

ညီက မေဇော် ခံစားနေရတာကို အကဲခတ်လိုက်ပြီး ဝဠာဘက်ကိုပဲ ပြန်လှည့်၏။

"နှုတ်ဆက်ခေါ်ပြောကြတာက ရည်မွန်တဲ့ လူမှုရေးအလုပ်ပါ။ မိတ်ဆွေလိုခေါ်တယ်လေ၊ ယောကျ်ားလေးနဲ့မိန်းကလေး ရိုးရိုးသားသား မိတ်ဆွေဖြစ်ကြတာ ထူးဆန်းနေလို့လား"

"မဆန်းဘူး၊ ဒါပေမယ့် ခင်ဗျားနဲ့တော့ ဖြစ်ခွင့်မပြုနိုင်ဘူး၊ ဦးစီးဦးဆောင်လိုလို၊ ကြပ်မတ်စောင့်ရှောက်သလိုလိုနဲ့ မိန်းကလေးတွေကို စည်းရုံးသိမ်းသွင်းတတ်တာ ခင်ဗျားရဲ့အကျင့်ပဲ၊ မမဇော်က ကျွန်တော့်ရဲ့လူ"

"သြော် ..."

"ခင်ဗျား ဟိုတစ်ခါပြောသွားသလိုလေ သူက ကျွန်တော့်လူပဲ".

"တော်တော်စန်းပွင့်တဲ့ပုဂ္ဂိုလ်ပဲ၊ ဒါဆို မင်းက အိမ်ကလေးနဲ့ မသက်ဆိုင်တော့ဘူးလား"

"ခင်ဗျားလို ကြောင်သူတော်ကြွက်သူခိုးရှိနေမှတော့ အိမ်ကလေးက ဘယ်လွယ်တော့မှာလဲ၊ တစ်ခုတော့ရှိတယ်"

"ပြောပါဦး"





"ခင်ဗျား သတ္တိရှိရင် ဘေးဖယ်နေလိုက်လေ၊ အိမ်ကလေးကို မရရအောင် ကျွန်တော် ယူပြမယ်"

ညီမျက်လုံးက မေဇော့်ထံ ဝေ့ခနဲရောက်သွားသည်။ ဝဠာက မချိမချဉ် ပြုံးနေခဲ့၏။

"ဘယ်လိုယူပြမှာလဲ ဆက်ပြောလေ၊ ဓားတင်ပြေးမှာလား"

"ရာဇဝင်ရိုင်းပါတယ်ဗျာ၊ အဲဒီလိုနည်း မလိုပါဘူး"

"သို့ကြောင့် လူတစ်ယောက် သေသွားရတယ်လို့ စိတ်ဓာတ်ဖြစ်နေတဲ့ မိန်းကလေးကို မချစ်ရင် သေပစ်လိုက်မှာပဲလို့ လာပြီးခြိမ်းခြောက်တာကျတော့ သမိုင်းသစ်ပေါ့"

"ဒါ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ညာတဲ့လူနဲ့ အညာခံတဲ့သူ ဘယ်သူ ရှုံးတာလဲ၊ ကျွန်တော်က ..."

ဝဠာ့ စကားသံ တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။ ပြောနေသည့် နှုတ်ခမ်းတွေလည်း ပြန်မစေ့နိုင်ခဲ့ပေ။

သူ ငေးခနဲဖြစ်သွားသည့် အရပ်မျက်နှာဆီသို့ မေဇော်က လှမ်းကြည့်၏။

"ဟင်..."

အိမ်ကလေးသည် သစ်ခွပန်းခိုင်တွေကို လက်နှစ်ဖက်ပွေ့ဆုပ်ကိုင်ထားကာ တစ်လှမ်းချင်း လှည့်ထွက်လာ၏။

နီဖွေးသောဝတ်စုံလေးနှင့်အပြိုင် သူမ၏ပါးကလေးနှစ်ဖက်က ဖန်းရင့်ရောင်သမ်းနေ၏။ ဖြန့်ချထားသည့်ဆံနွယ်တို့မှ နားသယ်စပ် ဆံစတချို့တလေက ပါးရိုး၊ မေးဖျားလေးနားတို့မှာ လူးလွန့်ကပ်ငြွယ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ညှိုပခုံးတစ်ဖက်၏ နောက်နားကျကျမှာ ရပ်နေလိုက်ရင်း ...

"ဟုတ်ပါတယ်၊ အိမ်ကလေးက အရူးပါ၊ အရူးမို့လို့ အညာခံရတာပါ"

"အိမ်ကလေး"

ဝဋ္ဌာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ရင်ထဲမှာ တကယ်ဆို ဒီတိုင်းမဟုတ်ခဲ့ပါ။ ခံစားချက်တစ်ခုကို အလေးအနက်ထား၍ မပြောတတ်။ သူများနဲ့ အနိုင်လုပြောပြီဆို အရှုံးမပေးနိုင်။

နေညီလာ ဆိုသည့်လူကို အနိုင်မခံအရှုံးမပေး ပြောပစ်လိုက်တာပါလို့ ခုကျမှ ဘယ်လိုရှင်းရှင်း အိမ်ကလေး ယုံမှာမဟုတ်တော့ပေ။

အိမ်ကလေးကို ဘယ်လိုချစ်သည်၊ ဘယ်လောက်ချစ်တာ ငှက မရှုံ့နိုင်သော်လည်း သူမကို ပိုင်ဆိုင်လိုစိတ်တွေ ပြင်းပြနေခဲ့တာ ခုထိပင်။

သူမနှင့်သာ သက်ဆုံးတိုင်နေချင်သည်၊ သူမကိုသာ ပိုင်ဆိုင်ခွင့်ရမည်ဆိုလျှင် ဒေါက်တာမေဇော်၏ချမ်းသာမှုတွေကိုလည်း သူ မလိုချင်။ မေမေတို့ ဘယ်လိုတားတား ဖွတ်ရှန်းထွက်မလို့။

"အိမ်ကလေး တို့ ပြောပါရစေ"

"မလိုတော့ပါဘူး။ ထပ်သိချင်လို့ ကျွန်မ လာတာပါ၊ ရှင်တို့အကြောင်းကို ရှင် သေလိုက်တော့မယ်လို့ပြောတဲ့ သုံးရက်ပြည့်တဲ့နေ့ကတည်းက ကျွန်မ သိခဲ့ရတာ"

"ဘာ"

"တကယ်တော့ တစ်ခုခုကို လွန်ကဲခံစားလာရရင် ရူးတတ်တာပါပဲ





ဝဋ္ဌာ၊ ဒါပေမယ့် ကျွန်မ ရူးခဲ့တာက ယောကျ်ားတစ်ယောက်ကို မရမနေလိုချင်လွန်းလို့မဟုတ်ဘူး"

"မဟုတ်ဘူး အိမ်ကလေး၊ ကျွတ် ..."

ဝဋ္ဌာ့ပုံစံသည် စောစောက မချိုမချဉ်ရှုံ့ရှာဖွယ်ကောင်းတာတွေ ဘာမှမရှိတော့ပေ။

ဖြန်းခနဲ လျှောင်အိမ်ထဲမှာ ပိတ်မိခံလိုက်ရသည့် ကြွက်တစ်ကောင်လို ပျာယာခတ်လျက် အားလုံး မေ့လျော့ကာ ...

"တို့ ရှင်းပြပါရစေ၊ တို့ရင်ထဲမှာ မင်းကို ... မင်းကို အဲဒီလိုမဟုတ်ဘူး"

ဝဋ္ဌာ ရှေ့တိုးလာသည်။ ညီက ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး နည်းနည်းမှ မလှုပ်ရှားဘဲ စိုက်ကြည့်နေသည်။ ဝဋ္ဌာက ညီကို ဝင်မပါစေချင်သည့်မျက်လုံးနှင့် တစ်ချက်ကြည့်ကာ ရှေ့ထပ်တိုးတော့ အိမ်ကလေး ရှေ့ကို ရောက်လာ၏။

"တို့ကို ခဏလေး စကားပြောခွင့်ပြုပါ။ ခဏလေးပဲကွာ၊ တို့ တောင်းပန်ပါတယ်"

အိမ်ကလေးက အသံတိတ်ခေါင်းခါသည်။ မျက်ဝန်းမှာ မျက်ရည်တို့ ရစ်သီလာခဲ့ခြင်းဟာ ကြေကွဲခြင်းမဟုတ်၊ ရှက်ရွံ့ ခါးသီးခြင်းပဲဖြစ်သည်။

ဒီလောက်ထိ သေချာထပ်သိလိုက်တာ လုံလောက်ပါပြီ။ ညီ လက်မောင်းကိုကိုင်၍ ပြန်လှည့်လိုက်လျှင် ဝဋ္ဌာ က လက်ကို ရဲရဲတင်းတင်း လှမ်းဆွဲ၏။

"ဒီလိုထွက်မသွားနဲ့ကွာ၊ ခဏ"



www.burmeseclassic.com

www.burmeseclassic.com



ဧကားမဆုံးခင် ရိုက်ခတ်သံတစ်ချက်မြည်ဟီးသွား၏။

"ဝဋ္ဌာ ..."

မေဇော် အလန့်တကြား ထအော်သည်။ အိမ်ကလေးသည့် နာကျင်သွားသောလက်ဖဝါးတစ်ဖက်ကို ဖျစ်ဆုပ်ပစ်လိုက်ရင်း မျက်ရည်တစ်စက်စွန်းထင်းသွားတာကို အံကြိတ်၍ ...

"ရှုစရာကောင်းတဲ့ယောကျ်ား၊ ရှင့်ကိုရိုက်မိတဲ့ ဒီလက်ကို အိမ်ရောက်ရင် နံ့သာရည်နဲ့ဆေးကြောပစ်မယ် သိလား"

အိမ်ကလေး ချာခနဲလှည့်ပြေးသွား၏။ ညီက ရပ်လျက်ကျန်ရစ်သည်။

"တောက် လူယုတ်မာ၊ ခင်ဗျား ... ခင်ဗျား တမင်ခေါ်လာပြီးပြတာ"

"အို ..."

ဝဋ္ဌာက လက်သီးဆုပ်ကြီး အဆမတန်ရွယ်ပြီး အားရပါးရ ရွယ်သည်။ မေဇော်က ထိုလက်ကို အမိအရဖမ်းဆွဲထားကာ ...

"မမဇော် ရှက်လှပြီ တောင်းပန်ပါတယ် ဝဋ္ဌာ၊ မင်း တော်ပါတော့"

သစ်ရွတိုင်တွေနားက အလုပ်သမားနှစ်ယောက်လည်း ပြေးလွှားရောက်လာ၏။ ညီက မလှုပ်မယှက်ရပ်နေဆဲနှင့် ပြုံးလိုက်၏။

"ရှူးဖူးတယ်ရှိအောင် ရှူကြည့်လိုက်ပါ၊ မချစ်တတ်ပေမယ့် မင်းမှာလောဘတွေ အစွန်းရောက်နေတော့ ရှူးသွားနိုင်တယ်"





## အခန်း (၃၀)

"အိမ်ကလေး အရူးမပါ မေမေ၊ ဘယ်ယောကျ်ားနဲ့မှ မပေးစားပါနဲ့၊ ဝင့်လည်တယ်ဆိုရင်လဲ ဒီလောက်ပေးဆပ်ရတာနဲ့ပဲသေလုနေပြီသိလား၊ နောက်ထပ် ယောကျ်ားတစ်ယောက်ရဲ့ အထင်သေး အမြင်သေးပြောဆိုတာတွေကို မခံချင်တော့ဘူး"

အခန်းထဲကိုတောင် အဝင်မခံဘဲ တံခါးပိတ်ပစ်ဖို့ပဲ ရှုတ်လုပ်နေသည်။ ပြီးတော့ ဝဋ္ဌာနဲ့ သူမ ဘယ်ထိ ရင်းနှီးပတ်သက်ခဲ့တာတွေကို အဆင်မချောစွာ ဗလုံးဗထွေးရှင်းပြနေရင်း မိသမျှ ပါသမျှ အကျီတို့ကို အဝတ်သေတ္တာထဲ ထိုးသိပ်ထည့်၏။

ဒေါ်ချယ်ရီ မအံ့ဩတော့ပါ။ ဝဋ္ဌာ ဆိုသည့်လူငယ်နှင့် သွားတွေ့ဖို့ ကူညီခဲ့သည့် လူတစ်ယောက်ကို သမီး လက်မထပ်လိုဘူးဆိုတာလည်း အပြစ်တော့မရှိဘူးဟု မြင်လာခဲ့မိ၏။

ဒါပေမယ့်...



www.burmeseclassic.com

"သမီးရယ် ... သမီး ပြောသလို ညီက အခွင့်အရေးယူပြီး အနိုင်နဲ့ ပိုင်းချင်တဲ့လူမျိုးမဟုတ်နိုင်ပါဘူး။ သမီးတို့ ချစ်သူတွေမဟုတ်ကြပေမယ့် တစ်ယောက်အကြောင်း တစ်ယောက်သိတယ်၊ ရင်းနှီးကြတယ်၊ ပြီးတော့ သမီးနဲ့လက်ထပ်မယ်ဆိုပြီး ဟိုဘက်မှာတောင် သူ ဖျက်ခဲ့တာပဲ"

"ဖျက်ခဲ့တာမဟုတ်ဘူး မေမေ၊ စွန့်လွှတ်ခဲ့ရတာ၊ သူ့ရင်ထဲမှာ ဒီအတွက် ဒဏ်ရာ ဘယ်လောက်ဖြစ်နေမလဲ ဘယ်သူမှမသိဘူး၊ ပြီးတော့ ... ပြီးတော့ သူ့ရှေ့မှာ ဝဋ္ဋာ ပြောတဲ့စကားတွေက ..."

ပြောနေရင်း အိမ်ကလေး ငိုပြန်သည်။ ဒေါ်ချယ်ရီ လက်တပြင်ပြင်၊ ပါးစပ်ပြင်ရင်းနှင့် ဘာမှလည်း မပြောဖြစ်တော့ပေ။ နောက်ဆုံးမှာ ဘယ်လိုမှ တားလို့မရတော့မှန်းသိကာ ...

"အေးပါ၊ သွားချင်ရင်လဲ သွားရပါမယ်သမီးရယ်၊ သမီးဖေဖေ ပြန်လာတဲ့ထိတော့ စောင့်ပါဦး၊ မေမေ ဖုန်းဆက်ထားပါတယ်"

"ဟင့်အင်း၊ ဖေဖေ ရောက်လာရင်လဲ မေမေနဲ့ နှစ်ယောက်ပေါင်းပြီး တားကြဦးမှာပဲ၊ မနေချင်ဘူး မေမေ၊ ဒရိုင်ဘာ ပါတာပဲဟာ ရတယ်"

အိတ်ကိုဆွဲ၍ အိမ်ကလေး ထွက်ထွက်သည်။ ဒေါ်ချယ်ရီက ဆွဲတော့လွဲတော့မလို ပြေးလွှားလိုက်လာကာ ...

"သမီးရယ် ဒီတစ်ညတော့စောင့်ပါ၊ သမီး မေမေ့ကို နောက်ထပ် ဒုက္ခမပေးတော့ပါဘူးဆို၊ နေလဲညိုနေပြီ၊ လမ်းမှာ ဒုက္ခရောက်လိမ့်မယ်၊ ပြောတာ နားထောင်ပါကွယ်"

"ဟင့်အင်း"

အိမ်ကလေးက ခေါင်းခါမြဲခါ၏။ မနက်ဖြန်ဆိုတဲ့အချိန်မှာ အများ





ကြီးပြောင်းလဲသွားနိုင်တာကို တွေးမိနေသည်မို့ နားမထောင်နိုင်။

အထူးသဖြင့် ဦးညီ ရောက်လာလျှင် ဦးညီရဲ့စကားတွေကို သူမ လွန်ဆန်နိုင်ဖို့မလွယ်၊ ပြီးတော့ ရင်မဆိုင်ချင်တော့တာက သူ့ကိုပဲဖြစ်၏။

ထိုစဉ် အိမ်ကလေး၏ခြေလှမ်းတွေရပ်တန့်သွားလေသည်။ ပေါ်တီကိုအောက်မှာ ကားမည်းလေးရပ်လျက်ရှိသော်လည်း ညီ မဆင်းရသေးပါ။

"ညီ"

ဒေါ်ချယ်ရီ အားတက်သွား၏။ အိမ်ကလေး မျက်လုံးလေးဝိုင်းသွားသည်။ ညီ့မျက်နှာက အိမ်ကလေးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး တင်းသွား၏။

"သားရယ် မင်းညီမကိုပြောပါဦး၊ ရန်ကုန် ခုဆင်းမယ်လုပ်နေတာ၊ သူ့အဖေ ခည်းသည်သွားကြို့နေလို့ ပြန်လာမှပို့နိုင်းပါမယ် ပြောတာ တောင် မရဘူး"

ကိုယ့်သမီးမှာ ခရီးဆောင်အိတ်နှင့် မျက်ရည်စက်လက်နှင့်မို့ ဖုံးဖိထားလို့မှမရတော့ဘဲ။ ညီက ခေါင်းညိတ်ပြီး ကားစက်ပြန်နှိုး၏။

"ကျွန်တော့်ကို အန်ကယ် လွှတ်လိုက်တာပါ"

"ဘယ်လို"

"သူ့ကို ပြန်ပို့ပေးဖို့"

ဒေါ်ချယ်ရီ'ပါးစပ်အဟောင်းသားဖြစ်သွား၏။ အိမ်ကလေးကတော့ ညီမျက်နှာတင်းနေတာကို နားလည်သွားပါသည်။ စိတ်နာသွားစမ်းပါ။ ကိုယ်ကလည်း ဒီလိုပဲဖြစ်စေချင်တာ။

"ဒါဆို မေမေ စိတ်မပူနဲ့တော့နော်၊ ဦးညီနဲ့ သွားလိုက်မယ်"

ဘာမှမဖြစ်သလိုမျက်နှာလေးနှင့် အိတ်ကို နောက်ခန်းသို့ထည့်ပြီး

www.burmeseclassic.com



အိမ်ကလေးက ကားပေါ် တက်၏။ ညီက ကားမောင်းထွက်သွားသည်။

ဒေါ် ချယ်ရီ ရင်ထဲမှာ ပူလောင်သွားခဲ့၏။ ညီနဲ့သာ လက်ထပ်စေချင်သောဆန္ဒတွေဟာ ညိုမျက်နှာထက်က ဒေါသကောက်ကြောင်းတွေကြောင့် မဖြစ်နိုင်တော့တာကို နားလည်ခဲ့သည်။

ရေစက်ဆုံခြင်း၊ မဆုံကြခြင်းဆိုတာ ဒီလိုပဲလား .....။





## အခန်း (၃၁)

"ခဏဆင်း"

"ဘာလုပ်မလို့လဲ"

"ဆင်းပါဆိုကွာ၊ မင်းကို ကိုက်မစားဘူး"

ပြောပြောဆိုဆို ညီက အိမ်ကလေးလက်ကို လှမ်းဆုပ်ကိုင်ပြီး ဆွဲချသွား၏။

"အချိန်မရှိတော့ဘူး ဦးညီ၊ ဦးညီ မအားဘူးဆိုရင်လဲ ဒရိုင်ဘာနဲ့ ကားကို အိမ်ကလေး ဖုန်းဆက်လိုက်မယ်"

"အချိန်တန်ရင်ပြီးသွားလိမ့်မယ်၊ ပူမနေနဲ့"

ညိုမျက်နှာက တင်းနေသည်။ ရှေ့ခန်းထဲမှာ အိမ်ကလေးကို ထားခဲ့ပြီး အထဲဝင်သွား၏။ သူတစ်ယောက်တည်းနေသည်ဆိုသော တိုက်ခန်းလေးက ကုန်းလျှောနေရာလေးမှာမို့ ကုန်းနိမ့်ပိုင်းက လမ်းကလေးကို လှမ်းမြင်နေရသည်။

ပြီးတော့ အိမ်ပတ်လည်မှာ ရောင်စုံပန်းမျိုးတို့နှင့် ပန်းချီကား တစ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နဲ့တူအောင် လှနေ၏။

အိမ်ကလေးတို့နေတဲ့ တိုက်ကလေးကတော့ နေရာအကွင်းအကွ
သိပ်မကောင်းတော့ ဒီလောက်မလှဘူးဖြစ်သည်။

ပန်းမှာလွယ်ထားသည့်အိတ်ကို ထပ်ဆွဲရင်း အိမ်ကလေး ရပ်စော
နေတာ ညီက ထွက်မလာတော့ပေ။ နာရီကြည့်လိုက်၊ အထဲကိုကြည
လိုက်နှင့် ခြေလှမ်းတို့ကလည်း အတွင်းသို့ လှမ်းဝင်လာခဲ့မိသည်။

ဒီမှာ ထမင်းချက်ကောင်လေးတစ်ယောက်ရှိတာ အိမ်ကလေး သိ
သည်။ ညနေစာ ဝင်ချက်နေတာဖြစ်မည်။ နောက်ထပ် နာရီငုံကြည့်၍
ရှေ့ပြန်ထွက်မလို့လှည့်လိုက်လျှင် ...

"ဘယ်ကိုပြန်ထွက်မလို့လဲ၊ ဒီကိုလာ"

"ဟင် ..."

အိမ်ကလေး လှည့်ကြည့်လိုက်တော့ ညီက စာရွက်နှစ်ရွက်ကိုင
လျက် အခန်းတစ်ခန်းရှေ့မှာ ပခုံးစောင်းနဲ့မှီ၍ရပ်နေ၏။ အိမ်ကလေးက
ညီ ရှေ့ရောက်အောင်လျှောက်သွားကာ ...

"ဘာလဲဟင်"

"လုပ်စရာရှိလို့ပေါ့ကွာ၊ ဝင်လာခဲ့"

ပြောပြီး နောက်လှည့်ဝင်သွား၏။ လိုက်ဝင်သွားရမလား၊ ပြန်ထွက
ခဲ့ပါလို့ပဲ ပြောရမလား၊ အိမ်ကလေး အပြေးအလွှား စဉ်းစားသည်။ ဘာ
ဖြစ်ဖြစ် ညီက မယုံကြည်ရမည့်သူမှမဟုတ်ဘဲ။

အခန်းထဲကိုပဲ ရဲစိတ်တင်း၍ လိုက်ဝင်ခဲ့မိသည်။ အိပ်ခန်းတော
မဟုတ်ပေ။ ဒါပေမယ့် တစ်ယောက်အိပ်ခုတင်တစ်လုံးရှိကာ နံရံတစ်ဖက





ာ နံရံမဟုတ်ဘဲ မှန်ချပ်တွေဖြစ်၏။ ထိုဘက်မှာ နိုင်ငံခြားပန်းအိုးတွေ
ရော၊ သစ်ခွတွေရော လှလှပပဖြန့်ခင်းထားတာမို့ နားနေခန်းပဲဖြစ်ဖို့ရှိ၏။

ကွန်ပျူတာနှင့် ရေခဲသေတ္တာ အငယ်လေးတစ်လုံးမှလွဲ၍ ဘာမှမရှိ
ဘဲ အထဲမှာ လင်းထိန်နေသည်။

"လှလိုက်တာ၊ စိတ်ထဲကို အေးသွားတာပဲ"

ပါးစပ်ကနေ ထုတ်ပြောလိုက်မိသည်အထိပင်။ ညီက ကွန်ပျူတာ
ရှေ့မှာထိုင်လိုက်ပြီး စာရွက်နှစ်ရွက်ကို သေချာချသည်။ ပြီးမှ အိမ်ကလေး
ကို လှည့်ကြည့်ကာ ...

"ဒီမှာ ဖတ်ကြည့်ပါဦး၊ ပြည့်စုံရဲ့လားလို့"

အိမ်ကလေးကလည်း သိချင်စိတ်ဖြင့် ဘေးမှာသွားရပ်ပြီး စာရွက်
ထဲကစာတွေကို ငုံ့ဖတ်လိုက်သည်။

ကျွန်တော် နေညီလာနှင့် ကျွန်မ သီချင်းအိမ်တို့သည်
နှစ်ဖက်မိဘတို့၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်သည့်ပြင်
ကိုယ်တိုင်ကြည်ဖြူနှစ်သက်ကြသည်ဖြစ် ဘဝသက်ဆုံးတိုင်
ပေါင်းသင်းလက်တွဲသွားကြမည်ဖြစ်ကြောင်း နှစ်ဦးသဘောတူ
ကတိသစ္စာပြုပါသည်။

နေညီလာ သီချင်းအိမ်

ဆုံးသွားပြီးတာတောင် အံ့သြနေသည့်စိတ်က နားမလည်နိုင်ဘဲ
ခေါက်ပြန်ဖတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖတ်တတ်လို့လား၊ ဖတ်ပြမယ်လေ"

အိမ်ကလေးက ပြန်ကြည့်လိုက်တော့ ညီက မတည်မပြုံးမျက်နှာနှင့် ...

"သဘောတူတယ်ဆိုရင် အောက်မှာ လက်မှတ်ထိုး"

"ဒါ လက်ထပ်စာချုပ်လား"

"ဟုတ်တယ်လေ၊ စာချုပ်က အလွယ်တကူမရှိတော့ လောလော ဆယ် လက်မှတ်ထိုးထားလို့ရအောင်ပဲ လုပ်လိုက်တာ"

"ဦးညီက ဘာလုပ်တာလဲ၊ အိမ်ကလေးက ရန်ကုန်ပြန်မှာလေ ဦးညီပဲ ဖေဖေက နိုင်းလို့ ..."

"ဘယ်သူမှမနိုင်းဘူး၊ ဒီလိုခေါ် ထုတ်မလာရင် ခင်ဗျားက ပြန်မှာပဲ မဟုတ်လား"

အိမ်ကလေး စိတ်ညစ်သွားလေသည်။ လက်ထပ်ဖို့ ညီ ခုလိုဖန်တီး ပစ်လိုက်တာဟာ အားလုံး စီစဉ်ပြီးသားဖြစ်နေသည့်အတွက် သူမ ထွက် သွားလျှင် နောက်ထပ် သိက္ခာကျစရာ ထပ်ဖြစ်လာမှာစိုး၍ ဖြစ်ပေမည်။

လက်ထပ်ဖြစ်အောင် လူကြီးတွေ စီစဉ်လိုက်တာရော အိမ်ကလေး ကြည်ဖြူခဲ့လို့လား။ ခေါင်းခါနေရင်း၊ တားနေရင်းနှင့် အတည်အတံ့တွေ ဖြစ်သွားခဲ့တာပင်။

ဝဋ္ဋာနှင့်ပတ်သက်တာတွေ ပေါ်လာတိုင်း ရည်းစားတွေထားခဲ့ သည့် ကိုယ့်အဖြစ်သနစ် တချို့တလေ ပေါ်လာတိုင်း တစ်သက်လုံး မျက်နှာငယ် စိတ်ပင်ပန်းသွားရမည့် ကိုယ့်အတွက်ကို ပြန်မငဲ့ဘဲ ဆုံးဖြတ် လိုက်လို့မဖြစ်တာလည်း ကိုယ်ပဲသိသည်။





လောလောဆယ်မှာ အိမ်ထောင်ရေးကို ကြောက်မီသလိုကြီး ဖြစ် နေခဲ့၏။ ထို့ကြောင့် ရှန်းထွက်ဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်ကို ညီလည်း သိမှာပါ။

မျက်လုံးချင်းဆုံကြည့်ရင်း ညီက နားလည်သည့်အပြုံးတစ်ချက်နှင့် မျက်နှာပေါ် က တင်းမာမှုတွေကို လျှော့ချပစ်လိုက်၏။ပြီးတော့ အိမ်က လေး၏လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း နေရာမှ ထရပ်လိုက်သည်။

"ဘာဖြစ်လို့ မျက်လုံးပြူးနေတာလဲ၊ မင်း ကိုယ့်ကို မကြည်ဖြူနိုင် လို့လား"

"အိမ်ကလေး လက်မထပ်ချင်လို့ ရန်ကုန်ပြန်ဖို့ ဆုံးဖြတ်ခဲ့တာ"

"လူကြီးချင်း စေ့စပ်ထားပြီးပြီ၊ မင်း ဆုံးဖြတ်ချင်တိုင်း ဆုံးဖြတ်လို့ မရတော့ဘူး။ ဘာဖြစ်လို့လဲ၊ ကိုယ်နဲ့လက်ထပ်ဖို့မှာ ဘာတွေ အကြီး အကျယ်ခက်ခဲနိုင်တာရှိလို့လဲ၊ ကိုယ် လက်ခံခဲ့တာက မင်းရင်ထဲမှာ အစွန်း ရောက်ဖွဲ့လမ်းနေတဲ့ အဖြစ်တစ်ခုကလွဲရင် ဘာမှ အစွန်းအထင်းမရှိဘူး၊ ကိုယ့်ဘက်မှာလဲ မင်းအတွက် ဘာဖြစ်ဖြစ် ဖြည့်ဆည်းပေးချင်နေတယ်၊ အဲဒီထဲမှာ ကိုယ့်အရေး ကိုယ့်ကိစ္စ ဘာဖြစ်ဖြစ် မင်းလောက်အရေးမကြီး တော့တာတွေကို ကိုယ်တိုင်နားလည်လာတာတွေရှိလို့ ပိုဆိုးသွားတာက ခင်း ကိုယ့်ကိုငြင်းလိုက်တဲ့အဖြစ်ကို လုံးဝ လက်မခံနိုင်တာ"

"ဦးညီကို မလိုလားလို့မဟုတ်ပါဘူး၊ အိမ်ကလေး နောက်ထပ် ယောကျ်ားတစ်ယောက်ယောက်နဲ့ ဘယ်သဘောနဲ့မှ မပတ်သက်ချင် တော့ဘူး၊ အိမ်ကလေး ရှက်နေလို့ပါ၊ အချစ်ကိစ္စတွေ၊ အိမ်ထောင်ရေးကိစ္စ တွေ ဘာမှ ခေါင်းထဲ မထည့်ပါရစေနဲ့၊ ကျွန်မ နောက်ထပ်အရှုံးလို့လဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ နားလည်ထားခဲ့တယ်၊ အပြောင်းအလဲတစ်ခုဟာ ဖြစ်မလာခင်မှာ သုံးသပ်တာထက် ဖြစ်လာတော့ တစ်မျိုးဖြစ်နေတာတွေ အများကြီးပဲ၊ စဉ်းစားလွန်းတော့ တွေဝေတယ်၊ သတိထားလွန်းတော့လဲ ကြောက်စိတ်တွေဝင်တာပဲ၊ မင်းနဲ့ကိုယ် လက်ထပ်ကြဖို့မှာ မင်းတွေးနေသလောက် မခက်ခဲဘူးလို့ ကိုယ် ထင်တယ်"

အိမ်ကလေးက ခေါင်းခါနေဆဲဖြစ်၏။ မျက်ရည်တွေဝေ့လာသဖြင့် ခေါင်းငုံ့ပစ်လိုက်မိသည်။

"အိမ်ကလေး ကြောက်တာပဲသိတယ်၊ ဟိုတုန်းက ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့တာတွေရော၊ သူများတွေကို အနိုင်ယူခဲ့ဖူးတာတွေရော အဲဒါတွေကို ပေးဆပ်ရဖို့ ဝဋ်လည်မှာကြောက်တယ်၊ အထူးသဖြင့် ဦးညီ အထင်သေးပြီးပြင်မှာကို ဘယ်လိုမှ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး"

"ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ၊ မင်းစိတ်ထဲမှာ ကိုယ်က ချစ်သူနဲ့ ကွဲခဲ့တာ မင်းကြောင့်လို့ ဖြစ်နေတာမဟုတ်လား"

အိမ်ကလေး မဖြေပါ။ မျက်နှာငုံ့ထားသဖြင့် မျက်ရည်စက်တို့က ပါးပေါ်မှကျော်လွန်ကာ ခြေဦးထိပ်ကို ခုန်ဆင်းသွားကြ၏။

"အချစ်ကို မင်း ဘာဖြစ်လို့ နိုက်နိုက်ချွတ်ချွတ် ခံစားကြည့်နေတာလဲ၊ တချို့ခံစားချက်တွေမှာ အချစ်ထက် အများကြီးလေးနက်နေတာတွေ ရှိတယ်၊ မင်းအတွက် စိုးရိမ်ပူလောင်နေတဲ့စိတ်တွေနဲ့ ကိုယ် ဘယ်လိုဂရုစိုက်နိုင်ခဲ့သလဲ၊ မင်းကြောင့်ဆိုပေမယ့် မင်းအတွက် ဒါတွေကို ကျောခိုင်းထားခဲ့မိတဲ့အထိ ဖြစ်သွားတာကို ကိုယ်ပဲမဟုတ်ဘူးလား၊ ဘယ်လမ်းကိုလျှောက်မလဲဆိုတာ ကိုယ်တိုင် ရွေးချယ်ကြတာပဲကွာ၊ ပြန်





ကြည့်ရင် ရှင်းရှင်းလေးရယ်၊ ကိုယ်ကတော့ အချစ်ကို ခွဲခြမ်းစိတ်ဖြာဖို့ထက် ကိုယ့်ခံစားချက်တွေ ဘယ်အရပ်မှာစုဝေးနေသလဲဆိုတာကိုပဲ ကြည့်တယ်၊ အဲဒါ မင်းထွက်သွားမှာကို ဘယ်လိုမှ မလွှတ်လိုက်နိုင်တဲ့ အဖြေပဲ"

အိမ်ကလေးရဲ့ မေးဖျားလေးကို သူ မော့ယူလိုက်သည်။ မျက်ရည်တွေကို သုတ်ပေးနေရင်း ...

"မပြန်နဲ့၊ ကိုယ် ခွင့်မပြုနိုင်ဘူး"

တိုးတိမ်စွာဆိုရင်း အိမ်ကလေးတစ်ကိုယ်လုံးကို သိမ်းပိုက်ထွေးပွေ့ထားလိုက်၏။ ပြီးတော့ နဖူးပြေပြေလေးမှာ သူ့ပါးနှင့်ဖိကပ်ထား၍ ...

"မင်းကို ဘယ်သူ့လက်ထဲမှ အပ်မခံနိုင်လို့ ကိုယ် တော်တော်ဒုက္ခများသွားခဲ့တာ၊ အဲဒီသောကတွေ ဘယ်ကဘယ်လိုအမြစ်တွယ်နေခဲ့မှန်းလုံးဝ မသိခဲ့ဘူး၊ အချစ်ထက်လေးနက်တာတွေကို မင်း ခံစားတတ်အောင် ကိုယ့်သင်ပေးမယ်လေ၊ သင်တန်းကြေးကတော့ အခမဲ့ပါ"

အိမ်ကလေး ရင်ခုန်သံတွေ မြန်လာသည်။ ပျော်သလိုလို၊ ဝမ်းနည်းသလိုလိုနှင့် ရှက်နေတာလည်းသေချာ၏။ ထိုစဉ် ညနေ ခြောက်နာရီထိုးသည့် နာရီသံလေးမြည်လာခဲ့သည်။

အခန်းထဲမှာလည်း မှောင်ရိပ်သမ်းနေပါပြီ။ အိမ်ကလေး သူ့လက်တွေကို ဖယ်ချပစ်လိုက်ပြီး ...

"ဦးညီ အိမ်ကလေး ပြန်တော့မယ်"

"ဘယ်ကိုလဲ"

"အခု အိမ်ကိုပဲပြန်မယ်၊ မိုးချုပ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးချုပ်နေတာက ဟုတ်တယ်၊ ဒါပေမယ့် မင်းကိုခေါ်လာကတည်းက ပြန်ပို့ဖို့ စိတ်ကူးမပါခဲ့ဘူး"

အိမ်ကလေး သူ့ကိုတွန်းပစ်လိုက်ပြီး မယုံနိုင်သလိုလေး မော့ကြည့်သည်။

"ဘာကြည့်တာလဲ၊ လက်ထပ်ဖို့ ဒီလောက်အာပေါက်အောင် စည်းရုံးနေတာ ခင်ဗျားကို အိမ်တိုင်ရာရောက် ပြန်ပို့ဦးမယ်လို့များ ထင်နေသလား"

"ဦးညီ နောက်နေတာလား"

"ရင်ဘတ်ထဲမှာ ဒီလောက်ပူပြင်းနေတာ နောက်စရာလား"

တည်တော့မလို၊ ပြုံးတော့မလိုနှင့် ဒေါသသံလည်းပါကာ ညီက ပြောပြီး လှည့်ထွက်သွား၏။

"ဦးညီ"

အိမ်ကလေး နောက်ကနေ လိုက်သည်။

"အိမ်ကလေး ရန်ကုန်မပြန်တော့ဘူးလို့ ပြောပြီးပြီပဲ"

"ဟုတ်တယ်၊ ဒါပေမယ့် နောက်ထပ် ပြန်ခွဲခေါ် နိုင်ဖို့က မလွယ်ဘူးလေ၊ လုပ်မနေနဲ့ကွာ၊ ဒီတစ်ခါ မင်းကို ကိုယ် တကယ်ခိုးသွားပြီလို့ မှတ်လိုက်၊ အခု အန်တီ့ဆီကို ဖုန်းဆက်လိုက်မယ်"

"ဟာ မဟုတ်တာ"

ညီက ဖုန်းထုတ်ကိုင်သည်။ အိမ်ကလေးက ဖုန်းပေါ်ကနေ ထပ်ဆုပ်ကိုင်လိုက်ပြီး ...

"လူကြီးတွေကလဲ သဘောတူတာပဲ ဦးညီ၊ ခဏခဏ ပြဿနာရှာတာမျိုး မလုပ်ပါနဲ့"





"ကိုယ့်က မဟုတ်ဘူး၊ မင်းက ရှာနေတာ၊ မရဘူး၊ ကလေးဆန်တယ်ပြောပြော၊ သူငယ်ပြန်တယ်ဆိုဆို ချာတိတ်တစ်ယောက်ကို ခဏခဏ တကောက်ကောက်လိုက်နေရတာ ရင်မောတယ်၊ ကိုယ်ပိုင်ထားမှ"

လက်ကို လိမ်ဖယ်ရုန်းကာ ညီက ဖုန်းခေါ်သည်။

"မဆက်ပါနဲ့"

အိမ်ကလေးက လိုက်လု၏။

"ဖယ်ကွာ၊ ကိုယ်က ဆုံးဖြတ်ပြီးရင် မပြင်တတ်ဘူး"

သူ့အရပ်ကြီးကမြင့်တော့ လက်မြှောက်ပစ်လိုက်တာနှင့် ဖုန်းကို အိမ်ကလေး မမီနိုင်ဘဲဖြစ်သွားသည်။

"ပြောမရရင် လုပ်ပေ့၊ အိမ်ကလေး ကိုယ့်ဘာသာပြန်မယ်"

"မရဘူးလို့ ပြောပြီးသား"

"အို ..."

ညီက ဖုန်းကို ခုတင်ပေါ် ပစ်တင်လိုက်ကာ အိမ်ကလေး၏ခါးလေးကို နောက်ကနေဆွဲပွေ့ပစ်လိုက်၏။ ပြီးတော့ ...

လည်တိုင်နုနုလေးထက်မှာ နွေးသောအနမ်းတို့ စွန်းထင်း ကျရောက်လာခဲ့၏။ ရင်ဘတ်တစ်ခုလုံးမှာ ကျဉ်ခနဲကျိန်းရှကာ အိမ်ကလေး ရုတ်တရက် ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းပင်မသိတော့ပေ။

မတ်တတ်ရပ်နေသည်လား၊ လွင့်မြောက်ပါသွားသည်လား၊ တစ်ကိုယ်လုံး အေးခဲသွားတာတော့ သေချာသည်။

သူ့ သင်ပေးမည်ဆိုသည့် အချစ်နှင့်ပတ်သက်သော ခံစားချက်တွေဟာ နူးညံ့ရှည်ကြာသော အနမ်းတွေလား၊ မေ့မူးတုန်ယင်သွားစေသည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေလား၊ ထိုပြင် ...

အသူရာကမ်းပါးထဲမှ မဟူရာလွင်ပြင်ကြီးနှင့်လည်း တူနေပြန်သည်။

အပြင်မှာ မိုးစုပ်စုပ်မချုပ်သေးပါ။ ညနေချုပ်မှဝင်သည့် အလင်းရောင်

မှိန်ပျပျလည်းရှိသေးသည်။

သို့သော် အိမ်ကလေးမျက်လုံးထဲမှာ မှောင်နေခဲ့၏။

ရင်ခုန်သံတွေသာ ကြီးစိုးသိမ်းပိုက်သွားခဲ့သော အခန်းလေးထဲမှာ

သူမသည် ...

အချစ်နဲ့ကိုယ် ...

မိတ်ဖြစ်ဆွေဖြစ် ...

လက်ဆွဲနှုတ်ဆက်တုန်း၊

အလွမ်းလက်ကျန်များနဲ့

မပြီးသေးတဲ့ရင်ဘတ်ထဲမှာ

သူပဲ နေရာယူပြီး ပြောသေးတယ်

အချစ်အတွက် ...

ပြင်ဆင်ထားဖို့မလိုဘူး ..... တဲ့။

ပရိသတ်အတွက်

ထာဝရ



တစ်အုပ်ထက် တစ်အုပ် ပရိသတ်အားပေးမှုကို ပိုမိုရရှိလာသည့်

ရှိတ် ၏ တတိယမြောက် လုံးချင်းဝတ္ထုသစ် ....

# ရှိတ်

# အနမ်းလှည့်စားတဲ့ ပန်းနဲ့ပါ

လှုငယ်ဆန်ဆန် သွက်လက်သော အရေးအသား

ဆန်းပြားသော ဇာတ်လမ်းများဖြင့်

ပရိသတ်၏ ရင်ကို လှုပ်ခါစေမည့် ရှိတ် ....

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်

BURMESE CLASSIC .com

www.burmeseclassic.com